ဂု ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
http://www.7daynewsjournal.com

TRI
MEN'S AND LADIES' WEARS

အတွဲ(၉)၊ အမှတ်(၃၆) ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် ၁၃၇၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက် ၊ ကြာသပတေး၊ (ဒီဇင်ဘာ ၂ ၊ ၂၀၁၀)


ရန်ကုန်မြို့ရှိ အင်တာနက်ကလေးဆိုင်တစ်ဆိုင်တွင် အင်တာနက်အသုံးပြုနေသူများကိုတွေ့ရစဉ်
ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

# အင်တာနက်ဆိုင်များအတွက် စည်းကမ်းချက် အသစ်များထုတ်ပြန်

## လုံခြုံရေးကင်မရာ တပ်ဆင်ရမည်ဖြစ်ပြီး ဝန်ထမ်းလေးဦးစီ ခန့်ထားရမည်ဖြစ်ကာ . . .

**နေလင်းအောင်၊ အောင်သူရ**

ရန်ကုန်၊ နိုဝင်ဘာ-၂၁

အများပြည်သူသုံး အင်တာနက်ဆိုင်များတွင် လုံခြုံရေးကင်မရာ စီ-စီတီဗီ ကင်မရာများ တပ်ဆင်ရန်နှင့် ဝန်ထမ်းလေးဦးခန့်ထားရန် သက်ဆိုင်ရာက အစည်းအဝေးခေါ်ယူ၍ အသိပေးပြောကြားခဲ့ကြောင်း အင်တာနက်ဆိုင်ရှင်အချို့ပြောသည်။

"တနင်္ဂနွေနေ့လယ်က(နိုဝင်ဘာ ၂၁)မ. ယ. က ရုံးမှာ ဆိုင်ရှင်တွေကို အစည်းအဝေးခေါ်ပြီးပြောတာ"ဟု ကမာရွတ်မြို့နယ်၌ အင်တာနက်ဆိုင် ဖွင့်လှစ်ထားသော ဆိုင်ရှင်တစ်ဦးကပြောသည်။

"ဒီလ ဒုတိယပတ်လောက်ကစပြီး အဲဒီကိစ္စ ဆိုင်တွေကို ပြောသွားတာ။

ဆက်လက်ဖတ်ရှုရန် →

**စွမ်းအင်စက်သုံးဆီ**

## ပုဂ္ဂလိကစက်သုံးဆီဆိုင်များကို ရှောင်တခင်စစ်ဆေး

**အားမာန်**

ရန်ကုန်၊ နိုဝင်ဘာ - ၁၈

ပုဂ္ဂလိကစက်သုံးဆီဆိုင်များ၏ ဆီရောင်းဝယ်မှုကို သက်ဆိုင်ရာက နိုဝင်ဘာလလယ်မှ စတင်၍ ရှောင်တခင်စစ်ဆေးမှုများ ပြုလုပ်နေကြောင်း စက်သုံးဆီဆိုင် ဖွင့်လှစ်ထားသော လုပ်ငန်းရှင်များကပြောသည်။

ဆက်လက်ဖတ်ရှုရန် →

**ခရီးသွားလေကြောင်းလိုင်း**

## ရန်ကုန်အဲဝေးလေကြောင်းလိုင်း ခရီးစဉ်များ ရပ်ဆိုင်း

**အောင်သူရ**

ရန်ကုန်၊ နိုဝင်ဘာ - ၂၄

ပြည်တွင်းခရီးစဉ်များအား လေယာဉ်နှစ်စီးဖြင့် ပျံသန်းပေးနေသော ရန်ကုန်အဲဝေးလေကြောင်းလိုင်း၏ ခရီးစဉ်များအား ဒီဇင်ဘာလသုံးရက်နေ့မှစ၍ ရပ်နားတော့မည်ဖြစ်ကြောင်း အဆိုပါလေကြောင်းလိုင်း လက်မှတ်ရောင်းကိုယ်စားလှယ်ကြီးများကပြောသည်။

"ဒီနေ့ နိုဝင်ဘာ ၂၄ရက်မှာပဲ အစည်းအဝေးခေါ်ပြီးအားလုံးကို ပြောလိုက်တာ"ဟု အဆိုပါလေကြောင်းလိုင်း၏ လက်မှတ်ရောင်းကိုယ်စားလှယ်တစ်ဦးကပြောသည်။

ဆက်လက်ဖတ်ရှုရန် →

**ပို့ဆောင်ရေး လေကြောင်းလိုင်း**

## ယာဉ်မောင်း လိုင်စင်သက်တမ်း တစ်နှစ်ထပ်တိုး

**မေဝင်းမွန်**

ရန်ကုန်၊ နိုဝင်ဘာ - ၂၉

မြန်မာနိုင်ငံတစ်နိုင်ငံလုံးတွင် အသုံးပြုလျက်ရှိသည့် ယာဉ်မောင်း လိုင်စင်များကို လာမည့်ဒီဇင်ဘာ ၁ ရက်မှစ၍သက်တမ်းပြောင်းလဲ သတ်မှတ်သွားမည်ဖြစ်ကြောင်းကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနမှသိရသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနမှ ထုတ်ပေးထားသည့် သယာဉ်မောင်းလိုင်စင်(ယာဉ်မောင်းသင်လိုင်စင်) ကို ၁ နှစ်၊ ကျန်ယာဉ်မောင်းလိုင်စင်များဖြစ်သော

ဆက်လက်ဖတ်ရှုရန် →



## ကမ္ဘာလှည့်ခရီးသွားများ မြန်မာနိုင်ငံကို စိတ်ဝင်စားမှုပိုလာ၍ ခရီးသည်ဝင်ရောက်မှုမြင့်တက်

ဆက်လက်ဖတ်ရှုရန်

## ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် စက်မှုဇုန်တည်ဆောက်မှု စီမံကိန်းတွင်မက်စ်မြန်မာကုမ္ပဏီ ပါဝင်လုပ်ကိုင်ခွင့်ရ


ဆက်လက်ဖတ်ရှုရန် →

## နေပြည်တော်အား ကမ္ဘာကို စပြတဲ့ ကျောက်မျက်ပြပွဲ

ဆက်လက်ဖတ်ရှုရန် →

## အမြန်လမ်းမပေါ်တွင် တစ်ပတ်အတွင်း ယာဉ်နှစ်စီးမှောက်ပြီး လူခုနစ်ဦးသေ

ဆက်လက်ဖတ်ရှုရန် →



7 DAY NEWS JOURNAL
Vol.9, No.36 • DECEMBER 2, 2010

# ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် စက်မှုဇုန်တည်ဆောက်မှုစီမံကိန်းတွင် မက်စ်မြန်မာကုမ္ပဏီပါဝင်လုပ်ကိုင်ခွင့်ရ

**အားမာန်**

**ရန်ကုန်၊ နိုဝင်ဘာ – ၁၈**

မြန်မာနိုင်ငံအတွက် ပထမဆုံးအထူးစီးပွားရေးဇုန်ဖြစ်လာမည့် ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် စက်မှုဇုန်တည်ဆောက်မှုတွင် ပြည်တွင်းမှ မက်စ်မြန်မာကုမ္ပဏီကလည်း ဝင်ရောက်လုပ်ကိုင်ခွင့်ရရှိကြောင်း အဆိုပါကုမ္ပဏီဥက္ကဋ္ဌ ဦးဇော်ဇော်ကပြောသည်။

ထားဝယ်ရေနက်ဆိပ်ကမ်း၊ စက်မှုဇုန်နယ်မြေနှင့် ထိုင်းနိုင်ငံသို့ ကားလမ်း၊ ရထားလမ်းများ ဆက်သွယ်တည်ဆောက်မှုစီမံကိန်းတွင် ပြည်တွင်းမှ ပုဂ္ဂလိကကုမ္ပဏီများမှာလည်း စီမံကိန်းအပိုင်းအလိုက် ဆင့်ပွားတည်ဆောက်လုပ်ကိုင်ခွင့် (Sub Contractor) များ ရရှိမည်ဖြစ်ရာ မက်စ်မြန်မာကုမ္ပဏီသည် ပြည်တွင်းကုမ္ပဏီများထဲမှ အဦးဆုံးလုပ်ကိုင်ခွင့်ရသော လုပ်ငန်းများထဲမှတစ်ခုဖြစ်ကြောင်း သတင်းရရှိသည်။ ထိုစီမံကိန်းတွင် ပါဝင်ဆောင်ရွက်ခွင့်အတွက် သဘောတူလက်မှတ်ရေးထိုးပြီးသော်လည်း လက်တွေ့စီမံကိန်းစတင်မှု မရှိသေးကြောင်း ဦးဇော်ဇော်က 7Day News ၏မေးမြန်းမှုကို နိုဝင်ဘာ ၁၈ရက်က တယ်လီဖုန်းမှတစ်ဆင့် ဖြေကြားသည်။



**ထားဝယ်ရေနက်ဆိပ်ကမ်းတည်ဆောက်မည့် စီမံကိန်းတည်နေရာနှင့် ဒေသခံကလေးငယ်တစ်ဦး။**

ထိုစီမံကိန်းတည်ဆောက်အကောင်အထည်ဖော်ရေးအတွက် အမေရိကန်ဒေါ်လာတန်ဖိုး ၈ ဒသမ ၆ ဘီလီယံ(ဒေါ်လာသန်း ၈,၆၀၀) တန်ဖိုးရှိစာချုပ်ကို ထိုင်းအခြေစိုက် ITD-Italian Thai Development ကုမ္ပဏီနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနတို့ နိုဝင်ဘာ ၂ ရက်တွင် လက်မှတ်ရေးထိုးခဲ့သည်။ ထိုစီမံကိန်းတွင် ITD ကုမ္ပဏီတစ်ခုတည်းကပင် ကန်ဒေါ်လာသန်း ၂,၀၀၀ ရင်းနှီးမြှုပ်နှံမည်ဟု အဆိုပါကုမ္ပဏီဝက်ဘ်ဆိုက်တွင် သတင်းထုတ်ပြန်ထားသည်။

ထိုင်းဝန်ကြီးချုပ်အာဘီဆစ် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သည့်ခရီးစဉ်အတွင်း နှစ်နိုင်ငံတာဝန်ရှိသူများ ထိုစီမံကိန်းကြီးအကြောင်း ဆွေးနွေးခဲ့ရာတွင် စီမံကိန်းကြီးအောက်ရှိ လုပ်ငန်းအပိုင်းအလိုက် စီမံကိန်းငယ်များ၌ ဆင့်ပွားတည်ဆောက်လုပ်ကိုင်ခွင့်ကို မြန်မာကုမ္ပဏီများပါဝင်လုပ်ကိုင်ခွင့်များအကြောင်းပါဝင်ခဲ့သည်။ ထိုတွေ့ဆုံဆွေးနွေးမှုအပြီး အဆိုပါစီမံကိန်းကြီးတည်ဆောက်မှုများ၏ ၆၀ ရာခိုင်နှုန်းကို မြန်မာကုမ္ပဏီများရရှိခဲ့ကြောင်းလည်း စီးပွားရေးလုပ်ငန်းရှင်များကပြောသည်။

ထိုစီမံကိန်း၏ စက်မှုဇုန်နယ်မြေမှာ မြေအကျယ် ၂၅၀ စတုရန်းကီလိုမီတာ ကျယ်ဝန်းပြီး အကြီးစားစက်မှုဇုန်၊ အလတ်စားစက်မှုဇုန်၊ အသေးစားစက်မှုဇုန်များပါဝင်သည်။ ရေနက်ဆိပ်ကမ်းတည်ဆောက်ရေးလုပ်ငန်းတွင် တောင်ပိုင်းဆိပ်ကမ်းနှင့် မြောက်ပိုင်းဆိပ်ကမ်းပါဝင်ပြီး၊ ဆိပ်ခံတံတား ၂၂ ခုပါဝင်ကာ တစ်နှစ်လျှင်ကုန်စည် မက်ထရစ်တန်ချိန် သန်း ၁၀၀ ခန့် ကိုင်တွယ်ဖြေရှင်းနိုင်မည်ဟုဆိုသည်။ ထို့အပြင် အဆိုပါရေနက်ဆိပ်ကမ်းမှ မြန်မာ-ထိုင်းနယ်စပ်အထိ အရှည်ကီလိုမီတာ ၁၇၀ ရှိသော ကားလမ်းနှင့် ရထားလမ်းတို့လည်းပါဝင်သည်။ ထိုလမ်းသည် ဘန်ကောက်မှတစ်ဆင့် ကမ္ဘောဒီးယား၊ ဗီယက်နမ်နိုင်ငံတို့ကိုဖြတ်သန်းရောက်ရှိ၍ GMS Southern Corridor လမ်းမကြီးနှင့် ချိတ်ဆက်သွားလာနိုင်မည်ဟု နိုဝင်ဘာ ၃ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင်ဖော်ပြထားသည်။

ထိုစီမံကိန်းကြီးတစ်ခုလုံးကို အဆင့်သုံးဆင့်ခွဲ၍ ဆယ်နှစ်အတွင်း BOT စနစ်(Build, Operate and Transfer)အကောင်အထည်ဖော်မည်ဖြစ်သည်။ ထိုစီမံကိန်းကြီးတွင် ဂျပန်စတီးကုမ္ပဏီဖြစ်သော နီပွန်စတီးကော်ပိုရေးရှင်း၊ ထိုင်းစွမ်းအင်ကုမ္ပဏီကြီးဖြစ်သော PTT တို့ကလည်း ဝင်ရောက်ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားလျက်ရှိသည်။

ထိုစီမံကိန်းကြီးကြောင့် မြန်မာနိုင်ငံအတွက် ပြည်ပရောက်ရင်းနှီးမြှုပ်နှံမှု၊ တန်ဖိုးမြင့်ပို့ကုန်တိုးပို့နိုင်မှု၊ အလုပ်အကိုင်အခွင့်အလမ်း၊ နည်းပညာရရှိခြင်းစသည့်အခွင့်အလမ်းများစွာရရှိလာမည်ဟု ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဒေါက်တာမောင်မောင်လေးကပြောသည်။ "အရမ်းကိုကောင်းတဲ့စီမံကိန်းပါ။ သားစဉ်မြေးဆက်အကျိုးရှိမယ့်စီမံကိန်းဖြစ်မှာပါ" ဟု ဒေါက်တာမောင်မောင်လေးကပြောသည်။

ထို့အပြင် အဆိုပါစီမံကိန်းကြောင့် ဒေသတွင်းရှိ မြန်မာ၊ ထိုင်း၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ တရုတ်နိုင်ငံတို့အတွက်လည်း များစွာအကျိုးရှိမည့်စီမံကိန်းဟု ၎င်းကဆက်လက်ပြောကြားသည်။




## သတင်းစာအသစ်တစ်စောင်ထုတ်ရန် စီစဉ်နေ

**စိုင်းသာအောင်**

**မန္တလေး၊ နိုဝင်ဘာ – ၁၈**

နေပြည်တော်ကို ဗဟိုပြု၍ သတင်းစာတစ်စောင် ထုတ်ဝေတော့မည် ဖြစ်ကြောင်း သတင်းစာ၏အမည်ကို နေပြည်တော်ဟု အမည်ပေးထားကြောင်း၊ ၎င်းသတင်းစာကို ၂၀၁၁ နှစ်ဆန်းပိုင်းတွင် ထုတ်ဝေသွားမည်ဖြစ်ကြောင်း ၎င်းသတင်းစာနှင့် နီးစပ်သူ သတင်းစာဆရာတစ်ဦးကပြောသည်။

နေပြည်တော်သတင်းစာ ထုတ်ဝေနိုင်ရေးအတွက် အစမ်းခန့်အပ်ထားသော ဝန်ထမ်း ၆၀ခန့်တို့သည် မန္တလေးမြို့အခြေစိုက် ရတနာပုံနေ့စဉ် သတင်းစာတိုက် သတင်းစာထုတ်ဝေမှုများကိုလည်း၊ မန္တလေးမြို့၏ သတင်းအရင်းအမြစ်များ၊ မန္တလေးမြို့၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေးတို့ကို လာရောက်လေ့လာလျက်ရှိကြောင်း ရတနာပုံသတင်းစာတိုက်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

အဆိုပါ အသစ်ထုတ်ဝေမည် နေပြည်တော်သတင်းနှင့် ပတ်သက်၍ နေပြည်တော်သတင်းစာမှ တာဝန်ရှိသူများနှင့် မန္တလေး စာနယ်ဇင်းဆရာများ တွေ့ဆုံပွဲကို ယနေ့ နေ့လယ်ပိုင်းက ၈၄လမ်း၊ ၂၉×၃၀ လမ်းကြား၊ ရတနာပုံနေ့စဉ်သတင်းစာတိုက်၊ ကြော်ငြာဌာနတွင် ပြုလုပ်ကြောင်း သိရသည်။

အဆိုပါ နေပြည်တော်သတင်းစာသည် မြဝတီရုပ်မြင်သံကြား၊ ရတနာပုံနေ့စဉ် သတင်းစာတို့နှင့် ဆက်စပ်မှုရှိပြီး မန္တလေးမြို့တွင် တိုက်ခွဲထားမည်ဖြစ်ကြောင်း သိရသည်။

ရ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.9, No.36 ▪ DECEMBER 2, 2010

### ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေး နှင့်တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

### စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

### လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

# အမြန်လမ်းမကြီးပေါ်တွင် တစ်ပတ်အတွင်း ယာဉ်နှစ်စီးမှောက်ပြီး လူခုနှစ်ဦးသေ

**သဇင်ထွေး၊ ထူးသန့်**

**ရန်ကုန်၊ နိုဝင်ဘာ – ၂၉**

ရန်ကုန်-နေပြည်တော်အမြန်လမ်းမပေါ်တွင် တစ်ပတ်အတွင်း အိမ်စီးကားနှစ်စီး တိမ်းမှောက်ခဲ့ပြီး စုစုပေါင်းလူ ၇ ခုနှစ်ဦး သေဆုံးခဲ့ကြောင်း သတင်းရရှိသည်။

နိုဝင်ဘာ ၂၃ ရက် ညနေပိုင်းက အဆိုပါလမ်းမပေါ်ရှိ ဒိုက်ဦးမြို့နယ်၊ ဖောင်တော်သီကျေးရွာအနီး၌ အိမ်စီးကားတစ်စီး တိမ်းမှောက်၍ ကားပေါ်ပါလာသူ လူ၄ ဦးသေဆုံးခဲ့သည်။ ထိုဖြစ်စဉ်နှင့် ၂ ရက်သာခြား၍ နိုဝင်ဘာ ၂၆ ရက် မွန်းလွဲပိုင်းတွင်လည်း ရန်ကုန်-နေပြည်တော် အမြန်လမ်းမပေါ်၌ ကားရှေ့ဘီးပေါက်၍ ကားမှောက်ပြီး လူသုံးဦးသေဆုံးခဲ့ကြောင်း ငါးဆူတောင်ရဲစခန်းမှ တာဝန်ရှိသူတစ်ဦးက 7Day News သို့ပြောသည်။



ထိုသို့ အမြန်လမ်းမကြီးပေါ်တွင် ကားတိမ်းမှောက်မှုများ ဖြစ်ပွားမှုတွင် အိမ်စီးကားများမှာ အများဆုံးဖြစ်ပြီး၊ ပြီးခဲ့သည့် အောက်တိုဘာလကလည်း ကားမှောက်မှုဖြစ်ပွားခဲ့ပြီး လူသုံးဦး သေဆုံးခဲ့ကြောင်းသိရသည်။ ထိုလမ်းကို မောင်းလေ့မောင်းထမရှိသေးဘဲ သတ်မှတ်မိုင်နှုန်းထက် ပိုမောင်းခြင်း၊ ကားလမ်းများကောင်း၍ အရှိန်တင်မောင်းစဉ် ကားအမြန်နှုန်းတက်လာသည်ကို သတိမမူမိဘဲအကွေ့များအရောက်တွင် လမ်းချော်ခြင်း စသောအကြောင်းများကြောင့် ထိုသို့တိမ်းမှောက်မှုများ အများဆုံးဖြစ်ပွားရကြောင်း ဒေသခံများထံမှ သိရသည်။ "အမြန်လမ်းမှာ ကားတွေမှောက်တာ ကားလေးတွေများပါတယ်။ အိမ်စီးကားတွေပဲပေါ့။ ကားမှောက်ရတဲ့ အဓိက အကြောင်းရင်းက သတ်မှတ်ထားတဲ့ မိုင်နှုန်းတွေကို မလိုက်နာတာဘဲ။ ယာဉ်မောင်းတွေကမောင်းကောင်း တိုင်းမောင်းကြတယ်။ အရှိန်လျှော့ဖို့ သတိလက်လွတ်ဖြစ်တယ်။ အဲဒီတော့ လမ်းတွေကို ရုတ်တရက် ကွေ့လိုက်ရတဲ့အချိန်မှာ ကိုယ့်အရှိန်ကိုယ်မထိန်းနိုင်ဘဲ မှောက်ကြတယ်"ဟု နေပြည်တော် ယာဉ်ထိန်းတပ်ဖွဲ့မှ အရာရှိကြီးတစ်ဦးကပြောသည်။

ဆက်လက်ဖတ်ရှုရန် →

## နေပြည်တော် ဥယျာဉ်သစ်အတွက် တိရစ္ဆာန် ၅၅ကောင်ရောက်

**ထူးသန့်**

**နေပြည်တော်၊ နိုဝင်ဘာ – ၂၉**

နေပြည်တော်တွင် အသစ်တည်ဆောက်လျက်ရှိသော ဆာဖာရီဥယျာဉ်(နေပြည်တော်)၌ ထားရှိရန်အတွက် အာဖရိကတိုက်မှ ကြံ့ဖြူ၊ ကြံ့နီနှင့် ခြသေ့်များအပါအဝင် တိရစ္ဆာန် ၅၅ ကောင် နိုဝင်ဘာ ၂၉ ရက်၌ ရောက်ရှိလာကြောင်းသတင်းရရှိသည်။

အဆိုပါတိရစ္ဆာန်များကို ဖွင့်လှစ်ထားရှိပြီးသော တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)၏ကပ်လျက်တွင် တည်ဆောက်လျက်ရှိသည့် ဆာဖာရီဥယျာဉ်(နေပြည်တော်)၌ ထားရှိမည်ဖြစ်ကြောင်း သစ်တောရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောကြားသည်။

အသစ်ထပ်မံရောက်ရှိသော တိရစ္ဆာန်များမှာ သစ်ကုလားအုတ် ၄ ကောင်၊ မြင်းကျား ၆ ကောင်၊ ကြံ့ ၂ ကောင်၊ ကြံ့ဖြူ ၆ကောင်၊ ခြသေ့် ၇ ကောင်၊ ငှက်ကုလားအုတ် ၁၀ ကောင်၊ ဆိတ်သမင် ၆ကောင်၊ အင်ပါလာ တောဆိတ် ၈ ကောင်နှင့် ဘို့တစ်လုံးကုလားအုတ် ၆ ကောင်တို့ဖြစ်သည်။



7 DAY NEWS JOURNAL
Vol.9, No.36 • DECEMBER 2, 2010

# စွမ်းအင်၊ ထူး၊ နိုဗယ်ပိုင်းတို့ ပူးပေါင်း၍ ကုန်းတွင်းရေနံတူးမည်

**မျိုးမင်းဦး**

**မုံရွာ၊ နိုဝင်ဘာ - ၁၇**

**စစ်ကိုင်းတိုင်းဒေသကြီး ချင်းတွင်းမြစ်ဖျားပိုင်းဒေသ ဟုမ္မလင်းမြို့နယ်အတွင်း ရွှေဥရုအမည်ရှိကုန်းတွင်းရေနံနှင့် သဘာဝဓာတ်ငွေ့တူးဖော်ရေးလုပ်ငန်းများစတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။**

ရွှေဥရုကုန်းတွင်း ရေနံနှင့် သဘာဝဓာတ်ငွေ့တူးဖော်ရေး စီမံကိန်းသည် စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ Nobel Oil ကုမ္ပဏီမြန်မာကုမ္ပဏီတစ်ခုဖြစ်သည့် ထူးအုပ်စု ကုမ္ပဏီတို့မှ အကျိုးတူပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်ကြောင်း သိရသည်။

"ချင်းတွင်းမြစ်ဖျားပိုင်းမှာ လွန်ခဲ့တဲ့ အနှစ် ၂၀ လောက်က ကျောက်စိမ်းနဲ့ထင်ရှားခဲ့တယ်။ ပြီးခဲ့တဲ့ ၁၀ နှစ်လောက်က စပြီး ဥရုမြစ်ရိုးလုပ်ငန်းနဲ့ စီးပွားရေးအခွင့်အလမ်းတွေပွင့်လင်းလာတာ။ အခုကုန်းတွင်းရေနံနဲ့ သဘာဝဓာတ်ငွေ့ပါထွက်တော့ချင်းတွင်းမြစ်ဖျားပိုင်းမှာ စီးပွားရေးလုပ်ငန်းရှင်တွေ မျက်စိကျလာတော့ ဒေသပိုဖွံ့ဖြိုးလာတာပေါ့"ဟု ချင်းတွင်းမြစ်ဖျားပိုင်းဟုမ္မလင်းဒေသခံ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ပြည်တွင်းရှိ ကုန်းတွင်း ရေနံနှင့်သဘာဝဓာတ်ငွေ့ တူးဖော်လုပ်ကိုင်လျက်ရှိသော လုပ်ကွက် ၄၇ ကွက်ခန့်ရှိပြီး တိုးချဲ့ လုပ်ကွက်သစ် ၁၂ ကွက်ခန့် ထပ်မံ လုပ်ကိုင်လျက်ရှိကြောင်းသိရသည်။ ကုန်းတွင်းရေနံနှင့် သဘာဝဓာတ်ငွေ့တူးဖော်ရေးလုပ်ငန်းများမှ နေ့စဉ်ရေနံနှင့်သဘာဝဓာတ်ငွေ့များ ထုတ်ယူသုံးစွဲလျက်ရှိသည်။ "အရင်တုန်းက ရွှေမျှောလုပ်ကွက်တွေအမှီပြုပြေးဆွဲနေရတာ။ အခု ကုန်းတွင်းရေနံနဲ့ သဘာဝဓာတ်ငွေ့တူးဖော်ရေးပါ လုပ်ကိုင်ကြမယ်ဆိုတော့ ပုံမှန် ထက်ကုန်တွေ ပိုသယ်ယူနိုင်တော့မှာပေါ့။ ချင်းတွင်းမြစ်အထက်ပိုင်း စီးပွားရေး အခွင့်အလမ်းတွေ အလုပ်အကိုင်ပိုဖြစ်တော့ ချင်းတွင်းမြစ်ရိုးတစ်လျှောက် ရေယာဉ်တွေ အလုပ်အကိုင်ပိုဖြစ်တာပေါ့"ဟု ချင်းတွင်းရေကြောင်းသွား ကုန်တင်ရေယာဉ်ပိုင်ရှင်တစ်ဦးက ပြောသည်။

ချင်းတွင်းမြစ်အထက်ပိုင်းတွင် စီးပွားရေးလုပ်ငန်းများ ရင်းနှီးမြှုပ်နှံလုပ်ကိုင်သူပိုမိုများပြားလာသည့် အတွက်ချင်းတွင်းမြစ်ရိုးတစ်လျှောက် ဒေသခံများ စီးပွားရေးအလုပ်အ ကိုင်ပိုမိုဖွံ့ဖြိုးလာနိုင်ကြောင်း မုံရွာဒေသခံစီးပွားရေးလုပ်ငန်းရှင်များကပြောသည်။

# ကမ္ဘာလှည့်ခရီးသည်ဝင်ရောက်မှု မြင့်မား

**မြန်မာနိုင်ငံအား ကမ္ဘာလှည့်ခရီးသွားများစိတ်ဝင်စားမှုများလာခြင်းကြောင့် ဟိုတယ်များ အခန်းပြည့်ဧည့်သည်ရရှိပြီး၊ ခရီးသွားကားများ မအားလပ်အောင် အလုပ်များနေ....**

**အောင်သူရ**

**ရန်ကုန်၊ နိုဝင်ဘာ - ၂၄**

ရွေးကောက်ပွဲပြီးသည့်အချိန်မှစ၍ ဧည့်သည်ဝင်ရောက်မှုများပြားလာခဲ့ရာ ရန်ကုန်မြို့၊ ကျိုက်ထီးရိုးစေတီတော်နှင့် အင်းလေးဒေသများရှိ ဟိုတယ်များ အခန်းပြည့်ဧည့်သည်များရရှိထားကြောင်း သတင်းရရှိသည်။



ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

ပုံစာ

"ဒီနှစ်က ဧည့်သည်တော်တော်များတဲ့နှစ်ပဲ။ အခန်းငှားဖို့မရှိအောင် ပြည့်တဲ့နှစ်ပဲ"ဟု ချက်ထရီယမ်ဟိုတယ်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ထို့အပြင် နိုဝင်ဘာလတွင် ရှမ်းပြည်နယ်ခရီးစဉ်များ၌ ကမ္ဘာလှည့်ခရီးသည်တင်ကားများ မလုံလောက်သဖြင့် အိမ်သုံးကားများနှင့်လိုင်းကားများကိုပါ ခေါ်ယူငှားရမ်းအသုံးပြုခဲ့ရကြောင်း အင်းလေးဒေသခံ ခရီးသွားလုပ်ငန်းရှင်တစ်ဦးကပြောသည်။

"နိုဝင်ဘာ တစ်လလုံး ပြည့်နေတယ်။ ဒီနှစ်တော့ တော်တော်ကောင်းတယ်။ ဒီဇင်ဘာမှာလည်း ခရစ္စမတ်မတိုင်ခင်ထိ အခြေအနေကောင်းတယ်"ဟု ကုန်သည်ကြီးများဟိုတယ်မှ ဆက်သွယ်ရေးမန်နေဂျာဒေါ်ဝင်းပပအောင်က ပြောသည်။

"စောစောကြို ဘွတ်ကင်လုပ်မထားရင် ရန်ကုန်မြို့ထဲအတွက်တောင် ကားအစုတ်ပဲရတယ်"ဟု Tour De Myanmar ခရီးသွားလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

၂၀၀၈ ခုနှစ်နောက်ပိုင်းမှစ၍ နိုင်ငံတကာခရီးသွားကုမ္ပဏီများက မြန်မာခရီးစဉ်ကို ရောင်းချပေးလာကြခြင်းနှင့် ၂၀၁၀ တွင် မြန်မာနိုင်ငံအား စိတ်ဝင်စားသူများ ပြားလာခြင်းတို့ကြောင့် ယခုကဲ့သို့ကမ္ဘာလှည့်ခရီးသွား လာရောက်မှု များပြားလာခဲ့သည်ဟု ခရီးသွားလုပ်ငန်းရှင်များက သုံးသပ်သည်။

ထို့ကြောင့် ယခုနှစ် ခရီးသွားရာသီအစမှစ၍ ကားငှားသည့်လုပ်ငန်းတွင် လုပ်ငန်းရှင်အသစ်များ ဝင်ရောက်လုပ်ကိုင်သူများရှိလာပြီး ၎င်းတို့မှာလည်း အဆင်ပြေနေကြကြောင်း သိရသည်။

"အိမ်စီးကားကို ရောင်းပြီးတော့ ဟိုက်အေ့စ်ကားဝယ်ပြီး ငှားတာတော်တော်အဆင်ပြေတယ်။ မအားရဘူး"ဟု ကျောက်တံတားမြို့နယ်ရှိ လေယာဉ်လက်မှတ်ရောင်းသူတစ်ဦးက ပြောသည်။

လက်ရှိ တည်းခိုနေသော အနေအထားအရ ဟိုတယ်၊ ကားနှင့်စားသောက်ဆိုင်များတွင် ရင်းနှီးမြှုပ်နှံရန် အချိန်အခါကောင်းဖြစ်ကြောင်း ခရီးသွားလုပ်ငန်းရှင်များက သုံးသပ်ကြသည်။

ယခုရက်ပိုင်းတွင် ဟိုတယ်၊ အခန်း၊ ကားနှင့် လေယာဉ်လက်မှတ်များ ဝယ်ယူရာတွင် Waiting List (စောင့်ဆိုင်းစာရင်း)ဖြင့်သာရရှိသဖြင့် ထိုအခြေအနေမှာ ကြာရှည်ပါက ခရီးသွားလုပ်ငန်းအတွက်မကောင်းကြောင်း Myanmar Polestor ခရီးသွားလုပ်ငန်းမှတာဝန်ရှိသူတစ်ဦးကပြောသည်။

"Facility နည်းသေးတယ်ဆိုပြီး နိုင်ငံခြားက အေးဂျင့်တွေက မြန်မာပြည်အတွက် အင်တိုက်အားတိုက်ရောင်းမပေးတော့ရင် နောက်ပိုင်းအခြေအနေ မကောင်းနိုင်ဘူး"ဟု အဆိုပါတာဝန်ရှိသူက ပြောသည်။

နိုဝင်ဘာလ တတိယပတ်မှစ၍ ထိုင်းနိုင်ငံမှတစ်ဆင့် လာရောက်သောကမ္ဘာလှည့်များ ပိုမိုများပြားလာပြီး လေယာဉ်ထိုင်ခုံအပြည့်ဧည့်သည်ရရှိနေကြောင်း အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်းလိုင်း(MAI)မှ ဈေးကွက်မန်နေဂျာ ဒေါ်အေးမရသာက ပြောသည်။

ယခုနှစ်ဆန်းပိုင်းမှစ၍ နိုင်ငံခြားဧည့်သည်ဝင်ရောက်မှု များပြားလာခဲ့ပြီး ဇန်နဝါရီလမှ စက်တင်ဘာလကုန်အထိ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ဧည့်သည်နှစ်သိန်းကျော်ဝင်ရောက်ခဲ့ဖြစ်သည်။

## Crime Corner

### ဘုရင့်နောင်ကားကြီးဝင်း မီးလောင်မှုကြောင့် လူနှစ်ဦးသေဆုံး

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ နိုဝင်ဘာ - ၂၀**

ဘုရင့်နောင်ကားကြီးကွင်းအတွင်း၌ နိုဝင်ဘာလ၁၉ ရက်တွင် မီးလောင်မှုဖြစ်ပွား၍လူနှစ်ဦးသေဆုံးခဲ့ကြောင်း ရန်ကုန်တိုင်းမီးသတ်ဦးစီးဌာနမှတာဝန်ရှိသူတစ်ဦးကပြောသည်။

မီးလောင်မှုမှာမရမ်းကုန်း၁ရပ်ကွက် ဘုရင့်နောင်ကားကြီးကွင်းရှိထမင်းဆိုင်တွင် မီးသွေးမီးဖိုဖြင့် ထမင်းအိုးတည်ရာမှ ဘေးထရံသို့ ကူးစက်လောင်ကျွမ်းရာမှစတင်မီးလောင်ကျွမ်းခြင်းဖြစ်ကြောင်းသိရသည်။

မီးလောင်မှုကြောင့် စတင်လောင်ကျွမ်းသော ပေ၄၀-၁၅ပေ အကျယ်ရှိသွပ်မိုး၊အုတ်နှင့်မြေစိုက် ထမင်းဆိုင်နှင့်ဘေးကပ်ရပ်ဆိုင်ခန်း၂ခန်းပါကူးစက်လောင်ကျွမ်းသဖြင့် စုစုပေါင်း၃ခန်းလောင်ကျွမ်းခဲ့ကြောင်းသိရသည်။

မီးလောင်မှုကြောင့်ဆုံးရှုံးမှု တန်ဖိုးကျပ်လေးသိန်းခန့်ရှိနိုင်ကြောင်းခန့်မှန်းထားသည်ဟု တာဝန်ရှိသူတစ်ဦးကပြောသည်။ ယင်းမီးလောင်မှုကြောင့်ကုလားကြီး(ခေါ်)သင်းဇော်ဝင်းမှာ လက်နှစ်ဖက်၊ ခြေနှစ်ဖက်နှင့်ဘယ်တင်ပဆုံ မီးလောင်၍အင်းစိန်ဆေးရုံသို့ပို့ဆောင်ခဲ့ရသေည်။ သို့သော်၎င်း၏ ဇနီးနှင့်သားမှာ မီးလောင်မှုကြောင့်သေဆုံးခဲ့ရကြောင်းသိသည်။

မီးစတင်လောင်ချိန်မှာနံနက်၆နာရီမိနစ်၄၀ဖြစ်ပြီး၇နာရီမိနစ်၂၀တွင်မီးငြိမ်းခဲ့သည်။ မီးလောင်မှုသို့ မီးသတ်ယာဉ်၂၂စီးနှင့်အုပ်ချုပ်မှု ယာဉ်၄စီးအပါအဝင် မီးသတ်တပ်ဖွဲ့ဝင်၁၂၅ဦးနှင့်အရန် ၅၀ဦးတို့သွားရောက်ငြိမ်းသတ်ခဲ့ကြောင်းသိရသည်။ အဆိုပါမီးလောင်မှုကိုအမှုဖွင့်အရေးယူထားကြောင်းသိရသည်။

### တစ်ဖက်ယာဉ်ကြောပေါ်ထိုးမောင်းသော ကားကြောင့် ယာဉ်တိုက်မှုဖြစ်ပြီး လူတစ်ဦးသေ

**သားကျော်**

**ရန်ကုန်၊ နိုဝင်ဘာ - ၂၇**

ကြည့်မြင်တိုင်မြို့နယ်၊ ကမ်းနားလမ်းပေါ်တွင် နိုဝင်ဘာ ၁၈ ရက် နံနက်အစောပိုင်းက လိုက်ထရက်အငှားယာဉ်တစ်စီးသည် တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိသွားကာ ဆိုက်ကားနှင့် အငှားယာဉ်နှစ်စီးကို ဝင်တိုက်မိ၍ အမျိုးသားတစ်ဦး သေဆုံးပြီး တစ်ဦးဒဏ်ရာရရှိသွားကြောင်း သတင်းရရှိသည်။

ကမ်းနားလမ်းအတိုင်း တောင်မှမြောက်သို့ မောင်းနှင်လာသော လိုက်ထရက်အဖြူရောင် အငှားယာဉ်သည် ဆေးရိုးတန်းအလယ်လမ်းထိပ်အရောက်တွင် တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိကာ မျက်နှာချင်းဆိုင်မှ စီးနင်းလာသော ဆိုက်ကားအား ဝင်ရောက်တိုက်မိသည်။ ဆက်လက်၍ ဝဲဘက်လမ်းစပ်တွင် ရပ်ထားသော မစ်ဆူဘီရှီဗင်အငှားယာဉ်နှင့် ဆီဒင်ဗင်အငှားယာဉ်တို့ကိုလည်း ထပ်မံတိုက်မိသွားကြောင်း သိရသည်။

အဆိုပါ ယာဉ်တိုက်မှုကြောင့် ယာဉ်သုံးစီးနှင့် ဆိုက်ကားတစ်စီး ပျက်စီးသွားပြီး၊ ဆိုက်ကားပေါ်ပါ ခရီးသည်အမျိုးသားတစ်ဦးမှာ ထိခိုက်ပွန်းပဲ့ဒဏ်ရာများ ရရှိလျက် အခင်းဖြစ်နေရာတွင်ပင် သေဆုံးသွားသည်။ ဆိုက်ကားနင်းလာသူ အမျိုးသားမှာလည်း ထိခိုက်ပွန်းပဲ့ဒဏ်ရာများရရှိသွားသောကြောင့် ရန်ကုန်ဆေးရုံကြီးသို့ တင်ပို့ကုသလျက်ရှိသည်။

ယာဉ်တိုက်မှုကို ယာဉ်မှုစစ်ရဲစခန်းက (ပ)၆၉၂/၁၀၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၃၀၄-က/၃၃၈ /၂၇၉ အရ လိုက်ထရက်ယာဉ်မောင်းဇော်ထွန်းကို အမှုဖွင့်၍အရေးယူနိုင်ရန် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

### ရပ်ကွက်အချို့တွင် ကျီးမန်းပွဲမလုပ်ရန် တားမြစ်

**နေလင်းအောင်**

ရန်ကုန်၊ နိုဝင်ဘာ - ၂၃

ယခုနှစ် တန်ဆောင်မုန်းလပြည့်ကျော်တစ်ရက်နေ့တွင် လူငယ်များအပျော်တမ်းပြုလုပ်လေ့ရှိသည့် ကျီးမနိုးပွဲခေါ်(ခေါ်)သူခိုးကြီးညအား မပြုလုပ်ရန်အတွက် ရန်ကုန်မြို့တွင်းရှိ ရပ်ကွက်အချို့၌ တားမြစ်ချက်များထုတ်ပြန်ခဲ့ကြောင်း စုံစမ်းသိရသည်။

ပုံမှန်အားဖြင့် သူခိုးကြီးည(ခေါ်)ကျီးမနိုးပွဲသည် ညလူခြေ တိတ်ချိန်တွင် ရပ်ကွက်အတွင်းရှိ နေအိမ်၊ ဆိုင်ခန်း၊ လမ်း စသည်တို့ ကို စနောက်၍ နေရာလွှဲမှုများပြုလုပ်လေ့ရှိကြရာ ယင်းအလေ့အထသည် လက်ရှိကာလတွင် လုံခြုံရေးအတွက် အနှောင့်အယှက်ဖြစ်နေ၍ တားမြစ်ကြခြင်းဖြစ်ကြောင်း ရပ်ကွက်တာဝန်ရှိသူတစ်ဦးကဆိုသည်။

"ကျွန်တော်တို့ဘက်မှာဆို လမ်းထိပ်တွေတိုင်းမှာ လမ်းအလိုက် ရာအိမ်မှူးတွေ တစ်ညလုံးစောင့်နေကြတယ်။ ရပ်ကွက်ရုံးမှာလည်း ကျီးမနိုးပွဲမလုပ်ရဆိုပြီး ကြေညာထားလို့ တော်တော်လေးတော့ငြိမ်သွားတယ်"ဟု ကြည့်မြင်တိုင်မြို့နယ်တွင် နေထိုင်သူလူငယ်တစ်ဦးကပြောသည်။ နှစ်စဉ်တိုင်း ရပ်ကွက်၊ မြို့နယ်အသီးသီးတွင်ပြုလုပ်ကြသော ကျီးမနိုးပွဲသည် ယခုနှစ်တွင် အဆိုပါတားမြစ်ချက်များကြောင့် လမ်းများ၌ ကျီးမနိုးလက်ရာများ မတွေ့ရှိကြရကြောင်း စုံစမ်းသိရှိရသည်။


TRI
ORIGINAL
TRI


i-MAX
COLLECTION
Men's & Ladies' Wears
WINTER FASHION
MY STYLE /// MY DREAM

7 DAY NEWS JOURNAL
Vol.9, No.36 • DECEMBER 2, 2010

# မီးမလောင်အောင်ဂရုစိုက်ဖို့ပြောတဲ့ မီးဘေးဒုက္ခသည်များ

**သန်းဋ္ဌေး**

ထရံကာ သွပ်မိုးထားသော မူလတန်းကျောင်းတစ်ကျောင်းထဲတွင် လူတစ်စုရောက်ရှိနေသည်။ လူဦးရေငါးဆယ်ဝန်းကျင်ရှိသော ထိုလူစုတွင် လာရောက်သတင်းမေးမြန်းသောဆွေမျိုး၊ မိတ်ဆွေများကို နှီးဖျာပေါ်ထိုင်၍ စကားပြောနေသူများ၊ ဆော့ကစားနေသည့် ကလေးများ၊ ကျောင်းစာကူးနေသည့် ကလေးများ၊ ထိုင်၍ ငေးမောနေသည့် လူလတ်ပိုင်းများ စသဖြင့် အရွယ်စုံပါဝင်သည်။

သူတို့က နိုဝင်ဘာ ၂၆ ရက်၌ သာကေတမြို့နယ်၊ ၁၀ ရပ်ကွက်၊ သလ္လာဝတီလမ်းတွင် လောင်ကျွမ်းခဲ့သောမီးကြောင့် အိုး မဲ့အိမ်မဲ့ဖြစ်သွားရသူများပင်။ သက်ဆိုင်ရာ၏ စီစဉ်ပေးမှုကြောင့် သာကေတမြို့နယ် အမှတ်(၄၆) အခြေခံပညာမူလတန်းကျောင်းတွင် ရောက်ရှိနေခြင်းဖြစ်သည်။

မီးဘေးဒုက္ခသည်တစ်ဦးဖြစ်သော ဒေါ်သန်းသန်းအုံးက အိမ်တိုင်း မီးကိုဂရုစိုက်ရန် အောက်ပါအတိုင်းပြောသည်။ "ကိုယ့်အိမ်က စလောင်တာမဟုတ်ပေမယ့် အခုလို ဝါယာရှော့ခ်ဖြစ်တယ်ဆိုတော့လည်း ဘာပြောမလဲ။ ဒါပေမဲ့ တတ်နိုင်သရွေ့ မီးမလောင်အောင် အိမ်တိုင်း ဂရုစိုက်စေချင်တယ်"။ ဒေါ်သန်းသန်းအုန်းမှာ မီးလောင်ကျွမ်းခဲ့သည့် နေအိမ်တစ်အိမ်တွင် အိမ်ငှားနေထိုင်သူဖြစ်သည်။

ဆောင်းရာသီနေ့တစ်နေ့၏ မွန်းလွဲချိန်တွင် "မီး" "မီး"ဆိုသော အသံ ကျယ်လောင်စွာပေါ်ထွန်းလာပြီး "ဝုန်း"ဆိုသောအသံကိုပါ တစ်ဆက်တည်းကြားလိုက်ရသည်။

သာကေတမြို့နယ် ၁၀ ရပ်ကွက်၊ သလ္လာဝတီ(၁)လမ်း၏ ကွန်ကရစ်လမ်းသစ်ပေါ်တွင် လူများပြေးလွှားနေကြသည်။ ၂၀၁၀ ခုနှစ် ဆောင်းရာသီအစသည် ဆောင်းမပီသေးဘဲ မွန်းလွဲ ၃ နာရီမတိုင်မီအချိန်သည် အလွန်ပူပြင်းသည့်အလျောက် မီးလောင်မှုက ချက်ချင်းဆိုသလို ဘေးအိမ်များသို့ ကူးစက်လာသည်။

"ဝုန်းဆို မီးတောက်ကြီးတစ်ခုက အဲဒီလောင်တဲ့အိမ်အပေါ်က မြောက်တက်လာတယ်လို့ မြင်တဲ့သူကပြောတယ်။ အဘွားကတော့ တွေ့ရာဆွဲပြီး ဆင်းပြေးခဲ့တယ်။ အဘွားချွေးမကိုယ်ဝန်သည်ကိုလည်း မီးလွတ်ရာကို အရင်ပြေးခိုင်းထားလိုက်လို့"ဟု ဒေါ်လှအုန်းက ထိုနေ့ကအတွေ့အကြုံကိုပြောသည်။

မီးလောင်တယ်လို့ အော်သံကြားလျှင်ကြားချင်း အနီးအနားဝန်းကျင်မှ အပြေးရောက်လာပြီး ဝိုင်းဝန်းငြိမ်းသတ်သော်လည်း မီးအားကောင်းပြီး မီးလောင်နေသောအိမ်၏ဝဲယာသို့ ကူးစက်ခဲ့ကြောင်း လမ်းသူ၊ လမ်းသားများကပြောသည်။

"ကျွန်မယောက်ျားက မီးလောင်တယ်ကြားတော့ သွားကူပြီး ရေပက်ထားတာ အိမ်ကပါမယ်မထင်ဘူး။ တကယ် မီးအားကောင်းပြီး သူ အိမ်ပြန်ပြေးလာချိန်မှာ ကျွန်မ ကလေးနှစ်ယောက်ဆွဲပြီး ကိုယ်လွတ်ရုန်းခဲ့ရလို့ မီးထဲအကုန်ပါသွားတယ်။ ကလေးတွေတောင် ကံသီလို့"ဟု မီးစလောင်သည့်အိမ်နှင့် ငါးအိမ်ခန့်ခြားသောအိမ်မှ အိမ်ရှင်ဒေါ်နီနီခင်ကပြောသည်။

မီးထဲ ပါသွားသောအိမ်ရှင်၊ အိမ်ငှားအများစုမှာ အလုပ်သွားနေကြသူများသည်။

သာကေတမြို့နယ် အ. မ. က(၄၆)၏ အနောက်ဘက်ခြမ်းရှိ ၂၅ပေ × ပေ ၅၀ အခန်းထဲတွင် မီးလောင်ခံရသော အိမ်ခြေ ၁၅ လုံးမှ မီးဘေးဒုက္ခသည်အိမ်ထောင်စု ၂၂ စုလုံး စုရုံးနေထိုင်ကြရသည်။ အိမ်ရှင်အချို့မှာ အိမ်ဂရန်မီးထဲပါသွားသကဲ့သို့ အချို့မှာ မီးမလောင်သော်လည်း ပေါင်နှံထားသူများရှိသည်။ အိမ်ရှင်များက ၎င်းတို့အိမ်အား ပြန်လည်ဆောက်လုပ်ခွင့်ပေးမည်ဟု မျှော်လင့်ကြသော်လည်း အိမ်ငှားများမှာ အိမ်ရှင်လက်ခံပါက ဆက်လက်ငှားနေရန် စဉ်းစားထားကြောင်းပြောသည်။

ယခုအချိန်အထိ မီးလောင်ခံရသူများမှာ ယာယီကယ်ဆယ်ရေးစခန်းတွင် စာသင်ခန်းတစ်ခု၏ ၆ ပေ ဝန်းကျင်အကန့်တစ်ကန့်စီ၌ မိသားစုသုံးလေးဦးစီ စုပေါင်းနေကြရပြီး အလှူရှင်များကတော့ ဆက်တိုက်ရောက်လာနေသည်။ "ဘယ်တော့ပြောင်းကြရမယ်မသိသေးဘူး။ ရေမီးကတော့ ကျောင်းဖြစ်လို့ အဆင်ပြေနေပါတယ်"ဟု အသက် ၂၅ နှစ်အရွယ် မီးဘေးသင့်ခဲ့သူအမျိုးသမီးတစ်ဦး က လက်ရှိအခြေအနေကိုပြောသည်။

## ၂၀၁၁တွင် ဟိုတယ်သစ်များ ဖွင့်ရန်ရှိဟုဆို

**နေလင်းအောင်**

ရန်ကုန်၊ နိုဝင်ဘာ-၂၇

လာမည့် ၂၀၁၁ ခုနှစ်တွင် မြန်မာနိုင်ငံ၌ ဟိုတယ်သစ်အမြောက်အမြား ထပ်မံပေါ်ထွက်လာရန်ရှိကြောင်း နိုင်ငံတကာ ဟိုတယ်လုပ်ငန်းဆိုင်ရာ အတိုင်ပင်ခံအဖွဲ့အစည်းတစ်ခုက ခန့်မှန်းချက်ထုတ်ပြန်သည်။

HVS International သည် ဟိုတယ်လုပ်ငန်းဆိုင်ရာ အတိုင်ပင်ခံ အဖွဲ့အစည်းတစ်ခုဖြစ်ပြီး လက်ရှိမြန်မာနိုင်ငံအတွင်း ဆောက်လုပ်ဆဲနှင့် ပြီးစီးသည့် စီမံကိန်းများကို တွက်ချက်၍ ယင်းကြေညာချက်အား ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

အသစ်ပေါ်ထွက်လာမည့် ဟိုတယ်များတွင် အင်လေးကန်မှ ဘန်ဂလို ၆၆ လုံးပါဝင်မည့် Inle Max ဟိုတယ်၊ ငပလီကမ်းခြေမှ ဘန်ဂလိုအလုံး ၇၀ ပါဝင်သော Ngapali Max ဟိုတယ်၊ ရန်ကုန်မှ Centerpoint Tower Hotel၊ နေပြည်တော်တွင် အခန်း ၁၂၀ ပါဝင်မည့် Sky Blue Hotel နှင့် ငပလီကမ်းခြေတွင် အခန်း ၉၀ ပါဝင်မည့် Myanmar Treaure Resort Ngapali တို့ဖြစ်ကြောင်း HVS International ၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

Ref: hvs.com

## မျက်နှာဖုံး-ရန်ကုန်အဲဝေးလေကြောင်းလိုင်း၏ ခရီးစဉ်များ ရပ်ဆိုင်း မှ

ယခုအချိန်အခါသည် ခရီးသွားဧည့်သည်များ အများအပြား ဝင်ရောက်နေသော ကာလဖြစ်သဖြင့် အဆိုပါလေကြောင်းလိုင်း ခရီးစဉ်များ ရပ်နားခြင်းမှာ ခရီးသွားလုပ်ငန်းအပေါ် သက်ရောက်မှုရှိနိုင်ကြောင်း ခရီးသွားလုပ်ငန်းရှင်တစ်ဦးကပြောသည်။

"တခြားလေကြောင်းလိုင်းကို ပြောင်းတင်တော့လည်း နေရာကမရဘူးဖြစ်နေတယ်။ ရာသီချိန်ဆို လေကြောင်းလိုင်းတွေက ပြည့်နေကျပဲ"ဟု ခရီးသွားလုပ်ငန်းရှင်တစ်ဦးကပြောသည်။

အဆိုပါ လေကြောင်းလိုင်းဖြင့်ဘွတ်ကင်လုပ်ထားသော ဧည့်သည်များအား အဲမန္တလေးလေကြောင်းလိုင်းသို့ ယခုရက်ပိုင်းမှစ၍ ခရီးစဉ်များ ပြောင်းတင်မှုများရှိလာကြောင်း ရန်ကုန်အဲဝေးလေကြောင်းလိုင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"ကျွန်တော်တို့မှာလည်း ကျွန်တော်တို့ ဘွတ်ကင်နဲ့ကို ပြည့်နေတာ။ တချို့လွတ်တဲ့ရက်တွေတော့ ပေးလို့ရပေမယ့် ထင်သလောက်မပေးနိုင်ဘူး"ဟု အဲမန္တလေးလေကြောင်းလိုင်းမှ တာဝန်ရှိသူက ဆိုသည်။

ထိုကဲ့သို့ လေကြောင်းလိုင်း အခက်အခဲရှိသဖြင့် ကြိုတင်မှာယူထားသော ခရီးစဉ်များဖျက်ရဖွယ်ရှိကြောင်း ခရီးသွားလုပ်ငန်းရှင်တစ်ဦးကပြောသည်။ ယခုနှစ် ရွေးကောက်ပွဲပြီးသည့်အချိန်မှစ၍ ဧည့်သည်ဝင်ရောက်မှု တိုးလာခဲ့သဖြင့် ခရီးသွားကားများ သုံးစွဲမှုအခက်အခဲရှိခဲ့ပြီး တချို့ရက်များတွင် အိမ်စီးကားနှင့် လိုင်းကားများပါ ခေါ်ယူအသုံးပြုရကြောင်း ခရီးသွားလုပ်ငန်းရှင်များကပြောသည်။

ရန်ကုန်အဲဝေးသည် ရပ်နားသည့်အချိန်ထိ ရန်ကုန်-မန္တလေး၊ ညောင်ဦး၊ ဟဲဟိုး၊ တာချီလိတ်၊ သံတွဲနှင့် စစ်တွေမြို့များအား လူ ၇၀ဦးလိုက်ပါနိုင်သော ATR-72 လေယာဉ်နှစ်စီးဖြင့် ပျံသန်းပေးခဲ့သည်။

ရန်ကုန်အဲဝေးလေကြောင်းလိုင်းအား ၁၉၉၆ခုနှစ်မှစ၍ တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များက ထူထောင်ပြေးဆွဲခဲ့သည်။

## သာကေတမီးကြောင့် လူ၁၁၁ဦးအိုးမဲ့အိမ်မဲ့ဖြစ်

**ရန်ကုန် - နိုဝင်ဘာ၂၉**

သာကေတမြို့နယ်အတွင်းဆယ်တောင်ရပ်ကွက်ရှိ အိမ်တစ်အိမ်တွင် မီးအားမြှင့်စက်အပူလွန်ပေါက်ကွဲရာမှမီးလောင်မှုဖြစ်ပွားခဲ့ပြီး ထိုမီးကြောင့်အိမ်ခြေ၁၅လုံးမီးလောင်ပြာကျကာ လူ၁၁၁ဦးအိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကြောင်း ရန်ကုန်တိုင်းမီးသတ်ဦးစီးဌာနမှသိရသည်။

နိုဝင်ဘာ၂၆ရက်နေ့ညနေ၃နာရီမိနစ်၂၀ခန့်က သာကေတမြို့နယ်၊ ဆယ်တောင်ရပ်ကွက်၊ သလ္လာဝတီ၂လမ်းရှိအိမ်အမှတ်၇၁၄/ကတွင် မီးအားမြှင့်စက်အပူလွန်ရာမှပေါက်ကွဲမှုဖြစ်ပေါ်ကာ မီးလောင်ကျွမ်းသဖြင့် အိမ်ပေါင်း ၁၅လုံးမီးလောင်ကာအိမ်ထောင်စုပေါင်း၂၀ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကြောင်းသိရသည်။ အဆိုပါမီးလောင်မှုကိုမိနစ်၄၀ကြာငြိမ်းသတ်ခဲ့ရပြီး ထိုမီးလောင်မှုကြောင့် ကျပ်၇၃သိန်းဆုံးရှုံးခဲ့ရကြောင်း ရန်ကုန်တိုင်းမီးသတ်ဦးစီးဌာနမှ သတင်းထုတ်ပြန်သည်။ အဆိုပါမီးလောင်မှုစတင်ဖြစ်ပွားခဲ့သောအိမ်မှ အိမ်ရှင်ဦးမောင်မောင်ကို ပြစ်မှုနံပါတ်ပ-၈၃၉-၂၀၁၀၊ပုဒ်မ၂၈၅ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

## ရန်ကုန်လေဆိပ်တွင် ကုန်ပစ္စည်းနှင့် သက်ဆိုင်သော ဝန်ဆောင်မှုလုပ်ငန်း ကုမ္ပဏီတစ်ခု လုပ်ကိုင်ခွင့်ရ



အဲပုဂံလေကြောင်းမှလေယာဉ်တစ်စီး ကုန်အတင်အချပြုနေစဉ်။
ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

**အောင်သူရ**

**ရန်ကုန်၊ နိုဝင်ဘာ - ၂၉**

ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်ရှိ ကုန်ပစ္စည်းအဝင်အထွက် ကုန်ပစ္စည်းသိုလှောင်ရုံ ဝန်ဆောင်မှုလုပ်ငန်းများကို Mingalardon Cargo Service ကုမ္ပဏီက လုပ်ပိုင်ခွင့်ရရှိသွားပြီဖြစ်ကြောင်း သတင်းရရှိသည်။

"ပရောဂျက် ကတော့ စနေပြီ။ ဆောက်လုပ်ဆဲကာလပဲရှိသေးတယ်။ နောက် ၈ လ၊ ၉ လ လောက်မှပဲ အလုပ်စနိုင်မယ်" ဟု အဆိုပါကုမ္ပဏီက တာဝန်ရှိသူက ပြောသည်။

အဆိုပါ ကုန်ပစ္စည်း သိုလှောင်ခွင့် လုပ်ပိုင်ခွင့် လက်မှတ်ထိုးခြင်းအား နိုဝင်ဘာ ၂၄ ရက်တွင်ဆီဒိုးနားဟိုတယ်၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

လုပ်ပိုင်ခွင့်ရရှိခဲ့သော Mingalardon Cargo Serivce ကုမ္ပဏီအနေဖြင့် နိုင်ငံတကာသို့ လေကြောင်းလိုင်းမှတစ်ဆင့် ပို့ဆောင်မည့် ပစ္စည်းများအား လက်ခံခြင်း၊ ထုပ်ပိုးပေးခြင်း၊ ပုပ်သိုးလွယ်သော ပစ္စည်းများအား အအေးခန်းဖြင့် ထားပေးခြင်းနှင့် တန်ဖိုးရှိသော ပစ္စည်းများအား စနစ်တကျ ထိန်းသိမ်းပေးခြင်း စသည့် ဝန်ဆောင်မှုများအား ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း အဆိုပါ ကုမ္ပဏီမှ တာဝန်ရှိသူက ပြောသည်။

ယခင်က ရန်ကုန်နိုင်ငံတကာလေဆိပ်ရှိ ကုန်ပစ္စည်းသိုလှောင်ရုံဝန်ဆောင်မှုအား မြန်မာ့လေကြောင်းလိုင်းက လုပ်ကိုင်ခဲ့ခြင်းဖြစ်သည်။

7 DAY NEWS JOURNAL
Vol.9, No.36 • DECEMBER 2, 2010

# မိုးစပါးအထွက်လျော့သော်လည်းယခင်နှစ်ကထက်ဈေးလျော့



ဇာဇာနီ၊ ပြည့်သိမ်း

ရန်ကုန်၊ နိုဝင်ဘာ - ၂၅

**မိုးစပါးမှာ ယခုနှစ်တွင် ရာသီဥတုကြောင့် အတွက်ဆုတ်နိုင်သော်လည်း စပါးပေါက်ဈေးမှာ ယခင် နှစ်ကထက် နိမ့်နေကြောင်း တောင်သူများက ပြောသည်။**

"ဒီနှစ်မှာတော့ ရာသီကြောင့် သက်တမ်းတိုတဲ့ သက်လတ်စပါးကိုပဲစိုက်ကြတယ်။ သတ်လတ်စပါးက ရက်ပေါင်း ကိုးဆယ်နဲ့ တစ်ရာကြားပဲ ရှိတယ်။ ဒီနှစ်မှာ အထွက်ကလည်း နောက်ကျတဲ့ အပြင်စပါးဈေးကလည်း တင်းတစ်ရာကို ကျပ်သုံးသိန်းခွဲလောက်ဖြစ်နေတော့ လတ်တလောမှာ အရောင်းအဝယ်မလုပ်ကြဘူး" ဟု ဖျာပုံမြို့မှ တောင်သူတစ်ဦးက ပြောသည်။

ယခင်နှစ်က စပါးဈေးနှုန်းမှာတင်းတစ်ရာလျှင် ကျပ် လေးသိန်းကျော်ရှိသဖြင့် စပါးဈေးကောင်းခဲ့ကာ တောင်သူများက သွင်းအားစု စရိတ်များကို အပြည့်အဝပြန်လည် ပေးဆပ်နိုင်သဖြင့် ထိုက်သင့်သော အကျိုးအမြတ်များလည်း ရရှိခဲ့ကြောင်း စပါးစိုက်တောင်သူများက ဆိုသည်။

"ရာသီဥတုကြောင့် စိုက်ခင်းတွေသိပ်အများကြီး မထိပေမယ့် ရာခိုင်နှုန်းအားဖြင့် ပြောရင်တော့ ငါးရာခိုင်နှုန်းနဲ့ တစ်ဆယ်ရာခိုင်နှုန်းလောက်ပဲ ပျက်တယ်။ ဒါ့ကြောင့်ရိတ်သိမ်းချိန်ကို ဂရုစိုက်ပြီးမြန်မြန်လုပ်နေရတယ်။ ကြာရင်ဆန်ဝါမှာစိုးလို့" ဟုဖျာပုံမြို့နယ်မှ ဒေသခံတောင်သူတစ်ဦးက ပြောသည်။

မိုးစပါးမှာ စိုက်ပျိုးချိန်နောက်ကျပြီး၊ ရိတ်သိမ်းချိန်တွင် မိုးကောင်းကာ စပါးပင်များ ရေနစ်ခဲ့သဖြင့် ပျက်စီးဆုံးရှုံးမှုများရှိခဲ့သည်။ တစ်နိုင်ငံလုံးစပါးအထွက်မှာ လျော့နည်းသော်လည်း ပြည်ပသို့ တင်ပို့နိုင်ခြင်း အနည်းငယ်သာရှိသည့်အတွက်ဈေးများ စွာတက်လာခြင်း မရှိသေးပေ။

"စပါးဈေးကဒီနှစ်မှာ တင်းတစ်ရာကို သုံးသိန်းနှစ်သောင်းပဲ ရတယ်။ မနှစ်က ကျွန်တော်တို့ ရောင်းတာက ဒီအချိန်မှာလေး သိန်းကျော်ထိရတယ်" ဟုဓနုဖြူမြို့ကျိုဖူးစွန်းကျေးရွာမှ တောင်သူဦးခင်စိုးက ရှင်းပြသည်။

"စပါးအဟောင်းက လေးသိန်းနှစ်သောင်း ရှိတယ်။ စပါးအသစ်က တင်းတစ်ရာကို ကျပ်သုံးသိန်းငါးသောင်းနဲ့ သုံးသိန်းနှစ်သောင်းကြားရှိတယ်။ အသစ်တွေပဲ အခုရက်ပိုင်းမှာ တင်နေရတယ်" ဟုမြောင်းမြမြို့မှ စက်ပိုင်တစ်ဦးကလည်း ရှင်းပြသည်။

ထို့ပြင် ရန်ကုန်ဈေးကွက်၌ ဆန်သစ်များ ယခုရက်ပိုင်းအတွင်းဝင်ရောက်မှုများလာသည့်အတွက် ဆန်ဈေးကျလာသည်။ ယခင်က ဆန်ကြမ်းအဟောင်း တစ်အိတ်လျှင် ကျပ် ၁၈,၀၀၀ ဝန်းကျင်မှ ယခုအခါ ၁၇,၀၀၀ ကျပ်ဝန်းကျင်ထိဈေးကျလာပြီး ဆန်သစ်မှာ တစ်အိတ်လျှင် ကျပ် ၁၅,၅၀၀ မှ ၁၄,၅၀၀ ဝန်းကျင်အထိ ဈေးကျလာကြောင်း ဘုရင့်နောင် ဆန်ဈေးကွက်မှ ဆန်ကုန်သည် တစ်ဦးကပြောသည်။

ယခုဘဏ္ဍာရေးနှစ် မိုးစပါးစိုက်ဧကမှာ နိုဝင်ဘာလဆန်းအထိ ၁၆ ဒသမ ၇၇ သန်းစိုက်ပျိုးခဲ့ပြီး စိုက်ပျိုးရန်လျာထားချက်ဧကမှာ ၁၇ ဒသမ ၂၀ သန်းဖြစ်သည်။ လတ်တလောတွင် မိုးစပါးအထွက်နှုန်းကို မသိရသေးကြောင်းနှင့် ယမန်နှစ် မိုးစပါးစိုက်ဧကမှာ ၁၆ ဒသမ ၇၅ သန်းစိုက်ပျိုးခဲ့ရာ စုစုပေါင်းစပါးတင်းသန်းပေါင်း ၁၉၄၀ သန်းထွက်ရှိခဲ့ကြောင်း မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းမှ ရရှိသော စာရင်းဇယားများအရ သိရသည်။

မိုးစပါးဈေး တောင်သူများမျှော်မှန်းသလောက် မကောင်းသေးသော်လည်း တောင်သူအများစုမှာ ရသည့်ဈေးဖြင့် ရောင်းခြင်း၊ ကြိုရောင်းထားသော စပါးများသွင်းရခြင်းတို့ကြောင့် မိုးစပါးများဈေးကွက်သို့ စတင်ဝင်ရောက်နေပြီဖြစ်သည်။

ပြီးခဲ့သည့် ဩဂုတ်လပိုင်းလောက်မှစတင်၍ ဒေါ်လာဈေးနှုန်းနှင့် ပို့ကုန်ရငွေတန်ဖိုးများလအတော်ကြာကျဆင်းနေသဖြင့် ပြည်ပသို့ ဆန်တင်ပို့မှုကို ကုန်သည်အများစုက မလုပ်ကြပေ။ သို့သော် နိုဝင်ဘာ ၂၃ ရက်မှစ၍ အမေရိကန်တစ်ဒေါ်လာလျှင် ကျပ် ၉၃၀ ထိ ပြန်လည်မြင့်တက်လာသဖြင့် ယခုလာမည့် ဒီဇင်ဘာလလယ်လောက်မှစတင်၍ ပြည်ပသို့ ဆန်တင်ပို့မည့်အစီအစဉ်များစတင်တော့မည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်းမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

"ဇူလိုင်လကနေ နိုဝင်ဘာလတွေမှာ ကမ္ဘာ့ဆန်ဈေးကလည်းကျ ပို့ကုန်ဝင်ငွေတန်ဖိုးကလည်းကျတော့ ကုန်သည်တွေ အိတ်စ်ပို့မလုပ်ကြပေမယ့် အခု Earning ဈေးကလည်း တစ်ဒေါ်လာ ၁၉၀၀ အထက် ပြန်ရောက်လို့ ဒီဇင်ဘာမှာ ပြည်ပကို ဆန်ပို့ဖို့လုပ်နေပြီ" ဟုဆန်ကုန်သည်တစ်ဦးက ပြောသည်။

ယခုဘဏ္ဍာရေးနှစ်အောက်တိုဘာလအထိ စုစုပေါင်းပြည်ပသို့ ဆန်တင်ပို့မှုမှာ ဆန်တန်ချိန်နှစ်သိန်းခြောက်သောင်းခန့်သာရှိသေးပြီး၊ ပြီးခဲ့သည့်ဘဏ္ဍာရေးနှစ်က စုစုပေါင်း ပြည်ပဆန်တင်ပို့မှုမှာ ဆန်တန်ချိန်ကိုးသိန်းကျော်ထိ တင်ပို့နိုင်ခဲ့ကြောင်း မြန်မာနိုင်ငံ ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်းမှ သိရှိရသည်။

"အခုပြည်ပဆန်ဈေးက မြန်မာဆန်တစ်တန်ကို ဒေါ်လာ ၃၈၀ နဲ့ ၃၉၀ လောက်ပေးဝယ်တော့ ဆန်ပို့ဖို့ ဆန်တွေဝယ်စုနေကြပြီ" ဟုပြည်ပသို့ ဆန်တင်ပို့နေသော ဆန်ကုန်သည်တစ်ဦးက ပြောသည်။



# Home

7Day News Journal
Vol.9, No.36 • DECEMBER 2, 2010

## ပရိုဘောက်(စ်)တက္ကစီများ ဓာတ်ဆီအသုံးပြုပြေးဆွဲ

**သဇင်ထွေး**

**ရန်ကုန်၊ နိုဝင်ဘာ – ၁၉**

ဗန္ဓုလသယ်ယူပို့ဆောင်ရေးမှတင်သွင်းထားသောပရိုဘောက်(စ်)ကားများ စီအင်န်ဂျီထုတ်ယူခွင့်စာအုပ် ခေတ္တရပ်နားထားခြင်းကြောင့်ဓာတ်ဆီဖြင့်ပြေးဆွဲလျက်ရှိကြောင်း ဗန္ဓုလသယ်ယူ ပို့ဆောင်ရေးမှတာဝန်ရှိသူတစ်ဦး က7Day News သို့ပြောသည်။

အဆိုပါပရိုဘောက်(စ်)ကားများကိုအငှားယာဉ်အဖြစ်ပြောင်းလဲထားပြီးဓာတ်ဆီဖြင့်စမ်းသပ်ပြေးဆွဲနေကြောင်းသိရသည်။

"ကားတွေကတော့ စီအင်န်ဂျီပြောင်းပြီးပြီ၊ စာအုပ်မရသေးတာပဲရှိတယ်။ ဓာတ်ဆီနဲ့ဆွဲရင်တော့ မကိုက်နိုင်ဘူး။ ဈေးတော့နည်းနည်းကြီးမယ်။ စာအုပ်မရခင်တော့ဈေးအဆင်ပြေအောင်ဓာတ်ဆီနဲ့စမ်းသပ်ပြေးဆွဲနေတယ်" ဟု အထက်ပါပုဂ္ဂိုလ်က ဆက်လက်ပြောကြားသည်။ ပိုရိုဘောက်(စ်)ကားများကို ဂျပန်နိုင်ငံမှတင်သွင်းပြီး တိုယိုတာအမျိုးစားဖြစ်ကြောင်းသိရသည်။

ယင်းကားများကိုအောက်တိုဘာလတွင် ၂၀ စီးတင်သွင်းခဲ့ပြီးအစီး ၃၀ပြည့်အောင်တင်သွင်းသွားမည်ဖြစ်ကြောင်း သိရသည်။

"စီအင်န်ဂျီထုတ်ယူခွင့် စာအုပ်မရသေးတော့ ဆီနဲ့ဆွဲကြည့်တယ်။ သိပ်တော့မကိုက်ဘူး။ ဈေးနည်းနည်းတင်လိုက်ရင် ဘယ်သူမှ မစီးချင်ကြတော့ဘူး။ ကိုယ်ကလည်းမဆွဲလို့မှမဖြစ်တာ။ ဓာတ်ဆီနဲ့ပဲဆွဲရမယ်" ဟုပရိုဘောက်(စ်) ယာဉ်မောင်းတစ်ဦးက 7Day News ပြောကြားသည်။

ပရိုဘောက်(စ်)ကားများကို ပြောင်းလဲထားသောစီအင်န်ဂျီထုတ်ခွင့်စာအုပ်မရရှိသေးသောကြောင့် အချို့မှာပြေးဆွဲသော်လည်းအချို့မှာ ဓာတ်ဆီဖြင့် မပြေးဆွဲနိုင်သေးကြောင်းသိရသည်။

## ရောဝတီဘဏ်က ရန်ကုန်မြို့လယ်တွင် ဘဏ်ခွဲတစ်ခု ဖွင့်လှစ်မည်



ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

**ရောဝတီဘဏ်ဖွင့်လှစ်ရန်အကြီးစားပြင်ဆင်နေသော အဆောက်အအုံ။**

**အားမာန်**

**ရန်ကုန်၊ နိုဝင်ဘာ – ၁၈**

မက်စ်မြန်မာကုမ္ပဏီက တည်ထောင်ထားသော ရောဝတီဘဏ် ၏ ဘဏ်ခွဲတစ်ခုကို ရန်ကုန်မြို့လယ် ဒဂုံမြို့နယ်ရှိ အချက်အချာ ကျသော နေရာတွင် ထပ်မံဖွင့်လှစ်မည်ဖြစ်ကြောင်း အဆိုပါ ကုမ္ပဏီ ပိုင်ရှင်ဦးဇော်ဇော်က ပြောကြားသည်။

ဒဂုံမြို့နယ်၊ အလံပြဘုရားလမ်းပေါ်ရှိ အထက(၁)ဒဂုံ၊ လ ပြည့်ဝန်းပလာဇာ၊ ပါ့ခ်ရွိုင်ရယ်ဟိုတယ်တို့ အနီးရှိ ခြံအမှတ်(၆၇)တွင် ဘဏ်ခွဲဖွင့်လှစ်ရန် နှစ်ထပ်အဆောက်အအုံကို အကြီးစားပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။ ထိုခြံနှင့် အဆောက်အအုံမှာ ယခင်က ဘာသာရေးအဖွဲ့ တစ်ခု၏ နား၊နှာခေါင်း၊လည်ချောင်းဆေးရုံ ဖြစ်ခဲ့ကာ နောက်ပိုင်း နိုင်ငံပိုင်အဆောက်အအုံဖြစ်ခဲ့သည်။

ရောဝတီဘဏ်မှ ဘဏ်ရုံးချုပ်ကို နေပြည်တော်တွင် ဖွင့်လှစ်ထားပြီး ရန်ကုန်နှင့် မန္တလေးမြို့တို့တွင် လောလောဆယ် ဘဏ်ခွဲ တစ်ခုစီ ဖွင့်လှစ်ထားသည်။

## ရန်ကုန်တွင် အက်ဖ်အမ်လိုင်း ၅ခု နားဆင်နိုင်ပြီ

**နေလင်းအောင်**

**ရန်ကုန်၊ နိုဝင်ဘာ – ၂၄**



ဓာတ်ပုံ – နေလင်းအောင်

**ပုဂ္ဂလိကအက်ဖ်အမ်တစ်ခုမှ အသံဖမ်းစတူဒီယိုတစ်ခုအားတွေ့ရစဉ်။**

ယခုနှစ်ကုန်ပိုင်းတွင် ရန်ကုန်ရေဒီယိုကွန်ရက်အတွင်း အက်ဖ်အမ်အသစ်နှစ်ခု ထပ်တိုးလာသဖြင့် စုစုပေါင်း ရန်ကုန်တွင် ထုတ်လွှင့်သည့်အက်ဖ်အမ်လိုင်းငါးလိုင်းအထိရှိလာပြီဖြစ်ရာ လာမည့်နှစ်တွင် အက်ဖ်အမ်များ ဈေးကွက်နှင့် လူကြိုက်များမှုရရှိရန်အတွက် ပြိုင်ဆိုင်မှုပြင်းထန်လာမည်ဖြစ်ကြောင်းပုဂ္ဂလိကအက်ဖ်အမလုပ်ငန်းလုပ်ကိုင်နေသူအချို့က သုံးသပ်ပြောကြားသည်။

ပြီးခဲ့သည့် အောက်တိုဘာလဆန်းပိုင်းက တနင်္သာရီနှင့် ပဲခူးတိုင်းဒေသကြီး၊ မွန်နှင့်ကရင်ပြည်နယ်ကိုယ်စားပြု ရွှေအက်ဖ်အမ်သည် ရန်ကုန်တွင်စတင် ထုတ်လွှင့်လာခဲ့ပြီး၊ ယခုလကုန်ပိုင်းတွင်လည်း မုံရွာနှင့် မြန်မာပြည်အထက်ပိုင်း ကိုယ်စားပြုထုတ်လွှင့်နေသည့်ပတ္တမြားအက်ဖ်အမ်သည်လည်း ရန်ကုန်ဒေသသို့ ဖြန့်ကျက်ထုတ်လွှင့်ခဲ့သည်။

လက်ရှိတွင် ရန်ကုန်မြို့၌ အက်ဖ်အမ်ငါးလိုင်းအထိ ရှိလာရာ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ရွေးချယ်စရာရေဒီယိုလိုင်း ပိုမိုများပြားလာမှုကြောင့် ယခင် ရန်ကုန်ဈေးကွက်တွင် ရှိပြီးသားအက်ဖ်အမ်များအနေဖြင့် ဈေးကွက်ဝေစု ခွဲပေးရဖွယ်ရှိကြောင်း သိရှိရသည်။

"အက်ဖ်အမ်တွေ များလာတာတော့ အပြိုင်အဆိုင်ဖြစ်တာထက်ကို ကိုယ့်ဟာကိုယ် အာရုံစိုက်ပြီး ပိုကောင်းအောင်လုပ်ဖို့ပဲလိုတယ်လို့ ကျွန်တော်တော့မြင်တယ်။ အကုန်လုံးက ဖျော်ဖြေသတင်းပေးဖို့လုပ်ကြတာဆိုတော့ ကျွန်တော်တို့အက်ဖ်အမ်အနေနဲ့ကတော့ ဒါကို ပြိုင်စရာလို့မမြင်ပါဘူး"ဟု လက်ရှိများပြားလာသည့်အခြေအနေနှင့်ပတ်သက်၍ ရွှေ အက်ဖ်အမ်မှ တာဝန်ရှိသူတစ်ဦးက မကြာသေးမီက ပြောကြားခဲ့သည်။

ဖျော်ဖြေရေး အသားပေး အက်ဖ်အမ်ရေဒီယိုများသည် ယခုနှစ်ပိုင်းအတွင်း ရေဒီယိုနားထောင်သူများ အကြိုက်တွေ့သော မီဒီယာတစ်ခုအဖြစ်ရပ်တည်လာနိုင်ခြင်းကြောင့် ကြော်ငြာများရရှိခဲ့သည်။ ယခင်ရန်ကုန်ဈေးကွက်တွင် လက်ဦးမှုရရှိထားသော အက်ဖ်အမ်လိုင်းအချို့သည် ကြော်ငြာအလွန် များပြားလာရာ နားထောင်သူများအနေဖြင့် အက်ဖ်အမ်အသစ်များကို ကြိုဆိုကြကြောင်း မြို့ခံအများစုကဆိုသည်။

စီးတီးအက်ဖ်အမ်မှ အစပြုခဲ့သည့်နောက်ပိုင်း လက်ရှိ ရန်ကုန်တွင် မန္တလေးအက်ဖ်အမ်၊ နေပြည်တော်အက်ဖ်အမ်၊ ရွှေအက်ဖ်အမ်နှင့် ပတ္တမြားအက်ဖ်အမ်တို့ပါ ရရှိလာခဲ့သည်။ ကျန်ရှိနေသည့် အက်ဖ်အမ်လိုင်းများ မကြာမီ ရန်ကုန်တွင် ထပ်မံဖမ်းယူရရှိလာပါက အက်ဖ်အမ်များကြော်ငြာရရှိရေးနှင့် အစီအစဉ်များ ပိုမိုကောင်းမွန်ရေးအတွက် ပြိုင်ဆိုင်ရမည်ဖြစ်ကြောင်း ရေဒီယိုအစီအစဉ်မှူးတစ်ဦးကဆိုသည်။

## ဒေါင်ဖန်းကုန်တင်ယာဉ်များ ပြည်တွင်း ဝယ်နိုင်တော့မည်

**သဇင်ထွေး**

**ရန်ကုန်၊ နိုဝင်ဘာ – ၁၉**

FMI ကုမ္ပဏီနှင့် SPA ကုမ္ပဏီတို့ ပူပေါင်း၍ တရုတ်နိုင်ငံထုတ် ဒေါင်ဖန်း (Dongfeng) အမှတ်တံဆိပ်ကုန် တင်ယာဉ်များကို တင်သွင်း ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ကြောင်း ယင်းကုမ္ပဏီ ၏ သတင်းထုတ်ပြန်သည်။

မော်တော်ယာဉ်တင်သွင်း ဖြန့်ချိမည့်လုပ်ငန်းကို SPA ကုမ္ပဏီ ၏လက်အောက်ခံကုမ္ပဏီဖြစ်သော Successful Goal Trading ကုမ္ပဏီနှင့်ပူပေါင်းဆောင်ရွက်သွားမည်ဖြစ်ကာ ကုမ္ပဏီက ၃၀ ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ပြီးမော်တော်ယာဉ်တင်သွင်းဖြန့်ဖြူးရောင်းချခြင်းကိုသာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ဒေါင်ဖန်း အမှတ်တံဆိပ်အပေါ့စားကုန်တင်ယာဉ်ကိုအစိုးရဌာနများကအများဆုံးဝယ်ယူ အသုံးပြုလျက်ရှိပြီး၊ နောက်ပိုင်းတွင် အဆို ပါအမှတ်တံဆိပ်ကုန်တင်ယာဉ်ကို ပြည်တွင်းတွင် တပ်ဆင်ထုတ်လုပ်သွားမည်ဟုဆိုသည်။

FMI ကုမ္ပဏီသည် ဒေါင်ဖန်း ကုန်တင်ယာဉ်ကို ၁၀ နှစ်အတွင်း မြန်မာနိုင်ငံတွင် ဖြန့်ဖြူးရောင်းချသွားရန် သဘောတူညီမှုရရှိထားပြီးနှစ်နိုင်ငံပူပေါင်းဆောင်ရွက်နိုင်ရန်အတွက် မော်တော်ယာဉ်ဌာနသစ်တစ်ခုကိုမကြာမီက ဖွဲ့စည်းထားပြီးဖြစ်ကြောင်း ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဒေါင်ဖန်းအမှတ်တံဆိပ်ကုန်တင်ယာဉ်ကိုထုတ်လုပ်လျက်ရှိသော Dongfeng Automobile Coသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝူတန်ဒေသတွင် အခြေစိုက်ပြီး ရှန်ဟိုင်းစတော့ဈေးကွက်စာရင်းဝင် ကုမ္ပဏီတစ်ခု ဖြစ်ကာအပေါ့စားကုန်တင်ယာဉ်များကို ဒီဇိုင်းရေးဆွဲခြင်း၊ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းတို့အပြင်သုတေသနနှင့်ဖွံ့ဖြိုးမှုလုပ်ငန်းကိုပါဆောင်ရွက်လျက်ရှိသောကုမ္ပဏီဖြစ်ကြောင်း သိရသည်။

FMI က ထုတ်လုပ်မည့်ကားများကိုတစ်ဦးတည်း ကိုယ်စားလှယ်ဖြန့်ချိသွားမည်ဖြစ်ကြောင်းသိရ သည်။ ကုမ္ပဏီသည်ပြည်တွင်းစီးပွားရေး လုပ်ငန်း ၁၆ခုတွင် ရင်းနှီးမြှုပ်နှံထားပြီး ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ယင်းလုပ်ငန်းများမှ စုစုပေါင်းအမြတ်ငွေကျပ်သန်း ၁၃၅၀ ရရှိခဲ့ကြောင်း ကုမ္ပဏီနှစ်ပတ်လည်အစီရင်ခံစာတွင် ဖော်ပြထားသည်။



## အေအိုင်ဒီအက်စ်ရောဂါရှင်များအတွက် ဆေးဝါးနှစ်ဆရရှိမည်

ဝတ်ရည်

**ရန်ကုန်၊ နိုဝင်ဘာ – ၂၅**

ကမ္ဘာ့ရန်ပုံငွေအဖွဲ့ Gllobal Fund မှရရှိသောရန်ပုံငွေကြောင့် မြန်မာနိုင်ငံရှိ အေအိုင်ဒီအက်စ်ရောဂါရှင်များအတွက် လိုအပ်သည့် ဆေးဝါးအား ယခုအရေအတွက်ထက် နှစ်ဆရရှိနိုင်မည်ဖြစ်ကြောင်း ယူအင်န်အေအိုင်ဒီအက်စ် မှ တာဝန်ရှိသူတစ်ဦးက ပြော သည်။

အေအိုင်ဒီအက်စ်ရောဂါရှင် များသောက်ရသည့် ပိုးထိန်းဆေး (အေအာတီ)ရရှိနေသူ ယခုချိန်တွင် နှစ်သောင်းကျော်ရှိရာမှ လေးသောင်းကျော်အထိ ပေးနိုင်တော့မည်ဖြစ်ကြောင်း အထက်ပါ တာဝန်ရှိ သူတစ်ဦးက ရှင်းပြသည်။ ရရှိသည့်ငွေကြေးများဖြင့် အိတ်ချ်အိုင်ဗီ၊ အေအိုင်ဒီအက်စ်လုပ်ငန်းများအား ဇန်နဝါရီလဆန်းခန့်တွင် စတင်ဆောင်ရွက်မည်ဖြစ်ပြီး ငါးနှစ်စီမံကိန်းဖြင့် လုပ်ငန်းများဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ "ဆေးကို နှစ်ဆလောက် တိုးပေးနိုင်အောင် စီစဉ်ထားပေမယ့် ဝေဒနာရှင်တွေက ပတ်ဝန်းကျင်ကိုကြောက်ပြီး ထွက်မလာရဲရင် ဘာမှလုပ်လို့မရပါဘူး"ဟု အဆိုပါတာဝန်ရှိသူကပြောသည်။

အဆိုပါ ရန်ပုံငွေအဖွဲ့မှ အိတ်ချ်အိုင်ဗီ၊ အေအိုင်ဒီအက်စ်လုပ်ငန်းများဆောင်ရွက်ရန် ဒေါ်လာသန်း ၁၀၀ကျော်ပေးအပ်မည်ဖြစ်ပြီး ကာကွယ်ရေး၊ ဆေးဝါးကုသရေး၊ လိင်တူဆက်ဆံသူများ အမျိုးသမီးလိင်လုပ်သားများ၊ မူးယစ်ဆေးဝါးအကြောထဲ ထိုးသွင်းသူများ၊ အိတ်ချ်အိုင်ဗီကူးစက်မှုလျော့ပါးစေရေး၊ အေအိုင်ဒီအက်စ်ရောဂါဖြင့် သေဆုံးသွားသူများ၏ ကလေးများအား စောင့်ရှောက်ရေး စသည့်လုပ်ငန်းများအား ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ Global Fund သည် ကမ္ဘာ့ဖွံ့ဖြိုးပြီးနိုင်ငံများမှ စုပေါင်း၍ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ရောဂါသုံးမျိုး တိုက်ဖျက်ဖို့အတွက်လှူဒါန်းခြင်းဖြစ်သည်။

Life
7 DAY NEWS JOURNAL
Vol.9, No.36 • DECEMBER 2, 2010



လကုန်ရက်သို့ရောက်တိုင်း ကျွန်မရင်တွေတုန်လာရသည်။ အထူးသဖြင့် လဆန်းတစ်ရက်နေ့ မနက်ပိုင်းရောက်လျှင် ပိုတုန်လာတတ်သည်။ မနက်ဆိုင်ဖွင့်ရန် လာချိန်တွင် အရောင်းဝန်ထမ်းမ လေးသုံးယောက် ထိုင်စောင့်နေကြသည်ကိုမြင်ရတော့မှ သက်ပြင်းမောကိုမှုတ်ထုတ်ရသည်က အခါခါပင်။ အစိုးရဝန်ထမ်းဆိုလျှင်လည်း လကုန်ရက်ကြောင့် လစာပြတ်ခါနီး၍ စိတ်မောရသည်ဆိုလျှင်ထားဦးတော့။ အခုတော့ ကိုယ်ပိုင်လုပ်ငန်းထောင်ကာ လကုန်ရက်ကို စိတ်မောရသည့် ကျွန်မအဖြစ်က ရယ်စရာပင်။

# ခြေလှမ်းရယ်တဲ့ အို…မခိုင်

နဝရတ်(ဂုဏ်/ရှုပ)

ဘွဲ့ရ၍ လုပ်ငန်းခွင်ဝင်ရမည်ဆိုတော့ ကျွန်မကိုယ်တိုင် ဈေးသည်ဘဝကို ရွေးချယ်ခဲ့သည်။ ကိုယ်ပိုင်လုပ်ငန်းဖြင့် စမည်ဟုဆုံးဖြတ်ကာ စတိုးဆိုင်ကို ကျွန်မဖွင့်လှစ်ခဲ့သည်။ ကျွန်မတို့မြို့လေးတွင် စတိုးဆိုင် လေးငါးဆိုင်သာရှိသည်။ ဈေးအရှေ့နေရာကောင်းသောကြောင့် သိန်းဆယ်ဂဏန်းထိ ရောက်နေသောစပေါ်နှင့် သိန်းချီနေသောလစာကိုပေးကာ ငှားရမ်းခဲ့ရသည်။ စတိုးဆိုင်ဆိုသော ဂုဏ်ပုဒ်ကြောင့် လူပြကောင်းရန် အမျိုးသမီးအရောင်းဝန်ထမ်းသုံးဦး ငှားရမ်းခဲ့ရသောအခြေအနေမှာ တစ်လတစ်လ ဆိုင်အတွက်ထွက်ငွေ နှစ်သိန်းနီးပါးရှိခဲ့သည်။ တစ်နေ့ကို ခုနစ်ထောင်ခန့်မြတ်ပါမှ အရင်းကျေမည့်အခြေအနေပင်။ ပထမ စဖွင့်စက ဆိုင်သစ်ဆိုသောဝယ်အားကြောင့် ဟုတ်ပုံဟုတ်ပန်းနှင့်ရင်အေးရသည်။ အရင်းအနှီးထုတ်ပေးသောမိဘများလည်း တပြုံးပြုံး။ မနက်လင်းလျှင် ဆိုင်သွားဖွင့်မည့်အရေးကို ညကတည်းက ပြင်ဆင်ကာ တက်ကြွလှသည့်အခြေအနေပင်။ ဆိုင်သက်တမ်းတစ်နှစ်ခွဲဝန်းကျင်ရှိလာပြီး ၂၀၁၀ အရောက်တွင်တော့ ဈေးသည်များ ပါးစပ်ဖျားတွင် ခေတ်စားနေသည့် 'ရောင်းအားကျသည်'၊ 'အရောင်းအဝယ်အေးသည်'ဆိုသည့်စကားစုကို ကိုယ်တိုင်တွင် တွင်ရွတ်ကာစိတ်မောလာရသည်။

ကျွန်မတို့ အညာဒေသ၊ မကွေးတိုင်း၏ အဓိကထွက်ကုန်က ပဲ၊ နှမ်း။ ပဲအောင် နှမ်းအောင်မှ တောင်သူတွေ ဝမ်းဝကာ ငွေရွှင်မှ ဈေးသည်တွေ ရောင်းပန်းလှသည့်အခြေအနေ။ တောင်သူနှင့် ဈေးသည်က တိုက်ရိုက်အချိုးကျနေသည်။ ယနေ့ခေတ်လို ရာသီဥတုမမှန်၊ အဖျက်ပိုးဝင်သည့်အခြေအနေကြောင့် သီးနှံတွေအထွက်လျော့ ပျက်စီးလေရာ တောင်သူတွေ ဈေးထဲမရောက်နိုင်တော့ပေ။ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးနှင့် မွန်းကျပ်နေသော စကားလုံးများအောက်မှာ တောင်သူတွေ အသက်ရှူမဝချင်တော့။ ဤကဲ့သို့သောအချိန်အခါမျိုးတွင် ရောင်းသူတွေ စုဝေးကာ အတင်းပြော၊ သန်းတုတ်ခေတ်ကို ပြန်မရောက်နိုင်သည့်တိုင် ဝတ္ထုကိုင်၊ ငုတ်တုတ်ထိုင်အဖြစ်သို့ ချက်ချင်းရောက်သွားရသည်။ နှစ်စဉ်တောင်သူများ ပဲပေါ်၊ နှမ်းပေါ်ချိန်မှာ ရောင်းအားကောင်းခဲ့သည့် ရေဒီယို၊ ကက်ဆက်၊ ဓာတ်မီးစသည့် စတိုးဆိုင်နှင့် သက်ဆိုင်သည့် ဖိမ်ခံပစ္စည်းလေးများ ဖိတင်ထားမိသည့် ဆိုင်ဆိုလျှင်တော့ 'ငုတ်တုတ်မေ့သွားမယ်'နှင့်ကြုံရပြန်သည်။ လျှပ်စစ်အားသွင်းဓာတ်

> **ကျဆင်းနေသော ရောင်းအား၊ တက်လာသော ဆိုင်ခန်းငှားရမ်းခ၊ လုပ်သက်ကြာ၍ လစာတိုးလိုချင်လာသည့်ဝန်ထမ်း စသည့် အခက်အခဲပေါင်းများစွာအောက်မှာ....**

မီးတွေကလည်း ကြာလာတော့ အတွင်းမှ ဘက်ထရီပျက်စီး၊ ပြန်ပြုပြင်ရန်ခက်နှင့် အချိန်နှင့်အမျှ အမှိုက်ပုံးနှင့်နှစ်ပါးသွားနေရတော့သည်။

ကျဆင်းနေသော ရောင်းအား၊ တက်လာသော ဆိုင်ခန်းငှားရမ်းခ၊ လုပ်သက်ကြာ၍ လစာတိုးလိုချင်လာသည့်ဝန်ထမ်း စသည့် အခက်အခဲပေါင်းများစွာအောက်မှာ စတိုးဆိုင်ပိုင်ရှင်ကြီး ကျွန်မနှလုံးရောဂါဖြစ်မတတ်ပင် ခံစားနေရတော့သည်။ အရောင်းသက်ရင့်ဝန်ထမ်းများကလည်း ကျွမ်းကျင်အဆင့် ရောက်နေသူများကြောင့် ထွက်သွားမှာစိုးရိမ်ရသည်။ ဝန်ထမ်းအသစ် ပြန်ခန့်ရလျှင်လည်း အစမှ ပြန်သင်နေရမည်က ရင်မောစရာ။ သို့သော် လစာတိုးပေးရန်ဆိုသည်ကလည်း ရောင်းအားကိုပြန်ကြည့်လျှင် မဖြစ်နိုင်။ ထွက်လိုလျှင်ထွက်သွားဟု မပြောရလျှင်သာနေမည်။ ထို အခြေအနေသို့ရောက်အောင် တွန်းပို့သကဲ့သို့ရှိနေသည်။ အခြေအနေကြောင့် မကြည်လင်ချင်သောဝန်ထမ်းတွေက သူတို့နိုင်ရာ ဈေးဝယ်သူအပေါ်တွင် စိတ်မရှည်ချင်ဟန် အထင်းသားပြလာသည်။ မြင်၍ပြောဆိုဆုံးမသည့်အခါ မကြည်သာသောမျက်နှာနှင့် တစ်နေကုန်အောင် အလုပ်မဖြစ်တော့ချေ။ လကုန်ရက် လစာထုတ်ပေးလျှင် ဝန်ထမ်းများက လစာတိုးမပေး၍ မကြည်လင်သောမျက်နှာနှင့် အိမ်ပြန်သွားကြသည်။ နောက်တစ်နေ့မနက်ရောက်လျှင် တံခါးဖွင့်မည့်ဝန်ထမ်းများ ရှိမှရှိပါ့မလားဆိုသည့်စိတ်နှင့်လာရသည့် ခံစားချက်က ကြုံဖူးသူမှ နားလည်ပေးနိုင်လိမ့်မည်။

မည်သူ့ကိုမျှ အပြစ်မတင်နိုင်သောဘဝတွင် လူသားတစ်ယောက်အဖြစ် တာဝန်ကျေနိုင်ရန် စိတ်ကို အားတင်းထားရသည်။ ကမ္ဘာ့အတိုင်းအတာမဆိုထားနှင့် မိမိတို့မိသားစုထဲတွင်ပင် တာဝန်ကျေသောလူတစ်ယောက်ဖြစ်ရန် ခက်ခဲစွာရုန်းကန်နေရသောအခြေအနေ။ ကမ္ဘာမြေကြီးဆွဲအားကို အန်တုကာ ခြေအစုံကိုတင်းအောင်ရပ်ထားရသော်လည်း လှမ်းမည်ကြံသည့်ခြေလှမ်းကတော့ မခိုင်ချင်တော့မှာ အသေအချာပင်။

## ဈေးဝယ်ထွက်မယ်

## အားကစားလုပ်ဖို့ သင့်တော်တဲ့ ဖိနပ်တွေရှိတဲ့နေရာ



ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

အိဖြူလွင်

ဆောင်းမနက်ခင်းတွေမှာ အပြေးလေ့ကျင့်သူတွေ၊ ကျန်းမာရေးအတွက် လမ်းလျှောက်သူတွေနဲ့ အေးချမ်းတဲ့နံနက်ခင်းရဲ့ အလှကို မြင်တွေ့ရမှာဖြစ်ပါတယ်။

ဆောင်းနံနက်မှာ အပျော်အတွက်ပဲဖြစ်ဖြစ်၊ ကျန်းမာရေးအတွက်ပဲဖြစ်ဖြစ် ကစားလိုသူတွေအားလုံးအတွက် အသုံးဝင်မယ့် ပစ္စည်းတစ်မျိုးကို ဒီတစ်ပတ်ရဲ့ဈေးဝယ်ထွက်မယ် ကဏ္ဍကနေလမ်းညွှန်ပေးပါရစေ။

လမ်းလျှောက်၊ အပြေးကျင့်၊ ကြက်တောင်ရိုက် အားကစားနည်းတွေအားလုံးအတွက် အသုံးဝင်တဲ့ ခြေထောက်တွေမနာကျင်အောင်၊ မထိခိုက်အောင် ကူညီပေးမယ့် ဖိနပ်တွေက လူတိုင်းအတွက် မရှိမဖြစ်လိုအပ်တာပါ။

အမျိုးသမီး၊ အမျိုးသားမရွေးစီးလို့ရပြီး လူကြီး၊လူငယ်အသက်အရွယ်မရွေး စီးလို့ဖက်ရှင်ကျစေမယ့် ဖိနပ်တွေကဆောင်းမနက်ခင်းမှာ လှုပ်ရှားမယ့်သူတွေအားလုံးအတွက် အဆင်ပြေစေနိုင်မယ်ထင်ပါတယ်။

တရုတ်နိုင်ငံကတင်သွင်းပြီး ဈေးနှုန်းကလည်းလူတိုင်းအတွက် ဝယ်ယူလို့အဆင်ပြေစေမယ့် ဖိနပ်တွေက အမျိုးအစားအလိုက်၊ အားကစားနည်းတွေအလိုက် ရွေးချယ်ဝယ်ယူနိုင်ပါတယ်။

ဈေးနှုန်းအနေနဲ့ ၄၅၀၀ ကျပ်လောက်ကနေ ၂၅၀၀၀ကျပ်လောက်အထိ အမျိုးအစားအလိုက်ကွဲပြားမှာဖြစ်ပြီး အရောင်နဲ့ အမျိုးအစားတွေကို စိတ်ကြိုက်ရွေးချယ်ဝယ်ယူနိုင်ဦးမှာပါ။

အခုလို အားကစားဖိနပ်တွေရနိုင်တဲ့နေရာကတော့ မဟာဗန္ဓုလပန်းခြံလမ်း၊ အပေါ်ဘလောက်၊ အမှတ် ၃၆၈ နဲ့ ၃၇၁ က အားကစားပဒေသာဆိုင်မှာပါ။ ဆောင်းနံနက်ခင်းမှာ ကျန်းမာရေးအတွက် ကိုယ်လက် လှုပ်ရှားချင်သူတွေအားလုံးအတွက် အထောက်အကူပြုနိုင်မယ်လို့ မျှော်လင့်ရင်း. . .။

7DAY NEWS JOURNAL
Vol.9, No.36 • DECEMBER 2, 2010

# မန်းသူမန်းသားများ ကျန်းမာရေးအတွက် ရွေးချယ်စားသောက်လာ

**စိုင်းသာအောင်**

**မန္တလေး၊ နိုဝင်ဘာ – ၂၃**

မန္တလေးမြို့တွင် မြို့လူထုက ကျန်းမာရေးအသိပညာအရ နံနက်ပိုင်းအစားအသောက်များ စားသောက်မှုပုံစံ မသိမသာ ပြောင်းလဲလာလျက်ရှိကြောင်း မြို့ခံများထံမှ သိရသည်။

မန်းသူမန်းသားများမှာ ယခင်က နံနက်စာအဖြစ် အကြော်နှင့် ထမင်းဆီဆမ်း၊ ပဲပြုတ်နှင့် ထမင်းဆီဆမ်း၊ မုန့်တီ၊ မုန့်ဟင်းခါး၊ မြီးရှည် မန္တလေးအစားအစာများစားနေရာမှ လူများအား ခြောက်လှန့်လျက်ရှိသော ကင်ဆာရောဂါ၊ နှလုံးသွေးကြောကျဉ်းရောဂါ၊ သွေးတိုးရောဂါတို့ကိုအကြောင်းပြု၍ စားသောက်မှုပုံစံများ ပြောင်းလာပြီး ဆင်ခြင်စားသောက်လာသည်ဟု ဆိုသည်။ အကြော်မျိုးစုံတွင် အကြော်ဆီများ မသန့်ရှင်းလည်းကောင်း၊ တာရှည်ခံဆီများဖြင့် ကြော်၍လည်းကောင်း၊ အကြော်မျိုးစုံစားသုံးမှု လျော့နည်းသွားခြင်း၊ အီကြာကွေး၊ စမူဆာ စားသုံးမှု လျော့နည်းလာခြင်း၊ ဟင်းချိုမှုန့် အလွန်အကျွံ သုံးလာသော မုန့်ဟင်းခါး၊ မုန့်တီ၊ မြီးရှည်စားသုံးမှုတို့ကို ဆင်ခြင်လာခြင်း၊ အချို့က လုံးဝမစားတော့ဘဲ ရှောင်ကြဉ်ခြင်းများလည်းရှိကြောင်း မန္တလေးပြည်သူ့ဆေးရုံကြီး အထွေထွေရောဂါကု ဆရာဝန်တစ်ဦးက ပြောသည်။

အကြော်မျိုးစုံကို ကြိုက်သော်လည်း အကြော်မကြော်မီ ပလတ်စတစ် ရေဘူးနှစ်ဘူးခန့် ဒယ်အိုးထဲထည့်၍ကြော်သည်ဆိုသော သတင်းဂယက်ကြောင့် အကြော်များကိုပင် မစားရဲတော့ကြောင်း အသက်၆၀ခန့်ရှိ မန္တလေးသား တစ်ဦးကဆိုသည်။












# တိုကင်စနစ်နဲ့ ပြုလုပ်လာတဲ့ နိဗ္ဗာန်ဈေးများ

**အိမြတ်မွန်**

**ရန်ကုန်၊ နိုဝင်ဘာ – ၂၅**

တန်ဆောင်မုန်းလပြည့်နေ့နှင့် လပြည့်ကျော်တစ်ရက်နေ့တွင် နှစ်စဉ်ကျင်းပပြုလုပ်နေကျဖြစ်သော ရိုးရာယဉ်ကျေးမှုဆိုင်ရာ စတုဒိသာလှူဒါန်းပွဲများတွင် ယခင်လို မည်သူမဆို ဝင်ရောက်နိုင်ခြင်းကို အချို့သော မြို့နယ်များ၌ တားမြစ်ထားပြီး တိုကင်လက်မှတ်ဖြင့်သာ ဝင်ရောက်စားသုံးနိုင်ခြင်းကို တွေ့ရှိရကြောင်း ရန်ကုန်မြို့နေ မြို့ခံအချို့ကပြောသည်။

နှစ်စဉ်တန်ဆောင်မုန်းလပြည့်နေ့နှင့် လပြည့်ကျော်တစ်ရက်နေ့များတွင် နံနက်ပိုင်းကထိန်လှူဒါန်းမှုပြီးစီးပါက ညနေပိုင်းတွင်မည်သူမဆို ဝင်ရောက်စားသောက်နိုင်သည့် လှူဒါန်းမှုများကိုကျေးရွာရပ်ကွက်များ၌ ပြုလုပ်လေ့ရှိကြသည်။ ယင်းသည် ရိုးရာယဉ်ကျေးမှုဓလေ့တစ်ခုဖြစ်ပြီး ယခုအခါ ယင်းသို့မဟုတ်ဘဲ တိုကင်ပြားအား အလှူရှင်၏ နီးစပ်သောအသိုင်းအဝိုင်းသို့ ကြိုတင်ပေးထားသည်ကို တွေ့ရှိရကြောင်း လှိုင်မြို့နယ် ၁၂ ရပ်ကွက်တွင် နေထိုင်သူတစ်ဦးကပြောသည်။

"စတုဒိသာဆိုတဲ့ အဓိပ္ပာယ်ကမည်သူမဆို လူပုဂ္ဂိုလ်ခွဲပြီး မလှူရပါဘူး။ ကိုယ်တတ်နိုင်သမျှကိုလာတဲ့သူ အကုန်လုံးကို လှူရတယ်။ လှူလို့ကုန်သွားရင် ရပ်ပစ်လိုက်ပေါ့။ တိုကင်ပြားနဲ့ဆိုတော့ တခြားအချိန်မှာတော့ မပြောလိုပါဘူး။ ဒီနေ့ဒီရက်ဆိုရင်တော့ စတုဒိသာရဲ့ အဓိပ္ပာယ်ပျက်စီးလို့ အရုပ်ဆိုးပါတယ်။ ဘာဘဲဖြစ်ဖြစ်လှူပေါ့။ လှူပြီလို့ကုန်သွားရင် ရပ်လိုက်ပေါ့" ဟုအသက် ၅၆ နှစ်အရွယ်ရှိအထက်ပါပုဂ္ဂိုလ်က ပြောသည်။

ထို့အပြင် စတုဒိသာ အကျွေးအမွေးသို့ သွားရောက်သူတစ်ဦးကလည်း "အမှန်တော့ ပျော်လို့လိုက်စားတာပါ။ တချို့နေရာတွေမှာဆိုရင် ခေါက်ဆွဲခြောက်ထုပ်တို့ တခြားမုန့်တို့ကို ကြွတယ်။ လုကြတဲ့လူတွေလည်း ရှိတယ်။ ကွဲကွဲပြဲပြဲဖြစ်ကုန်တာပေါ့။ လှူတယ်ဆိုရင် ကျွဲဖို့မကောင်းပါဘူး။ အများကြီးလည်း မစားနိုင်ပါဘူး။ နှစ်အိမ်၊ သုံးအိမ်ဆိုရင် အတော်ကိုဗိုက်ဝဖောင်းနေပြီ"ဟု ပြောသည်။

# မြန်မာအပါအဝင်အာဆီယံနိုင်ငံများသို့ ကိုရီးယားစေတနာ့ဝန်ထမ်းပညာရှင်များ ပို့လွှတ်ရန်စီစဉ်

**သီဟ**

**ရန်ကုန်၊နိုဝင်ဘာ–၂၀**

ကိုရီးယား အစိုးရအနေဖြင့် မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများသို့ နိုင်ငံရပ်ခြား ကိုရီးယားစေ တနာ့ဝန်ထမ်း ပညာရှင်များ ပိုမိုစေလွှတ်သွားရန် အစီအစဉ်ရှိသည်ဟု ကိုရီးယား နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ KOICA မှ ဌာနေကိုယ်စားလှယ် မစ္စခင်မ်ဂျင်းဟွာက ပြောကြားသည်။

နိုင်ငံရပ်ခြား ကိုရီးယားစေတနာ့ဝန်ထမ်း ပညာရှင်တစ်ဦးလျှင် အမေရိကန်ဒေါ်လာသုံးသောင်းတန် အသေးစား စီမံချက် များအား လုပ်ဆောင်နိုင်ပြီး ဝန်ကြီးဌာနများအနေဖြင့်လည်း KOV (Korea Oversea Volunteer) များအား ပိုမိုတောင်းဆို၍ ဌာန၏လုပ်ဆောင်မှုများတွင်ပါ ဝင်ဆောင်ရွက်ခွင့်ပြုစေချင်ကြောင်း မစ္စခင်မ်ဂျင်းဟွာက ဆက်လက် ပြောကြားသည်။

မစ္စခင်မ်ဂျင်းဟွာက ယခုလ ၂၀ ရက်နေ့က ကုန်သည်ကြီးများဟိုတယ်၌ကျင်းပပြုလုပ်သည့် ဒုတိယအကြိမ်မြောက် ကိုရီးယားကမ္ဘာ့မိတ်ဆွေများ ညီလာခံ(The second World Friends Korea Confrence 2010)တွင်အထက်ပါအတိုင်းပြောကြားသွားခြင်းဖြစ်သည်။

"ငယ်ရွယ်တဲ့ နိုင်ငံရပ်ခြား ကိုရီးယား စေတနာ့ဝန်ထမ်းများ စေလွှတ်ခြင်းအစီအစဉ်ဟာ နှစ်ဦးနှစ်ဖက်အကျိုးရှိတဲ့ အစီအစဉ်တစ်ခုဖြစ်ပါတယ်၊ ကိုရီးယား စေတနာ့ဝန်ထမ်းတွေ အနေနဲ့လည်း နိုင်ငံရပ်ခြား အတွေ့အကြုံတွေ ရရှိသလို အခြားတစ်ဖက်မှာလည်း သူတို့ကို လက်ခံရရှိတဲ့နိုင်ငံကသူတို့ဆီကနေ နည်းပညာနဲ့ ဗဟုသုတတွေကို ရရှိပါတယ်" မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယား သံအမတ်ကြီးက အဆိုပါအခမ်းအနားဖွင့်ပွဲတွင် ပြောကြားသည်။

KOICA(Korea International Cooperation Agency) သည် ၁၉၉၈ ခုနှစ် မှစ၍ အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနသို့ KOV စတင်စေလွှတ်ခဲ့ပြီး ယခုအချိန်အထိ KOV ၁၀၀ ကျော်စေလွှတ်ပြီးဖြစ်ကာ လက်ရှိတွင် KOV ၂၃ ဦးတာဝန်ထမ်းဆောင်လျက်ရှိကြောင်း သိရသည်။



## မိတ်ဆွေကောင်းတို့၏ အရည်အချင်း

**ဓမ္မ**

**အသိတစ်လုံး အမြတ်ဆုံး တစ်လုံးသိ အကျိုးရှိ၏**

အပြစ်ကို အပြစ်နှင့်လျော်စွာ နှိမ်နင်းဆိုဆုံးမလေ့ရှိသော ပညာရှိကို မြေ၌မြှုပ်ထားသောရွှေအိုးတို့ကို ပြောကြားလာသောသူကဲ့သို့ သဘောထား၍ဆည်းကပ်ရာ၏။ ထိုသို့သဘောရှိသောပညာရှိကို မှီဝဲဆည်းကပ်သောသူမှာ အလွန်အကျိုးများ၏။ ဘယ်အခါမျှ အကျိုးမဆုတ်ယုတ်လေ။ (ဓမ္မပဒ-၇၆)

အမှုရောက်သောအခါ အပြစ်ကိုပြ၍ အပြစ်နှင့်လျော်စွာဆုံးမရာ၏။ အမှုမရောက်မီကလည်း မကောင်းမှုမပြု လေအောင် ကြိုတင်ဆုံးမ၍ မကောင်းသောအပြုအမူတို့မှ တားမြစ်ရာ၏။ ထိုသို့ဆုံးမတားမြစ်သောသူကို သူတော် ကောင်းတို့ ချစ်မြတ်နိုးကုန်၏။ သူယုတ်မာတို့သာ မချစ်မမြတ်နိုးကုန်၏။ (ဓမ္မပဒ-၇၇)

ယုတ်မာသော အဆွေခင်ပွန်းတို့ကို မဆည်းကပ်ရာ။ ကဲ့ရဲ့ထိုက်စွာ ယုတ်မာသောသူတို့ကိုလည်း မဆည်းကပ် မမှီဝဲရာ။ အဆွေခင်ပွန်းကောင်းနှင့် သူ တော်ကောင်းတို့ကို မှီဝဲဆည်းကပ်ရာ၏။ (ဓမ္မပဒ-၇၈)

ရည်ညွှန်း – "ဓမ္မပဒ" ကမ္ဘာ့သာသနာပြုသက်တော်ရှည်ဆရာတော်ကြီး ဘဒ္ဒန္တသေဋ္ဌိလာဘိဝံသ(၁၈၉၆ – ၁၉၈၇)

# တစ်ခါသုံးပလတ်စတစ်အကြည်ဘူးများကို အကြိမ်ကြိမ် အသုံးမပြုသင့်



**အိမြတ်မွန်**

ပိုလီအီဘလင်း တာရီသဲလိတ်ခေါ် PET ဓာတုပစ္စည်းနှင့် ပြုလုပ်ထားသော တစ်ခါသုံးပလတ်စတစ်အကြည်ဘူးများတွင် ကင်ဆာရောဂါ ဖြစ်စေသော ဒြပ်စင် (DEHA) (Diethy-Hydroxy-Lamine) ပါဝင်သောကြောင့် ထပ်ခါထပ်ခါ ပြန်လည် အသုံးမပြုသင့်ကြောင်း လုပ်ငန်းခွင် ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောသည်။

"တစ်ခါသုံးဆိုတော့ တစ်ခါသုံးပြီးလွှင့်ပစ်ရမယ်။ ပုလင်းတွေ ထပ်ခါထပ်ခါ အသုံးရဘူး။ အဲဒီပုလင်းတွေမှာ ကင်ဆာဖြစ်စေတဲ့ ဓာတ်တွေနဲ့ သုံးထားတယ်။ နောက်ပြီး နေရောင်ခြည်အောက်ပူတဲ့နေရာတွေမှာ မထားသင့်ဘူး။ အပူချိန် ၂၀၀ ဒီဂရီကျော်ရင် ကင်ဆာဖြစ်စေတဲ့ ကာဆီနိုဂျင်တွေ ထွက်လာတယ်" ဟုအထက်ပါပုဂ္ဂိုလ်က ပြောသည်။

ယခုလက်ရှိတွင် မြန်မာ နိုင်ငံ၌ယင်းပလတ်စတစ် အကြည်ဘူးများဖြင့် ရေသိုလှောင်ထားခြင်းများနှင့် သယ်ဆောင်ရလွယ်ကူသောကြောင့် ရေနွေးသယ်ယူခြင်းများစသည်တို့ဖြင့် အသုံးပြုနေကြသည်ကို တွေ့ရသည်။ အဆိုပါပလတ်စတစ်ဘူးများကို ထပ်ခါထပ်ခါ ဆေးကြော၍ အသုံးပြုသော်လည်း တစ်ခါသုံး ပလတ်စတစ်ဘူးများ၏ အဝပေါက်မှ တဆင့်ပလတ်စတစ်ပြိုကွဲပြီး ကင်ဆာရောဂါဖြစ်စေသော ကာဆီနိုဂျင်ဓာတ်များ ရေအတွင်းသို့ စိမ့်ဝင်လာနိုင်သည်။

ယင်းပလတ်စတစ် အကြည်ဘူးများကို ပြုလုပ်ရာတွင် ကင်ဆာဖြစ်စေသော ဓာတ်တစ်မျိုးပါဝင်သော်လည်းယင်းအဆိပ်သင့်၍ ကင်ဆာရောဂါဖြစ်ပွားသော လူတစ်ဦးတစ်ယောက်မျှ မြန်မာနိုင်ငံတွင် မတွေ့ရှိရသေးကြောင်း အထက်ပါပုဂ္ဂိုလ်က ပြောသည်။

ယင်းပလတ်စတစ် အကြည်ဘူးများကို ကုမ္ပဏီများသည် အဟောင်းဆိုင်များမှ ပြန်လည်ဝယ်ယူပြီး အဟောင်းဈေးကွက်တွင် ပလတ်စတစ် အကြည်တစ်ဘူးလျှင် ၁၅ ကျပ်ပေါက်ဈေးရှိသည်။

# မိုင် ၂၄၀ ခရီးကို မသန်စွမ်းအချို့ ဝှီးချဲဖြင့်သွား ဘဝတူများကို အားပေး

**မြတ်စုမွန်**

**ရန်ကုန်၊ နိုဝင်ဘာ – ၁၆**

အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ကို ဂုဏ်ပြုသည့်အနေဖြင့် မိုင် ၂၄၀ ကွာဝေးသော ရန်ကုန်-နေပြည်တော်ခရီးကို မသန်စွမ်းသူများက ဝှီးချဲအသုံးပြုကာ သွားရောက်နေပြီဖြစ်ကြောင်း ရွှေမင်းသားဖောင်ဒေးရှင်းမှ သတင်းရရှိသည်။



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေး နှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့် ရွှေမင်းသားဖောင်ဒေးရှင်းတို့ ပူးပေါင်းပြုလုပ်ပြီး နိုဝင်ဘာ ၂၅ ရက်တွင် စတင်ထွက်ခွာသွားသော အဆိုပါ ခရီးစဉ်တွင် ဝှီးချဲအသုံးပြုသူ မသန်စွမ်း ၅ ဦးနှင့် စက်ဘီးအသုံးပြုသည့် မသန်စွမ်း တစ်ဦး စုစုပေါင်း ၆ ဦးပါဝင်ပြီး အဆိုပါ မသန်စွမ်းသူများအား အကူအညီပေးမည့် သူနာပြု၊ စက်ဘီးပြင်သူ၊ ကြီးကြပ်သူ၊ လုံခြုံရေးနှင့် ကားတစ်စီးတို့လည်း လိုက်ပါသွားကြောင်း သိရသည်။ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့မှာ ဒီဇင်ဘာ ၃ ရက်ဖြစ်သည်။

"ဒီလိုသွားတာဟာ ဒါခရီးအဝေးဆုံးနဲ့ မြန်မာနိုင်ငံမှာ ပထမဆုံးပါပဲ။ ၈ ညအိပ် ၉ ရက်ခရီးသွားကြတာပါ။ ရန်ကုန်-နေပြည်တော်လမ်းဟောင်းကို အသုံးပြုပြီးသွားတာ။ လမ်းမှာ တွေ့တဲ့ မသန်စွမ်းသူတွေကို စိတ်ဓာတ်ခွန်အားရအောင် ဟောပြောပွဲတွေ လုပ်သွားမှာပါ" ဟု ရွှေမင်းသားဖောင်ဒေးရှင်းမှ မန်နေဂျင်းဒါရိုက်တာဦးမြတ်သူဝင်းက ပြောသည်။

ရန်ကုန်-နေပြည်တော် ခရီးစဉ်ကို ထွက်ခွာသွားသူများသည် ဒီဇင်ဘာ ၂ ရက်တွင် နေပြည်တော်သို့ ရောက်ရှိကာ ၃ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အခမ်းအနားသို့ တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.9, No.36 • DECEMBER 2, 2010

# မြကျွန်းသာဥယျာဉ်ကို ပုဂ္ဂလိကကုမ္ပဏီခြောက်ခုက တာဝန်ယူ၍ အဆင့်မြှင့်

သဇင်ထွေး

**ရန်ကုန်၊ နိုဝင်ဘာ- ၁၉**

မြကျွန်းသာဥယျာဉ်ကို ပုဂ္ဂလိကကုမ္ပဏီခြောက်ခုက အဆင့်မြှင့်ပြန်လည်ပြုပြင်နေပြီး ၂၀၁၁ တွင် အဆင့်မြှင့်တင်မှုများပြီးစီးမည်ဖြစ်ကြောင်း တာဝန်ယူတည်ဆောက်နေသည့် Magic Land ကုမ္ပဏီမှ ဦးမျိုးချစ်ကပြောသည်။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

ယခုအခါ ကန်ပတ်လမ်းများကို စတင်ဖောက်လုပ်နေပြီး ဥယျာဉ်တွင်းဆောက်လုပ်မည့်အစီအစဉ် အသေးစိတ်များကို သက်ဆိုင်ရာသို့ တင်ပြထားကြောင်း သိရသည်။

"ဥယျာဉ် ပြုပြင်ဖို့အတွက် ကုမ္ပဏီ၆ ခုက တာဝန်ယူရတယ်။ ကျွန်တော်တို့ကတော့ကိုယ့်အပိုင်းကိုယ်တာဝန်ယူရတယ်။ ဧကတွေ ခွဲပေးထားတယ်။ ပြီးသွားရင်တော့ ကိုယ့်အပိုင်းကိုယ်ဆက်လုပ်သွားပေါ့။ကိုယ်ပြုပြင်မယ့် ၊ထည့်သွင်းမယ့် အစီအစဉ်တွေကိုတင်ပြထားတယ်။ ပြန်ခွင့်ပြုလာတဲ့ဟာကို စပြီးဆောင်ရွက်သွားမယ်။အစကတော့ ရုပ်ရှင်ရုံ၊ စျေးဝယ်စင်တာတွေကိုပါ တင်ပြထားတယ်။ ပါဖြစ်မပါဖြစ် မသိသေးဘူး" ဟု ဦးမျိုးချစ်က ရှင်းပြသည်။

အဆိုပါဥယျာဉ်တွင် ရေပေါ်ဂေါက်သီးလေ့ကျင့်ခန်း၊ တင်းနစ်ကွင်း၊ ကျန်းမာရေးလေ့ကျင့်ခန်းမ၊ ကလေးကစားကွင်း၊ ကွန်ပျူတာဂိမ်း၊ အဆင့်မြင့်စားသောက်ဆိုင်၊ ရေကူးကန် စသည်တို့ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

မြကျွန်းသာဥယျာဉ်ကို ယခုနှစ် စက်တင်ဘာလ လဆန်းပိုင်းမှ စတင်ပြုပြင်လျက်ရှိပြီး၊ပြုပြင်နေစဉ်အတွင်း ပုံမှန်အတိုင်းဖွင့်လှစ်ထားမည်ဖြစ်ကာ ဝင်ကြေးကိုလည်း ပုံမှန်အတိုင်းသာကောက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

မြကျွန်းသာ ဥယျာဉ်ကို ၁၉၉၄ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ယခုနှစ် ဩဂုတ်လတွင် ရန်ကုန်မြို့တော်စည်ပင်သာယာကစတင်တာဝန်ယူခဲ့ရသည်။

မြကျွန်းသာဥယျာဉ်သည် ၄၄ ဒသမ ၈၆ ဧကကျယ်ဝန်းပြီးကျွန်းပတ်လမ်းဖောက်လုပ်နေမှုမှာ သုံးမိုင်ခွဲ ပြီးစီးနေပြီဖြစ်ကြောင်းသိရသည်။ မြကျွန်းသာ ဥယျာဉ်ကို အကြီးစား ပြင်ဆင်အဆင့်မြှင့်ခွင့်ရသော ကုမ္ပဏီများမှာ Max Myanmar, Golder Star Magic Land၊ မိုင်မော့၊ ဧဒင်၊ Ko Shan Brother တို့ဖြစ်သည်။

မြကျွန်းသာဥယျာဉ်ကိုတည်ထောင်ပြီးနှစ်အနည်းငယ်အတွင်း စည်ကားမှုနည်းသွားသောကြောင့် နိုင်ငံတကာအဆင့်မီ ကစားကွင်းအဖြစ် ပြန်လည်ပြုပြင်ခြင်း ဖြစ်ကြောင်း သိရသည်။

# ကုန်တင်ကားများ ဝိတ်လျှော့ကြပြီ

မင်းဒင်

**မန္တလေး၊ နိုဝင်ဘာ-၂၄**

ကုန်တင်ကားကြီးများမှာ သတ်မှတ်ကုန်ချိန်များဖြင့်သာ သယ်ယူရမည်ဖြစ်ရာ ကုန်ချိန်ပိုတင်နိုင်ရန်အတွက် ကားအလေးချိန်အပိုလျှော့ချခြင်းများ လုပ်ဆောင်လာကြကြောင်း မန္တလေးစက်မှုဇုန်ကားကြီး ဘော်ဒီပြုပြင်ရေးလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

"အရင်ကလို ကားရဲ့ဘော်ဒီအရမ်းကြီးတောင့်တင်းစရာမလိုတော့ဘူး။ ကုန်ချိန်တွေ လျှော့ချသယ်ဆောင်ရမယ်ဆိုတော့ ကားပေါ့အောင်လုပ်ရတယ်။ ဘော်ဒီအစိတ်အပိုင်းတွေဖြစ်တဲ့ ကျင်တွယ်၊ အမိုးကိုင်းစတာတွေကို ဖြတ်တာ၊ ဖြတ်တာလုပ်ပြီး ကားအလေးချိန် လျှော့ချလာတယ်" ဟု ၎င်းကဆက်လက်ပြောကြားသည်။

အာဆီယံစံနှုန်းများအတိုင်း ကုန်တန်ချိန်များ သယ်ဆောင်ရမည်ဆိုသော သတင်းများထွက်ပေါ်အပြီး ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများရှိ ကုန်ကားများအလေးချိန် လျှော့ချခြင်းလုပ်ငန်း လုပ်ဆောင်ခဲ့ကြရာ စက်မှုဇုန်ကားကြီးဘော်ဒီလုပ်ငန်းများလည်း ယခင်ကထက်အလုပ်ပိုဖြစ်လာကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

အဆိုပါ အာဆီယံစံနှုန်းအတိုင်း သယ်ဆောင်ရမည်ဆိုသော သတင်းနှင့်ပတ်သက်၍ကားဖြင့်ကုန်စည်ပို့ဆောင်ရေးလုပ်ကိုင်နေသူ လုပ်ငန်းရှင်တစ်ဦးက "အခုဖြစ်ပေါ်လာတဲ့ မူဝါဒသစ်ကိုကြိုဆိုတယ်။ ကားလည်း သက်သာတယ်။ လမ်းလည်းသက်သာတာပေါ့" ဟု သူ့အမြင်ကိုပြောကြားသည်။

အဆိုပါ ကုန်ချိန်လျှော့ချသယ်ဆောင်ရမည်ဆိုသောမူဝါဒသစ်ကြောင့် ဘော်ဒီဘေးဒေါင့်အား ၅ ပေ၊ ၆ ပေ အမြင့် ၂ ပေခွဲအထိလည်းကောင်း၊ တောင့်တင်းစေရန် ကျင်တွယ်တိုင်များ ထည့်သွင်းရာတွင် ၃၂ ချောင်းမှ ၁၈ ချောင်းအထိလည်းကောင်း လျှော့ချလာကြကြောင်း ကားဝပ်ရှော့ဆရာတစ်ဦးက ပြောကြားသည်။

ကားဘော်ဒီအလေးချိန်လျှော့ချရာတွင် ကျပ်နှစ်သိန်းဝန်းကျင် လက်ခပေးရပြီး ဘော်ဒီပြန်လည်ပြင်ဆင်မှုတွင် အစိတ်အပိုင်းများပြားပါက လက်ခနှင့်ပစ္စည်းဖိုးစုစုပေါင်း ကျပ်ခြောက်သိန်းအထိ ကုန်ကျသည်။

## မြန်မာ-ထိုင်းစီးပွားရေးလုပ်ငန်းရှင်များတွေ့ဆုံဆွေးနွေးပွဲတွင် အလှကုန်၊ အဝတ်အထည်နှင့် စားသောက်ကုန်များအကြောင်းအများဆုံးပါဝင်

ဇာဇာနီ

**ရန်ကုန်၊ နိုဝင်ဘာ -၂၅**

မြန်မာ-ထိုင်း စီးပွားရေးလုပ်ငန်းများအလိုက် တွေ့ဆုံဆွေးနွေးပွဲကို နိုဝင်ဘာ ၂၅ ရက်တွင် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၌ ကျင်းပပြုလုပ်ခဲ့ရာ နှစ်နိုင်ငံတို့မှစုစုပေါင်းကုန်သည်နှစ်ရာနီးပါးခန့် တက်ရောက်ခဲ့သည်။

"ခုတွေ့ဆုံပွဲမှာ အဓိကအလှကုန်နဲ့ အဝတ်အထည်၊ စားသောက်ကုန်တွေကို ဆွေးနွေးဖြစ်တယ်။ ဒါပေမဲ့ MOU တွေထိုးတာတော့ မရှိဘူး"ဟု UMFCCI မှတာဝန်ရှိသူတစ်ဦးက ပြောသည်။ ထို့ပြင် အခြားသောစီးပွားရေးလုပ်ငန်းများဖြစ်သည့် လျှပ်စစ်ပစ္စည်း၊ ရှူးဖိနပ်များ၊ အပ်ချုပ်စက်များ၊ ပလပ်စတစ်ထုတ်ပိုးပစ္စည်း၊ ရေတင်စက်၊ အိမ်ခြံမြေလုပ်ငန်းများလည်း ပါဝင်သည်။

ယင်းတွေ့ဆုံပွဲတွင် ထိုင်းနိုင်ငံဘက်မှ ကုမ္ပဏီ ၃၃ ခုတို့မှ လုပ်ငန်းရှင် စုစုပေါင်း ၄၆ ဦးစလုံးတက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံမှ လုပ်ငန်းရှင် ၁၄၆ ဦးတို့တက်ရောက်ဆွေးနွေးခဲ့သည်ဟု သိရှိရသည်။ ယခုလာရောက်ခဲ့သော ထိုင်းနိုင်ငံ Fedreation of Thai Industries (FIT) အဖွဲ့မှ မြန်မာနိုင်ငံသို့ ဒုတိယအကြိမ်လာရောက်ခြင်းဖြစ်ကြောင်း သိရှိရသည်။

ထိုင်းနိုင်ငံမှာ မြန်မာနိုင်ငံတွင်ရင်းနှီးမြှုပ်နှံမှု အများဆုံးဖြစ်ကာ ယခုနှစ်တွင် စုစုပေါင်းဒေါ်လာသန်းပေါင်း (၉၅၆၈ ဒသမ ၀၉၃) ရှိပြီး နှစ်နိုင်ငံအပြန်အလှန်ကုန်သွယ်မှုတွင်လည်း အများဆုံးနိုင်ငံဖြစ်သည်။

# အာဆီယံမိသားစုကားမောင်းပြိုင်ပွဲတွင် မြန်မာကိုယ်စားပြုအဖွဲ့ အမြင့်ဆုံး ဆုတံဆိပ်ရရှိ

အောင်သူရ

**ရန်ကုန်၊နိုဝင်ဘာ-၁၈**

ထိုင်းနိုင်ငံဘန်ကောက်မြို့တွင် ကျင်းပသည့် အာဆီယံမိသားစု ကားမောင်းပြိုင်ပွဲ (ASEAN Family Rally 2010) ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်သည့်အဖွဲ့က အမြင့်ဆုံးဆုတံဆိပ်ဖြစ်သော (Congeniality Award) ဆုကို ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲအား နိုဝင်ဘာလ ၁၂ ရက်မှ ၁၄ ရက်အထိ ကျင်းပခဲ့ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများထဲမှ လာအိုနိုင်ငံမှလွဲ၍ ကျန်ရှိသော ၉ နိုင်ငံစလုံးမှ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

ကားမောင်းပြိုင်ပွဲတွင် ထိုင်းနိုင်ငံနှင့်မြန်မာနိုင်ငံတို့က ရမှတ်ခြင်းတူနေသဖြင့် မဲခွဲဆုံးဖြတ်ခဲ့ရာ မြန်မာနိုင်ငံမှ အနိုင်ရရှိခဲ့ခြင်းဖြစ်သည်ဟု မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်အသင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

အာဆီယံမိသားစုကားမောင်း ပြိုင်ပွဲတွင် ဦးကြည်လွင်ဦး၊ ဦးခိုင်ဝင်း၊ ဦးနောင်နောင်ဟန်၊ ဦးလှအေး၊ ဦးဥာဏ်ထွန်းနှင့် ဦးခင်မောင်ဌေးတို့ ၆ ဦးသွားရောက်ယှဉ်ပြိုင်ခဲ့သည်။

# တိရစာန်ထွက်ပစည်း ငါးမျိုး တ ုတ်နိုင်ငံ တင်ပို့ရာမှ ခုနစ်လအတွင်း ကန်ဒေါ်လာ ၁၆ သန်းရ



သန်းဌေး

**ရန်ကုန်၊ နိုဝင်ဘာ-၂၃**

တရုတ်နိုင်ငံသို့ နယ်စပ်ကုန်သွယ်ရေးမှ တိရစ္ဆာန်ထွက်ပစ္စည်းငါးမျိုး တင်ပို့ရာမှ ခုနစ်လတာအတွင်း ပို့ကုန်ဝင်ငွေ ကန်ဒေါ်လာ ၁၆ သန်းရရှိခဲ့ကြောင်း မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ(၁) ဦးဝင်းစိန်က ပြောကြားသည်။

"ဧပြီကနေ အောက်တိုဘာအထိ နယ်စပ်ကပို့သမျှ ၇၈၅၆ ဒသမ ၅ တန်ရှိပြီး အမေရိကန်ဒေါ်လာ ၁၆ သန်းရပြီ" ဟု ၎င်းကပြောကြားသည်။

ယခုတင်ပို့သော တိရစ္ဆာန်ထွက်ပစ္စည်းများတွင် ကျွဲ နွားသားရေ၊ ကျွဲနွားဘေးထွက်ပစ္စည်း၊ သိုး၊ ဆိတ်သားရေ၊ အေးခဲအမဲသားနှင့် အေးခဲဆိတ်သား ငါးမျိုးတင်ပို့နိုင်ပြီး အရိုးမှုန့်၊ ဘဲမွေးနှင့် ဖစ်ရှ်မီ(အသားမှုန့်)တို့မှာ တင်ပို့နိုင်ခြင်းမရှိပေ။

တရုတ်နိုင်ငံသို့ တင်ပို့သမျှအများစုမှာ ယူနန်ပြည်နယ်သို့ အများဆုံးဖြစ်နေပြီး စိုက်ပျိုးရေးနှင့်ရေလုပ်ငန်းထွက်ကုန်များလည်း တင်ပို့နေရကြောင်း ၎င်းကပြောကြားသည်။

ကျွဲ၊ နွားသားရေ မက်ထရစ်တစ်တန်လျှင် ယွမ်ငွေ ၁၀,၀၀၀ အထိ စျေးနှုန်းရပြီး ၃၅ တန်ကုန်ချိန်ပါ ကားတစ်စီးလျှင် အမြတ်ငွေ ကျပ်သိန်း ၅၀ ခန့်အထိရှိကြောင်း နယ်စပ်ကုန်သွယ်ရေး စျေးကွက်ကျွမ်းကျင်သူတစ်ဦးက ပြောကြားသည်။

# Health

7 DAY NEWS JOURNAL

Vol.9, No.36 • DECEMBER 2, 2010




## ဆောင်းဥတုတွင် ဖြစ်တတ်သော အရေပြားပြဿနာ

သီဟ

**ဆောင်း**ဥတုသို့ဝင်ရောက်လာပြီ ဖြစ်သော်လည်း ရန်ကုန်နှင့်အခြားသောဒေသအချို့တွင် ဆောင်း၏ အရသာကိုကောင်းစွာ မခံစားရသေးသော်လည်း ခံစားလာရချိန်တွင် အအေးဒဏ်ကြောင့် အရေပြားတွင် ပြဿနာအချို့နှင့် ကြုံတွေ့လာတတ်သည်။

ဆောင်းတွင်းသို့ ဝင်ရောက်လာပြီဆိုပါက အချို့သောသူများသည် ပတ်ဝန်းကျင်စိုထိုင်းစကျဆင်းလာခြင်းကြောင့် အရေပြား၏အပေါ်ယံဆဲလ်များသည် ရေဓာတ်ဆုံးရှုံးမှုကို အကာအကွယ်မပေးနိုင်တော့ဘဲ အရေပြားခန်းခြောက်ခြင်းများ ဖြစ်ပွားတတ်သည်။

ပုံမှန်အားဖြင့်ဆိုပါက အရေပြား၏ အပေါ်ယံဆဲလ်များသည် ရေဓာတ်ဆုံးရှုံးမှုကို ကာကွယ်နိုင်ရမည်ဖြစ်သော်လည်းဆောင်းတွင်း၏ အအေးဒဏ်ကြောင့် ပတ်ဝန်းကျင်စိုထိုင်းစကျလာသဖြင့် အချို့သောသူများ၏အရေပြားအပေါ်ယံဆဲလ်များသည် ရေဓာတ်ကိုမထိန်းသိမ်းနိုင်တော့ဘဲ အရေပြားခြောက်သွေ့ခြင်းများ ဖြစ်ပေါ်လာရခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့အရေပြားခြောက်သွေ့ခြင်းအား အရပ်အခေါ်ဖြင့် အသားပတ်သည်ဟုခေါ်ဆိုကြပြီး ဆောင်းရာသီတွင် အဖြစ်များကြသည်။ ထိုအသားပတ်ခြင်းဖြစ်ပေါ်နိုင်သည့်အသက်အရွယ်များမှာ ကလေးငယ်များနှင့် အသက်ကြီးပိုင်းအရွယ်များဖြစ်ကြောင်း သိရသည်။

ထိုသို့ အရေပြားများ ခန်းခြောက်ခြင်းကြောင့် အချို့မှာ အရေပြားခြောက်လွန်းမက ခြောက်ခြင်းများဖြစ်ပေါ်လာပြီး ခန္ဓာကိုယ်အရေပြားပေါ်တွင် ငါးကြင်းကွက်ကဲ့သို့ အကွက်များဖြစ်လာခြင်း၊ အရေပြားအဖတ်များ လန်ထွက်လာခြင်းနှင့် အချို့မှာလည်း ပုံမှန်ခြောက်သွေ့ရုံသာ ခြောက်သွေ့ခြင်းမျိုးများ ဖြစ်ပေါ်လာနိုင်ကြောင်းသိရသည်။

အရေပြားခြောက်ခြင်းသည် ပြင်ပရာသီဥတုအပေါ်မူတည်၍ ဖြစ်ပေါ်နိုင်ပြီး ပြင်ပရာသီဥတုအေးလေအရေပြားခြောက်သွေ့ခြင်း ပိုမိုဖြစ်ပေါ်နိုင်လေဖြစ်ကြောင်း အရေပြားအထူးကုဆရာဝန်ဒေါက်တာလင်းထက်က ပြောသည်။

အရေပြားခြောက်သွေ့ခြင်းကြောင့်အခြားဖြစ်ပေါ်နိုင်သည့် အရေပြားပြဿနာ တစ်မျိုးမှာ ခြောက်သွေ့သော အရေပြားများသည် အရေပြားများအောက်ရှိ အာရုံကြောမျှင်များအား နှိုးဆွသကဲ့သို့ဖြစ်လာကာ အရေပြားယားယံခြင်းများလည်း ဖြစ်ပေါ်နိုင်သည်ဟုသိရသည်။ ထိုယားယံသည့်အရေပြားအား ကုတ်ခြစ်မိရာမှ အရေပြားပွဲထွက်ခြင်းများ ဖြစ်ပေါ်လာကာ အရေပြားပိုးဝင်ကာ နှင်းခူကဲ့သို့သောအရေပြားရောဂါများလည်းဖြစ်ပေါ်နိုင်ကြောင်း သိရသည်။

ဆက်လက်ဖတ်ရှုရန် →

## ပြင်ပမှရေကုထုံးလိုအပ်သူများကိုပါ ဒေဇင်ရိုပ်မြုံက ဝန်ဆောင်မှုပေးရန် စီစဉ်လျက်ရှိ

သီဟ

ရန်ကုန်၊ နိုဝင်ဘာ–၁၅

မသန်စွမ်းသူများအား ပြုစုပျိုးထောင်ပေးလျက်ရှိသည့် ဒေဇင်ရိုပ်မြုံတွင် ရေကုထုံး Hydro Therapyအား အဆင့်မြှင့်တင်ပြီးပါက နောက်ပိုင်းတွင် ပြင်ပမှ ရေကုထုံးဝန်ဆောင်မှုလိုအပ်သူများကိုလည်း ဝန်ဆောင်မှုပေးသွားရန် စီစဉ်လျက်ရှိကြောင်းသိရသည်။

ယခင်ကလည်း ဒေဇင်ရိုပ်မြုံတွင်ရေကုထုံးဝန်ဆောင်မှုပေးခဲ့ဖူးပြီး ဂေဟာရှိ ရေကုထုံးဖြင့် ကုသရန်လိုအပ်သည့် ကလေးများနှင့် ပြင်ပရှိ အခြားမသန်စွမ်းဂေဟာများမှ ရေကုထုံးလိုအပ်သူများလည်းဝန်ဆောင်မှုပေးခဲ့ဖူးကြောင်းသိရသည်။

ယခုအခါတွင် ရေကုထုံးဖြင့် ကုသသည့် ရေကန်အားအဆင့်မြှင့်တင်ပြီးဖြစ်ကာ ပြင်ပမှ လေဖြတ်လူနာများ၊ ခါးနာလူနာများ၊ အဆစ်နှင့်ပတ်သက်သည့် လူနာများ စသည့် ရေကုထုံးလိုအပ်သည့်လူနာများအားလည်း ဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်း ဒေဇင်ရိုပ်မြုံမှ မန်းနေဂျင်းဒါရိုက်တာ ဦးထာအုပ်က ပြောသည်။

လက်ရှိတွင် ဒေဇင်မှဝန်ထမ်းများအား ရေကုထုံးနှင့်ပတ်သက်၍သင်တန်းပေးရန် စီစဉ်လျက်ရှိပြီး ဝန်ထမ်းများကိုသင်တန်းပေးပြီးပါက ပြင်ပလူများ၏ဝန်ဆောင်မှု စတင်မည်ဟုသိရသည်။

အဆိုပါ ပြင်ပမှလူများအား ဝန်ဆောင်မှုပေးခြင်းသည် ဂေဟာ၏ ဝင်ငွေရလုပ်ငန်းတစ်ခုသဖွယ်လည်း ဖြစ်လာနိုင်ပြီး စျေးနှုန်းမသတ်မှတ်ရသေးကြောင်း သိရသည်။



## စာနာမှုနဲ့ဖေးမဖို့လိုနေတဲ့ အေ့စ်ရောဂါသည်တွေ

ဝတ်ရည်

လူထုကို ပညာပေးမှုများ တွင်ကျယ်စွာပြုလုပ်နေသော်လည်း အိတ်ချ်အိုင်ဗီနှင့် အေ့စ်ရောဂါသည်များမှာ ခွဲခြားဆက်ဆံခံနေရဆဲဖြစ်သည်။

လူတိုင်းလူတိုင်းသည် ခန္ဓာကိုယ်အတွင်းရောဂါတစ်မျိုးမဟုတ်တစ်မျိုးခံစားရနိုင်ပြီး ရောဂါဝေဒနာခံစားရသည့်အချိန်တွင် ပတ်ဝန်းကျင်မိသားစု အသိုင်းအဝိုင်း၏ ကူညီစောင့်ရှောက်ဖေးမမှုသာရှိပါက ရောဂါဝေဒနာ မပျောက်ကင်းသွားသည့်တိုင် စိတ်ချမ်းသာစွာဖြင့် ဆေးဝါး ကုသမှုခံယူရနိုင်သည်။

သို့သော် အချို့သော ရောဂါဝေဒနာများမှာမူ ပတ်ဝန်းကျင်မိသားစု၏ ကြောက်ရွံ့မှု၊ အထင်သေးမှုများကြောင့် ခွဲခြားပစ်ပယ်သည့်အခါ ဝေဒနာရှင်မှာ မလိုအပ်ဘဲ အသက်သေဆုံးမှုများ ရှိနိုင်ပြီး ရောဂါပြန့်ပွားကူးစက်မှုလည်းများပြားလာနိုင်ကြောင်း သတိပြုသင့်သည်။

ယခုအချိန်တွင် ခွဲခြားဆက်ဆံခံရမှု ပြင်းထန်နေသည့် ရောဂါများထဲတွင် အိတ်ချ်အိုင်ဗီ၊ အေအိုင်ဒီအက်စ်ရောဂါဝေဒနာရှင်များ ပါဝင်နေပြီး ထိုရောဂါသည် လူ့အဖွဲ့အစည်းတွင် တားမြစ်ထားသည့် အချက်များအား ချိုးဖောက်၍ လွန်လွန်ကျူးကျူးသမားများတွင်သာ ဖြစ်ပွား၍ ကူးစက်နိုင်သည်ဆိုသည့်အချက်များကြောင့် ထိုရောဂါရှင်များအား ခွဲခြားမှုပြင်းထန်နေခြင်းဖြစ်သည်။

"တချို့တွေဆို ဆေးကုဖို့ဝေးလို့ နေတဲ့အိမ်လေးကို ရောင်းပြီး လူမသိတဲ့နေရာမျိုးမှာ သွားနေပြီး အသက်အသေခံလိုက်တဲ့သူတွေတောင် ရှိတယ်"ဟု အိတ်ချ်အိုင်ဗီ၊ အေအိုင်ဒီအက်စ်နှင့်ပတ်သက်သော လုပ်ငန်းများဆောင်ရွက်နေသည့် ဆရာဝန်တစ်ဦးကပြောသည်။ ရောဂါပိုးကူးစက်ခံရသူများမှာ အသက်ရှင်နိုင်ရန် ဆေးဝါးများရှိသော်လည်း အချို့မှာ ပတ်ဝန်းကျင်၏ခွဲခြားမှု ဒဏ်ကို မခံနိုင်၍ လူမသိ၊ သူမသိ အိမ်မှာပင် အသက်အသေခံလိုက်သူများလည်း ရှိကြသည်။

"ကျွန်တော်တို့အဖွဲ့လေးက သာကေတမြို့နယ်မှာ အိတ်ချ်အိုင်ဗီ၊ အေအိုင်ဒီအက်စ် ဝေဒနာရှင်တွေ ဆေးကုသရင်းတည်းခိုနိုင်ဖို့ နေရာလေးတစ်ခု လုပ်ပေးဖူးတယ်။ ဒါပေမဲ့ အဲဒီမှာ အိတ်အိုင်ဗီဝေဒနာရှင်တွေ ဝင်ထွက်နေတာကို ရပ်ကွက်ကသိတော့ လုံးဝခွင့်မပြုနိုင်ဘူး။ ကိုယ့်ဘာသာကိုယ် ဖျက်မလား၊ သူတို့က ဖျက်ရမလား ဆိုတာတွေ ရှိလာတဲ့အတွက်ပဲ အဲဒီမှာ တည်းခိုဖို့ရတဲ့နေရာလေးကို ပိတ်လိုက်ရတယ်" ဟု Phoenix Association မှ ကိုနေမောင်မောင်က ပြောသည်။

Phoenix အဖွဲ့အနေဖြင့် ထိုနေရာ ပိတ်လိုက်ရသကဲ့သို့ နယ်မှ အိတ်ချ်အိုင်ဗီဝေဒနာရှင်များ ဆေးကုသသည့်အခါ တည်းခိုနိုင်ရန် ဖွင့်ထားသည့် ယခု လှိုင်သာယာရှိ အဆောက်အအုံမှာလည်း စတင်တည်ထောင်သည့်အချိန် ပတ်ဝန်းကျင်၏ ခွဲခြားမှုအား ပြင်းပြင်းထန်ထန်ခံခဲ့ရပြီး နာဂစ်မုန်တိုင်းတိုက်သည့်အချိန်မှသာ သူတို့၏အကူအညီများကြောင့် ပတ်ဝန်းကျင်နှင့် နားလည်မှုရရှိခဲ့ကြောင်း ကိုနေမောင်မောင်က သူ၏အတွေ့အကြုံကို ပြောသည်။

"နာဂစ်သာ မဖြစ်ခဲ့ရင် အခုချိန်ဆိုရင် ဒီအဆောက်အအုံလေးလည်း ပိတ်ရမလားတောင် မသိဘူး။ အရင်တုန်းကဆို အိမ်နီးချင်းတွေက ကျွန်တော်တို့ ပြတင်းပေါက်ဖွင့်လို့ မြင်ရရင်တောင်လေးခွနဲ့ ပစ်မယ်ဆိုပြီး စာတွေကပ်ထားတာ" ဟု အဆိုပါ ပုဂ္ဂိုလ်ကပြောသည်။

"လူတွေက နဂိုခံယူထား၊ ယုံကြည်ထားတဲ့ စည်းဘောင်အချက်တွေနဲ့ မကိုက်ညီတဲ့သူတွေအပေါ်မှာ အမြင်မတူတာတွေ ရှိတဲ့အတွက်

ဆက်လက်ဖတ်ရှုရန် →


REVITAL ချစ်သူတိုင်း စိန်လက်စွပ် ပိုင်ဆိုင်နိုင်မည့် အခွင့်အရေး

Regional

7Day News Journal

Vol.9, No.36 • DECEMBER 2, 2010

# မုံရွာမြို့၏ ပထမဆုံးပုဂ္ဂလိကရှစ်ထပ်ဆေးရုံ ၂၀၁၁ တွင် ဖွင့်လှစ်မည်

အေးမြကျော်

**မုံရွာ၊ နိုဝင်ဘာ - ၁၆**

မုံရွာမြို့၏ ပထမဆုံး ပုဂ္ဂလိကအထူးကုဆေးရုံဖြစ်လာမည့် အထပ်ရှစ်ထပ်ပါ ရွှေတော်ဝင်အထူးကုဆေးရုံကို ၂၀၁၁ နှစ်လယ်ပိုင်းတွင် ဖွင့်လှစ်နိုင်ရန်စီစဉ်နေကြောင်း အဆိုပါဆေးရုံ၏ မန်နေဂျင်းဒါရိုက်တာဒေါက်တာမြင့်ဝေက 7Day News သို့ပြောသည်။

မုံရွာမြို့ ဒေသခံဆရာဝန် ၅၀ ကျော်တို့၏ ရှယ်ယာထည့်ဝင်မှုများဖြင့် တည်ဆောက်လျက်ရှိသော ရွှေတော်ဝင်ဆေးရုံကို ၂၀၀၉ ခုနှစ် ဇန်နဝါရီလက စတင်တည်ဆောက်ခဲ့ပြီး၊ ၂၀၁၁ ခုနှစ် မေလတွင် အပြီးသတ်ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်းဒေါက်တာမြင့်ဝေကပြောသည်။



ဓာတ်ပုံ - ကိုသက်

*ဆောက်လုပ်ဆဲ ပုဂ္ဂလိကဆေးရုံသစ်ကိုတွေ့ရစဉ်။*

အဆိုပါဆေးရုံ ဖွင့်လှစ်ပြီးပါက ရောဂါမျိုးစုံအတွက် ခွဲစိတ်ကုသမှုများ၊ နှလုံး၊ ကျောက်ကပ်များနှင့်ဆိုင်သော ခွဲစိတ်ကုသမှုများ၊ သားဖွားမီးယပ်ကုသခြင်းများကို ဝန်ဆောင်မှုပေးသွားနိုင်မည်ဖြစ်ကြောင်းသိရသည်။

ယခင်က မုံရွာမြို့မှ ရောဂါဝေဒနာရှင်များ၊ အရေးပေါ်ကုသရန်လိုအပ်သောလူနာများသည် မြို့နှင့် မိုင်ပေါင်း ၈၀ ကျော်ကွာဝေးသော မန္တလေးမြို့သို့ သွားရောက်ကုသရလေ့ရှိကြောင်း မြို့ခံများကပြောသည်။

ရွှေတော်ဝင်ဆေးရုံဖွင့်လှစ်ပြီးပါက ဆေးရုံတွင် မန္တလေးနှင့် မုံရွာမှ အထူးကုဆရာ ဆရာဝန်ကြီးများက အလှည့်ကျကုသပေးသွားမည်ဖြစ်ကြောင်း ဒေါက်တာမြင့်ဝေကပြောသည်။

ရွှေတော်ဝင်ဆေးရုံသည် သာစည်လမ်းနှင့် ပြည်ထောင်စုလမ်းမကြီးဆုံရာအနီးတွင် ဆောက်လုပ်နေခြင်းဖြစ်သည်။

# နေပြည်တော်တွင် အဝေးပြေး ကုန်စည်ဂိတ်များ တရားဝင်ခွင့်ပြု

ထူးသန့်

**နေပြည်တော်၊ နိုဝင်ဘာ-၁၉**

နေပြည်တော်သည် အခြားဒေသများနှင့် ကုန်စည်စီးဆင်းမှု ပမာဏကြီးမားလာသောကြောင့် နေပြည်တော်ရှိ သုံးမြို့နယ်တွင် အဝေးပြေးကုန်စည်ဂိတ်များ တရားဝင်ခွင့်ပြုပေးလိုက်ကြောင်း သတင်းရရှိသည်။

"ဂိတ်တွေ လျှောက်ထားကြတာ ဒီနှစ်အစောပိုင်းကတည်းကဗျ။ ပြီးခဲ့တဲ့အောက်တိုဘာကမှ အထူးအစည်းအဝေးထိုင်ပြီး ခွင့်ပြုခဲ့တာလို့သိရတယ်။ ဒီပျဉ်းမနားမှာ ငါးဂိတ်၊ လယ်ဝေးမှာ နှစ်ဂိတ်၊ တပ်ကုန်းမှာ တစ်ဂိတ်စုစုပေါင်း ၈ ဂိတ်ပေါ့"ဟူ၍ နေပြည်တော်အတွင်း ကုန်စည်ဂိတ်များတရားဝင်ခွင့်ပြုထားခြင်းနှင့်ပတ်သက်ပြီး နေပြည်တော်ဆန်းဂရုမှ အတွင်းရေးမှူးဦးဇော်လင်းသန်းက ရှင်းလင်းပြောကြားသည်။

အဆိုပါ ကုန်စည်ဂိတ်ကို နိုဝင်ဘာ ၁၇ ရက်က နေပြည်တော်ဘောဂသီရိကားဝင်းအတွင်းရှိ ပွဲရုံတန်းတွင် တရားဝင်ဖွင့်လှစ်ခဲ့ပြီး ၎င်းအပါအဝင် အခြားကုန်စည်ဂိတ်များလည်း နေပြည်တော်မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ (အဝေးပြေး) ၏ စီမံခန့်ခွဲမှုအောက်တွင် တည်ရှိမည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

ကုန်စည်ဂိတ်များ တရားဝင်ခွင့်ပြုလုပ်ကိုင်ခြင်းဖြင့် နေပြည်တော်သို့ ကုန်စည်အဝင်၊ အထွက်အခြေအနေများကိုလည်း စနစ်တကျစာရင်းပြုစုမည်ဖြစ် ကြောင်းသိရသည်။ လောလောဆယ်တွင် နေပြည်တော်သို့ ဆန်အဓိက ဝင်ရောက်နေပြီး ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများဝင်ရောက်လျက်ရှိကြောင်း နေပြည်တော်မှ ဆန်နှင့် ဒေသစိုက်ပျိုးရေးထွက်ကုန်အချို့ပြန်လည်တင်ပို့နေရကြောင်း သိရှိရသည်။

# မနလေး-မူဆယ် ကုန်တင်ခများ မြင့်တက်



ဓာတ်ပုံ - အားမာန်

***မန္တလေး–မူဆယ်ကားလမ်းတွင် ပြေးဆွဲနေသောကုန်ကားတစ်စီး။***

မင်းဒင်

**မန္တလေး၊ နိုဝင်ဘာ- ၁၈**

အာဆီယံစံနှုန်းနှင့်အညီ သတ်မှတ်ထားသည့် ကုန်တန်ချိန်အတိုင်းတင်ဆောင်ရန် သတင်းများထွက်ပေါ်အပြီး မန္တလေး-မူဆယ် ကုန်စည်ပို့ဆောင်ရေးတွင် အတက်(အသွား)ကုန်တင်ခများ မြင့်တက်သွားကြောင်း မန္တလေးကျွဲဆည်ကန်ကားကြီးကွင်းရှိ ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းမှ ဂိတ်မှူးတစ်ဦးက ပြောသည်။

"လွန်ခဲ့တဲ့လက မန္တလေးကနေမူဆယ်အတက်ကားခက တစ်ပိဿာကို ၄၀ ကျပ်ဝန်းကျင်မှာပဲဝဲနေတယ်။ အခု ၅၀ ကျပ်ကနေ ၆၀ ကျပ်အထိဖြစ်သွားတယ်။ အရင်အတက်ကားခ တစ်ပိဿာကို ၂၅ ကျပ်ဝန်းကျင်ကဆိုရင် ကားတွေကုန်မတင်တော့ဘဲ အလွတ်ပဲမူဆယ်တက်ကြတာ"ဟု ၎င်းဂိတ်မှူးကဆက်လက်ပြောသည်။

မူဆယ်သို့ အတက်ကုန်တင်ခနှုန်းထားများ တက်လာသော်လည်း အဆင်းကုန်တင်ခနှုန်းများ ကျဆင်းလာပြီး ယခင်တစ်ပိဿာ ၇၅ ကျပ်မှ ယခုရက်များအတွင်း ကျပ် ၆၀ ဝန်းကျင်ဖြစ်သွားကြောင်း ကားဆရာတစ်ဦးက ဆိုသည်။ "အရင်က ၁၂ ဘီးတစ်စီးကို ကုန်ချိန် ၃၆ တန်လောက်တင်ကြတာ။ အခု ၂၅ တန်ပဲတင်ရတော့မှာတဲ့။ ကုန်နဲ့ကားစုစုပေါင်းမှ ၂၅ တန်ဆိုတော့ ကုန်ချိန်က ၁၂ တန်ပဲ တင်ရတော့မယ်။ ကုန်သည်တွေကုန်တင်ခပေးနိုင်မှ ကားတွေလည်း တက်နိုင်လိမ့်မယ်"ဟု ၎င်းကဆက်လက်ပြောသည်။

မူဆယ်သို့တင်ပို့သော ကုန်စည်များတွင် ပြောင်းဆန်အား အဓိကတင်ပို့နေရပြီး ပြောင်းဆန်ဈေးတက်လာသောကြောင့်သာ ကုန်သည်များအနေဖြင့် တင်ပို့သည့် ကားခများပိုပေးနိုင်ခြင်းဖြစ်ကြောင်း ပြောင်းဆန်တင်ပို့နေသည့်ကုန်သည်တစ်ဦးက ပြောကြားသည်။

မူဆယ်မှအဆင်းတွင် ကုန်စည်များ လျော့နည်းလာကာ ကုမ္ပဏီတစ်ခုအနေဖြင့် တစ်ရက်လျှင် ယခင်ကားအစီး ၃၀ ကျော် ကုန်တင်ရာမှ ယခုရက်ပိုင်းအတွင်း ကားအစီးရေ ၁၀ စီးသာ တင်ပို့လာကြောင်းနှင့် အဓိကတင်ပို့သော ကုန်စည်ဖြစ်သည့် မြေဆီမှာရောင်းအား မကောင်းခြင်းတို့ကြောင့်ဖြစ်ကြောင်း (အဆင်းကုန်) သွင်းကုန်ကျဆင်းခြင်းနှင့်ပတ်သက်၍ ကုန်သည်တစ်ဦးက ရှင်းပြသည်။

"ရွှေးကောက်ပွဲ မတိုင်ခင်က အဆင်းကုန်တင်ခတွေ ၇၅ ကျပ်ဖြစ်တဲ့အထိ ဈေးပေါက်ခဲ့ရာက အခု ၆၀ ကျပ်ဖြစ်သွားတယ်။ ကုန်စည်တင်သွင်းခွင့်တွေ ခဏနားမယ်ဆိုတဲ့သတင်းတွေကြောင့်မူဆယ်ကုန်တွေ မန္တလေးတော်တော်များများ ဆင်းထားတယ်။ အဲဒီတုန်းက တစ်ပိဿာ ၇၅ ကျပ်ထိဖြစ်သွားတယ်" ဟု ကားဆရာတစ်ဦးကပြောသည်။

ယခင်မန္တလေးမှ မူဆယ်မြို့အတက်ကုန်တင်ခများ တစ်ပိဿာ ၂၅ ကျပ်ဈေးနှုန်းရှိစဉ်က အဆင်းကုန်မျှော်ကာ ကုန်ကားခါလီတက်ခဲ့ကြသော်လည်း ယခုအခါ တန်ချိန်လျှော့ချသယ်ယူရမည့်အရေးကာမိစေရန် အတက်ကုန်နှင့်အဆင်းကုန် နှစ်မျိုးလုံးရရှိမှသာ သယ်ယူပို့ဆောင်ရေးအဆင်ပြေမည်ဖြစ်ကြောင်း ကားဆရာတစ်ဦးကပြောသည်။



7 DAY NEWS JOURNAL
Vol.9, No.36 • DECEMBER 2, 2010

# ၁၆ မိုင် ထုံးဘိုတွင် သီးနှံအအေးခန်း တည်ဆောက်မည်


စိုင်းသာအောင်

**မန္တလေး၊ နိုဝင်ဘာ-၁၈**

မြန်မာနိုင်ငံမှ တရုတ်ဘက်သို့ သီးနှံများစံချိန်စံညွှန်းမီပေးပို့နိုင်ရေး၊ တာရှည်ထားရှိနိုင်ရေးအတွက် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းနှင့် ကိုရီးယားသမ္မတနိုင်ငံ(KOICA)မှ မန္တလေး-ပြင်ဦးလွင်လမ်း ၁၆ မိုင် ထုံးဘိုတွင် အအေးခန်းတည်ဆောက်ရန်အတွက် နိုဝင်ဘာစတုတ္ထအပတ်တွင်း လာရောက်လေ့လာမည်ဖြစ်ကြောင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

အထက်မြန်မာပြည်ဈေးကွက်မှ တရုတ်နိုင်ငံရွှေလီမြို့သို့ သီးနှံများတင်ပို့ရာတွင် မန္တလေးမြို့အနီးဝန်းကျင်၌ အအေးခန်းမရှိမှုကြောင့် သရက်သီးရာသီတွင် သရက်သီးကုန်သည်များ နစ်နာမှုများရှိကြောင်း၊ အအေးခန်းများတည်ဆောက်နိုင်ပါက သရက်သီးဈေးကွက်ကို ထိန်းနိုင်ပြီး နိုင်ငံခြားငွေပိုမိုရရှိနိုင်ကြောင်း တရုတ်နိုင်ငံသို့ သရက်သီးတင်ပို့သူ ကုန်သည်တစ်ဦးက 7 Day News သို့ ပြောသည်။

၂၀၀၉ ခုနှစ် သရက်သီးရာသီတွင် တရုတ်နိုင်ငံသို့ သရက်သီးတန်ချိန် ၄၀,၀၀၀ နှင့် ၂၀၁၀ ပြည့်နှစ် သရက်သီးရာသီတွင် သရက်သီးတန်ချိန် ၃၆,၀၀၀ တင်ပို့နိုင်ခဲ့ပြီး ၂၀၀၉ ခုနှစ်က သရက်သီးတင်ပို့မှုအတွက် အမေရိကန်ဒေါ်လာ ၁၁ သန်းဝင်ငွေ ရရှိခဲ့သည်။ ၂၀၁၀ ပြည့်နှစ်တွင်လည်း သရက်သီးတင်ပို့မှု နည်းခဲ့သော်လည်းဈေးနှုန်းမြင့်လာမှုကြောင့် အမေရိကန်ဒေါ် လာ ၁၁ သန်းခန့်ရခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီး သရက်သီးအစုအဖွဲ့ဥက္ကဋ္ဌက ပြောသည်။




# သံတွဲ မြေပဲခင်းများ ကြွက်ဖျက်ဆီးခြင်းခံရ

ပိုင်စိုး

**သံတွဲ၊ နိုဝင်ဘာ- ၁၆**

ရခိုင်ပြည်နယ်သံတွဲမြို့နယ်၌မိုးနှောင်းမြေပဲခင်းများနှင့် ဆောင်းသီးနှံစိုက်ခင်းများအားကြွက်ဖျက်ဆီးမှုခံနေရကြောင်း ဒေသခံတောင်သူများက ပြောသည်။ "ဒီမှာက နှစ်စဉ်ချောင်းရေလျှံတက်လို့ မိုးမြေပဲမစိုက်ကြဘူး။ ဒီပဲခင်းက မိုးနှောင်းမှာစိုက်ထားတာ။ ခုတော့ ကြွက်ဖျက်တာခံရလို့ တစ်ဝက်လောက်တော့ပျက်စီးနေပြီ"ဟု တောင်သူဦးတင်အောင်ကပြောသည်။

အချို့ဆောင်းမြေပဲစိုက်ခင်းများတွင်မူ မျိုးစေ့များကိုပါ ကြွက်များက ကိုက်ချီယူသွားကြကြောင်းသိရသည်။ အလားတူဆောင်းသီးနှံပင်များဖြစ်သည့် ခရမ်း၊ ပြောင်းစသည့် စိုက်ခင်းများတွင်လည်း ကြွက်ဖျက်ဆီးမှုခံနေရကြောင်းသိရသည်။စိုက်ပျိုးရန် ယခုမှ ထွန်ယက်နေဆဲဖြစ်သော တောင်သူကိုမင်းမင်းကလည်း "ဒီနေ့မှာပဲ ကြွက်တွင်းပေါ်လွန်းလို့ နွားကျွံကျတာ သုံးလေးခါရှိပြီ။ ရေမကြီးခဲ့တော့ ကြွက်ကပေါချင်တိုင်းပေါနေတာ" ဟု ပြောသည်။

စိုက်ခင်းများအားဖျက်ဆီးနေသော ကြွက်များမှာ ယခင်ကပင် ဒေသ၌ရှိနေခဲ့သော မြေကြွက်များဖြစ်ပြီး ယခုကဲ့သို့ ကြွက်များပေါများနေခြင်းမှာ ချောင်းရေလျှံမှုမဖြစ်ခဲ့ခြင်းကြောင့်ဖြစ်ကြောင်း တောင်သူများက ပြောကြားသည်။






# မှတ်သားထားသောပလာတူး၊ ပလာလန်းငါးတစ်ကောင် လာရောက်အပ်နှံပါက ငွေကျပ် ၅,၀၀၀ ချီးမြှင့်မည်ဟုဆို

နနနွေ

**စစ်တွေ၊ နိုဝင်ဘာ- ၂၂**

ပလာတူးနှင့် ပလာလန်းငါးတစ်ကောင်ကိုဖမ်းဆီးရမိပြီး ငါးလုပ်ငန်းဦးစီးဌာနသို့ လာရောက်အပ်နှံပါက ငွေကျပ် ၅,၀၀၀ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း ငါးလုပ်ငန်းဦးစီးဌာနရုံးများတွင် ကြေညာထားကြောင်းသိရသည်။ မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများအတွင်းရှိ ရေပေါ်၊ ရေလွှာနေငါးများ၏ ရွှေ့ပြောင်းသွားလာမှုနှင့် မျိုးပွားခြင်းဆိုင်ရာဇီဝဗေဒများကို သိရှိနိုင်ရန် ရေပေါ်၊ ရေလွှာငါးမျိုးစိတ်နှစ်ခုဖြစ်သည့် ပလာတူနှင့်ပလာလန်းငါးများတွင် အမှတ်အသားရိုက်နှိပ်၍ သုတေသနပြုခြင်းကို ၂၀၀၈ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ ငါးလုပ်ငန်းဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိနေခြင်းဖြစ်ရာ ပြန်လွှတ်ပေးခဲ့သည့် ငါးများအနက် အမှတ်အသားပါ ငါးတစ်ကောင်အားတွေ့ရှိ၍ လာရောက်အပ်နှံပါကငါးလုပ်ငန်းဦးစီးဌာနမှ ငွေငါးထောင်ကျပ် ချီးမြှင့်သွားမည်ဖြစ်ကြောင်း စစ်တွေခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူးက ပြောသည်။

ပလာတူးနှင့် ပလာလန်းငါးများမှာ ရေပေါ်၊ ရေလွှာနေငါးများဖြစ်ပြီး အုပ်စုဖြင့်သွားလာပြောင်းရွှေ့နေထိုင်ကြသည့် ငါးများဖြစ်ကြသည်။ အဆိုပါငါးများ၏ ရွှေ့ပြောင်းသွားလာရာလမ်းကြောင်းများ၊ စားကျက်နေရာများကိုသိရှိနိုင်ရန်နှင့် ကြီးထွားရှင်သန်မှုကို သိရှိနိုင်ကာမျိုးပေါက်ဖွားရာ ဒေသများကိုသိရှိနိုင်စေရန်နှင့် မျိုးပွားခြင်းဆိုင်ရာ ဇီဝဗေဒဖြစ်စဉ်များကို သိရှိနိုင်ရန်အတွက် လေ့လာမှတ်တမ်းတင်ခြင်းများပြုလုပ်နိုင်ရန် ယခုကဲ့သို့ အမှတ်အသားပြုပြန်လွှတ်ပေးနေခြင်းဖြစ်ကြောင်း ဆိုသည်။ ၂၀၀၈ ခုနှစ်တွင် ၁၆၆၇ ကောင်၊ ၂၀၀၉ ခုနှစ်တွင် ၄၂၅၅ ကောင်ပြန်လွှတ်ပေးခဲ့ပြီး ၂၀၁၀ ပြည့်နှစ်တွင် ကောင်ရေ ၂၈၀၀ ကိုအမှတ်အသားပြုတံဆိပ်များရိုက်၍ပြန်လွှတ်ပေးမည်ဖြစ်ကြောင်း သိရသည်။

ရေပေါ်ရေလွှာနေငါးများအပါအဝင် အခြားငါးများ၏ သွားလာကျက်စားမျိုးပေါက်ဖွားကြီးပြင်းရာဇီဝဗေဒဖြစ်စဉ်များကို သိရှိခြင်းအားဖြင့် ငါးလုပ်ငန်းဆိုင်ရာစီမံခန့်ခွဲမှုများကို ပိုမိုထိရောက်စွာဆောင်ရွက်ပေးနိုင်မည်ဖြစ်ပြီး ရေနေသက်ရှိ သယံဇာတအရင်းအမြစ်များကို မထိခိုက်မဆုံးရှုံးစေဘဲ ရေရှည်ထုတ်ယူသုံးစွဲနိုင်မည့် အကျိုးကျေးဇူးများ ရရှိလာနိုင်မည်ဖြစ်ကြောင်း သိရသည်။ ရေပေါ်ရေလွှာနေ ငါးမျိုးစိတ်များအား အမှတ်အသားပြုလွှတ်ပေးခြင်းကို နိုဝင်ဘာ ၁၇ ရက်မှ စတင်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

# နံပါတ်မပါ မထင်ရှားသော ဆိုင်ကယ်များကိုလည်း အရေးယူမည်ဟုဆို

ထူးသန့်

**နေပြည်တော်၊ နိုဝင်ဘာ-၂၂**

ဖြစ်ပွားခဲ့သော ယာဉ်မတော်တဆမှုအချို့နှင့် ပြစ်မှုကျူးလွန်မှုအချို့တွင် နံပါတ်ပြားမပါရှိခြင်း၊ မထင်ရှားခြင်းများကြောင့် ဥပဒေအရ အရေးယူရာ၌ အခက်အခဲများရှိရ၍ နောင်တွင်ထိုကဲ့သို့သော ဆိုင်ကယ်များကိုအရေးယူသွားမည်ဖြစ်ကြောင်း နေပြည်တော်ယာဉ်ထိန်းတပ်ဖွဲ့မှ အရာရှိကြီးတစ်ဦးက ပြောကြားသည်။

"တိုက်ပြီးပြေးတာတို့၊ ပြစ်မှုကျူးလွန်ပြီး ထွက်ပြေးတိမ်းရှောင်သွားတာမျိုးတွေမှာ ဆိုင်ကယ်နံပါတ်မပါတာ၊ နံပါတ်မထင်ရှားတာတွေကြောင့် သူတို့ကို စုံစမ်းဖမ်းဆီးအရေးယူရာမှ ခက်ခဲမှုတွေရှိခဲ့တယ်။ အဲဒါကြောင့် နောက်ဆိုရင် နံပါတ်မပါတဲ့မထင်ရှားတဲ့ ဆိုင်ကယ်တွေကိုလည်း အရေးယူသွားပါမယ်" ဟူ၍ ၎င်းအရာရှိကြီးက ပြောကြားခဲ့ခြင်းဖြစ်သည်။ ပြီးခဲ့သည့်အောက်တိုဘာ ၂၄ ရက်က နေပြည်တော် ပျဉ်းမနားမြို့တွင် ခရီးသည်ယာဉ်တစ်စီးကို ဆဲဆို၍ခဲနှင့်ပေါက်ပြီး ထွက်ပြေးသွားသည့် မော်တော်ဆိုင်ကယ်တွင်နံပါတ်ပြားမပါရှိခြင်းကြောင့် အဆိုပါပြစ်မှုကျူးလွန်သူများအား ရှာဖွေဖမ်းဆီးတရားစွဲဆိုရန် အခက်အခဲတွေ့ရကြောင်းသိရှိရသည်။

# မုံရွာတွင် ခေတ်မီ ကလေးအားကစားကွင်း ဖွင့်လှစ်



မျိုးမင်းဦး

**မုံရွာ၊ နိုဝင်ဘာ- ၂၃**

မုံရွာမြို့၊ ကန်သာယာအပန်းဖြေ ဥယျာဉ်အတွင်း ဟက်ပီးပ့ါခ်အမည်ရှိ ခေတ်မီကလေးအားကစားကွင်းအား ယခုနှစ် နိုဝင်ဘာလ ၂၀ ရက်မှ စတင်ဖွင့်လှစ်ခဲ့ပြီး နေ့စဉ်နံနက် ၉ နာရီမှ ည ၉ နာရီအထိ ဖွင့်လှစ်ထားကြောင်း အဆိုပါ ကလေးကစားကွင်းတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"နောက်ထပ် အကြွေစေ့ကစားစရာတွေအတွက် အဆောက်အအုံကို စတင်တည်ဆောက်နေပြီး မကြာခင်တိုးချဲ့ဖွင့်လှစ်ပေးသွားမှာ ဖြစ်ပါတယ်။ ခေတ်မီကစားကွင်းဝင်ကြေးအခမဲ့ဖြစ်ပြီး ကစားတဲ့အချိန်ပေါ်မူတည်ပြီး ဝန်ဆောင်မှုစပေးဆောင်ရွက်မှာပါ" ဟု အဆိုပါတာဝန်ရှိသူကပြောသည်။

မုံရွာမြို့ပေါ်ရှိ ကန်သာယာ အပန်းဖြေဥယျာဉ်ကို ၁၉၈၈ ခုနှစ်မတိုင်မီကာလကတည်းကတည်ထောင်ခဲ့ပြီး ခေတ်မီကလေးကစားကွင်းကို ယခုနှစ်အတွင်း ပထမဆုံးအကြိမ် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ကန်သာယာကန်အတွင်း မြို့ရာပြည့်စေတီတော် ကုန်းမြေလွတ်လပ်ရေးကျောက်တိုင်အထိမ်းအမှတ်ကုန်းမြေနှင့် ရွှေလိမ္မော်အပန်းဖြေစားသောက်ဥယျာဉ်ကုန်းမြေတို့ တည်ဆောက်ခဲ့ပြီးနောက်ပိုင်း ယခုနှစ်အတွင်း ခေတ်မီကစားကွင်းအား တိုးချဲ့ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။


# ဝက်ကျိန်းလိုဏ်ဂူဘုရားအလှူခံသေတ္တာမှ ငွေဖောက်ထွင်းခိုးမှုများအား စိစစ်အရေးယူမည်

မောင်သန်းဝင်း

**မောင်တော၊ နိုဝင်ဘာ- ၁၇**

မောင်တောမြို့နယ်နတ်မြစ်လက်တက် ပြုံးမချောင်းပိုင်းရှိ ရွှေဟောင်း သမိုင်းဝင် ဝက်ကျိန်းဓာတ်တော်စေတီတည်ရှိရာ ဝက်ကျိန်းလိုဏ်ဂူဘုရားသို့ ပွင့်လင်းရာသီချိန်များ၌ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများ လာရောက်ဖူးမြော်လေ့ရှိသည်။ဘုရားပေါ်ရှိအလှူခံသေတ္တာမှာ မကြာခဏဆိုသလို အလှူငွေများဖောက်ထွင်းခိုးယူခြင်း ခံရသဖြင့် ယခုအခါ ဘုရားဂေါပကများနှင့် သက်ဆိုင်ရာ ကြိမ်ချောင်းရဲစခန်းတို့ ပူးပေါင်းပြီးဖောက်ထွင်းခိုးယူသူများအား စိစစ် စစ်ဆေးဆောင်ရွက်ကာ ထောင်ဒဏ် ချမှတ်နိုင်သည်ထိ အရေးယူအပြစ်ပေးသွားမည်ဖြစ်ကြောင်းအဆိုပါ ရဲစခန်းမှ တာဝန်ရှိသူတစ်ဦးက ထုတ်ဖော်ပြောသည်။ "ကျွန်တော်တို့ မျက်ခြည်မပြတ် စောင့်ကြည့်နေတဲ့ကြားက မကြာခဏ ဆိုသလို အလှူခံသေတ္တာဖောက်ထွင်းခိုးခံရမှုတွေရှိတယ်။ ဖော်ထုတ်နိုင်ဖို့ သက်ဆိုင်ရာ ကြိမ်ချောင်းရဲစခန်းကို အကြောင်းကြား တိုင်တန်းထားပါတယ်"ဟု ဘုရားဂေါပက လူကြီးတစ်ဦးက ပြောသည်။ဝက်ကျိန်းဓာတ်တော်စေတီနှင့် ဝက်ကျိန်းလိုဏ်ဂူဘုရားသို့ တစ်ဖက်ဘင်္ဂလားဒေ့ရှ်နိုင်ငံမှဗုဒ္ဓဘာသာဝင်ဘုရားဖူးများသည်လည်း နှစ်စဉ် ၂,၀၀၀ ကျော်ထိ ဝင်ရောက်ဖူးမြော်ကြည်ညိုလေ့ရှိကြောင်း သိရသည်။

# ကလေးတွင် ရေနံကယ်ရီသယ်ယူသူများ အလုပ်ဖြစ်နေ



ကလေးဝင်းသူ

**ကလေး၊ နိုဝင်ဘာ- ၂၂**

ကလေးမြို့နယ်တောင်ပိုင်းရှိ ကိဖ္ဖုကုဋ္ဌတောင်၊ ပုံညာတောင်ကြောတစ်လျှောက် ပေါက်တောရေနံမှော်၊ ကျောက်ခွက်ရေနံမှော်၊ ကျောက်ကြီးရေနံမှော်၊ ဒိုးနွယ်ရေနံမှော်ဟူ၍ ရေနံမှော်များစွာရှိရာ ထိုရေနံမှော်များမှ ရေနံကယ်ရီသယ်ယူရောင်းချကြရာ ရေနံကယ်ရီသမားများ ဝင်ငွေကောင်းအလုပ်ဖြစ်နေကြောင်း သိရသည်။

ထိုရေနံမှော်များမှ ရေနံသယ်ယူ၍ နတ်ချောင်း၊ နတ်မြောင်းရွာများသို့ လာရောက်ရောင်းချပါက တစ်ရက် ၆ ဂါလန် သယ်ယူနိုင်လျှင် ကျပ် ၃,၅၀၀၊ ၈ ဂါလန် သယ်ယူနိုင်လျှင် ကျပ် ၅,၅၀၀ ကျပ် ရရှိကြောင်း သိရသည်။

အမျိုးသမီးများနှင့် လူငယ်များက ၆ ဂါလန်ဝင်ပုံးများဖြင့် ကျောပိုးသယ်ယူကြပြီး အားကောင်းသော အမျိုးသားများက ၈ ဂါလန်ဝင်ပုံးများဖြင့် သယ်ပိုးရောင်းချနေကြသည်ဟုသိရသည်။

ကလေးနယ်ရှိ ရေနံမှော်များ၌ ပုဂ္ဂလိကရေနံတူးသူများအပြင် ကုမ္ပဏီများကလည်း ရေနံထုတ်ယူနေကြကြောင်း သိရသည်။

ယနေ့ရေနံပေါက်ဈေးမှာ ရေနံမှော်များ၌တစ်ပီပါ ကျပ်ငါးသောင်းဈေးရှိပြီး၊ နတ်ချောင်း၊ နတ်မြောင်းရွာနှင့် ကလေးမြို့တို့တွင် ကျပ်တစ်သိန်းဈေးမှ တစ်သိန်းနှစ်သောင်းဈေးရှိကြောင်း သိရသည်။

7 DAY NEWS JOURNAL
Vol.9, No.36 • DECEMBER 2, 2010

# အရောင်းအဝယ်အေးနေဆဲ မန်း ပဲ၊ နှမ်း ဈေးကွက်

**ဖြိုး**

**မန္တလေး၊ နိုဝင်ဘာ-၂၆**

ရွေးကောက်ပွဲနှင့် တန်ဆောင်တိုင် ကထိန်ကာလပြီးသွားပြီဖြစ်သော်လည်း မန္တလေးကုန်စည်ဒိုင်တွင် ကုန်စည်အဝင်အထွက်နှင့် အရောင်းအဝယ်များမှာ အေးလျက်ရှိကြောင်း မန္တလေးကုန်စည်ဒိုင် ပြန်ကြားရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

“ဒီရက်ပိုင်းကတော့ အရောင်းအဝယ်က ခပ်လေးလေးပါပဲ။ တန်ဆောင်တိုင်ပြီးပေမယ့်လည်း ကုန်အဝင်လည်း အေးတယ်” ဟု ၎င်းကပြောသည်။

နိုဝင်ဘာလဆန်းပိုင်းတွင် ပဲတီစိမ်း(ထိပ်စ)သုံးတင်းဝင် တစ်အိတ်လျှင် ၈၈၀၀၀ ကျပ်ဝန်းကျင်ခန့်ရှိခဲ့ပြီး နိုဝင်ဘာ ၂၆ ရက်တွင် ၈၂၀၀၀၊ ၈၃၀၀၀ ကျပ်ဝန်းကျင်ခန့်ဖြစ်သည်။

နိုဝင်ဘာလလယ်တွင် တရုတ်နိုင်ငံဘက်မှ အဝယ်လိုက်ခဲ့သောကြောင့် ဈေးတက်ခဲ့သော ပြောင်းကျစ်စမှာ သုံးတင်းဝင်တစ်အိတ်လျှင် ၁၆၅၀၀ ကျပ်ဝန်းကျင်ရှိရာမှ နိုဝင်ဘာ နောက်ဆုံးပတ်တွင် ၁၅၀၀၀၊ ၁၅၂၀၀ ကျပ် ဝန်းကျင်သာ ဈေးရှိတော့သည်။

“ဟိုအရင်ရက်တွေကတော့ တရုတ်ဘက်က အဝယ်လိုက်တော့ ပြောင်းက တက်သွားတယ်။ ခုတော့ အရင်ရက်တွေလောက် မဟုတ်ပေမယ့် ကြိုးကြားကြိုးကြားလေးတော့ ဝယ်နေကြပါတယ်” ဟု မန္တလေးမြို့ရှိ မြရတနာပဲ၊ နှမ်းပွဲရုံမှ တာဝန်ရှိသူကပြောသည်။

ကုလားပဲဖြူလုံးကြီး ဘီတူးမှာ လဆန်းပိုင်းတွင် သုံးတင်းဝင်တစ်အိတ်လျှင် ၈၀၀၀၀ ကျပ်ဝန်းကျင်မှ ယခု ၇၀၀၀၀ ကျပ်ဝန်းကျင်ခန့်ကျသွားပြီး ကုလားပဲဖြူလုံးကြီး ထိုင်ဝမ်မှာ ၆၉၀၀၀ ကျပ်မှ ၆၅၀၀၀ ကျပ်ဝန်းကျင်ခန့်ကျသွားကြောင်း သိရှိရသည်။

ပဲစင်းငုံ(အကောင်းအနီး) မှာ လဆန်းပိုင်းတွင် သုံးတင်းဝင် တစ်အိတ်လျှင် ၄၆၀၀၀ ကျပ်ခန့်မှ အိန္ဒိယနိုင်ငံမှ အဝယ်လိုက်သောကြောင့် နိုဝင်ဘာ ၉ ရက်တွင် ၄၉၀၀၀ ကျပ်ထိ တက်သွားခဲ့သည်။

ယခုလတွင် ပဲစင်းငုံကို စိုက်ရန် မျိုးသမားများမှ ဝယ်ယူကြသောကြောင့် ဈေးကွက်တွင် အရောင်းအဝယ်သွက်ခဲ့ပြီး ယခုအချိန်တွင် ၄၉၀၀၀ နှင့် ၅၀၀၀၀ ကျပ်ဝန်းကျင်ကြား ဈေးရှိသည်။ “ခုချိန်က မျိုးသမားတွေကတော့ ဝယ်ပြီးသွားကြပြီလေ။ ရောင်းချင်တဲ့သူက ၅၀၀၀၀ လောက်ဆိုပေမယ့် ၄၉၀၀၀ လောက်ပဲ ပေးဝယ်ကြတယ်” ဟုမန္တလေး ပဲ၊ နှမ်း ဈေးကွက်အတွင်းရှိ ကုန်သည်တစ်ဦးကဆိုသည်။



နှမ်းဈေးကွက်မှာ နှမ်းနက်(စမုံ)အကောင်း သုံးတင်းဝင်တစ်အိတ်လျှင်နိုဝင်ဘာလဆန်းပိုင်းက ၁၃၀၀၀၀ ကျပ်ဝန်းကျင်ခန့်မှ ယခုရက်ပိုင်းအတွင်း ၁၂၄၀၀၀ ကျပ်ဝန်းကျင်ထိတက်သွားခဲ့ကြောင်း သိရှိရသည်။ နှမ်းဖြူ(အသစ်၊ အကောင်း) သည် ဈေးကွက်အတွင်းတွင် ၇၆၀၀၀ ခန့်ရှိပြီး ယခုအချိန် ရွှေဘို၊ဝက်လက်စသည့် နယ်များမှ နှမ်းအသစ်များ မန္တလေးဈေးကွက်အတွင်းသို့ ဝင်ရောက်လာပြီဖြစ်သည်။ “နှမ်းဈေးကတော့ ပုံမှန်ပါပဲ။ အသစ်တွေလည်း ဝင်လာပြီဆိုတော့”ဟု မန္တလေးမြို့ရှိ ပဲ၊ နှမ်းပွဲရုံကြီးတစ်ခုမှ သိရှိရသည်။

“တန်ဆောင်တိုင် ကထိန်ရာသီပြီးသွားပေမယ့် ကုန်ဝင်ကတော့ မှန်မှန်ပါပဲ။ တရုတ်ဘက်ကလည်း ကောင်းကောင်း သိပ်မဝယ်ကြဘူး။ နောက်လကျရင်လည်း ကားခတွေ ဈေးထပ်တက်မယ်လို့ကြားတယ်။ ဟုတ်လားတော့ မသိပါဘူး။ အဲတော့ ကုန်ဝင်အခြေအနေ၊ ဈေးကွက်က ဘယ်လိုအနေအထားရှိမလဲတော့ မပြောတတ်သေးဘူးဗျ”ဟု အဆိုပါ ပွဲရုံပိုင်ရှင်မှ ဆိုသည်။

ယခုလဆန်းပိုင်းတွင် နယ်များတွင် မိုးလေဝသနှင့် ရာသီဥတုဖောက်ပြန်၍ ကုန်အဝင်နည်းသွားခြင်းကြောင့် တစ်ပိဿာလျှင် ၁၇၀၀ ကျပ်ဝန်းကျင်ခန့်တက်သွားခဲ့သော မြေပဲဆီဆံဈေးမှာ ယခုဈေးကွက်အတွင်းတွင် ၁၆၀၀၊ ၁၆၅၀ ကျပ်ဝန်းကျင်ခန့်သာ ဖြစ်သည်။

မြေပဲဆီဈေးမှာ တစ်ပိဿာလျှင် ၃၀၀၀ ကျပ်မှ ၃၂၀၀ ကျပ်ဝန်းကျင်ဖြစ်သည်။ ပဲဖတ်ဈေးမှာ တစ်ပိဿာလျှင် ၈၆၀၊ ၈၇၀ ကျပ်ဖြစ်သည်။

## စပါးဈေး ပြုတ်ကျလာသော်လည်း ဆန်ဈေးတန့်နေ

**ထူးသန့်**

**နေပြည်တော်၊ နိုဝင်ဘာ-၁၉**

မိုးစပါးအသစ်များ ဈေးကွက်အတွင်းဝင်ရောက်လာပြီး စပါးဈေးများ တအိအိကျလာသော်လည်း ဆန်ဈေးမှာမူကျဆင်းခြင်းမရှိသေးဘဲ တန့်နေဆဲဖြစ်ကြောင်း နေပြည်တော်ရှိလယ်သမားများနှင့် ဆန်လုပ်ငန်းရှင်အချို့က ပြောဆိုသည်။ အောက်တိုဘာလနှောင်းပိုင်းမှစ၍ မိုးစပါးအသစ်များပေါ်ထွက်လာပြီး ထိုစဉ်ကတင်း ၁၀၀ လျှင် ကျပ်လေးသိန်းနှစ်သောင်းအထိရှိခဲ့သော်လည်း ယခုနိုဝင်ဘာလလယ်ပိုင်းတွင်မူ ကျပ်သုံးသိန်းခွဲနှင့်အထက် ဝန်းကျင်သော ပေါက်ဈေးရှိတော့ကြောင်း ရေလွှတ်စပါးများကို လယ်သမားများ ထိန်းထားလိုကြသော်လည်း ရေမြုပ်စပါးများကိုမူ ချက်ချင်းထုတ်ရောင်းနေကြရကြောင်း လယ်သမားအချို့ကပြောကြားသည်။

ထိုအခြေအနေနှင့်ပတ်သက်ပြီး နေပြည်တော်ဒေသခံလယ်သမားတစ်ဦးဖြစ်သူ ဦးထွန်းဝေကလည်း “လယ်သမားတွေလည်း စပါးကောင်းရင် လှောင်ထားချင်ကြတာပေါ့။ ဒါပေမဲ့စပါးကလည်း ရေမြုပ်ထားတယ်။ စပါးရိပ်သိမ်းခြွေလှေ့ရတဲ့ စရိတ်တွေရယ်ကြောင့် လှောင်မထားနိုင်ဘူး။ ရေမြုပ်စပါးကိုတော့ ချက်ချင်းပဲရောင်းပစ်ရတာပေါ့။ စပါးဈေးကလည်း လေးသိန်းကျော်ရှိရာက အခုသုံးသိန်းခွဲကျော်ပဲရှိတယ်။ စပါးသိပ်ကောင်းရင်တော့ သုံးသိန်းခုနစ်သောင်းလောက်ရတယ်” ဟူ၍ ရှင်းလင်းပြောကြားသည်။

ဆန်ဈေးကွက်တွင်မူ အောက်တိုဘာလလယ်ခန့်က မနောအုပ်စုဝင်ဆန်အမျိုးအစား တစ်အိတ်လျှင် ၂၀,၀၀၀ ကျပ်ဝန်းကျင်ရှိခဲ့ပြီး ယင်းနောက်တွင် ၂၀၀၀ ကျပ်ခန့်မြင့်တက်သွားခဲ့ကြောင်း၊ ပေါ်ဆန်းဆန်အမျိုးအစားများမှာလည်း ယင်းကာလအတွင်း တစ်အိတ်လျှင် ၃၇,၀၀၀၊ ၃၈,၀၀၀ ကျပ်မှ ယခုအချိန်တွင် ၄၀,၀၀၀ ကျပ်နှင့်အထက်အထိ ရောက်ရှိသွားခဲ့ကြောင်း မိုးစပါးအသစ်များ ပေါ်ထွက်လာပြီး ဈေးကွက်သို့ ရောက်ရှိလာခဲ့သော်လည်း ဆန်ဈေးမှာ ဈေးတန့်နေဆဲဖြစ်ကြောင်း ဆန်လုပ်ငန်းလုပ်ကိုင်သူအချို့ကဆိုသည်။ “ဘာကြောင့်လည်းဆိုတာတော့ ပြောရခက်တယ်။ ဝယ်လိုအားကြောင့်လည်းဖြစ်နိုင်တယ်။ ဒါပေမဲ့ ရက်ပိုင်းအတွင်းပြန်ကျတော့မှာပါ”ဟူ၍ ဆန်စက်လုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။ ကျောက်မျက်ပြပွဲအကြိုရက်သတ္တပတ်က နေပြည်တော်သို့ ဆန်ဝင်ရောက်မှုမှာ ပုံမှန်ထက်ပိုများခဲ့ပြီး နေပြည်တော်ဆန်ဈေးကွက်သို့ တစ်လလျှင် ဆန်အချောများအိတ်တစ်သောင်းကျော် ပုံမှန်ဝင်ရောက်လျက်ရှိကြောင်းသိရသည်။

## ရွှေမေတ္တာ မြောက်ယမားချောင်းကူးတံတား တည်ဆောက်မည်

**မျိုးမင်းဦး**

**မုံရွာ၊ နိုဝင်ဘာ- ၂၃**

အလောင်းတော်ကဿပ ပင်မလမ်းဖြစ်သော မုံရွာအလောင်းတော်ကဿပစံကျောင်းလမ်းမပေါ်တွင် ပုလဲမြို့နယ် ပုထိုးသာကျေးရွာနှင့် ယင်းမာပင်မြို့နယ် ရင်ပေါင်တိုင်ကျေးရွာအကြား မြောက်ယမားချောင်းအား ပေါင်းကူးဖြတ်သန်းတည်ဆောက်မည့် ရွှေမေတ္တာတံတားကြီးကို လာမည့် ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလအတွင်း စတင်တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

“ရွှေမေတ္တာ မြောက်ယမားချောင်းကူးတံတားကို ရွှေဆံပင်လမ်းတံတားအကျိုးဆောင်ဆရာတော်များ အလှူခံရရှိထားတဲ့ဆံပင်အလှူငွေကျပ်သိန်း ၂,၀၀၀ နဲ့ စတင်မတည်လှူဒါန်းသွားမှာဖြစ်ပါတယ်” ဟုရွှေဆံပင်လမ်းတံတား အကျိုးတော်ဆောင်အဖွဲ့ နာယကဆရာတော် အရှင်ဝေပုလ္လက မိန့်ကြားသည်။ ရွှေမေတ္တာမြောက်ယမားချောင်းကူးတံတားကြီးသည်အရှည်အလျားပေ ၇၀၀၊ အကျယ်အနံ ၁၈ ပေ၊ အမြင့် ၁၈ ပေရှိပြီး သံကူကွန်ကရစ်တံတားအဖြစ်တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။








# ပြင်ဦးလွင် တန်ဆောင်တိုင်ပွဲတော် လည်ပတ်ရင်း မြေဝယ်သူများရှိ

မင်းဒင်

**မန္တလေး၊ နိုဝင်ဘာ - ၂၆**

ပြင်ဦးလွင်တန်ဆောင်တိုင် မီးပုံးပျံပွဲတော်သို့ လာရောက်လည်ပတ်ခြင်းနှင့်အတူ ပွဲတော်လာရောက်သူအချို့မှာ မြေကွက်များအား ဝယ်ယူရန် ဈေးနှုန်းစုံစမ်းခြင်း၊ လိုက်လံကြည့်ရှုခြင်းများ ပြုလုပ်ကြကြောင်း ပြင်ဦးလွင်မြို့မှ အိမ်ခြံမြေအကျိုးဆောင် လုပ်ကိုင်နေသူများက ပြောကြားသည်။

"ပွဲတော်ရက်အတွင်း လည်ဖို့သက်သက်ပဲ အရင်ကလာကြတာ။ အခု ပွဲတော်ရက်အတွင်းရောပွဲတော်ပြီးတဲ့အထိ နယ်ကလူတွေမပြန်ကြဘဲ မြေလိုက်ကြည့်ကြလို့ အလုပ်များနေရတယ်။ တချို့ကို အချိန်မရလို့ နောက်ရက်ပြန်ချိန်းပြီး မြေကွက်လိုက်ပြရတယ်။ အရင်ကဆို ပွဲတော်ရက်အတွင်း နားနေရတာ" ဟု တန်ဆောင်တိုင်ပွဲတော်လာရင်း မြေဈေး စုံစမ်းကြည့်ရှုနေမှုကို ၎င်းက ပြန်လည်ပြောကြားသည်။ ပြင်ဦးလွင်အိမ်ခြံမြေဈေးကွက် အနေဖြင့် ပေါက်ဈေးနှုန်းထား စံသတ်မှတ်ဈေးမရှိဘဲ ကြိုက်ရောင်းကြိုက်ဝယ်ဈေးကွက် ဖြစ်ကြောင်း အဆိုပါ ပြင်ဦးလွင်ဒေသခံ အိမ်ခြံမြေအကျိုးဆောင်များက ဆိုသည်။

ပြင်ဦးလွင်မြေဈေးသည် မြို့တွင်းမှလွဲ၍ ကျန်နေများအနေဖြင့် ပတ်ဝန်းကျင်ရှိ ဆောက်လုပ်ပြီးနှင့် ဆောက်လုပ်ဆဲ အဆောက်အအုံများ၊ ဈေးများ၊ လမ်းပန်းဆက်သွယ်ရေး စသည့်အနေအထားများပေါ်တွင် မူတည်ပြီး ပေါက်ဈေး၊ ခေါ်ဈေး အသီးသီးဖြင့် ရောင်းဝယ်နေကြကြောင်း သိရသည်။

ရာသီဥတု အေးမြခြင်း၊ သွားလာမှုလွယ်ကူခြင်း၊ မန္တလေးမြို့နှင့်နီးခြင်း၊ မန္တလေး-မူဆယ်ကားလမ်းပေါ်တွင် ရှိခြင်းများကြောင့် ပြင်ဦးလွင်မြေကွက်များအနေဖြင့် အနယ်နယ်အရပ်ရပ်မှ စိတ်ဝင်စားခြင်း ဖြစ်နိုင်ကြောင်း ပြင်ဦးလွင်နယ်ခံတစ်ဦးက ၎င်း၏အမြင်မားသုံးသပ်တင်ပြသည်။

ပြင်ဦးလွင်-မိုးကုတ် တိုက်ရိုက် လမ်းသစ်ဖောက်လုပ်ခြင်း၊ ရတနာပုံမြို့သစ်နှင့် နီးကပ်ခြင်း စသော အကြောင်းများကြောင့်လည်းမြေကွက်များ ဈေးကောင်းခြင်း၏ အကြောင်းအရင်းအချို့ ဖြစ်နိုင်ကြောင်း မြေဈေးကွျမ်းကျင်သူတစ်ဦးကပြောသည်။

"အရင်က နွေပဲအလုပ်ဖြစ်တာ။ အခုမိုးတွင်းရော ဆောင်းတွင်းရော မြေဝယ်လက်တွေ ဆင်းကြတယ်။ ရန်ကုန်၊ မန္တလေး၊ မုံရွာ၊ ကျောက်ဆည်၊ မိတ္ထီလာစတဲ့ မြို့တွေကလည်း လာဝယ်ကြတယ်။ ဒီနှစ်လဆန်းပိုင်းကနေ



ဓာတ်ပုံ - အားမာန်

*ပြင်ဦးလွင်မြို့တွင်း တစ်နေရာ။*

အခုထိမြေ အရောင်းအဝယ်ပုံမှန်ဖြစ်တယ်" ဟု နယ်ခံမြေအကျိုးဆောင်တစ်ဦးက မြေအရောင်းအဝယ်ပုံမှန်ဖြစ်နေပုံအား ပြောကြားသည်။ ယခုနှစ်မေလအတွင်း မန္တလေးမြို့တွင် အပူချိန်မြင့်မားကာ အသက်ဆုံးရှုံးမှုများအထိ ဖြစ်ပေါ်ခဲ့ပြီးနောက်ပိုင်း ပြင်ဦးလွင်မြေကွက်များအနေဖြင့် ပိုမိုအရောင်းအဝယ်ကောင်းလာပြီး အများအားဖြင့်မန္တလေးဒေသခံများသည် ပြင်ဦးလွင်အား ပို၍စိတ်ဝင်စားလာကြကြောင်း မန္တလေးမှ မြေဝယ်ယူခဲ့သူတစ်ဦးကလည်း ပြောသည်။

"တန်ဆောင်တိုင် ပွဲတော်အတွင်းကြည့်ထားတဲ့ မြေကွက် လပြည့်ကျော် နှစ်ရက်နေ့မှာ အရောင်းအဝယ်ဖြစ်တယ်။ ပြင်ဦးလွင်-မန္တလေး ကားလမ်းဘေး နှစ်ကွက်အတွင်းဝင်ရတယ်။ သိန်းနှစ်ရာကျော်နဲ့ တည့်တာ။ ပွဲတော်လာရင်း ဝယ်ဖြစ်သွားတာ။ အတွင်းကွက် တစ်ကွက်လည်း တည့်တယ်။ သိန်းလေးဆယ်ကျော်နဲ့" ဟု အောင်ချမ်းသာကျေးရွာခံ မြေအကျိုးဆောင်တစ်ဦးက ပြောကြားသည်။

မန္တလေးမြို့မှ ပြင်ဦးလွင်သို့ ကထိန်လာခင်းစဉ် မြေကွက်များ လိုက်လံကြည့်ကာ ဈေးနှုန်းစုံစမ်းနေသူတစ်ဦးကလည်း "သိန်း ၅၀ လောက်ပဲသုံးချင်တယ်။ နွေလောက်ပဲလာနေမှာ။ အချိန်ပြည့်နေမှာလည်းမဟုတ်တော့ နောက်ဆုံး သိန်း၁၀၀ အထက်မသုံးချင်ဘူး။ ကားလမ်းပေါ် မတင်လည်းဖြစ်တာပဲ။ အဓိကက မန္တလေးပူတဲ့အချိန်ဒီလာနေဖို့ပဲ" ဟု ပြောကြားသည်။

မြေဝယ်ယူမှုပုံစံသည် အပန်းဖြေရန်အတွက် အဓိကဖြစ်ရာ မြို့ဧရိယာအားလုံးနီးပါး အရောင်းအဝယ်ကောင်းလာခြင်းဖြစ်ပြီး၊ ဈေးနှုန်းသက်သာသော နေရာများက ပို၍ အရောင်းအဝယ်ဖြစ်လာကြောင်း ဒေသခံမြေပိုင်ရှင်အချို့ကဆိုသည်။

နယ်ခံမြေပိုင်ရှင် အချို့အနေဖြင့် စိုက်ပျိုးရေးသာ အဓိက အားထားကြရာမှ မြေများ ဝယ်အားကောင်း၍ ရောင်းချကာ ဝက်ဝံ၊ ရေသရောက်ကုန်း စသည်တို့ မြို့အပြင်နေရာများသို့ စိုက်ပျိုးရေးအတွက် ပြောင်းလဲ အခြေချမှုများ ရှိလာကြောင်း ရေငယ်ကျေးရွာရှိ မြေအကျိုးဆောင်တစ်ဦးက ဆိုသည်။

မန္တလေးမှ ပြင်ဦးလွင်သို့ အတက်လမ်းရှိ ပြင်စာ၊ သုံးတောင်၊ ကျောက်ဖျာဒိုး၊ အောင်ချမ်းသာ၊ အနီးစခန်းစသည့် ကျေးရွာများ အပြင် အထွက်ဘက် ပိတ်ချင်းမြောင်သွားရာလမ်းရှိ ရေငယ်ကျေးရွာ စသည်တို့လည်း ဈေးနှုန်းပေါက်ဈေးများအလိုက် အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။

"ရွေးကောက်ပွဲ အရင်က သုံးတောင်ရွာက ပိုပြီး အရောင်းအဝယ်ဖြစ်တယ်။ ရတနာပုံ နည်းပညာတက္ကသိုလ် စီမံကိန်းက သုံးတောင်ရွာမှာ တည်ဆောက်မယ်ဆိုပြီး အဝယ်လိုက်ခဲ့တာ။ နောက်ပိုင်း ပြင်စာမှာ တည်ဆောက်ဖို့လုပ်နေပြီ" ဟု သုံးတောင်ကျေးရွာနယ်ခံတစ်ဦးကဆိုသည်။

မြေအရောင်းအဝယ် ပြုလုပ်ရာတွင် နယ်မြေခံ ပိုင်ရှင်များ အကျိုးခံစားရမှုထက် ဝယ်ရောင်းသမားများ၊ မြေတွင်းရင်းနှီးမြှုပ်နှံသူများ၊ ငွေရင်းသူများသာ အကျိုးအမြတ်ပိုမိုရရှိသည့် အခြေအနေတွင်ရှိကြောင်း ထိုဒေသတွင် နှစ်ပေါင်း ၅၀ ကျော်နေထိုင်ခဲ့သော မြေအကျိုးဆောင် ဆောင်ရွက်နေသူတစ်ဦးက သုံးသပ်ပြောကြားသည်။

## အလောင်းတော် ကဿပ ရာသီလမ်း ပုံမှန်ထက် နောက်ကျ ဖွင့်လှစ်ဖွယ်ရှိ



ဓာတ်ပုံ - မျိုးမင်းဦး

မျိုးမင်းဦး

**မုံရွာ၊ နိုဝင်ဘာ- ၁၈**

ယခုနှစ်မိုးရာသီတွင် မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် အလောင်းတော်ကဿပ ဘုရားဖူးသွားရာလမ်းအချို့ ပျက်စီးမှုများပြားခဲ့သဖြင့် ယခုနှစ်နိုဝင်ဘာလလယ်ရက်ပိုင်းအတွင်းမှစ၍ လမ်းပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

နှစ်စဉ် နတ်တော်လပြည့်ကျော်ရက်ပိုင်းအတွင်း သွားလာခွင့်ပြုလျက်ရှိသော အလောင်းတော်ကဿပ ရာသီလမ်းအားပြုပြင်ရေးလုပ်ငန်း ဆောင်ရွက်ချိန်များကြောင့် ပုံမှန်နှစ်များထက် တစ်လနီးပါးနောက်ကျဖွင့်လှစ်နိုင်ဖွယ်ရှိကြောင်း အလောင်းတော်ကဿပအမျိုးသားဥယျာဉ်နာယကဆရာတော်အရှင်သုမနက မိန့်ကြားသည်။ "မိုးသည်းသည်းရွာလို့ တောင်တွေလည်းပြို၊ သစ်ပင်တွေလဲ၊ အရင်လမ်းဟောင်းက ရေတိုက်စားလို့ ဒီနှစ်တောင်ပေါ်လမ်းက ပြုပြင်ရေးလုပ်ငန်းတွေ အချိန်ကြာကြာလုပ်ရမယ့်အနေအထားပါ။ အရင်နှစ်တွေက မိုးကောင်းတယ်ဆိုပေမယ့် တောင်ပေါ်ကိုဆိုင်ကယ်နဲ့သွားလို့ရတယ်။ ဒီနှစ်မိုးကောင်းချက်ကတော့ ဆိုင်ကယ်လမ်းတောင်မရှိတော့ဘူး။ တောင်ပေါ်သွားတဲ့သူတွေကတော့ ခြေလျင်အချို့၊ ဆင်းအချို့နဲ့သွားကြတယ်ဆိုပေမယ့် လမ်းပျောက်နေတော့ ရဲရဲမသွားရဲကြဘူး" ဟု ဆရာတော်အရှင်သုမနက မိန့်ကြားသည်။

အလောင်းတော်ကဿပအမျိုးသားဥယျာဉ်သဘာဝကာကွယ်တောသည် မုံရွာခရိုင်၊ ယင်းမာပင်မြို့နယ်၊ ပုလဲမြို့နယ်၊ ကနီမြို့နယ်တို့တွင်တည်ရှိပြီး ၃၉၄၇၇၉ ဒမသ ၅၂ ဧက ကျယ်ဝန်းသည်။အလောင်းတော်ကဿပဘုရားလိုဏ်ဂူဝမှ ၂၀ မိုင်ပတ်လည်တွင် မည်သည့်ကျေးရွာမှမရှိဘဲ သဘာဝသစ်တောနှင့် ကျေးငှက်တိရစ္ဆာန်များ သဘာဝအရကျက်စားလျက်ရှိကြောင်း သိရသည်။

မုံရွာမြို့မှ အလောင်းတော်ကဿပသို့သွားရာလမ်းများ တစ်နှစ်ထက်တစ်နှစ် တိုးချဲ့ဖောက်လုပ်လျက်ရှိရာ ယခုနှစ်တွင်လမ်းသွယ်လေးခုဖြင့် သွားလာနိုင်ကြောင်းသိရသည်။

## ဆိုင်ကယ်ရောင်ပြန် စတေကာများ အလွယ်တကူရောင်းချပေးသင့်

ထူးသန့်

**နေပြည်တော်၊ နိုဝင်ဘာ- ၁၇**

နေပြည်တော် ဧရိယာအတွင်း မောင်းနှင်သွားလာနေသော မော်တော်ဆိုင်ကယ်များတွင် တပ်ဆင်ရန် စည်းကမ်းသတ်မှတ်ထားသည့် ရောင်ပြန်စတေကာများကို ဆိုင်ကယ်အသုံးပြုသူများအလွယ်တကူ ဝယ်ယူသုံးစွဲရန်အတွက်လည်း သက်ဆိုင်ရာက စီစဉ်ပေးသင့်ကြောင်း နေပြည်တော်ရှိ ဆိုင်ကယ်အသုံးပြုသူများက ပြောသည်။

နေပြည်တော်တွင် အစိုးရဝန်ထမ်းအချို့နှင့် ပြည်သူအများစု မရှိမဖြစ်အသုံးပြုနေရသော မော်တော်ဆိုင်ကယ်အရေအတွက်မှာ သောင်းနှင့်ချီရှိနေပြီး၊ ဆိုင်ကယ်အများအပြားမှာလည်း တရားဝင်အခွန်အခပေးသွင်းထားသည့် လိုင်စင်ဆိုင်ကယ်များသာဖြစ်ကြောင်း လိုင်စင်မဲ့ဆိုင်ကယ်များကို စီးနင်းသူနည်းပါးသွားခဲ့ကြောင်း နေပြည်တော်ဒေသခံများက ပြောသည်။

"ကျွန်တော့်ဆီမှာ လာပြင်တာတော့ လိုင်စင်ဘီးတွေချည်းပဲ။ ဒီမှာ ဘယ်သူမှ ဘလက်(လိုင်စင်မဲ့) မစီးရဲဘူး။ ပြောရရင် မရှိသလောက်ပါပဲ။ ဒါပေမဲ့ တရုတ်ဆိုင်ကယ်တွေဖြစ်တဲ့အတွက် ဈေးသက်သာတယ်။ လူအများစု သုံးနိုင်တယ်။ အသုံးဝင်တယ်ပေါ့။ ဒါပေမဲ့ မီးလိုင်းနဲ့ ပတ်သက်တာတွေမှာလည်းအချိန်မရွေး ချွတ်ယွင်းတတ်ပါတယ်" ဟု နေပြည်တော် ပျဉ်းမနားမြို့ရှိ နာမည်ရဆိုင်ကယ်ပြုပြင်ရေးလုပ်ငန်းရှင်တစ်ဦးကပြောသည်။

အရည်အသွေးကောင်းမွန်သော ထိုင်းနိုင်ငံလုပ် ဆိုင်ကယ်များ၏ တန်ဖိုးနှင့်ယှဉ်လျှင် ၃ ပုံ တစ်ပုံခန့်သာရှိသော တရုတ်ဆိုင်ကယ်များမှာ မြန်မာနိုင်ငံအထက်ပိုင်းဒေသ၏ ခရီးတိုသွားလာမှုတွင် အရေးပါနေရုံသာမက ဒေသဖွံ့ဖြိုးရေး၊ လူမှုရေး၊ ကျန်းမာရေးကဏ္ဍများတွင်လည်း များစွာအသုံးဝင်လျက်ရှိကြောင်း ဒေသခံဦးစိုးမြိုင်က ပြောသည်။

"မြို့ပေါ်တင်မဟုတ်ဘူး။ ကားလမ်းမပေါက်တဲ့ တောဘက်မှာလည်း ဆိုင်ကယ်တွေရှိကြတယ်။ သူ့ဟာနဲ့သူ အဆင်ပြေနေကြတယ်။ ယာဉ်စည်းကမ်းဟောပြောပွဲတွေလုပ်လို့ အတော်များများလည်း သဘောပေါက်လာတယ်။ လိုင်စင်ရှိတယ်။ ဗိုးတက်ရှိတယ်။ ဦးထုပ်ဆောင်းဖို့ သတိရကြတယ်။ ဒါပေမဲ့ နေပြည်တော် ပုဗ္ဗသီရိကိုလာပြီး ရောင်ပြန်စတေကာလာဝယ်ဖို့ သူတို့မှာ ဝန်လေးကြတာတွေ့ရတယ်" ဟု ၎င်းက ပြောသည်။

နေပြည်တော်သို့ လာရောက်အခြေချလုပ်ကိုင်သော မန္တလေးမြို့မှ ဝါရင့်ဝပ်ရှော့ဆရာဦးသိန်းဇော်ကလည်း "ဆိုင်ကယ်တွေ၊ ကားတွေပြင်စားလာတာ နှစ် ၃၀ လောက်ရှိပြီ။ ဘယ်နိုင်ငံကထုတ်တဲ့ကား၊ ဆိုင်ကယ်ပဲဖြစ်ဖြစ် မီးလိုင်းရယ်၊ ရောင်ပြန်စနစ်ရယ် ပါပြီးသားပဲ။ အရည်အသွေးပဲ ကွာချင်ကွာမယ်။ ဆိုင်ကယ်မှာလည်း နောက်မီးခွက်ကရောင်ပြန်ပဲ။ ဘရိတ်နင်းလိုက်ရင် မီးလင်းမယ်။ ညဘက်ရှေ့မီးထွန်းရင် နောက်မီးကလည်း အော်တိုလင်းပြီးသားပဲ။ ချွတ်ယွင်းနေရင်တော့ ပျက်မှာပေါ့။ ဆိုင်ကယ်မြို့တော်လို့ပြောတဲ့ မန္တလေးမှာတောင် ဒီလိုမကြားဖူးဘူး" ဟု၎င်း၏ အတွေ့အကြုံကို ပြောသည်။

ဆိုင်ကယ်အသုံးပြုသက်တမ်း ၁၅ နှစ်ခန့်ရှိခဲ့ပြီဖြစ်သော ဒေသခံဦးကိုကိုကလည်း "မစီးဖူးတဲ့ဆိုင်ကယ်အမျိုးအစားမရှိဘူး။ ဆိုင်ကယ်က အန္တရာယ်များတဲ့ စက်တပ်ယာဉ်ပဲ။ အစိတ်အပိုင်းအားလုံးကို ဂရုစိုက်ရတယ်။ ဆိုင်ကယ်ဦးထုပ်ကိုလည်း မဖြစ်မနေဆောင်းသင့်တယ်"ဟု ၎င်း၏အတွေ့အကြုံနှင့် ယှဉ်သောအမြင်ကို ပြောကြားခဲ့ခြင်းဖြစ်သည်။ အလျားတစ်လက်မခွဲခန့်စီရှိသော အဆိုပါတြိဂံပုံ ရောင်ပြန်စတေကာများကိုနေပြည်တော်ခရိုင်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် ဆိုင်ကယ်အံ့နာဘုတ်ပြု၍တစ်ခုလျှင် ၁,၀၀၀ ကျပ်နှုန်းဖြင့် ဝယ်ယူအသုံးပြုနိုင်ကြောင်း သိရသည်။

7DAY NEWS JOURNAL
Vol.9, No.36 • DECEMBER 2, 2010

## မျက်နှာဖုံး-အင်တာနက်ဆိုင်များအတွက် စည်းကမ်းချက်အသစ်များ ထုတ်ပြန် မှ

အခိုကကတော့ မြို့တော်ခန်းမနားက (အင်တာနက်ဆိုင်) Sky Net မှာ ဗုံးတွေ့ပြီးတဲ့နောက်ပိုင်းမှာ ဆိုင်တွေပိုပြီးတော့ လုံခြုံရေးကို အာရုံစိုက်လို့ရအောင်လို့ ပြောသွားတယ်” ဟု ကျောက်တံတားမြို့နယ်တွင် ဖွင့်လှစ်ထားသော အင်တာနက်ဆိုင်ပိုင်ရှင်တစ်ဦးကပြောသည်။

ထို့အပြင် ဆိုင်တွင်းရှိ အမှိုက်ပုံးနှင့်အိမ်သာအား စစ်ဆေးရန်သုံးစွဲသူများက အွန်လိုင်းမှ အချက်အလက်များဆွဲချခြင်း(ဒေါင်းလော့)၊ အပ်(ပ်)ဒိတ်လုပ်ခြင်းအား ကြည့်ရှုမှတ်သားရန်နှင့် အင်တာနက်ဆိုင်များတွင် ညအိပ်နေထိုင်သူများအား ဧည့်စာရင်းတိုင်ကြား ရန်ပြောကြားခဲ့ကြောင်း အစည်းအဝေးတက်ရောက်ခဲ့သူများကပြောသည်။

အဆိုပါ စည်းကမ်းများအားသက်ဆိုင်ရာကစစ်ဆေးသည့်အခါ လိုက်နာထားခြင်းမရှိပါက ဆိုင်ပိတ်သည်အထိ ပြင်းထန်စွာ အရေးယူမည်ဖြစ်ကြောင်း အစည်းအဝေးတက်ရောက်ခဲ့သူ ဆိုင်ရှင်တစ်ဦးကပြောသည်။

“ဆိုင်ကြီးတွေတောင် ဝန်ထမ်းက နှစ်ယောက်လောက်ပဲခန့်ကြတာ။ လေးယောက်ခန့်ဖို့ကတော့ မလွယ်ဘူး”ဟု ကမာရွတ်မြို့နယ်တွင် ဖွင့်လှစ်ထားသော ဆိုင်ရှင်တစ်ဦးကပြောသည်။ ယခုရက်ပိုင်းအတွင်း တာမွေမြို့နယ်တွင် ဖွင့်လှစ်ထားသော အင်တာနက်ဆိုင်တစ်ဆိုင်တွင် သုံးစွဲနေသူအားဆိုင်ရှိဝန်ထမ်းမှ လာရောက်ကြည့်ရှုမှုများရှိခဲ့ကြောင်း တာမွေမြို့နယ်တွင် နေထိုင်သူဧည့်လမ်းညွှန်တစ်ဦးကပြောသည်။

မကြာသေးမီရက်များအတွင်း ရန်ကုန်မြို့တော်ခန်းမအနီးရှိ စီးတီးစတားဟိုတယ်တွင် ဗုံးထောင်ခဲ့သူအား စီစီတီဗီကင်မရာမှ မှတ်တမ်းတင်နိုင်ခဲ့သည့် အဖြစ်အပျက်ဖြစ်ပေါ်ခဲ့ပြီးနောက် ယခုကဲ့သို့သော စည်းကမ်းများ သတ်မှတ်ပေးခဲ့ခြင်းဖြစ်နိုင်ကြောင်း ဆိုင်ရှင်များက သုံးသပ်ကြသည်။

အဆိုပါ ကြေညာချက်အား သက်ဆိုင်ရာမှ တရားဝင်စာဖြင့် ထုတ်ပြန်ခြင်းမျိုးမဟုတ်ဘဲ သက်ဆိုင်ရာမြို့နယ်အလိုက်ရှိ ရဲစခန်းများမှလာရောက်အသိပေးခြင်းဖြစ်ကြောင်း အင်တာနက်ဆိုင်များ၏ အဆိုအရသိရသည်။ မြို့တွင်းဖွင့်လှစ်ထားသော အင်တာနက်ဆိုင်များတွင် အချို့ဆိုင်ကြီးများမှာ ယခင်ကတည်းက တပ်ဆင်ထားခြင်းမျိုးရှိပြီး ယခုအခါ ဆိုင်များအားလုံး မဖြစ်မနေတပ်ဆင်ကြရမည်ဖြစ်ကြောင်းသိရသည်။

အရင်ကတည်းက ဆိုင်မှာ ပစ္စည်းပျောက်တာတို့၊ စက်ဖျက်ဆီးတာတို့ကို သိရအောင်လို့တပ်ထားတာတော့ရှိပြီးသားပါပဲ။ ဒါပေမဲ့ အခုတပ်ရမယ့်ပုံစံက လာသုံးတဲ့သူတွေ အဝင်အထွက်ကိုသိရအောင်နဲ့ User စက်တွေကိုစောင့်ကြည့်နိုင်ဖို့ တပ်ရမှာဆိုတော့ သုံးတဲ့သူအတွက် အနှောင့်အယှက်ဖြစ်မှာပဲစိုးရိမ်တယ်ဟု တာမွေမြို့နယ်၊ ကျောက်မြောင်းရပ်ကွက်မှ အင်တာနက်ဆိုင်ပိုင်ရှင်တစ်ဦးကပြောသည်။

ယခုလ ၂ ရက်က ရန်ကုန် မြို့ Sky Net အင်တာနက်ဆိုင်တွင် ချိန်ကိုက်မိုင်း ၄လုံးကို သက်ဆိုင်ရာက ရှာဖွေတွေ့ရှိခဲ့ပြီး ယင်းချိန်ကိုက်မိုင်းထောင်ခဲ့သူများကို ဆိုင်၏ စီစီတီဗီကင်မရာမှ မှတ်တမ်းတင်နိုင်မှုကြောင့် နောက်ပိုင်းတွင် အလားတူကိစ္စများကြုံရပါက အထောက်အပံ့ရနိုင်ရန် တပ်ဆင်စေခြင်းဖြစ်ကြောင်း သိရသည်။

## မျက်နှာဖုံး-ပုဂလိကစက်သုံးဆီဆိုင်များကို ရှောင်တခင် စစ်ဆေး မှ

၂၀၁၀ ဇွန်လမှစတင်၍ တစ်နိုင်ငံလုံး တစ်ပြေးညီ ဖွင့်လှစ်လုပ်ကိုင်ခွင့်ပြုခဲ့သော ပုဂ္ဂလိက စက်သုံးဆီဆိုင်များကို ဆိုင်သို့လာဝယ်သူများအား လက်လီ အမှန်တကယ်ရောင်းချခြင်းရှိမရှိ စုံစမ်းသည့်အနေဖြင့် စစ်ဆေးခြင်းဖြစ်ကြောင်း ၎င်းတို့ကပြောသည်။

ပုဂ္ဂလိကစက်သုံးဆီဆိုင်များက ဆိုင်သို့ ဓာတ်ဆီလာဝယ်သူများအား နိုဝင်ဘာလဆန်းမှစ၍ ဆီအကန့်သတ်ဖြင့် ရောင်းပြီး၊ ပြင်ပဈေးကွက်၌ ဓာတ်ဆီဈေးတက်လာပြီးနောက် ထိုသို့ သက်ဆိုင်ရာက ရှောင်တခင်စစ်ဆေးမှုပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ထို့အပြင် ပုဂ္ဂလိကစက်သုံးဆီဆိုင် ဖွင့်လှစ်ထားသော လုပ်ငန်းရှင် ၄၀ ဦးဝန်းကျင်အား စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူများက နိုဝင်ဘာ ၁၇ရက်တွင် နေပြည်တော်သို့ အစည်းအဝေးခေါ်ခဲ့သည်။ ထိုအစည်းအဝေးတွင် စက်သုံးဆီဝယ်ယူသူများက စာပို့၍ ဝေဖန်အကြံပြုသည်များကို သက်ဆိုင်ရာတာဝန်ရှိသူက လုပ်ငန်းရှင်တစ်ဦးချင်းအလိုက် အသိပေးသည်။ စက်သုံးဆီရောင်းဝယ်မှုအဆင်ပြေစေရန် တာဝန်ရှိသူများက မှာကြားမှုများပြုလုပ်ပြီး လုပ်ငန်းရှင်အချို့က ဆီရောင်းဝယ်မှု ပိုမိုအဆင်ပြေအောင် ရောင်းဝယ်မည်ဟု လက်မှတ်ရေးထိုးကြကြောင်း အစည်းအဝေးတက်ရောက်ခဲ့သော လုပ်ငန်းရှင်များကပြောသည်။


ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)
ပုံစာ

သက်ဆိုင်ရာက ပုဂ္ဂလိကမှ ဒီဇယ်တင်သွင်းခွင့်ကို ၂၀၀၉ခုနှစ်မှ စတင်ခွင့်ပြုခဲ့ပြီး ဓာတ်ဆီတင်သွင်းခွင့်အား ၂၀၁၀ ဇူလိုင်မှ စတင်ခွင့်ပြုထားသည်။ “နိုင်တီတူး(အောက်ပတိန်း 92)ကို အသွင်းနည်းနေကြတယ်။ ဓာတ်ဆီသိုလှောင်မှုအတွက် မပြင်ဆင်ရသေးလို့။ အောက်ပတိန်းကိုတော့ လုပ်ငန်းရှင်တွေ ပေါင်းသွင်းနေကြပါတယ်”ဟု ပုဂ္ဂလိကစက်သုံးဆီဆိုင် ဖွင့်လှစ်ထားသော လုပ်ငန်းရှင်တစ်ဦးကပြောသည်။

သို့သော် ပြည်တွင်း စက်သုံးဆီဈေးကွက်တွင် ဓာတ်ဆီကို ပြည်ပမှ သွင်းသည့် အရည်အသွေးကောင်းသောဆီထက်၊ ပြည်တွင်းထုတ် အဆင့်နိမ့်သောဆီမှာ ဝယ်လိုအားပိုကောင်းနေသည်။ “နယ်ဈေးကွက်ကအစ 92 က ဆီစားတယ်။ မြန်မာဆီက ဆီစားသက်သာတယ်ဆိုပြီး၊ 92 ကို အဝယ်နည်းတယ်”ဟု စက်သုံးဆီဈေးကွက်ကျွမ်းကျင်သူတစ်ဦးကပြောသည်။ ထို့ကြောင့် စက်သုံး ဆီဆိုင်များက ခွဲတမ်းဖြင့်ရပြီး၊ ရောင်းပေးသော ပြည်တွင်းဆီမှာ 92 ဆီများထက် ဝယ်အားပိုကောင်းနေခြင်းဖြစ်သည်။

ပြင်ပဈေးကွက်တွင် ဓာတ်ဆီဝယ်လိုအားကောင်းလာခြင်းကြောင့် နိုဝင်ဘာလဆန်းမှစ၍ တစ်ဂါလန် ၃,၅၀၀ ကျပ်အထက်တွင်သာ ဈေးပေါက်နေသည်။ ဓာတ်ဆီဈေးမှာ လုပ်ငန်းရှင်များ ပြည်ပမှ တင်သွင်းမှုများ လာလျှင် ဆိုင်မှ လက်ရှိရောင်း ဈေး ၂,၅၀၀ ကျပ်မှ အနည်းငယ်ဈေးတိုးရောင်းခွင့်ပြုလျှင် ဝယ်လိုအားများ၍ ဈေးတက်ခြင်းမှာ ငြိမ်သက်သွားမည်ဟု ဈေးကွက်ကျွမ်းကျင်သူများကပြောသည်။ သို့သော် ဒီဇယ်မှာ တစ်ဂါလန်လျှင် ၂,၉၀၀ ကျပ်ဝန်းကျင်ဖြင့် ဈေးငြိမ်နေသည်။

တစ်နိုင်ငံလုံးတွင် ဓာတ်ဆီမှာ တစ်ရက်ဝယ်လိုအား ဂါလန် ၁၅၀,၀၀၀ ဝန်းကျင်ရှိကြောင်းဈေးကွက်ကျွမ်းကျင်သူများက ပြောသည်။ ဓာတ်ဆီကို ပုဂ္ဂလိကစက်သုံးဆီဆိုင်များတွင် တစ်ဂါလန် ၂,၅၀၀ ကျပ်ထက် မပိုသောနှုန်းဖြင့် ရောင်းချရန် သက်ဆိုင်ရာက သတ်မှတ်ထားသည်။

## စာ-၃၊ အမြန်လမ်းမကြီးပေါ်တွင် တစ်ပတ်အတွင်း ယာဉ်နှစ်စီးမှောက်ပြီး လူခုနစ်ဦးသေ မှ

ထိုလမ်းမကြီးကို မကြာခဏ အသုံးပြုမောင်းနှင်နေသော နေပြည်တော်ပျဉ်းမနားမြို့မှ ယာဉ်မောင်း ဦးကိုကြီးဆိုသူကလည်း“ကျွန်တော်ခရီးသည်ပို့ခဲ့တာ အနည်းဆုံးဆယ်ခေါက်လောက်ရှိခဲ့ပြီ။ ဘာမှမဖြစ်ခဲ့ဘူး။ အဓိကကတော့ မောင်းကောင်းတိုင်း မမောင်းဖို့ဘဲ အကြံပေးချင်တယ်”ဟု အကြံပြုသည်။

ရန်ကုန်ရှိကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့၊ ယာဉ်မှုစစ်ဌာနမှ တာဝန်ရှိသူကလည်း အမြန်လမ်းမကို အသုံးပြုသည့်ကားများကို အောက်ပါအတိုင်းအကြံပြုသည်။ “မြန်မာပြည်မှာ အဲဒီလောက်ကောင်းတဲ့ ဟိုင်းဝေးလမ်းမကြီးကလည်း မရှိတဲ့အတွက် အိမ်စီးကားတွေက အရှိန်ပြင်းပြင်းနဲ့မောင်းနှင်ကြတယ်။ အဲဒါကြောင့် အဖြစ်များတယ်။ အမှန်ဆို ကွန်ကရစ်လမ်းကို သတ်မှတ်မိုင်နှုန်းထက်တောင် အနည်းငယ်လျှော့မောင်းသင့်တယ်”

လူသုံးဦးသေဆုံးခဲ့သော နိုဝင်ဘာ ၂၆ရက်နံနက်အစောပိုင်း ယာဉ်တိမ်းမှောက်မှု ဖြစ်ပွားပုံမှာ နေပြည်တော်မှ ရန်ကုန်သို့ အပြန် (၂၇/၃၃၉)အိမ်စီးအပြာရောင် စတပ်ဗ်ကားသည်ည ၂း၀၀ နာရီ အချိန်တွင် ငါးဆူတောင်ရဲဘက် စခန်းသို့ အရောက်တွင် ရှေ့ဘီးပေါက်၍လမ်းချော်ကာ နှစ်ပတ်လိမ့်သွားပြီး ကွန်ကရစ်လောင်းစက်နှင့်ဝင်ဆောင့်ကာရပ်တန့်သွားသည်။ ကားပေါ်ပါ လေယာဉ်မယ်တစ်ဦးနှင့် အခြားဝန်ထမ်းအမျိုးသမီးနှစ်ဦးတို့ သေဆုံးကာ ခေါင်းခန်းမှ အမျိုးသားနှစ်ဦးမှာလည်း အရေးပေါ်ဌာနသို့ တင်ထားခဲ့ရသည်။

“ကားကတော့ ပုံမှန်သတ်မှတ်နှုန်းပဲ မောင်းတာ။ ဒါပေမဲ့ ရှေ့ဘီးပေါက်ရင် ဘယ်လိုမှ အရှိန်ထိန်းလို့မရဘူး။ အရှေ့မှာသာ ကွန်ကရစ်လောင်းတဲ့စက်မရှိဘူး ဆိုရင် ချောက်ထဲကို သုံးလေးငါးပတ်လိမ့်ပြီး ကျသွားနိုင်တယ်။ ကားပေါ်ပါလာတဲ့ ငါးယောက်လုံးက သူငယ်ချင်းတွေပဲ။ အလုပ်ကိစ္စနဲ့ နေပြည်တော်ကနေပြန်လာတာလို့သိရတယ်။ အမြန်လမ်းမပေါ်မှာ အိမ်စီးကားတွေ မှောက်တာများတယ်။ ၁၀လပိုင်းလောက်တုန်းကလည်း အဲဒီလိုပဲ ကားမှောက်ပြီးလူသုံးဦးသေသွားတယ်။ အဲဒီကားကတော့ ချောက်ထဲကို ကျသွားတယ်။ ပြန်ဆယ်ဖို့ တစ်ရက်နှစ်ရက်လောက်ကြာတယ်”ဟု ငါးဆူတောင်ရဲစခန်းမှတာဝန်ရှိသူကဆက်လက်ပြောကြားသည်။

အဆိုပါ ကားမှောက်မှုအား ငါးဆူတောင်ရဲစခန်းမှ (ပ)၈၃/၁၀၄/က၊ ၃၃၈ အရ အမှုဖွင့်အရေးယူထားကြောင်းသိရသည်။

နိုဝင်ဘာ ၂၃ ရက်က ဖြစ်ပွားခဲ့သော ယာဉ်တိုက်မှုကို ဖောင်တော်သီရဲစခန်းတွင် အမှုဖွင့်ထားကြောင်းလည်း သတင်းရရှိသည်။

## မျက်နှာဖုံး-ယာဉ်မောင်း လိုင်စင်သက်တမ်းတစ်နှစ်ထပ်တိုး မှ

က၊ ခ၊ ဂ၊ ဃ၊ င၊ ဌ၊ စ လိုင်စင်များကို ၃ နှစ်သက်တမ်း ပြောင်းလဲသတ်မှတ်ခြင်းဖြစ်ကြောင်းသိရသည်။ ယာဉ်မောင်းလိုင်စင် သက်တမ်းတိုးမြှင့်လိုက်သော်လည်း လိုင်စင်ပြုလုပ်ရမည့် လုပ်ထုံးလုပ်နည်းများပြောင်းလဲမှုမရှိဘဲ ၃ နှစ်စာအတွက် သတ်မှတ်နှုန်းထားများပေးဆောင်ရမည်ဖြစ်သည်။ ယခင်က (သ)ယာဉ်မောင်းလိုင်စင်ကို သက်တမ်း ၁နှစ်၊ ကျန်ယာဉ်မောင်းလိုင်စင်များကို သက်တမ်း ၂နှစ် သတ်မှတ်ကာ ဆောင်ရွက်ပေးခဲ့သည်။

‘သက်တမ်း ၃ နှစ်တိုးလိုက်တော့ လိုင်စင်သက်တမ်းတိုးရတာ ပိုကောင်းပြီး သက်သာတာပေါ့။ ဒီနှစ်သက်တမ်းတိုးမှ Smart Card လိုင်စင်ရမှာ။ ပြီးတော့ ၃နှစ်သက်တမ်းနဲ့လည်း အကျုံးဝင်သွားတယ်’ဟု ယာဉ်မောင်းလိုင်စင် ၈နှစ်ကြာ ကိုင်ဆောင်ထားသူ ကုမ္ပဏီဝန်ထမ်းတစ်ဦးကပြောသည်။

ယခုအခါ လုံခြုံမှုအဆင့်အတန်းကို ထိန်းသိမ်းနိုင်ပြီး လိုင်စင်အတုပြုလုပ်ရန် မလွယ်ကူသည့် Smart Card လိုင်စင်ဖြင့် ဆောင်ရွက်နေပြီဖြစ်ရာ လုပ်ငန်းများမှန်ကန်မြန်ဆန်ရေး၊ လိုင်စင်ကိုင်ဆောင်သူများ ပိုမိုအဆင်ပြေစေရေးအတွက် ယာဉ်မောင်းလိုင်စင်သက်တမ်းများတိုးမြှင့်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။အဆိုပါ Smart Card လိုင်စင်များကို ပြီးခဲ့သည့်မတ်လ ၁၀ ရက်မှစတင်ထုတ်ပေးခဲ့ခြင်းဖြစ်ပြီး ယခုအခါ ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ Smart Card တစ်သိန်းကျော်ထုတ်ပေးပြီးဖြစ်သည်။





# Education

7DAY NEWS JOURNAL

Vol.9, No.36 • DECEMBER 2, 2010



# ယနေ့ပညာရေး

နေလင်းထွန်း

မြန်မာနိုင်ငံတွင်ပုဂ္ဂလိကပညာရေးလုပ်ငန်းများအရှိန်အဟုန်ကောင်းလာသည်။ ပြည်ပပညာရေးဝန်ဆောင်မှုကုမ္ပဏီများ၊ နိုင်ငံခြားဘာသာစကားသင်တန်းများ၊အင်တာနေရှင်နယ်ကျောင်းများ၊ လုပ်ငန်းခွင်ဆိုင်ရာသင်တန်းကျောင်းများယခုနောက်ပိုင်း ပိုတိုးလာသည်။ ဘဝအတွက် အလုပ်အတွက် ထိုသင်တန်းနှင့် ကျောင်းများသို့ တက်ရောက်သူများလည်း မကုန်ခန်းအောင် များနေဆဲ။

"ဘာပဲဖြစ်ဖြစ်ပညာရေးနဲ့ ပတ်သက်တဲ့ အပြောင်းအလဲတွေလိုအပ်နေပါတယ်။ အခုလွတ်လွတ်လပ်လပ်လုပ်လို့ရနေတယ်။ ဒါပေမဲ့ ဒီထက်စနစ်တကျ လုပ်ဖို့လိုပါတယ်" ဟု ပြည်ပပညာရေးဝန်ဆောင်မှုတစ်ခု၏ မန်နေဂျင်းဒါရိုက်တာတစ်ဦးကဆိုသည်။

"အပြောင်းအလဲအနေနဲ့က မျှမျှတတဖြစ်ဖို့လိုပါတယ်။ အချိန်လည်းလိုအပ်ပါတယ်။ ဥပဒေပြဋ္ဌာန်းလိုက်တာက ပညာရေးလုပ်ငန်းတွေနည်းသွားအောင် လုပ်တာထက်ပိုကောင်းအောင်လုပ်ဖို့လိုပါတယ်။ ချက်ချင်း လုပ်လို့လည်းမရပါဘူး။ အချိန်ပေးရမှာပါ။ စင်ကာပူမှာ အခုလုပ်နေတာကအဆင့်အမျိုးအစား ငါးခုရှိတယ်။ ဒီမှာ မနှစ်ကလုပ်လိုက်တာနှစ်ခုပဲရှိတယ်။ ပေးတယ်နဲ့ မပေးဘူးဘဲ" ဟုပုဂ္ဂလိက ပညာရေးလုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက သုံးသပ်သည်။

လက်ရှိချိန်တွင်ပုဂ္ဂလိက ပညာရေးလုပ်ငန်းအများစုသည် အထိန်းအကွပ်မရှိသလောက် လွတ်လပ်စွာလုပ်ကိုင်ခွင့်ရလျက်ရှိသည်။

ပြည်ပပညာရေးဝန်ဆောင်မှုကုမ္ပဏီများအနေဖြင့်ကျောင်းသားများနိုင်ငံရပ်ခြားတွင်သွားရောက်ပညာသင်ယူရန်အကြံပေးစည်းရုံးခြင်း၊ ဟောပြောခြင်း၊ မီဒီယာများတွင်ဖော်ပြခြင်း၊ ဝန်ဆောင်ခရယူခြင်းစသည်တို့တွင် မိမိတို့သဘောကျဆောင်ရွက်ခွင့်ရလျက်ရှိသည်။

အင်တာနေရှင်နယ်ကျောင်းများ၊ နိုင်ငံခြားဘာသာစကား သင်တန်းများ၊ လုပ်ငန်းခွင်ဆိုင်ရာသင်တန်းများ၊ နိုင်ငံတကာအသိအမှတ်ပြုလက်မှတ်ပေးသင်တန်းများနှင့်ပတ်သက်၍ သင်တန်းအဆောက်အအုံ(အခန်း)၊ သင်ရိုးညွှန်းတမ်း၊ သင်ထောက်ကူပစ္စည်း၊ ဆရာ၊ ဆရာမအရည်အချင်း သတ်မှတ်ချက်၊ ပညာရေးဆိုင်ရာအာမခံချက်၊ ငွေကြေးဆိုင်ရာအာမခံချက် စသည့်အခြေခံစည်းမျဉ်းစည်းကမ်းဥပဒေများလည်းမရှိသေးပေ။

"တကယ်တမ်းကဝန်ဆောင်မှုကုမ္ပဏီအနေနဲ့လုပ်ထားတာပါ။ အလွတ်ဘာသာရပ်သင်တန်းအနေနဲ့ဖွင့်ထားတာပေါ့။ အရင်ကသမဝါယမဝန်ကြီးဌာနအောက်ကပေးတယ်။ အခုတော့မပေးတော့ဘူး"ဟု ယူကေအသိအမှတ်ပြုလက်မှတ်သင်တန်း ဖွင့်လှစ်နေသူတစ်ဦးကဆိုသည်။

ယခင်ကဗြိတိန်(ယူကေ)နိုင်ငံမှသင်ရိုးညွှန်းတန်းကို သင်ကြားသည့် နိုင်ငံတကာအသိအမှတ်ပြုသင်တန်းမှသည် ယခုအခါ အမေရိကန်၊ ဩစတြေးလျတို့သာမက အိမ်နီးချင်းနိုင်ငံများဖြစ်သော စင်ကာပူ၊မလေးရှားနှင့်ထိုင်း နိုင်ငံတို့မှအသိအမှတ်ပြုလက်မှတ်ပေးသောသင်တန်းများလည်းပေါ်ပေါက်လာကြသည်။

၂၀၁၀တွင် သတင်းကြီးခဲ့သော်လည်း လက်တွေ့အကောင်အထည်မဖော်နိုင်သေးသော ပုဂ္ဂလိကကျောင်းဖွင့်ခွင့်နှင့် ပုဂ္ဂလိကပညာရေးဥပဒေ ၂၀၁၁တွင်ပြောင်းလဲမှုများရှိနိုင်မည်လားဆိုခြင်းနှင့်ပတ်သက်၍

ဆက်လက်ဖတ်ရှုရန် →

## စင်ကာပူနှင့် မလေးရှားရှိ တက္ကသိုလ်၊ကောလိပ်များ၏ ကျောင်းလခများမြင့်တက်

နေလင်းထွန်း

ရန်ကုန်၊နိုဝင်ဘာ – ၂၀

မြန်မာကျောင်းသားများ သွားရောက်ပညာသင်ယူလျက်ရှိသည့် စင်္ကာပူနှင့်မလေးရှားနိုင်ငံတို့ရှိ တက္ကသိုလ်များ၊ ကောလိပ်များ၏ကျောင်းလခများလာမည့် ၂၀၁၁ခုနှစ်မှစတင်ကာမြင့်တက်တော့မည်ဖြစ်သည်။

၂၀၁၁ခုနှစ်ပညာသင်နှစ်အတွက် ကျောင်းလခနှုန်းထားများထွက်ရှိလာရာ ယခင်နှစ်များထက် မြင့်တက်သွားခြင်းဖြစ်ပြီး သက်ဆိုင်ရာဘာသာရပ်အလိုက် ကျောင်းလခနှုန်းထားများကွဲပြားလျက်ရှိကြောင်းသိရသည်။

"ပီအက်စ်ဘီ (PSB)စင်ကာပူက စီးပွားရေးဒီဂရီဘွဲ့အတွက် စင်ကာပူဒေါ်လာလေးသောင်းလေးထောင်ကျော်ဖြစ်သွားတယ်။ အင်ဂျင်နီယာကတော့ မတက်ဘူး။ အိုင်တီကတော့ နည်းနည်းပဲတက်တယ်။ တေလာယူနီဗာစတီ(မ လေးရှား)က သက်ဆိုင်ရာဘာ သာရပ်အလိုက် အများဆုံးအမေရိကန်ဒေါ်လာငါးထောင်ကနေ အနည်းဆုံးအမေရိကန်ဒေါ်လာတစ်ထောင်ကျော်အထိတက်တယ်" ဟု ပညာရေးဝန်ဆောင်မှုတစ်ခု၏ တာဝန်ရှိသူတစ်ဦးကဆိုသည်။

ထိုသို့ကျောင်းလခများမြင့်တက်ရာတွင် အချို့တက္ကသိုလ်များ၊ ကောလိပ်များ၏ကျောင်းလခနှုန်းထားများကို ထုတ်ပြန်ခြင်းမရှိသေးကြောင်းသိရသည်။

## ဩစီတွင်ကျောင်းပြီး အလုပ်လုပ်မည့်သူများကို လိုအပ်ချက်များပိုမြင့်

သီဟ

ရန်ကုန်၊နိုဝင်ဘာ – ၁၇

ဩစတေးလျနိုင်ငံတွင် ကျောင်းတက်ပြီးပါက အလုပ်လုပ်ရန်အစီအစဉ်ရှိသည့် ကျောင်းသားကျောင်းသူများအတွက် လာမည့် ၂၀၁၁ ဇူလိုင်လမှစ၍ လုပ်ငန်းအတွေ့အကြုံနှင့် အင်္ဂလိပ်စာလိုအပ်ချက်များကို ပိုမိုမြင့်တင်လိုက်ပြီဖြစ်ကြောင်း သိရသည်။



အဆိုပါ စနစ်အရ အလုပ်လုပ်ရန် Skill Immigration ဗီဇာလျှောက်ထားလိုသူများသည် လုပ်ငန်းအတွေ့အကြုံရှိရန်လိုအပ်ပြီး အင်္ဂလိပ်စာလိုအပ်ချက် အနေဖြင့် အနိမ့်ဆုံး IELTS 7.0 ရရှိရန်လိုအပ်ကြောင်း သိရသည်။

ထို့ကြောင့် ဩစတေးလျတွင် ကျောင်းတက်မည်ဆိုပါက လုပ်ငန်းအတွေ့အကြုံအား ကျောင်းမလျှောက်ခင်ကပင် ကြိုတင်ပြင်ဆင်ထားရန်လိုအပ်ပြီး ကျောင်းတက်ပါကလည်း မိမိ၏ အင်္ဂလိပ်စာအဆင့်အတန်းအား အနိမ့်ဆုံး IELTS 7.0 ရရှိထားရန်လိုအပ်ကြောင်း ပညာရေး အတိုင်ပင်ခံတစ်ဦးကပြောကြားသည်။

အဆိုပါ စနစ်သစ်အရ ဩစတေးလျတွင် အလုပ်အကိုင်ရှာဖွေရန်အတွက် အသက် ၂၅ နှစ်မှ ၃၂နှစ်အရွယ်များသည် အခွင့်အရေးပိုမိုရရှိနိုင်ပြီး အမှတ်စနစ်အရ IELTS 7.0 ရရှိသူများသည် ၁၀ မှတ်ရရှိမည်ဖြစ်သည်။အဆိုပါ အမှတ်အောက်နိမ့်၍ ရရှိသူများသည် မည်သည့်အမှတ်မျှ ရရှိမည်မဟုတ်ကြောင်းသိရသည်။

ပညာရေးသတင်းတိုများ

## ထွန်းဖောင်ဒေးရှင်းဘဏ် ပညာသင်ဆု လျှောက်ထားနိုင်သည့် နောက်ဆုံးအချိန်

ရန်ကုန်၊ နိုဝင်ဘာ – ၂၇

ထွန်းဖောင်ဒေးရှင်းဘဏ် ပညာသင်ထောက်ပံ့ကြေးအတွက် ၂၀၁၁ခုနှစ် ဇန်နဝါရီလ၃ရက် နောက်ဆုံးထား၍ ထွန်းဖောင်ဒေးရှင်းဘဏ်ရုံးချုပ်သို့ လျှောက်ထားနိုင်ကြောင်းသိရသည်။ ၂၀၁၀ခုနှစ် မတ်လတွင် ကျင်းပခဲ့သော တက္ကသိုလ်စာမေးပွဲအောင်မြင်ထားသူများအနေဖြင့် နေ့စဉ်သတင်းစာများတွင်ပါရှိသော လျှောက်လွှာနမူနာပုံစံအတိုင်း လျှောက်ထားရမည်ဖြစ်သည်။

## ဩစတြေးလျအစိုးရမှ ပေးသော ပညာသင်ဆု မြန်မာကျောင်းသား၁၂ဦးရ

ရန်ကုန်၊ နိုဝင်ဘာ – ၁၂

ဩစတြေးလျအစိုးရမှ မြန်မာကျောင်းသားများအတွက် ပထမဆုံးပေးအပ်သည့် ပညာသင်ဆုအတွက် မဟာဘွဲ့နှင့် ပါရဂူဘွဲ့သင်တန်းများ တက်ရောက်ရန် ကျောင်းသား၁၂ဦးရွေးချယ်ခံရကြောင်း ဩစတြေးလျသံရုံးမှ သိရသည်။ ဩစတြေးလျနိုင်ငံရှိ တက္ကသိုလ်တစ်ခုတွင် မဟာဘွဲ့နှင့် ပါရဂူဘွဲ့ ပညာရပ်များသင်ကြားနိုင်ရန် ယခုနှစ်ဇွန်လနောက်ဆုံးထား၍ လျှောက်ထားခဲ့ကြသော ကျောင်းသားများထဲမှ ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

## ကွန်ပျူတာဂရပ်ဖစ်ဒီဇိုင်းပြိုင်ပွဲ လျှောက်လွှာတင်ရမည့်ရက်

ရန်ကုန်၊ နိုဝင်ဘာ – ၂၀

နှစ်စဉ်ကျင်းပလျက်ရှိသော ကွန်ပျူတာဂရပ်ဖစ်ဒီဇိုင်းပြိုင်ပွဲအတွက် ဒီဇင်ဘာလ ၁ရက်မှ ၃၁ရက်အတွင်း လျှောက်လွှာတင်သွင်းရမည်ဖြစ်ကြောင်း Horizon အင်တာနေရှင်နယ်ကျောင်းမှ သိရသည်။ အင်တာနေရှင်နယ်ကျောင်းများနှင့် အခြေခံပညာကျောင်းမှ ကျောင်းသားများ ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး ၂၀၁၁ဇန်နဝါရီလ ၈ရက်နှင့်၉ရက်တွင် ပြိုင်ပွဲကျင်းပမည်ဖြစ်သည်။

အောင်ဝင်းစိုး
ဆေးပညာ (ဝင်ရှင်း)
(Cafe & Bakery Shop)
၂။ Waitress မ (၄) ဦး
အမှတ် (၁၈၀/၁၈၂)၊ ဗိုလ်တထောင်ဘုရားလမ်း (အလယ်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဦးအောင်ဝင်း
(L.C.C.I)
သင်တန်းများ DEC 18 (Sat) စမည်။
ခုံနံပါတ်ယူထားနိုင်သည်။
☎ - 371741, 240824, 381350

7DAY NEWS JOURNAL
Vol.9, No.36 • DECEMBER 2, 2010

# တိုကျိုမြို့ရှိ ဘာသာစကားသင်ကျောင်းနှစ်ကျောင်းတွင် မြန်မာများတက်ရောက်နိုင်ရန် စီစဉ်

သီဟ

ရန်ကုန်၊

နိုဝင်ဘာ - ၂၄

ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ ဘာသာစကားသင်တန်းကျောင်း နှစ်ကျောင်းဖြစ်သော The Tokyo Foreign Language Academy နှင့် TOKYO Institute of Language Center တို့တွင် ဂျပန်ဘာစကားသွားရောက်သင်ယူနိုင်ရန် အတွက် ဝန်ဆောင်မှုစတင်နေပြီဖြစ်ကြောင်း ပညာရေးအေဂျင်စီတစ်ခုဖြစ်သည့် Myanmar Search International(MSI) မှသိရသည်။

အဆိုပါကျောင်းများသို့ တက်ရောက်နိုင်ရန်အတွက် အတန်းပညာအနေဖြင့် ၁၂ တန်းအောင်မြင်ရမည်ဖြစ်ပြီး ဂျပန်ဘာသာစကားအရည်အချင်းမှာ JLPT Level 4 အနည်းဆုံးရှိရမည်ဖြစ်သည်။

ကျောင်းလျှောက်ထားသူများသည် အသက်ကန့်သတ်ချက်အားဖြင့် ၃၅နှစ်အထိသာလျှောက်ထားနိုင်ကြောင်း သိရသည်။

အဆိုပါ ဘာသာစကားသင်ကျောင်းများမှ အောင်မြင်ပါက TOKYO University, WASATA University, NIHON University အစရှိသည့် တက္ကသိုလ်များသို့လည်း ဆက်လက်တက်ရောက်နိုင်သည်။ထို့အပြင် ဘာသာစကားသင်တန်းတက်ရောက်နေစဉ်အချိန်၌ ကျောင်းခေါ်ချိန်ပြည့်မီခြင်း၊ အမှတ်ကောင်းခြင်းတို့ ရရှိပါက ပညာသင်ဆုလျှောက်ထားရန် ကျောင်းမှ လမ်းညွှန်မှုများ ပြုလုပ်ပေးမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းကာလမှ တစ်နှစ်ခွဲမှ ၂ နှစ်အထိကြာမြင့်မည်ဖြစ်ပြီး ကျောင်းတက်နေစဉ်အတွင်း တစ်ပတ်လျှင် ၂၈ နာရီ အလုပ်လုပ်ခွင့်ရှိမည်ဖြစ်ကြောင်း သိရသည်။

# မလေးရှားမှ လေယာဉ်မောင်းသင်တန်းကို ကန်ဒေါ်လာငါးသောင်းဖြင့် တက်ရောက်နိုင်

နေလင်းထွန်း

ရန်ကုန်၊

နိုဝင်ဘာ - ၂၄



မလေးရှားနိုင်ငံရှိ Aisa Pacific Flight Training Academy တွင်လေယာဉ်မောင်းသင်တန်းတက်ရောက်လိုသူများအတွက် အမေရိကန်ဒေါ်လာ ငါးသောင်း (ကျပ်သိန်းငါးရာဝန်းကျင်) ဖြင့် ဝန်ဆောင်မှု ဆောင်ရွက်မည်ဖြစ်ကြောင်း Penta Luck ကုမ္ပဏီဒါရိုက်တာဖြစ်သူ ဦးနေဝင်းက ပြောသည်။ ဦးနေဝင်းမှာ ရုပ်ရှင်မင်းသားကြီး ဦးကျော်ဟိန်း၏ သားဖြစ်သည်။

လေယာဉ်မောင်းသင်တန်းသည်တစ်နှစ်နှင့် ခြောက်လကြာမြင့်မည်ဖြစ်ပြီး ပုံမှန်ဒီပလိုမာသင်တန်းကြေးမှာ အမေရိကန်ဒေါ်လာရှစ်သောင်းဖြစ်ကြောင်း သိရသည်။ သို့သော် မြန်မာကျောင်းသားများအနေဖြင့် ဒီပလိုမာလက်မှတ်ရရှိမည် မဟုတ်ကြောင်းနိုဝင်ဘာ ၂၄ ရက်တွင် ကျင်းပခဲ့သည့် ကျောင်းမိတ်ဆက်ပွဲ၌ တာဝန်ရှိသူများက ပြောသည်။

"မြန်မာကျောင်းသားတွေအတွက် ဟိုဘက်က တာဝန်ရှိတဲ့သူတွေနဲ့ ညှိနှိုင်းထားတာပါ။ ဒီဈေးနှုန်းနဲ့က လာမယ့် ဒီဇင်ဘာလကုန်ထိမှာ ကျောင်းအပ်ရမှာပါ။ နောက်ပိုင်းကျရင်တော့ ဒီကျောင်းလခအတိုင်း ဖြစ်ဖို့ကတော့ မသေချာပါဘူး"ဟုရင်းသင်တန်းကျောင်းမှ သင်တန်းဆရာတစ်ဦး ဖြစ်သော ဦးနေဝင်းသိန်းက ပြောသည်။

## စာ - ၂၁၊ ယနေ့ပညာရေး မှ

"လာမယ့်နှစ်မှာတရား ဝင်ဖွင့်ခွင့်ရမရတော့ဘာမှမကြားသေးဘူး" ဟုပုဂ္ဂလိကကျောင်းဖွင့်ခွင့်ရစာရင်းဝင်ဘော်ဒါလုပ်ငန်းပိုင်ရှင်တစ်ဦးကပြောသည်။

၂၀၁၁ ပညာသင်နှစ်တွင် ဘော်ဒါဆောင်များ တရားဝင်ပုဂ္ဂလိက ကျောင်းအဖြစ်ရပ်တည်ခွင့်ရမည်လားဆိုသည်ကို ဘော်ဒါဆောင်ပိုင်ရှင်များ၊ ကျောင်းသားမိဘများ၊ ပညာရေးနယ်ပယ်မှ ကျွမ်းကျင်သူများနှင့်လေ့လာသူများက စောင့်ကြည့်လျက်ရှိသည်။

ဥပဒေထွက်ရှိလာပါကလည်း မည်သည့်စည်းမျဉ်း၊ စည်းကမ်းများပါဝင်လာမည်ကိုစိတ်ဝင်စားလျက်ရှိကြသည်။ပုဂ္ဂလိကကျောင်းတရားဝင်ဖွင့်လှစ်ခွင့်နှင့်ပတ်သက်၍နာမည်ကြီးအင်တာနေရှင်နယ်ကျောင်းအချို့လည်းမျှော်လင့်လျက်ရှိသည်။ ၎င်းဥပဒေထွက်ရှိလာပါက မြန်မာ့ပညာရေးသမိုင်းတွင်အပြောင်းအလဲတစ်ခုဖြစ်လာမည်ဖြစ်ကြောင်းပညာရေးလေ့လာသူများက သုံးသပ်ကြသည်။ စင်ကာပူ၊ ယူကေ၊ ဩစတြေးလျနိုင်ငံများရှိ တက္ကသိုလ်၊ ကောလိပ်များသို့သွားရောက်နိုင်ရန် ဝန်ဆောင်မှုပေးနေသူတစ်ဦးကမူ အဆိုပါဥပဒေထွက်ရှိလာလျှင်ပင်မှ ၎င်းတို့လုပ်ငန်းအား သက်ရောက်မှုမရှိနိုင်သေးကြောင်း သုံးသပ်သည်။ "လွတ်နေတယ်။ ကျွန်တော်တို့ကိုတိုက်ရိုက်သက်ရောက်မှု မရှိနိုင်ဘူး။ ဒါပေမဲ့တစ်ခါတလေ မဆိုင်တာတော့ဖြစ်လာနိုင်တာပေါ့"ဟု၎င်း၏အမြင်ကိုပြောသည်။

အထက်ပါဥပဒေသည်ကျူရှင်ကျောင်းများနှင့်သာ ပတ်သက်ပြီး ပညာရေးဝန်ဆောင်မှုလုပ်ငန်းများ၊ နိုင်ငံခြားဘာသာရပ်သင်ကျောင်းများနှင့်သက်ဆိုင်ခြင်းမရှိသေးကြောင်း အဆင့်မြင့်ပညာရေးအရာရှိဟောင်းကဆိုသည်။

မြန်မာ ကျောင်းသားများသည်စာတတ်မြောက်မှု၊ ကျောင်းအပ်နှံမှုနှုန်းမြင့်မားသော်လည်း အဆင့်မြင့်ပညာများဆက်လက်သင်ယူမှု၊ အတန်းကျောင်းပြီးဆုံးမှု၊ ကျောင်းတက်ရောက်မှုများတွင် အားနည်းမှုရှိနေကြောင်းဝေဖန်သုံးသပ်မှုများ ရှိနေသည်။

ပညာရေးတွင် အဆင့်မြင့်ဘာသာရပ်(Acadamic)နှင့် လုပ်ငန်းခွင်ဆိုင်ရာဘာသာရပ် (Vocational) ဟူ၍ရှိရာမြန်မာလူငယ်များသည်လုပ်ငန်းခွင်ဆိုင်ရာဘာသာရပ်များဦးစားပေးရွေးချယ်လျက်ရှိသည်။

"နိုင်ငံတကာမှာတော့ Academic နဲ့Vocational ဆိုပြီးရှိပေမယ့် ဒီမှာကတော့ Vocational ဘက်ကိုပိုလိုက်ကြတယ်။ ကျောင်းပြီးရင်အလုပ်ရနိုင်မယ့်ဘာသာရပ်ကိုရွေးချယ်ကြတယ်။ အဆင့်မြင့်ပညာရပ်တွေကိုဆက်လက်သင်ယူတာနည်းလာတယ်" ဟုပြည်တွင်း၊ ပြည်ပ ပညာရေးအားစိတ်ဝင်စားလေ့လာနေသူတစ်ဦးကသုံးသပ်သည်။ အဆင့်မြင့် ပညာရပ်များလေ့လာဆည်းပူးသူ လျော့နည်းလာပါကပြည်တွင်းတွင် အသိပညာရှင်၊ အတတ်ပညာရှင်၊ သုတေသနပညာရှင်များရှားပါးသွားမည်ဖြစ်သည်။

နိုင်ငံတော်မှထုတ်ပြန်သောတရားဝင်စာရင်းဇယားများအရ မြန်မာကျောင်းသားအများဆုံးတက်ရောက် ပညာသင်ယူနေသောတက္ကသိုလ်များမှာ အသက်မွေးဝမ်းကျောင်းဆိုင်ရာတက္ကသိုလ်နှင့် အဝေးသင်တက္ကသိုလ်တို့ဖြစ်ကြောင်းလည်းသိရသည်။

ယခုအခါ နိုင်ငံတကာ တက္ကသိုလ်၊ ကောလိပ်များတွင် ကျောင်းဝင်ခွင့်ရရှိရန်နှင့် ပြည်ဝင်ခွင့် ရရှိရန်ပိုမိုစိစစ် တင်းကျပ်လာလျက်ရှိရာ ပြည်တွင်း၌ နိုင်ငံတကာမှ သင်တန်းများ ဖွင့်လှစ်မှုမြင့်တက်လာနိုင်ဖွယ်ရှိကြောင်း ပညာရေးလေ့လာသူများက သုံးသပ်သည်။

ပုဂ္ဂလိက ပညာရေးလုပ်ငန်းများအနေဖြင့်လည်း လုပ်ငန်းငယ်များအဖြစ် လုပ်ကိုင်နေရာမှ အင်အားကြီးလုပ်ငန်းများ ဖြစ်ပေါ်လာစေရန် စနစ်ကျနသည့် စည်းမျဉ်းဥပဒေများ လိုအပ်လျက်ရှိသည်။






# Technology

7 DAY NEWS JOURNAL
Vol.9, No.36 • DECEMBER 2, 2010

## ကျပ်တစ်သောင်းတန် ကြိုတင်ငွေဖြည့်ကတ်များ ဈေးကွက်တွင် ပစ္စည်းပြတ်

**သိမ့်သိမ့်စိုး၊ အောင်သူရ**

ရန်ကုန်၊ နိုဝင်ဘာ-၂၀

ကျပ်ငါးသိန်းတန်ဖုန်း(CDMA 450 MHz၊ CDMA 800 MHz) တွင် သုံးသည့် ကြိုတင်ငွေပေးဆောင်ရသော ကျပ်တစ်သောင်းတန် ငွေဖြည့်ကတ်များမှာ ဈေးကွက်တွင်း၌ ပစ္စည်းပြတ်နေ၍ ဝယ်ယူမရနိုင်ကြောင်း မိုဘိုင်းဖုန်းဈေးကွက်တွင်းမှ အရောင်းဆိုင်ပိုင်ရှင်များက ပြောသည်။

ငွေဖြည့်ကတ် (Topup Card) များသည်ပြီးခဲ့သည့် တစ်ပတ်ကျော်မှစ၍ လိုသလောက်ဝယ်ယူမရနိုင်ခဲ့ကြောင်း မိုဘိုင်းဖုန်းအရောင်းဆိုင်လုပ်ငန်းရှင်များကပြောသည်။

"ကတ်တွေက အရင်ဆို တစ်ယောက်ကို တစ်ခါဝယ်ရင်ကတ် ၂၀ လောက်ရတယ်။ အခုကျတော့ အများဆုံးသုံးကတ်ပဲ ဝယ်လို့ရတယ်"ဟု ကံထူးမိုဘိုင်းဆိုင်မှ ဦးကံထွန်းကပြောသည်။

"တစ်သောင်းတန်ကတ်တွေက ပစ္စည်းမရတာ နှစ်ပတ်လောက်ရှိပြီ။ လောလောဆယ်တော့ ပစ္စည်းလုံးဝပြတ်နေတယ်။ သုံးသောင်းတန်ပဲဝယ်လို့ရတယ်"ဟု လူကြီးမင်း မိုဘိုင်းဆိုင်မှတာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ ငွေဖြည့်ကတ်များ ရောင်းချသော Elite Tech ကုမ္ပဏီသို့ ဆက်သွယ်မေးမြန်းရာတွင် တာဝန်ရှိသူတစ်ဦးက "ပြီးခဲ့တဲ့အပတ်က ဖြန့်တာနည်းသွားလို့ နောက်အပတ်မှာ ပိုဖြန့်ပေးပါမယ်"ဟု ပြောသည်။

ထိုသို့ ကျပ်တစ်သောင်းတန်ကြိုတင်ငွေဖြည့်ကတ် ပစ္စည်းရှားပါးနေမှုကြောင့် ရောင်းချသည့်ဆိုင်များမှာ အမြတ်ပိုတင်၍ ရောင်းလာကြောင်းလည်း ဈေးကွက်အတွင်းမှစုံစမ်းသိရသည်။

## မြန်မာ-ထိုင်း အင်တာနက်ဆက်ကြောင်းအား တရုတ်နှင့် အိန္ဒိယသို့ ပြောင်းလဲချိတ်ဆက်



**ယုဇနကိုကို**

ရန်ကုန်၊နိုဝင်ဘာ-၁၈

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် မြန်မာ-ထိုင်း နယ်စပ်ဖြတ်ကျော် အင်တာနက်ဆက်ကြောင်းအား တရုတ်နှင့်အိန္ဒိယနိုင်ငံများဘက်သို့ လွှဲပြောင်းချိတ်ဆက်ထားကြောင်း အဆိုပါလုပ်ငန်း၏ တာဝန်ရှိသူတစ်ဦးကဆိုသည်။

မြန်မာ-ထိုင်းကုန်းတွင်းနယ်စပ်ဖြတ်ကျော် အင်တာနက်ဆက်ကြောင်းအား ယခုကဲ့သို့တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံဘက်သို့ လွှဲပြောင်းချိတ်ဆက်ထားရာတွင် တရုတ်နိုင်ငံ၏ မိုဘိုင်းနည်းပညာကုမ္ပဏီတစ်ခုဖြစ်သော China Telecom နှင့် အိန္ဒိယနိုင်ငံ၏ မိုဘိုင်းနည်းပညာကုမ္ပဏီတစ်ခုဖြစ်သည့် Ta Ta ကုမ္ပဏီတို့နှင့် ပူးပေါင်းဆောင်ရွက်ထားခြင်းဖြစ်ကြောင်းသိရသည်။

မြဝတီနယ်စပ်မြို့အတွင်း ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းက ဖြစ်ပေါ်ခဲ့သည့် အခြေအနေအချို့ကြောင့် အဆိုပါထိုင်း-မြန်မာကုန်းတွင်းနယ်စပ်ဖြတ်ကျော် အင်တာနက်ဆက်ကြောင်းအား ခေတ္တဖြုတ်ချထားရခြင်းဖြစ်သဖြင့် အင်တာနက်ဆက်သွယ်မှုများ လုံးဝမပြတ်တောက်သွားစေရန်အတွက် တရုတ်နှင့် အိန္ဒိယနိုင်ငံများ၏ နည်းပညာကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်လိုက်ရခြင်းဖြစ်ကြောင်းသိရသည်။

အိမ်နီးချင်းနိုင်ငံများနှင့် ကုန်းတွင်းနယ်စပ်ဖြတ်ကျော် အင်တာနက်ဆက်ကြောင်း ကိုးခုရှိပြီး ၎င်းတို့တွင် မြန်မာ-ထိုင်း အင်တာနက်ဆက်ကြောင်း၊ မြန်မာ-တရုတ် ကုန်းတွင်းနယ်စပ်ဖြတ်ကျော် အင်တာနက်ဆက်ကြောင်း၊ မြန်မာ-အိန္ဒိယကုန်းတွင်း နယ်စပ်ဖြတ်ကျော်အင်တာနက်ဆက်ကြောင်းတို့မှာ နယ်စပ်ဖြတ်ကျော်အင်တာနက်ဆက်ကြောင်းများဖြစ်သည်။

ပြည်တွင်း အင်တာနက်ဆက်သွယ်မှုစနစ်များမှာ ပြီးခဲ့သည့်အောက်တိုဘာလဆန်းပိုင်းကာလများမှစတင်ပြီး တဖြည်းဖြည်းချင်း နှေးကွေးကျဆင်းခဲ့ပြီး နိုဝင်ဘာလဆန်းပိုင်းမှ ၅ ရက်နေ့အထိ သိသာစွာကျဆင်းခဲ့ပြီး ရွေးကောက်ပွဲမကျင်းပမီတစ်ရက်အလိုဖြစ်သော နိုဝင်ဘာ ၆ ရက်နေ့တွင် ပုံမှန်အတိုင်းပြန်လည်ကောင်းမွန်ခဲ့သည်။ ထိုမှတစ်ဖန် နိုဝင်ဘာလတတိယပတ်အတွင်းတွင် ပြည်တွင်းအင်တာနက်ဆက်ကြောင်းများမှာ နောက်ထပ်တစ်ကြိမ် သိသာစွာကျဆင်းခဲ့ရသဖြင့် အင်တာနက်ကို အဓိကထားသုံးစွဲနေရသည့် စီးပွားရေးလုပ်ငန်းများအားလုံး အကျပ်အတည်းများဖြစ်ပေါ်လျက်ရှိသည်။

## MCPA လက်တွေ့စမ်းသပ်ခန်းတွင် Java Script နှင့် XML ကို စမ်းသပ်လေ့ကျင့်မည်

**ယုဇနကိုကို**

ရန်ကုန်၊နိုဝင်ဘာ-၁၈

မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း (MCPA) မှ ၎င်းတို့၏ လက်တွေ့စမ်းသပ်ခန်းဖြစ်သည့် ICT-Laboratory တွင် Java Script and XML အသုံးပြုနည်းကို လက်တွေ့စမ်းသပ်လေ့ကျင့်မှုပြုလုပ်သွားမည်ဟု အဆိုပါအသင်းမှသိရသည်။

MCPA ၏ အဆိုပါလက်တွေ့စမ်းသပ်မှုအား နည်းပညာဆိုင်ရာပညာရပ်များအား လေ့လာမှုတွင် အထောက်အကူဖြစ်စေရန်အတွက်ဟုသိရသည်။

လက်တွေ့စမ်းသပ်မှုကို ဒီဇင်ဘာ ၄ ရက်နေ့တွင် နေ့လယ်တစ်နာရီမှ ညနေငါးနာရီအထိပြုလုပ်သွားမည်ဖြစ်သည်။

ကွန်ပျူတာပရိုဂရမ်မင်း ဘာသာရပ်လေ့လာနေသူများနှင့် စိတ်ပါဝင်စားသည့်မည်သူမဆို တက်ရောက်နိုင်ပြီး လက်တွေ့စမ်းသပ်သူ ၂၄ ဦးအထိလက်ခံမည်ဖြစ်ကြောင်း သိရသည်။












## ခိုးကူးသီချင်းခွေအချို့တွင် ကွန်ပျူတာအား ထိခိုက်စေသော ဗိုင်းရပ်စ်ပါဝင်လာဟုဆို

**ရန်ကုန်၊ နိုဝင်ဘာ-၂၃**

လမ်းဘေးခွေအရောင်းဆိုင်များမှ ဖြန့်ချိသည့် ခိုးကူးသီချင်းခွေအချို့တွင် ယခုနောက်ပိုင်း ကွန်ပျူတာအားထိခိုက်စေသည့် ဗိုင်းရပ်စ်များထည့်သွင်းထားမှုကြောင့် ယင်းအခွေများကို သတိထားကြရန် လိုအပ်ကြောင်း ကြုံတွေ့ရသူအချို့က ပြောသည်။

ယခုနှစ်လယ်ပိုင်းက ခိုးကူးခွေ တိုက်ဖျက်ရေးစီမံချက်ကြောင့် တေးစီးရီးခိုးကူးဖြန့်ချိမှုများ လျော့ကျသွားသော်လည်း လက်ရှိတွင် အင်တာနက်၌လွှင့်တင်ထားသည့် သီချင်းများအား စုစည်း၍ ထုတ်ဝေမှုများရှိနေဆဲဖြစ်သည်။

"ဒီခွေတွေမှာပါတဲ့ ဗိုင်းရပ်စ်က ဖိုင်အမျိုးအစားတစ်ခုပါပဲ။ စက်ကိုကြီးကြီးမားမား မတိုက်ခိုက်နိုင်ပေမယ့် ကျွမ်းကျင်တဲ့သူမျိုး မဟုတ်ရင် ဝင်းဒိုးပြန်ရဖို့မလွယ်ဘူး။ သူက ဝင်းဒိုးကျသွားပြီး စက်ပြန်ဖွင့်လို့ မရလောက်တဲ့အထိ ဗိုင်းရပ်စ်မျိုးတွေပါတတ်တယ်"ဟု ယင်းခွေများနှင့်ပတ်သက်၍ ကွန်ပျူတာပြုပြင်ရေးဝန်ဆောင်မှုပေးသူတစ်ဦးက ပြောသည်။

ယင်းခွေများသည် ကွန်ပျူတာအတွင်းထည့်သည်နှင့် ဗိုင်းရပ်စ်ဖိုင် အလိုအလျောက်လည်ပတ်ရန်အတွက် Auto Run ဖိုင်များထည့် သွင်းထားမှုကြောင့် စက်အတွင်း ဖွင့်ခြင်း၊ ကူးယူခြင်းများ ပြုလုပ်သည်နှင့် အလွယ်တကူ စက်ကိုထိခိုက်စေခြင်းဖြစ်သည်။



ယင်းဗိုင်းရပ်စ်များသည် လက်ရှိတွင် ဖြန့်ချိသူများနှင့် သုံးစွဲသူများအား အဟန့်အတားဖြစ်ရန် ထည့်သွင်းခြင်းဖြစ်ရာ ခိုးကူးအဖြစ်ပြောင်းလဲ၍ ဖြန့်ချိနေခြင်းဖြစ်နိုင်ကြောင်း ကွန်ပျူတာကျွမ်းကျင်သူများက သုံးသပ်သည်။ အများအားဖြင့် ယင်းဗိုင်းရပ်စ်များသည် Batch File, .exe file ပုံစံများဖြင့် ပါလာတတ်ကြောင်းသိရသည်။




## ကျပ်ငါးသိန်းတန်ဂျီအက်စ်အမ်ဖုန်း နေပြည်တော်တွင် ချထားပေးမည်မဟုတ်ဟု တာဝန်ရှိသူပြော

**ယုဇနကိုကို**

**ရန်ကုန်၊နိုဝင်ဘာ- ၁၈**

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် ကျပ်တစ်ဆယ့်ငါးသိန်းတန်ဂျီအက်စ်အမ်ဖုန်းများအား ကျပ်ငါးသိန်းဖြင့် နေပြည်တော်ခရိုင်အတွင်းတွင် ချထားပေးမည်ဆိုခြင်းမှာ မဟုတ်မှန်ကြောင်း နေပြည်တော်ရှိ ယင်းလုပ်ငန်းဌာန၏ မိုဘိုင်းဆက်သွယ်ရေးဌာနမှ တာဝန်ရှိသူကငြင်းဆိုလိုက်သည်။

အဆိုပါဌာနအနေဖြင့် ဂျီအက်စ်အမ်ဖုန်းများအား ကျပ်ဆယ့်ငါးသိန်းဝန်းကျင်မှ အောက်သို့လျှော့ချပေးရန်အစီအစဉ်မရှိဘဲ ယခုထက်ပိုမိုကောင်းမွန်သည့်စနစ်အနေဖြင့် ယင်းဖုန်းများတွင် 3G Network ဖြင့်ချိတ်ဆက်ကာ အင်တာနက်အသုံးပြုနိုင်ရန်အတွက်သာ ဆောင်ရွက်ပေးရန်ရှိကြောင်း အထက်ပါတာဝန်ရှိသူကဆိုသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ သတင်းအချက်အလက်နှင့် နည်းပညာဌာနမှတာဝန်ရှိသူကလည်း "ဂျီအက်စ်အမ်တွေကို နေပြည်တော်မှာချထားပေးဖို့ အစီအစဉ်မရှိသေးပါဘူး။ ဒီနှုန်းထားအတိုင်းပဲသွားမှာပါ။ ခုထိလည်းဌာနမှာအဲဒီ သတင်းမကြားပါဘူး"ဟု ဆိုသည်။

အဆိုပါဂျီအက်စ်အမ်ဖုန်းများအား နေပြည်တော်ခရိုင်အတွင်းတွင် နိုဝင်ဘာ ၁၇ မှ ၂၉ ရက်အထိဆယ့်နှစ်ရက်ကြာကျင်းပမည့် ကျောက်မျက်ပြပွဲသို့လာရောက်သူများအဆင်ပြေစေရန်အတွက် ခေတ္တချထားပေးခြင်းသာဖြစ်ပြီး အဆိုပါကျောက်မျက်ပြပွဲပြီးပါက သုံးစွဲခွင့်ပြန်လည်ပိတ်သွားမည်ဖြစ်ကြောင်းလည်း နေပြည်တော်မိုဘိုင်းဆက်သွယ်ရေးဌာနမှ တာဝန်ရှိသူက 7Day News သို့ပြောသည်။

## ရုပ်ရှင်ဇာတ်ကားများကို နိုင်ငံတစ်ဝန်း တစ်ပြိုင်တည်းကြည့်ရှုနိုင်မည့် E-Cinema စနစ် စီစဉ်နေဟုဆို



**အေးသူစံ**

**ရန်ကုန်၊ နိုဝင်ဘာ - ၁၅**

အီလက်ထရွန်နစ်စနစ်ကိုအသုံးပြု၍ ရုပ်ရှင်ဇာတ်ကားများအား နိုင်ငံတစ်ဝန်းတွင် တစ်ပြိုင်တည်းကြည့်ရှုနိုင်မည့် E-Cinema စနစ်ကို ပြန်ကြားရေးဝန်ကြီးဌာနနှင့် Sky Net ဂြိုဟ်တုကွန်ရက်တို့ ပူးပေါင်းဆောင်ရွက်နေကြောင်း Sky Net ရုပ်သံလိုင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ယင်းစနစ်တွင် ရိုက်ကူးထားသော ရုပ်ရှင်ဇာတ်ကားများ၏ မူလဖလင် (သို့မဟုတ်) တိတ်ခွေစနစ်ဖြင့် ရိုက်ကူးထားသော ရုပ်ရှင်ဇာတ်ကားများကို ဒစ်ဂျစ်တယ်စနစ်သို့ပြောင်းလဲပြီးနောက် Sky Net ဂြိုဟ်တုကွန်ရက်မှတစ်ဆင့် နိုင်ငံတစ်ဝန်းလုံးရှိ ရုပ်ရှင်ရုံများတွင်တပ်ဆင်ထားသော ဖမ်းစက်များဆီသို့ ပို့ဆောင်ပေးမည်ဖြစ်သည်။ အဆိုပါရုပ်ရှင်ရုံများမှ ဖမ်းယူရရှိသည့် ရုပ်ရှင်ဖိုင်များကို ပရိုဂျက်တာစနစ်ဖြင့် ပိတ်သားထက် တင်ဆက်ပြသနိုင်မည်ဖြစ်သည်။

အဆိုပါ E-Cinema စနစ်ကို အသုံးပြုခြင်းဖြင့် ရုပ်ရှင်ဇာတ်ကားထုတ်လုပ်သူများ လက်ရှိတွင် အများဆုံးရင်ဆိုင်ကြုံတွေ့နေရသည့် ခိုးကူးခွေပြဿနာကို ဖြေရှင်းပြီးသားဖြစ်ပြီး မိမိတို့၏ ရုပ်ရှင်ဇာတ်ကားများ မူပိုင်ခွင့်ကိုလည်း တစ်ပြိုင်တည်း ကာကွယ်ရာရောက်ကြောင်း သိရသည်။



7 DAY NEWS JOURNAL
Vol.9, No.36 • DECEMBER 2, 2010



(တစ်)

"ဟသ်ာတ"ဟူသည့် အမည်ကို ပထမဦးဆုံး ကျွန်တော်ထိတွေ့မိသည်က ဟိုးလွန်ခဲ့သည့် အနှစ်သုံးလေးဆယ် ဓာတ်ပြားသီချင်းတွေ ခေတ်စားစဉ်ကာလလောက်က ဖြစ်ပါသည်။ ဟုတ်ပါသည်။ သည်တုန်းက ဓာတ်ပြားခေတ်။ လော်စပီကာကြီးကို အုန်းပင်၊ ထန်းပင်၊ ကုက္ကိုပင်တို့၏ အမြင့်ဆုံးနေရာ၌ တက်၍ တင်ထားကာ အရပ်လေးမျက်နှာကြားအောင် အသံကုန်ဖွင့်ကြသည့် ဓာတ်ပြားခေတ်ကြီးထဲ၌ တွံတေးသိန်းတန်၊ မောင်မောင်ညွန့်၊ ဟသ်ာတထွန်းရင်ဆိုတာတွေက ခေတ်ပြိုင်တွေ ဖြစ်ပါသည်။ သည်တော့ သည်ခေတ်ပြိုင် အဆိုတော်ကြီးတွေထဲက တစ်ယောက်ဖြစ်သော ဟသ်ာတထွန်းရင်ကို အခြေခံကာ ဟသ်ာတဆိုသော နာမည်က ကျွန်တော့် ဘဝထဲကို



၂၀၁၀ ပြည့်နှစ် ဇွန်လ ၂ ရက်က ပန်းပျိုးလက်ပရဟိတလူငယ်အဖွဲ့၏ စီစဉ်မှုဖြင့် အ.လ.က(၂) ကျောင်းသူ၊ ကျောင်းသားငယ်လေးများအား စာရေးကိရိယာများထောက်ပံ့လှူဒါန်းစဉ်။

# ရောဝတီမြစ်အနောက်ဘက်ကမ်းပါးပေါ်က ပရဟိတမြို့

မောင်သာချို

ရောက်လာပါသည်။

နောက်တော့ ရေဒီယိုနားထောင်တတ်သော အရွယ်လောက်ကစလို့ အာဇာနည်နေ့ရောက်တိုင်း ဟသ်ာတဆိုသည့် အမည်ကို ကြားရမြဲဖြစ်ကာ ကြားတိုင်းလည်း ပြုံးရွှင်ရမြဲဖြစ်ပါသည်။ သည်တုန်းက အာဇာနည်နေ့ရောက်တိုင်းညဘက်မှာ မြန်မာ့အသံက ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းတွေကို ထုတ်လွှင့်ပေးလေ့ရှိရာ ၁၉၄၇ ဇူလိုင်လ ၁၃ ရက်တိုင်းပြည်ပြုလွှတ်တော်မိန့်ခွန်းလည်း ပါဝင်ပါသည်။ သည်မိန့်ခွန်းက ဗိုလ်ချုပ်တို့ အလုပ်ကြံမခံရမီ တစ်ပတ်လောက် အလို၌ ပြောဆိုခဲ့သည့် မိန့်ခွန်းဖြစ်ရာ အထူးထင်ရှားပါသည်။ မိန့်ခွန်းတစ်နေရာတွင် ဗိုလ်ချုပ်အောင်ဆန်းက "လွတ်လပ်ရေးရပြီးဆိုတော့ကာ ဟသ်ာတနယ်ထဲမှာ ကျွန်တော်တွေ့ခဲ့တယ်။ ဘာတွေ့သလဲဆိုရင် လမ်းမပေါ်မှာ ဆေးလှန်းတယ်။ ဟာ. . လွတ်လပ်ရေးရပြီကွာဆိုပြီးတော့ လူတကာသွားတဲ့ လမ်းမပေါ်မှာ ထွက်ပြီး ဆေးလှန်းတယ်" စသဖြင့် ဂျပန်ခေတ်က ပေးခဲ့သည့် ရွှေရည်စိမ်လွတ်လပ်ရေးအပြီး ဟသ်ာတ၌ ကြုံခဲ့ရပုံကို ထည့်ပြောခဲ့ရာ ဟသ်ာတဆိုသော အမည်က ကျွန်တော်တို့နှင့် အထူးရင်းနှီးနေခဲ့ရပါသည်။

နောက်တော့ ရောဝတီမြစ်အနောက်ဘက်ကမ်းပါးပေါ်က သည်မြို့ရှိရာသို့ ကျွန်တော်ရောက်သွားရပါသည်။ ၁၄ နှစ်တိတိ သည်မြို့မှာ ကျွန်တော်ရောက်ရှိနေထိုင်ခဲ့ရသည်။ ၁၉၉၆ ခုနှစ်ကနေ ၂၀၁၀ ခုနှစ်အထိ။ အခုမကြာတတ်လှသေးခင်ရက်တွေထဲမှာတော့ စွန့်ခွာခဲ့ရာ ဟသ်ာတသို့ ကျွန်တော်တစ်ခေါက်ပြန်ရောက်သွားပြန်ပါသည်။ စာပေအသိုင်းအဝိုင်းနှင့် ထိတွေ့ဆက်စပ်ပြီး နောက်မှာတော့ ပရဟိတလုပ်ငန်းတွေထဲ ကျွန်တော်ရောက်သွားသည်။ အော် အများအကျိုးသယ်ပိုး ဆောင်ရွက်မယ့် လက်တွေက ဟသ်ာတမြေမှာ သွယ်ယှက်ပေါင်းစည်းထားလိုက်ကြတာ။

(နှစ်)

ဟသ်ာတမြို့မှာ ထင်ရှားသည်က Noble School ဖြစ်ပါသည်။ နှစ်ဧကခွဲလောက်ကျယ်ဝန်းပုံရသည့် ဓမ္မဗိမာန်ကျောင်းတိုက်ကြီးထဲမှာ ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏာလင်္ကာရက Noble School ဟူသော အမည်ဖြင့် ပရဟိတ စာသင်ကျောင်းကလေးတစ်ကျောင်း ဖွင့်ထားပါသည်။ အခမဲ့။ သည်မှာ ကိုးတန်းဆယ်တန်း ကျောင်းသားကျောင်းသူတွေက အဓိက။ ၁၀ နှစ်ဝန်းကျင်လောက် သက်တမ်းရလာပြီဖြစ်သော သည်ကျောင်းကလေးမှာ သည်နှစ် ၂၀၁၀ မှာတော့ ၉ တန်းတွေရော ၁၀ တန်းနှစ်ကျနှစ်တက်တွေရော စုစုပေါင်း ၃၀၀ ဝန်းကျင်လောက်ရှိပါသည်။ စေတနာရှင်ဆရာ၊ ဆရာမများနှင့်တကွ ဆရာတော်၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် သည်ကျောင်းကနေ ဆယ်တန်းအောင်မြင်သွားကြသူတွေ မနည်းလှတော့။

"ကျောင်းအိပ်၊ ကျောင်းစားကလေးတွေလေ။ သူတို့ကိုတော့ ထမင်းချိုင့် ထည့်ပေးရတယ်။ မုန့်ဖိုးတော့ မပေးနိုင်ဘူး ဒကာကြီးရယ်"

အဖြူအစိမ်းဝတ် ကျောင်းသားကလေး ဆယ့်လေးငါးယောက်လောက် ကျောင်းကနေ ပြန်လာတာကို လှမ်းမြင်သော ဆရာတော်က ကျွန်တော့်ကိုပြောပြခြင်းဖြစ်ပါသည်။ သူတို့ကတော့ အတန်းစုံ။ အစိုးရကျောင်းကို သွားတက်၊ ဘုန်းကြီးကျောင်းမှာနေ ဘုန်းကြီး ကျောင်းမှာစား။ ရင်ခွင်မဲ့သူတွေကို ဆရာတော်က ထွေးပိုက်ထားခြင်းဖြစ်သည်။

သည်ဓမ္မဗိမာန်ကျောင်းဝင်းထဲက ဟောပြောပွဲတွေမှာ ကျွန်တော်ပါဝင်ခဲ့ဖူးပါသည်။ သည်ဓမ္မဗိမာန်ကျောင်းဝင်းထဲက စာသင်ခန်းထဲမှာ ကျွန်တော်ပို့ချခဲ့ဖူးပါသည်။ သည်ဓမ္မဗိမာန်ကျောင်းဝင်းတစ်နေရာက ဝိဇ္ဇာသမ္မဒါစာကြည့်တိုက်ကလေးထဲသို့ ကျွန်တော့်စာအုပ်ကလေးတွေ ပေးလှူခဲ့ဖူးပါသည်။ စာကြည့်တိုက်ကလေးက တကယ့်ကို သပ်သပ်ရပ်ရပ် တောင့်တောင့်တင်းတင်းနဲ့။ ဗီစီဒီ၊ ဒီဗီဒီ ခွေတွေလည်း ငှားပေးရဲ့။ စာအုပ်တွေလည်း ငှားပေးရဲ့။

အခြေခံပုဒ္ဓဘာသာသင်တန်းတွေ၊ တရားပွဲတွေ၊ စာပေဟောပြောပွဲတွေ၊ အောက်ဆီဂျင်လှူဒါန်းပွဲတွေ၊ သွေးလှူပွဲတွေ၊ ဆင်းရဲနွမ်းပါးလူနာများသို့ ပေးကမ်းလှူဒါန်းမှုတွေ၊ သဘာဝဘေးအန္တရာယ် ကျရောက်ရာဒေသများသို့ သွားရောက်လှူဒါန်းပွဲတွေကို သည်ဓမ္မဗိမာန်ကနေ အကြိမ်ကြိမ် ပါဝင်ဆောင်ရွက်ခဲ့ပြီးလည်း ဖြစ်ပါသည်။

"နာရေးကူညီမှုအသင်းကလေးလုပ်ဖို့ ဘုန်းကြီးကြိုးစားနေတယ်။ အဓိကက ကားဝယ်ဖို့ပေါ့။ ပိုက်ဆံက Without လောက်ပဲတတ်နိုင်မယ်ထင်တယ်"

ကျွန်တော်က ဆရာတော်နှင့်အတူ ဟိုးခပ်လှမ်းလှမ်း ကျောင်းမုခ်ပေါက်ဝက "မကျေနပ်ရင် ငံ့ကြည့်၊ ကျေနပ်ရင်မော့ကြည့်"ဆိုသော ကမ္ပည်းစာတန်းကို လှမ်းကြည့်နေမိသည်။ ဒါမင်းကွန်းဆရာတော်ဘုရားကြီးရဲ့ ဩဝါဒပဲ မဟုတ်ပါလား။

(သုံး)

ဟသ်ာတမြို့မှာ M.D.M ဆိုသည့် ပရဟိတ အစုအဝေးကလေးလည်း ရှိပါသည်။ မစိုးရိမ်ကျောင်းတိုက်၊ ဓမ္မဗိမာန်ကျောင်းတိုက်၊ မိုးကောင်းကျောင်းတိုက်တို့က ဦးဆောင်ကာ ၂၄ နာရီ သွေးနှင့် အောက်ဆီဂျင်လှူဒါန်းကူညီရေးအစုအဝေးကလေးပင် ဖြစ်ပါသည်။ ပထမအကြိမ်အတွက်က အောက်ဆီဂျင်တစ်အိုးနှင့် တစ်ခါသုံး လေရှူပိုက် အခမဲ့။ ဒုတိယအကြိမ်မှစ၍ အောက်ဆီဂျင်ဖြည့်သွင်းခ ၄၀၀၀ ကျပ်ပေးလှူရန်။ မိမိဘက်ကလည်း နည်းနည်းပါးပါးတော့ အင်အားစိုက်ဦးဆိုသည့်သဘော။ မစိုးရိမ်ကျောင်းတိုက်ကတော့ ချွဲပျော်စက်ကိုပါ အကူအညီပေးနေသော ကျောင်းတိုက်ဖြစ်ပါသည်။

နောက်ထပ်ကျွန်တော် သဘောကျမိသော အစုအဝေး ကလေးက အိုတူးဖြစ်ပါသည်။ သွေးနှင့် အောက်ဆီဂျင်လှူသော လူစု။ သူတို့မှာ အောက်ဆီဂျင်အိုး ၃၂ အိုးရှိလေသတဲ့။ တစ်အိုးကို တစ်သိန်းခြောက်သောင်းငါးထောင် ရင်းနှီးထားရပါသတဲ့။ အောက်ဆီဂျင်ပြန်ဖြည့်ရသည့် အိုး Refiller က တစ်အိုးဖြည့်ရင် နှစ်သောင်းခွဲ သုံးသောင်းပေးရသတဲ့။ Refiller ၁၆ လုံးကို သုံးသိန်းလောက် ပေးဝယ်ထားရပါသတဲ့။ Refiller တစ်လုံးမှာ အောက်ဆီဂျင်ဘူးငါးဘူးစာပါသတဲ့။ "ကျွန်တော်တို့ကတော့ အောက်ဆီဂျင်လိုရင် နှစ်ကြိမ်က အလကားပေးပါတယ်။ သုံးကြိမ်မြောက်ဆိုရင်တော့ လှူခိုင်းပါတယ်။ သွေးလည်း သည်အတိုင်းပဲ။ တတ်နိုင်သူကို ငါးထောင်လောက်လှူခိုင်းတယ်။ ကျန်တာကတော့ ဘယ်ကမှ အလှူမခံဘူး။ သူ့ဘာသာသူ လာလှူရင်တော့ လက်ခံတယ်"

ကိုအောင်နိုင်တို့၊ ကိုချစ်ကိုတို့က သူတို့ အိုတူး၏ ဆောင်ရွက်ပုံကို ရှင်းပြသည်။ သွေးမရှိလို့ အောက်ဆီဂျင်ပြတ်လို့ လူတစ်ယောက်ဘယ်တော့မှ အသက်မဆုံးရှုံးစေရ။

နောက်ကျွန်တော်သဘောကျတာက"ပန်းပျိုးလက်"ဆိုသည့် လူငယ်အစုအဝေးကလေးဖြစ်ပါသည်။ ၂၀၀၉ ဧပြီ ၃၁ က လူငယ်အယောက် ၂၀ ဝန်းကျင်နှင့် စတင်ခဲ့ကြပြီး အခုတော့လူငယ် ၁၀၀ လောက်စုစည်းမိကြပြီဟု ဆိုပါသည်။ ဟသ်ာတတက္ကသိုလ်၊ ဟသ်ာတ ဂျီတီစီ၊ ဆေးတက္ကသိုလ်-၂၊ မကွေးဆေးတက္ကသိုလ်က လူငယ်တွေ စေတနာချင်း လှမ်းချိတ်ဆက်ကာ ငါးရာ၊ တစ်ထောင် တတ်နိုင်သလောက် စုကြရာ လစဉ်ငွေတစ်သိန်းဝန်းကျင်ရသည်။ သည်ငွေဖြင့် နွမ်းပါးလူနာတွေကို ကူညီထောက်ပံ့သည်။ နွမ်းပါးကျောင်းသားတွေကို ကူညီသည်။ နွမ်းပါးဘိုးဘွားတွေကို ကူညီသည်။ သွေးလှူသည်။ သဘာဝပတ်ဝန်းကျင် စိမ်းလန်းသာယာရေးဆောင်ရွက်သည်။

"ဆေးရုံမှာ လူနာနှစ်ယောက်လောက် ကူညီရတဲ့ လမျိုးဆိုရင် ငွေက မလောက်တော့ဘူး။ ကျွန်တော်တို့က တစ်ယောက်ကို သုံးသောင်း လှူတယ်ထား၊ နှစ်ယောက်ဆို ခြောက်သောင်း မဟုတ်လား။ ကျန်တဲ့ငွေလေးသောင်းနဲ့ လိုတဲ့နေရာတွေ လိုက်ဖြည့်ရတာ ခက်ခဲပါတယ်ဆရာ။ အားလုံးက ကျောင်းသားတွေများတော့ ငါးရာတစ်ထောင်ထက် ပိုစုဖို့ကလည်း ခက်တယ်။ လစဉ်မဟုတ်လား"

တက္ကသိုလ်ကျောင်းသား ကိုအောင်ကျော်မျိုးက ကျွန်တော့်ကို အေးအေးဆေးဆေး ရှင်းပြပါသည်။

ဘာပဲဖြစ်ဖြစ် သူတို့တွေ ဆက်လက်ချီတက်လျက်ရှိပါသည်။ Noble School ကလည်း ဆက်လက်ချီတက်နေသည်။ အမ်ဒီအမ်ကလည်း ဆက်လက်ချီတက်နေသည်။ အိုတူးကလည်း ဆက်လက်ချီတက်နေသည်။ ပန်းပျိုးလက်ကလည်း ဆက်လက် ချီတက်နေသည်။ ဘယ်သူ့အတွက်လည်း ပြည်သူလူထုအတွက်။ လူ့အဖွဲ့အစည်းရဲ့ အပွန်းအပဲ့အထိအခိုက်၊ အရှုအနဒဏ်ရာ၊ ဒဏ်ချက်တွေကို ကိုယ့်နည်း၊ ကိုယ့်ဟန်နှင့်ပြုစုကုသရန် အလို့ငှာ သူတို့တွေ ကြိုးပမ်းအားထုတ်နေကြခြင်းဖြစ်ပါသည်။ လာကူသူတွေလည်းရှိ။ လာမကူသူတွေလည်းရှိ။ သို့သော် သူတို့ဆက်လက်ချီတက်နေပါသည်။

ပရဟိတ လက်များဖြင့် ကိုယ့်မြို့၊ ကိုယ့်ရွာ၊ ကိုယ့်လူထုကို ဝန်းရံ ချိတ်ဆက် ကာကွယ်ထားကြသည့် ဟသ်ာတမြို့က နှလုံးသားလှသူများကို ကျွန်တော်သည် စာမျက်နှာများ ပေါ်ကနေ နှုတ်ဆက်လိုက်ပါသည်။ ။

7 DAY NEWS JOURNAL
Vol.9, No.36 • DECEMBER 2, 2010



# စုဘူးလေးများ

ချမ်းငြိမ်း

**အဖေသည် ပြောပြောဆိုဆို သူ့အသေအချာ စုပေးခဲ့သော စုဘူးသုံးလုံးအား ရိုက်ဖွင့်ခါ စုဘူးထဲထည့်ထားသည့် ငွေများကို သိမ်းကျုံးယူ၏။ ကျွန်မတို့အားလုံးငိုရပြီ။ စုဘူးထဲစုခေါက် ထည့်ထားသော ပိုက်ဆံအရွက်သေးသေးလေးတွေ ကြမ်းခင်းပေါ် ပိုးလိုးပက်လက်ပြန့်ကျဲလျက်။ သိပ်မကြာ၊ ထိုငွေများအားလုံး အဖေ့အိတ်ထဲ ရောက်သွားပြီးအဖေလည်းအိမ်ပေါ်မှ ဆင်းသွားသည်။ ထိုနေ့ကကျွန်မတို့ ညီအစ်မ အားလုံးအမေ့ကိုဖက်ပြီးငိုကြသည်။ စုဘူးလေး သုံးလုံးက ကြမ်းခင်းမှာဟောင်းလောင်းပွင့်လို့ ...**

စတိုးဆိုင်မှာပဲဖြစ်ဖြစ်၊ ကလေးအရုပ်တွေရောင်းသော ဆိုင်မှာပဲဖြစ်ဖြစ် အရုပ်စုဘူးလေးတွေ ကြိုးနှင့်ဆိုင်းသီထားတာ မြင်တိုင်း အမျိုးအမည် ဖော်ပြရန် ခက်ခဲသော ဝေဒနာတစ်ရပ်က ကျွန်မရင်ထဲစူးနစ်ဝင်စေမြဲဖြစ်ပါသည်။

ထိုအခါ နှလုံးသားတို့ နာကျင်ကြေကွဲရလေသည်။

(၁)

အရုပ်စုဘူးလေးတွေ မြင်တိုင်း ဝေဒနာတစ်ရပ် ခံစားရလေ့ရှိသူ ကျွန်မသည် တစ်လောက သမီးလေးကို ကြွက်ရုပ်ကော်စုဘူးလေးတစ်ခု ဝယ်ပေးခဲ့သည်။ ထိုနေ့က သမီးလေးသည် အလွန်တရာ ပျော်ရွှင်စွာဖြင့် ကျွန်မဝယ်ပေးသော စုဘူးလေးကို ပွတ်သပ်ကိုင်ကြည့်ပြီး "မေမေကြီး သမီး ဒီစုဘူးထဲ ပိုက်ဆံမှန်မှန် ထည့်သွားမယ်နော်။ မေမေ့ဆီက . . ဖေဖေ့ဆီက . . ဘွားဘွားကြီးဆီက ရတဲ့မုန့်ဖိုးတွေ စုဘူးထဲ သမီးထည့်သွားမယ်နော်" ဟု ခရာတာတာ ပြောပါသည်။ ကြည်နူးပြုံးပန်းဝေဝေနဲ့ ကျွန်မကြည်နူးရပါ၏။ သမီးလေးသည် ပြောသည့်အတိုင်း ပင် သူ့စုဘူးလေးကို တမြတ်နိုးနိုးထားပြီး အရိပ်တကြည့်ကြည့်နှင့် ရလာသော မုန့်ဖိုးလေးများကို စုဘူးလေးထဲ တစ်ရက်မပြတ် မှန်မှန်ထည့်သွားပါ၏။ အုပ်ထိန်းသူများဖြစ်ကြသော ကျွန်မတို့ဇနီးမောင်နှံနှင့် ကျွန်မ၏အမေ မြေးလေးအဘွားကလည်း ရရှိလာသည့် ငွေကြေးများထဲမှ ပိုက်ဆံအသစ်လေးများကို ရွေးကာ သမီးလေး၏ စုဘူးထဲ ဖြည့်ထည့်ပေးခဲ့သည်။ ဒုတိယတန်းတက်နေသောကျွန်မသမီးလေးသည် တစ်ခါတလေ လူကြီးများလို ပြောတတ်သည်။ "မေမေ သမီးကို စုဖို့ ပိုက်ဆံပေးရင် အသစ်လေးတွေပဲ ပေးနော်။ အဟောင်းတွေပေးရင် အထဲမှာ ကြာရင်မှိုတက်သွားတာနဲ့ နောက်ကျ သုံးလို့မရဘဲဖြစ်သွားမယ်" ပြောသည်။ သမီး၏ ကြိုတင်တွေးခေါ်တတ်ပုံကိုကြည့်ပြီး "ဟုတ်ပါပြီ သမီးရဲ့ ဒါပေမဲ့ စုဘူးပြည့်ရင် ဘာလုပ်မှာလဲ။ ဖောက်မှာလား" ဆိုသောအခါ "ဟာအမေကလည်း ဒါပြည့်ရင် နောက်တစ်လုံး၊ နောက်တစ်လုံးပြည့်ရင် နောက်တစ်လုံး ဝယ်ပေးပေါ့။ သမီးမှန်မှန်စုသွားမယ်လေ" ဟု တုံ့ပြန်၏။ အင်း သမီး အိပ်မက်ကမသေးပါလား၊ "ဟုတ်ပြီလေ သမီး ဒါတွေကို နောင်တစ်ချိန်ကျရင် ဘယ်လိုလုပ်မှာလဲလို့ အမေမေးတာ" အကဲစမ်းလိုက်တော့ "တစ်ဝက်ကို လှူမယ်မေမေ၊ တစ်ဝက်ကို သမီးသုံးမယ်လေ" ဟု တွေးတွေးဆဆလေး ပြန်ပြောပါ၏။ အာဂပါလား၊ ဘာပဲဖြစ်ဖြစ် သမီးဆန္ဒအတိုင်း ဖြည့်ဆည်းပေးမည်ဟု ကျွန်မဆုံးဖြတ်လိုက်ပါသည်။ ဆုံးဖြတ်ချက် အတိုင်းလည်း အိမ်မှာတစ်ခါတစ်ရံ ဈေးဖိုး ပြတ်လပ်နေသည့်အချိန်မျိုးမှာပင် ငွေတစ်ရာစ၊ နှစ်ရာစသမီးစုဘူးလေးထဲ ထည့်ခဲ့ပါသည်။

သည်လိုနဲ့ စုခဲ့သည်မှာ တစ်နှစ်အတွင်း အရုပ်စုဘူး၊ သုံးဘူးပြည့်ခဲ့ပါ၏။ အရုပ်စုဘူးထဲ ပိုက်ဆံအသစ်လေးတွေ ချိုးခေါက်ထည့်လိုက်တိုင်း ထိုအပြုအမူကို ပိုက်ဆံထည့်သည်ဟု ကျွန်မ မမြင်တော့သမီးနဲ့ ကျွန်မကြား၊ မိဘနဲ့သားသမီးကြား ယုံကြည်မှုတွေ ထိုးထည့်နေသည့် စုဘူးလေးအဖြစ်သာ မြင်ယောင်လာပါသည်။

ထိုသို့ဖြစ်ရခြင်းတွင် ကျွန်မမှာ အကြောင်းရင်းရှိခဲ့ပါသည်။

(၂)

ကျွန်မငယ်ငယ် လေးတန်းနှစ်က ဖြစ်ပါသည်။ ကျွန်မတို့ ညီအစ်မ သုံးဦးတွင် ကျွန်မကအငယ်ဆုံးမို့ အချွဲဆုံးဟုလည်း ဆိုကြသည်။ ကျွန်မ၏ အဖေသည် စီးပွားရေးသမားတစ်ဦးဖြစ်ပြီး အမေသည် ကျောင်းဆရာမတစ်ဦးဖြစ်ပါ၏။ သူတို့မည်သို့ အကြောင်းပါခဲ့သည်ကို မသိသော်လည်း အဖေသည် အမြဲလိုလို ခရီးထွက်နေတတ်ပြီး ရံဖန်ရံခါမှသာ အိမ်သို့ပြန်လာတတ်တာကိုတော့ မှတ်မိနေသေးသည်။ ထိုသို့ ပြန်လာတိုင်းလည်း ကျွန်မတို့အတွက် စားစရာနဲ့ အဝတ်အထည်တွေ ဝယ်လာတတ်သည်ကိုလည်း မှတ်မိနေပါသေးသည်။ အဖေသည် အိမ်မှာ အနေနည်းသူမို့ ကျွန်မတို့ညီအစ်မများမှာ အမေ့လက်တွင် ကြီးပြင်းခဲ့ရသည်။ အမေနှင့်သာ အထိအတွေ့ များခဲ့သည်။ ရံဖန်ရံခါမှသာ အိမ်ပြန်လာတတ်သော အဖေ့ကို မချစ်လို့တော့ မဟုတ်၊ အနေနီးသည့် အမေ့ကို ပိုခင်တွယ်တာပဲ ဖြစ်မည်ထင်သည်။ အဖေသည် အိမ်ပြန်ရောက်တိုင်း အထွေးဆုံး သမီးကျွန်မကို အနမ်းဖြင့် ဦးစွာနှုတ်ဆက်လေ့ရှိသည်။ ကျွန်မ အတွက် အဖေဝယ်လာသော မုန့်ပဲသရေစာများနဲ့ အဝတ်အစားတွေက အဖေနှင့် ကျွန်မကြားဝေးကွာမှုများကို ချက်ချင်း သွယ်တန်းဆက်စပ်ပေးလိုက်သည်ထင်ပါသည်။ ကျွန်မတို့ကြား နွေးထွေးမှုများမြူးတူးခုန်ပေါက်ဝင်ရောက်လာပါသည်။ အစ်မတွေတော့ ဘယ်လိုနေသည်မသိကျွန်မနှင့် အဖေကြားအချိန်တိုတိုအတွင်း ဆက်ဆံမှုတွေ ချက်ချင်းပူနွေးသွားလေ့ရှိသည်။

တစ်နေ့ . . . အဖေ အိမ်ပြန်လာတော့ နို့မှုန့်ဘူးစုဘူးကြီးသုံး ဘူးပါလာ၏။ ဤနေရာတွင် နို့မှုန့်ဘူး စုဘူးဆိုသည်ကို အတန်ငယ်ရှင်းရပါမည်။ကျွန်မတို့ငယ်ငယ် လမ်းစဉ်ပါတီခေတ်က ယနေ့ခေတ်လို လူ့အသုံးအဆောင် ပစ္စည်းတွေ မကြွယ်ဝသေး၊ ထိုခေတ်က ပိုက်ဆံစုမည်ဆိုပါက တောရွာများတွင် ဝါးကျည်ထောက်၊ မြို့များ၌ သမဝါယမဆိုင်များမှ ခွဲတမ်းနှင့် ထုတ်ပေးသည့် လူရည်ချွန်တံဆိပ်နို့မှုန့်ဘူးများ ခေတ်စားပါ၏။ ထိုနို့မှုန့်ဘူး အလွတ်ကို ဘေးပတ်ပတ်လည်တွင် ချိတ်ပိတ်၍ဖြစ်စေ၊ ဘိလပ်မြေနှင့် ပိတ်၍ ဖြစ်စေ၊ အသေပိတ်ပြီး အလယ်မှ အပေါက်ဖောက်ခါစုဘူးလုပ်ကြလေ့ရှိသည်။ ယခုလည်း ထိုစုဘူးကြီး သုံးဘူးကို အဖေသည် သူ့သမီးများ၏ နောင်ရေးအတွက်ဟုဆိုကာ ယူချလာခြင်းဖြစ်ပါသည်။ ညီအစ်မသုံးယောက်ပျော်လိုက်သည့် ဖြစ်ခြင်း၊ အဖေက စုဘူးများနှင့်အတူ စုဘူးထဲထည့်ရန် မုန့်ဖိုး များပေးပါသည်။ ထိုခေတ်က သုံးစွဲသော အစိတ်တန်၊ လေးဆယ့်ငါးကျပ်တန်၊ ကိုးဆယ်တန် ငွေစက္ကူ အသစ်ချပ်ချွတ်များ စုဘူးထဲ နေ့စဉ်လိုလို ထည့်ခဲ့ကြပါ၏။ ကျွန်မတို့ ညီအစ်မသုံးဦးမှာလည်း အိပ်မက်တွေအပြည့်၊ စုဘူးပြည့်သွားရင် ဘာလုပ်မည် ညာလုပ်မည် ရည်မှန်းချက်တွေ အပြည့်၊ မေမေနဲ့ အဘိုး အဘွားများကလည်း ကျွန်မတို့ ညီအစ်မတွေ၏ စုဘူးထဲအတတ်နိုင်ဆုံး ထည့်ဝင်စုပေးခဲ့ကြသည်။ စုဘူးကြီး ဖြိုးမောက်လာသောအခါ ကျွန်မတို့အိပ်မက်တွေ လူးလွန့်နိုးထလာကြသည်။ စိတ်ကူးယဉ်လှိုင်းတွေပေါ် လျှောစီးလာကြသည်။ သည်အချိန်မှာပဲ အစစ အရာရာ တစ်စစီ ပြိုကွဲသွားတာ ဖြစ်ပါသည်။

ပြဿနာအစကတော့ အဖေနှင့် အမေစကားများကြခြင်းက ဖြစ်သည်။ မည်သို့မည်ပုံ အစ ပြုခဲ့သည်မသိသော အဖေတို့ ရန်ပွဲသည် တစ်ဦးနဲ့တစ်ဦး ခွန်းကြီးခွန်းငယ်အော်ဟစ်ခါ အကြီးအကျယ်ဆူပွက်ကြပါသည်။ လက်တော့မပါ။ နောက်တော့ မေမေ ငိုပါသည်။ "ရှင်အဲဒီမိန်းမနဲ့ ဆက်ပေါင်းနေရင် အိမ်ပေါ်က ဆင်းသွား" မေမေငိုရင်း ပြောပါသည်။ ကျွန်မချစ်သော ဖေဖေသည် ကျွန်မတို့ကို အံကြိတ်ခါ ကြည့်ရင်း "အေး ကောင်းပြီ။ အဲဒီစုဘူးတွေ ငါယူသွားမယ်" ရုတ်တရက် ပြောတော့ ကျွန်မရင်ထဲ ဒိုင်းခနဲ၊ အဖေသည် ပြောပြောဆိုဆို သူ့အသေအချာစုပေးခဲ့သော စုဘူးသုံးလုံးအား ရိုက်ဖွင့်ခါ စုဘူးထဲ ထည့်ထားသည့် ငွေများကို သိမ်းကျုံးယူ၏။ ကျွန်မတို့ အားလုံး ငိုရပြီ။ စုဘူးထဲ စုခေါက် ထည့်ထားသော ပိုက်ဆံအရွက် သေးသေးလေးတွေကြမ်းခင်းပေါ် ပိုးလိုးပက်လက်ပြန့်ကျဲလျက်။ သိပ်မကြာ၊ ထိုငွေများအားလုံး အဖေ့ အိတ်ထဲရောက်သွားပြီး အဖေလည်း အိမ်ပေါ်မှ ဆင်းသွားသည်။ ထိုနေ့က ကျွန်မတို့ ညီအစ်မအားလုံး အမေ့ကိုဖက်ပြီး ငိုကြသည်။ စုဘူးလေးသုံးလုံးက ကြမ်းခင်းမှာဟောင်းလောင်းပွင့်လို့ . . .၊ ကျွန်မ စုဘူးလေးမှာ လူရည်ချွန်တံဆိပ် အပြာရောင်လွှမ်းနေသည်ကို မှတ်မိနေပါသေးသည်။ တစ်ပတ်၊ နှစ်ပတ် အဖေ အိမ်ပြန်မလာ၊

တစ်လလောက်ကြာမှ အဖေ အိမ်ပြန်လာသည်။ ပြန်လာတော့လည်း မျက်နှာရှုသိုးသိုး၊ သူ ရိုက်ခွဲသွားသော စုဘူးများနှင့် ပတ်သက်၍ တစ်ခွန်းမှမဟ. .၊ ကျွန်မနားကိုလည်း မကပ်၊ ကျွန်မလည်း အဖေ့နား မကပ်တော့၊ လူချင်းမြင်တွေ့နေရပေမယ့် အဖေနှင့် ကျွန်မသည် အဝေးကြီး၊ အဝေးကြီး ကွာခြားခဲ့ပြီဟု ခံစားရသည်။ စုဘူးများကိုခွဲခါ အထဲမှ ငွေတွေယူသွားကတည်းက အဖေ့ကို မယုံတော့၊ နောက်သုံးလအကြာမှာ အဖေနှင့် အမေ ကွာရှင်းပြတ်စဲလိုက်ကြသည်။

ကျွန်မတို့က မေမေနှင့်သာ နေခဲ့ကြသည်။

(၃)

နှစ်ပေါင်း သုံးဆယ်ကျော် ဖြတ်သန်းခဲ့ပြီးသောယခုအချိန်မှာတော့ အဖေသည်လည်း ဘဝနေဝင်ချိန် စောင့်မျှော်နေရသည့် အိပ်ရာထက် ပက်လက်လဲနေသော ဒုက္ခိတတစ်ဦးဖြစ်ခဲ့ပြီ။ အဖေ့ကို ကျွန်မ မနာကြည်းတော့ပါ။ မုန်းလည်း မမုန်းတော့။ ဒါပေမဲ့ ထိုစဉ်တည်းက ပျောက်ဆုံးသွားသော အဖေ့အပေါ်ထားရှိသည့်ယုံကြည်မှုကိုမူ ယနေ့တိုင် အစအနပြန်ရှာမရတော့၊ ယခုအခါ ကျွန်မ သမီးလေးစုဘူးတွေ တစ်ဘူးပြီး တစ်ဘူးပြည့်သွားအောင် ထည့်ပေးနေပါဦးမည်။ နောင်တစ်ချိန် သမီးလေးဆန္ဒအတိုင်း လှူချင်ရာလှူ၊ သုံးချင်ရာသုံးပေါ့။

ကျွန်မပေးသော ပိုက်ဆံတွေ စုဘူးထဲ သမီးလေးထည့်လိုက်တိုင်း ငွေစက္ကူတွေ ဝင်သွားသည်ဟု မထင်၊ ယုံကြည်မှုတွေ ဆတိုးဝင်သွားသည်ဟုသာ မြင်ယောင်နေမိသည်။ မိဘက သားသမီးအပေါ် ယုံကြည်မှုထားရှိခြင်းထက် သားသမီးက မိဘအပေါ် ယုံကြည်မှုက ပို၍အရေးကြီးသည်ဟု ကျွန်မခံယူထားပါသည်။ ။

7DAY NEWS JOURNAL

# Current Affairs

Vol.9, No.36 • DECEMBER 2, 2010

# အနိုင်ရလွှတ်တော်ကိုယ်စားလှယ်သုံးဦးနှင့် တွေ့ဆုံခြင်း

## အင်ဂျန်းယန်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့်တွေ့ဆုံခြင်း

**အိဖြူမွန်**

စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီမှ အင်ဂျန်းယန် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဒွဲဘူအား တွေ့ဆုံမေးမြန်းထားသည်များအား ကောက်နုတ်ဖော်ပြလိုက်ပါသည်။

**အင်ဂျန်းယန် မဲဆန္ဒနယ်မှာ မဲဆန္ဒရှင်တွေရဲ့ လိုအပ်ချက်က ဘာဖြစ်မလဲ။**

မဲဆန္ဒရှင်တွေအတွက်တော့ သူတို့ဒေသမှာ ဘာတွေလိုအပ်တယ်ဆိုတာ သူတို့လည်း သိဖို့လိုတယ်။ ဘာတွေ လိုအပ်တယ်ဆိုတာကိုလည်း ပါတီအနေနဲ့ မီးမောင်းထိုးပေးဖို့ လိုတယ်။ တစ်ခါတလေကျရင် သူတို့ဒေသအတွက် လိုအပ်နေတာကို သေချာမသိဘဲ ဖျက်ဆီးနေတာလည်း ရှိတာပေါ့နော်။ ဒါတွေဟာ သူတို့အတွက် ဆိုးကျိုးဖြစ်ပါတယ်ဆိုတာ ပြောပြပြီး သူတို့နားလည်လက်ခံနိုင်အောင် ပြောပြရမှာပေါ့။ ဥပမာ-တောချည်းပဲ ခုတ်ရင် သူတို့လည်း ရေရှည်မှာ ထိခိုက်နိုင်တယ်ဆိုတာ ပြောရမယ်။ အဲဒါကြောင့် သူတို့လိုအပ်တဲ့အတိုင်း လုပ်ပေးဖို့တော့ မဖြစ်ဘူး။ သူတို့လိုအပ်ချက်နဲ့ သူတို့ တကယ်လိုအပ်တာကို မှန်သလား၊ မမှန်ဘူးလားဆိုတာ ပြောပြဖို့ လိုအပ်ပါတယ်။

**ပေးခဲ့တဲ့ ကတိတွေထဲက ဘယ်အချက်ကို ဦးစားပေးလုပ်မလဲ။**

အဓိက ကတော့ လမ်းပန်းဆက်သွယ်ရေးပေါ့။ အဲဒါကတော့ ကိုယ်တစ်ယောက်တည်း လုပ်လို့ မရဘူးလေ။ လွှတ်တော်ခေါ်မယ်။ အစိုးရအဖွဲ့တွေနဲ့ ပူးပေါင်းပြီး လုပ်ရမယ်။ လမ်းပန်းဆက်သွယ်ရေးပြီးမှ စိုက်ပျိုးရေးပစ္စည်းတွေကိုရောင်းဖို့ ဈေးကွက်လုပ်မယ်။

**သဘာဝပတ်ဝန်းကျင် အတွက် ပေးထားတဲ့ကတိတွေလည်းရှိတော့ အဲဒီအချက်တွေထဲက ဘယ်အချက်ကို အဓိကဦးစားပေးလုပ်ဖို့ ရှိပါသလဲ။**

သဘာဝပတ်ဝန်းကျင်နဲ့ ပတ်သက်ပြီး သူတို့ဆီမှာ လုပ်နိုင်တာက အခုလောလောဆယ် ဘယ်တောင်ယာစိုက်ပျိုးရေးစနစ်ကို လျော့နည်းသွားအောင် လုပ်ဖို့ပါပဲ။ လုပ်ပြီးသားတောင်ယာတွေကိုလည်း သေချာစနစ်တကျစိုက်ဖို့ ပြောရမယ်။ မဲဆွယ်တုန်းကလည်း ပါတီအနေနဲ့ နိုင်သည်ဖြစ်စေ၊ ရှုံးသည်ဖြစ်စေ စည်းရုံးရေးအပြင် တောင်ယာစိုက်ပျိုးနည်းစနစ်တွေ၊ အော်ဂဲနစ်စိုက်ပျိုးသီးနှံတွေအကြောင်း၊ သဘာဝပတ်ဝန်းကျင်အကြောင်း ဟောပြောခဲ့ပါတယ်။

**လွှတ်တော်ထဲမှာ တပ်မတော်က ကိုယ်စားလှယ်လောင်း ၂၅ရာခိုင်နှုန်းပါနေတော့ သူတို့နဲ့ လက်တွဲဖို့ ဘယ်လိုပြင်ဆင်မှုတွေလုပ်ထားပါသလဲ။**

သူတို့တွေနဲ့တော့ အားလုံးက တူညီတဲ့ ဦးတည်ချက်တွေ ရှိနေတော့ တူညီတဲ့ ဦးတည်ချက်နဲ့ လက်တွဲသွားမှာပါ။

**ကိုယ်စားလှယ်လောင်းအနေနဲ့ အနိုင်ရရှိကြောင်းကြေညာပြီးတဲ့အချိန်မှာ ခေါင်းထဲမှာ ဘယ်လိုအတွေးမျိုး အရင်ဆုံး ရောက်လာပါသလဲ။**

ခေါင်းထဲမှာတော့ ကြေညာပြီးတဲ့အချိန်ရော မကြေညာသေးတဲ့ အချိန်မှာရော ဒီဒေသအတွက် အမှန်တကယ်တိုးတက်ဖို့ ဆောင်ရွက်ပေးရမယ်ဆိုတဲ့ ခံယူချက်ရှိပါတယ်။ အတွေးဆိုတာက နည်းနည်းတော့ ဝေးတာပေါ့နော်။ ခံယူချက်က နဂိုကတည်းက ရှိပြီးသားပါ။ မဲဆန္ဒရှင်တွေအတွက် တာဝန်ကြီးလာတယ်လို့တော့ မယူဆမိပါဘူး။ ပိုကြိုးစားရမယ်ဆိုတဲ့ ခံယူချက်တော့ ရှိပါတယ်။

## ချင်းအမျိုးသားပါတီ ဥက္ကဋ္ဌနှင့် တွေ့ဆုံခြင်း

**သန်းဌေး**

ချင်းအမျိုးသားပါတီဥက္ကဋ္ဌဖြစ်ပြီး ချင်းပြည်နယ် တီးတိန်မြို့နယ် မဲဆန္ဒနယ်မြေ အမှတ်(၂)မှ ပြည်နယ်လွှတ်တော်အတွက်ရွေးကောက်တင်မြှောက်ခံထားရသော ဦးဇိဇမ်နှင့် တွေ့ဆုံမေးမြန်းထားပါသည်။

**လွှတ်တော်ထဲရောက်ရင် ဘာလုပ်နိုင်မလဲ။**

လွှတ်တော်က ဘယ်နေ့ခေါ်မယ်မှ မသိသေးတာ။ အဲဒီကိစ္စက လွှတ်တော်ထဲရောက်မှ ပြောရင်ကောင်းမယ်ထင်တယ်။

**ရွေးချယ်ခံရတော့ပထမဆုံး ခေါင်းထဲရောက်လာတဲ့အတွေးကဘာလဲ။**

ကျွန်တော် တော်တော်အံ့သြသွားတာပေါ့ဗျာ။ ကျွန်တော် တော်တော်လေး ခက်ခက်ခဲခဲနဲ့ လုပ်ရတာ။ ကိုယ့်ကိုယ်ကိုယ်တောင် မထင်ဘူး။ တီးတိန်ပြည်သူတွေရဲ့ စွမ်းပကားပဲ။ သူတို့ တအားထောက်ခံပေးလို့ပါ။

**ဒီမိုကရေစီအင်အားနဲ့တိုင်းရင်းသားကိုယ်စားလှယ်တွေ လွှတ်တော်ထဲရောက်တာနည်းတော့ လွှတ်တော်ထဲမှာ ဘယ်လိုဗျူဟာနဲ့သွားမလဲ။**

ကျွန်တော်တို့က တိုင်းရင်းသားစုတွေပါ။ ပြည်ထောင်စုဖွဲ့ ဖို့ လုပ်ကြတာ။ အဲဒီဟာရဲ့ နောက်ဆက်တွဲတွေပေါ့။ ပြည်ထောင်စုမှာ တိုင်းရင်းသားတွေအနေနဲ့ ကျွန်တော်တို့ ရပ်တည်ခွင့်ရတာကို တော်တော်တန်ဖိုးထားတယ်။ လွှတ်တော်ထဲရောက်တဲ့အခါကျရင် တိုင်းရင်းသားအဖွဲ့အနေနဲ့ ကိုယ့်နေရာနဲ့ ကိုယ်ရှိပြီးသား၊ ကိုယ်ရဲ့ တိုင်းရင်းသားပြည်သူတွေ နောက်ခံ ရှိပြီးသားမို့ ထူးထူးထွေထွေ နေရာယူစရာ မလိုပါ။ ဒီမိုကရေစီလိုလားသူ မှန်ရင် အများအကျိုးအတွက် ဒီမိုကရေစီလိုလားတဲ့သူတိုင်းနဲ့ စကားပြောလို့ရပါတယ်။ တစ်သီးပုဂ္ဂလပဲဖြစ်ဖြစ်၊ ဘယ်ပါတီကိုပဲဖြစ်ဖြစ် တကယ်ဒီမိုကရေစီလိုလားတာမှန်ရင် ကြိုဆိုရမယ်။ တွဲလုပ်ရမယ်။

**ကိုယ့်မဲဆန္ဒရှင်တွေအတွက်ဘာတွေအဓိကလိုအပ်လဲ။**

တကယ်လိုအပ်တာ အထူးသဖြင့် ကျွန်တော်တို့ချင်းတောင်မှာ ဒီမိုကရေစီဆိုတာ ဘာလဲ။ What is democracy ဆိုတာ တော်တော်လေးရှင်းပြရမယ်။ သင်တန်းစပေးရမယ်။

အောက်ပြည်မှာ ပြောပြောနေကြတဲ့ အရာ အကုန်လိုတာပဲ။ မလိုတာ မရှိ။ စားဝတ်နေရေး အကုန်လိုတာပဲ။ ဘာတစ်ခုမှ မရသေးဘူး။ တကယ့်အောက်ခြေအောက်တန်းအဆင့်မှာ ရောက်နေပါတယ်။ ကျွန်တော့်လူတွေက အဲဒီလိုဖြစ်နေကြတယ်။

**ချင်းအမျိုးသားပါတီက ချင်း ပြည်နယ်မှာ အောင်ပွဲခံနိုင်တာ ဘာကြောင့်လို့ထင်လဲ။**

ပြည်သူတွေ ကျွန်တော်တို့ပြည်သူတွေက ချင်းအမျိုးသားပါတီကို ထောက်ခံကြတာ တော်တော်လေးကို ထောက်ခံကြတာ၊ ပြည်သူတွေရဲ့အားကို အားကိုးရတာ၊ ပြည်သူ့ဘက်က မားမားမတ်မတ် ရပ်တည်မယ်ဆိုပြီး ဝင်ခဲ့ကြတာ မဟုတ်လား။ ဘုရားသခင်ဆီမှာ ဝိုင်းဆုတောင်းပေးကြတာ။တော်တော် ထိရောက်တယ်။ ကျွန်တော်ကောင်းလို့ ရတာ မဟုတ်ဘူး။ တော်လို့ရတာ မဟုတ်ဘူး။ ကျွန်တော်တစ်ယောက်တည်းရတဲ့ မဲတွေက ဘုရားသခင် မဲတွေပါ။ ကျွန်တော် တော်လို့ရတာ မဟုတ်ပါဘူးလို့ပဲ ပြောချင်တယ်။

**လွှတ်တော်ထဲရောက်ရင် ဘယ်ဟာကို ဦးစားပေးဆွေးနွေးမှာလဲ။**

ကျွန်တော်တို့ ချင်းအမျိုးသားပါတီက ဘာကတိမှ မဖျက်ဘူး။ အဓိကက ချင်းအမျိုးသားတွေ မကြိုက်တာ ဘာတစ်ခုမှ မလုပ်ပါဘူး။ အဲဒါလေး ထပ်ကတိပေးပါရစေ။ ကျွန်တော်တို့ မမှန်တာ ဘာတစ်ခုမှ မလုပ်ပါဘူးလို့ပဲ ပြောချင်ပါတယ်။

## ရခိုင်လူမျိုးစုလွှတ်တော်ကိုယ်စားလှယ်နှင့် တွေ့ဆုံခြင်း

**ဥက္ကာကိုကို**

ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးစု လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံခဲ့ရသော ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီမှ ရခိုင်လူမျိုးစုလွှတ်တော်ကိုယ်စားလှယ်ဦးဇော်အေးမောင်နှင့် တွေ့ဆုံမေးမြန်းထားမှုများအား ကောက်နုတ်ဖော်ပြလိုက်ပါသည်။

**လွှတ်တော်ထဲရောက်ရင် ဘာလုပ်နိုင်မလဲ။**

လွှတ်တော်ထဲရောက်ရင် ကျွန်တော့်အနေနဲ့ပေါ့နော်။ ရန်ကုန်တိုင်းမှာရှိတဲ့ ရခိုင်တိုင်းရင်းသားတွေရဲ့လိုအပ်ချက်တွေကို ပြောရေးဆိုခွင့်တစ်ခုတော့ရှိလာမှာပါ။ အရင်တုန်းကတော့ လွှတ်တော်ဆိုတာလည်းမရှိခဲ့ဘူး။ အဲဒီတော့ ပြည်သူ့လွှတ်တော်ရောက်ရင် ရန်ကုန်တိုင်းမှာရှိတဲ့ ရခိုင်လူမျိုးတွေရဲ့ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးလိုအပ်ချက်တွေကို ကျွန်တော့်အနေနဲ့ ဥပဒေဘောင်ထဲက ဥပဒေနဲ့ညီညွတ်တဲ့ ပြောရေးဆိုခွင့်တစ်ခုတော့ ဖြစ်လာမယ်။

**ရွေးချယ်ခံရတော့ ပထမဆုံး ခေါင်းထဲရောက်လာတဲ့အတွေး။**

ပထမဆုံး ခေါင်းထဲရောက်လာတဲ့ အတွေးကတော့ ရန်ကုန်တိုင်းမှာ ရခိုင်တိုင်းရင်းသားလူဦးရေရဲ့စာရင်းကို ကျွန်တော် အတိအကျပြုစုရမယ်။ ကိုယ့်ရဲ့ ရန်ကုန်တိုင်းထဲမှာ ရခိုင်လူဦးရေဘယ်လောက်ရှိလဲဆိုတာ စာရင်းတစ်ခု ကျွန်တော်ပြုစုချင်တယ်။ စာရင်းပြုစုပြီးလို့ရှိရင် လူဦးရေဘယ်လောက်ကတော့ဖြင့် ဝန်ထမ်းက ဘယ်လောက်၊ ဘယ်လိုစီးပွားရေး လုပ်တာလူဦးရေဘယ်လောက်၊ ဝန်ဆောင်မှုလုပ်ငန်း လုပ်နေတာ၊ ဘွဲ့ရပညာတတ်၊ အလုပ်လက်မဲ့က ဘယ်လောက်။ အဲဒီလူဦးရေထဲမှာပဲ အခြေခံပညာကို လုံးဝမသင်နိုင်တဲ့ကလေးသူငယ်တွေက ဘယ်လောက်ရှိတယ်။ ဆက်ပြီး ပညာမသင်နိုင်တဲ့ရခိုင်လူဦးရေဘယ်လောက်ရှိတယ်ဆိုတဲ့ စာရင်းလေးတွေပြုစုဖို့ ကျွန်တော့်ရင်ထဲမှာရှိပါတယ်။ ဒါက ကျွန်တော့် Focus လုပ်လို့ရမှာ။

**ဒီမိုကရေစီအင်အားနဲ့ တိုင်းရင်းသားကိုယ်စားလှယ်တွေလွှတ်တော်ထဲရောက်တာနည်းတော့လွှတ်တော်ထဲမှာ ဘယ်လိုဗျူဟာနဲ့ သွားမလဲ။**

အရင်တုန်းက နိုင်ငံရေးအခင်းအကျင်းတစ်ခုမှာ ဝင်ပြိုင်တုန်းကတော့ ပါတီကို ကိုယ်စားပြုပြီး ပြိုင်ကြတာပေါ့။ ဒါပေမဲ့ အခုချိန်မှာ အားလုံးက ပြည်သူ့ကိုယ်စားလှယ်တွေဖြစ်သွားပြီ။ အဲဒီတော့ ပါတီအကျိုး၊ ပြည်သူ့အကျိုးနဲ့ယှဉ်လာရင် ပြည်သူ့အကျိုးကိုပဲ ဦးစားပေးရမယ်။ အဲဒီအတွက် ဘယ်ပါတီကပဲဖြစ်ဖြစ် ပြည်သူ့အကျိုးအတွက် လုပ်ရမယ့်ကိုယ်စားလှယ်တွေဖြစ်သွားပြီဖြစ်တဲ့အတွက် ဒီမိုကရေစီလမ်းကြောင်းမှာ ဒီမိုကရေစီနဲ့ပတ်သက်တဲ့လုပ်ငန်းတွေကို ပြည်သူ့အကျိုးအတွက် အားလုံးလုပ်ကိုင်သွားလိမ့်မယ်လို့ မျှော်လင့်တယ်။

**ကိုယ့်မဲဆန္ဒရှင်တွေအတွက် ဘာတွေအဓိကလိုအပ်သလဲ။**

လိုအပ်တာတွေကတော့ အများကြီးပါပဲ။ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးတွေပေါ့ဗျာ။ ခုနကပြောသလို ကျွန်တော် စာရင်းပြုစုမယ်။ ဖြစ်ပေါ်လာမယ့် လွှတ်တော်မှာ လိုအပ်တာတွေကို ဥပဒေပညာရှင်တွေနဲ့တိုင်ပင်ပြီးတော့ ကျွန်တော် တင်ပြတောင်းဆိုသွားရမှာပေါ့။ ဖြစ်ပေါ်လာမယ့် နိုင်ငံရေးအစိုးရအဖွဲ့ကလည်း ရခိုင်ပြည်သူ့အကျိုးအတွက်ဆိုလို့ရှိရင် ကျွန်တော်တို့နဲ့ ပါတီမတူပေမယ့်လည်း ပြည်သူ့အကျိုးအတွက် လုပ်ဖို့ရည်ရွယ်ချက်က တူသွားပြီဖြစ်တဲ့အတွက် ကျွန်တော် တင်ပြတဲ့ဟာတွေဟာ ဥပဒေဘောင်ထဲက Reasonable ဖြစ်တယ်ဆိုလို့ရှိရင် အားလုံးက ထောက်ခံပေးသွားလိမ့်မယ်လို့ မျှော်လင့်တယ်။

**ရခိုင်တိုးတက်ရေးပါတီက ရခိုင် မှာ အောင်ပွဲခံနိုင်တာရဲ့အကြောင်းရင်းက ဘာလဲ။**

ဒါ ကျွန်တော်တို့ရဲ့ အမျိုးသားရေးမျိုးချစ်စိတ်ဓာတ်ပဲ။ ရခိုင်သားတွေရဲ့ ရင်ထဲမှာ ခံစားချက်က ရခိုင်သား၊ ရခိုင်ပါတီကပဲ တစ်သားတည်းဖြစ်တယ်။ အဲဒါတွေ ရခိုင်မဲဆန္ဒရှင်တွေကသိတယ်။ ငါတို့ရဲ့လိုအပ်ချက်၊ ငါတို့ခံစားနေရတဲ့ ခံစားချက်တွေကို ရခိုင်ပြည်သူလူထုက ပေါက်ဖွားလာတဲ့ ဒီပါတီကပဲ ပိုပြီးတော့သိလိမ့်မယ်လို့သိတယ်။ အဲဒီ့အတွက် ရခိုင်မဲဆန္ဒရှင်တွေက မျိုးချစ်စိတ်နဲ့ ဒီလူတွေကို မဲပေးမှ၊ ဒီလူတွေ တက်လာမှ ငါတို့ရင်ထဲမှာ ခံစားရတာဟာ လွှတ်တော်မှာ Voice ဆိုတာဖြစ်လာမယ်။ အဲဒါကိုသိတဲ့ အတွက် ရခိုင်သူ ရခိုင်သားမဲဆန္ဒရှင်တွေဟာ ရခိုင်ပါတီကို တစ်ခဲနက် ဆန္ဒမဲပေးကြတယ်။ အဲဒီ့အတွက် အောင်မြင်တာလို့ ကျွန်တော်ပြောချင်တယ်။

7 DAY NEWS JOURNAL
Vol.9, No.36 • DECEMBER 2, 2010

# ရွှေတိဂုံစေတီတော်အောင်မြေတွင် ဆုတောင်းခဲ့သော ဂျူမုံ

ယုဇနကိုကို

ရန်ကုန်၊ နိုဝင်ဘာ-၂၇

တောင်ကိုရီးယားသရုပ်ဆောင် မင်းသားဆောင်အီဂွတ် (ဂျူမုံ) သည် ရွှေတိဂုံစေတီတော် မြောက်ဘက်မုခ်ရှိ အောင်မြေနှင့် မဟာဗောဓိပင်ရှိသည့်နေရာများတွင် ဘုရားရှိခိုးပြီး ဆုတောင်းခြင်းများပြုလုပ်ခဲ့သည်ဟု မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသံရုံးမှတာဝန်ရှိသူတစ်ဦးကပြောသည်။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

မြန်မာ့ရုပ်သံမှပြသခဲ့သော ကိုရီးယားဇာတ်လမ်းတွဲတစ်ခုဖြစ်သော ရာဇဝင်တွင်တဲ့ သူရဲကောင်းဇာတ်လမ်းတွဲမှ အဓိကသရုပ်ဆောင် ဂျူမုံဟုလူသိများသည့် ဆောင်အီဂွတ်သည် ယခုလ ၂၅ ရက် ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိခဲ့သည်။ နိုဝင်ဘာ ၂၆ ရက် နံနက်၁၁နာရီတွင် ပြည်တွင်းမီဒီယာဌာနများနှင့် တွေ့ဆုံပြီး ရန်ကုန်မြို့၊ ချက်ထရီရမ်ဟိုတယ်၌ သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါသတင်းစာရှင်းလင်းပွဲတွင် တောင်ကိုရီးယားမင်းသားက ကိုရီးယားဇာတ်လမ်းတွဲ နှစ်သက်သည့် မြန်မာပရိသတ်များနှင့်ပတ်သတ်ပြီး "ကျွန်တော်မြန်မာနိုင်ငံလေဆိပ်ကိုရောက်တော့ ကျွန်တော့်ကိုစောင့်နေကြတဲ့ ပရိသတ်တွေက ကိုရီးယားဘာသာစကားနဲ့ နှုတ်ဆက်ကြတယ်။ ကျွန်တော် တော်တော်လေးအံ့သြမိပါတယ်။ လန့်လည်းလန့်သွားတယ်။ ဘာလို့လဲဆိုတော့ မြန်မာပြည်က ပရိသတ်တွေ ကိုရီးယားဘာသာစကားကို အဲလောက်အကျွမ်းဝင်နေမယ်မှန်း ဘယ်လိုမှတွေးမထားမိခဲ့ဘူး။ အဲဒီအတွက် မြန်မာပရိသတ်ကို ကျေးဇူးလည်းအများကြီးတင်ပါတယ်" ဟု ၎င်း၏ ခံစားချက်ကို ပြောကြားသွားခဲ့သည်။

မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတသံရုံးမှ စီစဉ်သောမေးခွန်းများကိုသာ သတင်းထောက်များက မေးမြန်းခဲ့ရသည်။ အဆိုပါသတင်းစာရှင်းလင်းပွဲအပြီးမွန်းလွဲ ၂ နာရီကျော်တွင် စမ်းချောင်းမြို့နယ်ရှိ ဒဂုံစင်တာ၌ ဂျူမုံနှင့် သရုပ်ဆောင်မင်းသမီးလီဟားနားတို့က ပရိသတ်နှင့် ၁၀ မိနစ်ခန့်တွေ့ဆုံခဲ့ကြသည်။

ညနေ ၅ နာရီတွင် ကိုရီးယား-မြန်မာနှစ်နိုင်ငံ ချစ်ကြည်ရေးအတွက် သမ္မတရုပ်ရှင်ရုံတွင် ကျင်းပသည့် ကိုရီးယားရုပ်ရှင်ပွဲတော်သို့ မင်းသားနှင့် မင်းသမီးတို့တက်ရောက်ခဲ့ကြသည်။ ထို့နောက် ရုပ်ရှင်အပြီးတွင် သရုပ်ဆောင်များအား ကုန်သည်ကြီးများဟိုတယ်၌ ညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြသည်။

မြန်မာနိုင်ငံ၏ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေဖြစ်သည့် အပြင် ယူနက်စကိုစာရင်းဝင်လည်းဖြစ်သည့် ပုဂံဒေသသို့ စိတ်ဝင်တစားသွားရောက်လည်ပတ်ချင်သည်ဆိုသော မင်းသားဆောင်အီဂွတ်မှာ နိုဝင်ဘာ ၂၇ ရက် နေ့လယ် ၂ နာရီဝန်းကျင်တွင် သမိုင်းဝင်ရွှေတိဂုံစေတီသို့သွားရောက်ဖူးမြော်ခဲ့ပြီး အောင်မြေနှင့် မဟာဗောဓိပင်တည်ရှိသည့်နေရာများတွင် ဆုတောင်းခြင်းပြုလုပ်ခဲ့သည်။

ကိုရီးယား မင်းသားနှင့် မင်းသမီးတို့ရောက်ရှိခဲ့သည့် နေရာတိုင်းတွင် ၎င်း(ဆောင်အီဂွတ်)၏ ပရိသတ်များများပြားစွာလာရောက်ခဲ့ကြပြီး ပရိသတ်များတွင် အမျိုးသမီးပရိသတ်မှာ အများဆုံးဖြစ်သည်ကို တွေ့ရသည်။ သမ္မတရုပ်ရှင်ရုံသို့ မင်းသားအလာကိုစောင့်ဆိုင်းသော အမျိုးသမီးပရိသတ်များပြားခဲ့ပြီး ရုပ်ရှင်ရုံအနီးရှိ အစားအသောက်နှင့် ယမကာရသော မြယမုံစားသောက်ဆိုင်တွင်လည်း ထိုနေ့မွန်းလွဲပိုင်းအချိန်က အမျိုးသမီးများဖြင့်ပြည့်နေကြောင်း အဆိုပါဆိုင်သို့ရောက်ရှိနေသော အမျိုးသားတစ်ဦးကပြောသည်။

ဆောင်အီဂွတ်သည် ၁၉၇၁ ခုနှစ် အောက်တိုဘာလ ၁ ရက်တွင်မွေးဖွားပြီး ယခုအချိန်တွင် အသက် ၃၉ နှစ်ရှိပြီဖြစ်သည်။

လွန်ခဲ့သည့် ၂၀၀၅ ခုနှစ်ကလည်း တောင်ကိုးရီးယား၏ နာမည်ကျော်သရုပ်ဆောင် ချွဲခွာနူးလာရောက်ခဲ့ရာ အဆိုပါ မင်းသားရောက်ရှိခဲ့သည့်အချိန်တွင်လည်း မြန်မာနိုင်ငံရှိ ကိုရီးယားရုပ်ရှင်ပရိသတ်အများအပြား အားပေးခဲ့ကြကြောင်း သိရသည်။

# လွှတ်တော်ကိုယ်စားလှယ်များကို စပေါ်ငွေ ကျပ်ဆယ်သိန်းတင်ကာ ကန့်ကွက်နိုင်

ကျော်သီဟ

ရန်ကုန်၊ နိုဝင်ဘာ - ၁၇

အရွေးချယ်ခံခဲ့ရသော လွှတ်တော်အသီးသီးမှ ကိုယ်စားလှယ်များအား ကန့်ကွက်နိုင်ကြောင်း ပြည်ထောင်စုကော်မရှင်မှ ယနေ့ထုတ်သတင်းစာများတွင် ဖော်ပြလိုက်သည်။

နိုဝင်ဘာ ၁၆ ရက်စွဲဖြင့် ရွေးကောက်တင်မြှောက်ခံသူအား ကန့်ကွက်လိုလျှင် ပြဋ္ဌာန်းဥပဒေ၊ နည်းဥပဒေများနှင့်ကန့်ကွက်နိုင်ကြောင်း၊ နိုင်ငံရေးပါတီများထံ အကြောင်းကြားထားသည်။ ယင်းသို့ ကန့်ကွက်မှုများတွင် ကန့်ကွက်လိုသူသည် ပြည်ထောင်စုကော်မရှင်မှတစ်ဆင့် ကော်မရှင်ခုံရုံးသို့ စပေါ်ငွေကျပ်ဆယ်သိန်းတင်ကာ အမှုပြန်လည်စစ်ဆေးခ ပေးဆောင်ရမည်ဖြစ်သည်။

မဲဆန္ဒနယ်မြေတွင် ကျင်းပခဲ့ပြီးသော ရွေးကောက်ပွဲအား တရားမျှတမှုမရှိကြောင်း ကန့်ကွက်လိုလျှင်ဖြစ်စေ၊ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်အား ကန့်ကွက်လိုလျှင်ဖြစ်စေ၊ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၇၊ ၆၈ နှင့် နည်းဥပဒေ ၈၇ တို့နှင့်အညီ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ယနေ့ဖော်ပြထားသည်။

"ရွေးကောက်ခံကိုယ်စားလှယ်လောင်းတွေကို ကန့်ကွက်လို့ရတယ်။ အကြောင်းအချက်သက်သေခိုင်ခိုင်လုံလုံနဲ့ပေါ့။ ပြည်ထောင်စုကော်မရှင်ကို တိုက်ရိုက်ကန့်ကွက်ရမှာ။ တကယ်လို့ မမှန်မကန်ကန့်ကွက်ခဲ့ရင်တော့ ကန့်ကွက်သူကို ဥပဒေအရ ပြန်လည်အရေးယူသွားမှာပါ" ဟု တာဝန်ရှိသူတစ်ဦးကပြောကြားသည်။



7DAY NEWS JOURNAL
Vol.9, No.36 • DECEMBER 2, 2010



# နေပြည်တော်အား ကမ္ဘာကိုစပြတဲ့ ကျောက်မျက်ပြပွဲ

အားမာန်နှင့်နေပြည်တော်သတင်းအဖွဲ့

**တရုတ်စာ စာလုံးများကို ဗီနိုင်းနှင့် အေဖိုးစက္ကူများပေါ်ရေး၍ နေပြည်တော်ရှိစားသောက်ဆိုင်ရှေ့တွင် ကပ်ထားခြင်းမှာ ပထမဆုံးအကြိမ် ကျင်းပသော ကျောက်မျက်ပြပွဲ၏ပြယုဂ်တစ်ခုဖြစ်ကြောင်း ဒေသခံ ဦးထွန်းအောင်ကပြောသည်။**

မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးမြို့တော် နေပြည်တော်အား ကမ္ဘာကို ကျောက်မျက်ပြပွဲနှင့်အတူ ထင်ထင်ပေါ်ပေါ် စတင်ပြသခဲ့ခြင်းလည်းဖြစ်သည်။ အဆိုပါကျောက်မျက်ပြပွဲကြောင့် နေပြည်တော်ရှိ စားသောက်ဆိုင်များ၊ဟိုတယ်များ လက်မလည်အောင် အလုပ်ကောင်းခဲ့သည်။ ထို့အပြင် သယ်ယူပို့ဆောင်ရေးအတွက် ဝန်ဆောင်မှုပေးသော တက္ကစီများ၊ ဆိုင်ကယ်ကယ်ရီများ၊ ဟိုတယ်များအခန်းပြည့်၍အိမ်လုံးချင်းကို ကာလတို ငှားရမ်းသူများ၊ နေပူဒဏ်ခံနိုင်ရန် နှီးဦးထုပ်ရောင်းသူများ အလုပ်ကောင်းခဲ့သည်ကိုလည်း တွေ့ရသည်။

“ဖွင့်ပွဲနေ့က ငါးသောင်းကျော်ရတယ်။ မနေ့က လေးသောင်းလောက်ရတယ်။ ဒီနေ့တော့ နှစ်သောင်းပဲရသေးတယ်။ သူတို့ကလည်း ပြန်သွားပြီဗျ။ ပထမရက်ကဆိုရင် သူတို့က ဟိုတယ်လိပ်စာကတ်ပြတယ်။ ကျွန်တော်က လက်တစ်ချောင်းထောင်ပြတယ်။ အိုကေဆိုပြီး လိုက်ပို့ပေးရတယ်။ ကျွန်တော် တောင်းတာက တစ်ထောင်၊ သူက တစ်သောင်းပေးသွားတယ်။အဲဒီလိုနဲ့ ငါးသောင်းကျော်ရလိုက်တာပေါ့” ဟု တက္ကစီယာဉ်မောင်းတစ်ဦးက ပြပွဲကြောင့် သူဝင်ငွေဖြောင့်ပုံကိုပြောသည်။

“သူ့ဟာနဲ့သူတော့ အဆင်ပြေနေကြပါတယ်။ ဧည့်သည်တွေထဲမှာ ငွေသိပ်မသုံးလိုတဲ့သူတွေလည်း ပါလာတော့ အသေးစားလုပ်ငန်းတွေလည်း အဆင်ပြေကြပါတယ်” ဟိုတယ်မန်နေဂျာတစ်ဦးကဆိုသည်။ ပြည်တွင်းဖြစ် လျှာရှိုးဦးထုပ်နှင့် ပလတ်စတစ်ဦးထုပ်ရောင်းသူများလည်း ဝင်ငွေကောင်းခဲ့သည်။ ပထမနေ့က သိန်းဂဏန်းလောက် ရောင်းရတယ်။ မနေ့က ခုနစ်သောင်းဖို့လောက်၊ ဒီနေ့တော့ နှစ်သောင်းကျော် ပဲရသေးတယ်”ဟု ပျော်ဘွယ်ဒေသမှ လာရောက်ပြီး ဦးထုပ်ရောင်းသူ အမျိုးသမီးငယ်ကပြောသည်။

ထိုပြပွဲကို စီးပွားရေးလုပ်ငန်းရှင်ကြီးများကလည်း စိတ်ဝင်တစားစောင့်ကြည့်ခဲ့ကြသည်။ ပြပွဲတွင် ရောင်းအားကောင်းပါက နေပြည်တော်ရှိမြေကွက်များမှာ လက်ရှိထက်တန်ဖိုးများစွာမြင့်တက်လာနိုင်၍ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များနှင့် အိမ်ခြံမြေအကျိုးဆောင် စီးပွားရေးလုပ်ငန်းများမှာ ပြပွဲ၏ ရောင်းအားအခြေအနေကို စိတ်ဝင်တစားစောင့်ကြည့်လျက်ရှိကြောင်း အဆိုပါလုပ်ငန်းရှင်များကပြောသည်။ နေပြည်တော်ရှိအိမ်ခြံမြေဈေးနှုန်းများမှာ နိုင်ငံတကာကျောက်မျက်ရတနာပြပွဲကျင်းပမည်ဟု သတင်းကျယ်ကျယ်ပြန့်ပြန့်ထွက်ပေါ်ခဲ့သော ယခုနှစ်ဩဂုတ်လမှစတင်၍ ဈေးနှုန်းများ တစ်ဟုန်ထိုးတက်ခဲ့ခြင်းဖြစ်ကြောင်း အိမ်ခြံမြေဈေးကွက်ကျွမ်းကျင်သူများကပြောသည်။ အထူးသဖြင့် ကျောက်မျက်ရတနာပြတိုက်နှင့် ပြပွဲကျင်းပသော မဏိရတနာကျောက်စိမ်းခန်းမအနီး ဇမ္ဗူသီရိမြို့နယ် သပြေကုန်းရပ်ကွက်ရှိ ပြတိုက်နှင့် ပြပွဲကျင်းပရာနေရာနောက်ကျောရှိ မြေကွက်များမှာဈေးပြောင်းလဲမှုအများဆုံးဖြစ်သည်။ ပြပွဲကိုမဏိရတနာကျောက်စိမ်းခန်းမအနီး မြေကျယ် ၂၁ဧကကျော်ကျယ်သောနေရာတွင် ကျင်းပခဲ့ခြင်းဖြစ်သည်။

ယခင်က ကျပ်သိန်း ၃၀၀- ၃၅၀- ၄၀၀ရှိပေ ၆၀ပတ်လည် မြေကွက်များမှာဩဂုတ်လနောက်ပိုင်းတွင် တစ်ဟုန်ထိုးဈေးတက်ခဲ့ရာမှ ယခုအခါ မြေတစ်ကွက်တွင် ကျပ်သိန်းတစ်ထောင်ဝန်းကျင်ထိ ဈေးကောင်းလာခဲ့ကြောင်း ရွှေလက်ပံအိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးကျော်စွာမင်းက ရှင်းပြသည်။ ထိုနေရာတွင် မြေကွက်ပေါင်း ၆၀၀ ဝန်းကျင်ရှိခဲ့ရာမှ ယခုအခါ ထိုမြေ အားလုံးနီးပါးအရောင်းအဝယ်ဖြစ်သွားပြီဟု သတင်းရရှိသည်။

“ပြတိုက်နဲ့ ပြပွဲနောက်ကျောမှာရှိတဲ့ မြေတွေက အကုန်အရောင်းအဝယ်ဖြစ်ပြီး ဝယ်ဖို့အကွက်ခြားသွားပြီ။ တစ်နိုင်ငံလုံးက လူတွေ လာဝယ်ကြတာ။ အများဆုံးကတော့ မန္တလေးကနဲ့ မြန်မာနိုင်ငံအထက်ပိုင်းကလူတွေပဲ။ သူတို့က သုံးချိုးနှစ်ချိုးလောက်ရှိတယ်” ဟု ဦးကျော်စွာမင်းကရှင်းပြသည်။ ထိုမြေကွက်များအပြင် သပြေကုန်းရပ်ကွက်နှင့် နီးသောရွှေပေါင်းလောင်းနှင့် ရွှေကြာပင် ရပ်ကွက်များတွင်လည်း ကျောက်မျက်ပြပွဲကိုမှီ၍ မြေတန်ဖိုးများတက်လာခဲ့သည်။

**■ ယခုပြပွဲမှာ အုပ်ချုပ်ရေး ယန္တရားများတည်ရှိရာနေပြည်တော်သို့ ကမ္ဘာ့တစ်ဝန်းမှ အများဆုံးလာရောက်သည့်ပြပွဲတစ်ခုလည်းဖြစ်သည်။ ထို့ကြောင့်ဒေသခံများမှာ နိုင်ငံခြားဧည့်သည်အများအပြားနှင့်ပထမဆုံးအကြိမ်ထိတွေ့ဆက်ဆံခဲ့ရသည့် အတွေ့အကြုံဖြစ်ပြီး......**

အဆိုပါ မြေကွက်များကို ဝယ်ယူသူများမှာ ဂိုထောင်နှင့် အဆောက်အအုံများ အများဆုံးဆောက်လုပ်သည်ဟု ဒေသခံများကပြောသည်။

“အားလုံးကတော့ ကျောက်မျက်ရတနာပြပွဲကို စောင့်ကြည့်နေတယ်။ ပြပွဲမှာရောင်းကောင်းရင် နေပြည်တော်မှာရှိတဲ့ အိမ်ခြံမြေတွေ ဈေးပိုကောင်းလာဦးမယ်။ ဘာကြောင့်လဲဆိုတော့ ကျောက်မျက်ကုန်သည်တွေက ဒီမှာ ဈေးကွက်ကြီးဖြစ်သွားရင် ရုံးခန်းတွေဖွင့်တာတို့၊ ဂိုထောင်တွေဆောက်တာတို့ လုပ်ကြရမှာကိုး။ နောက်ဟိုတယ်တွေလည်း ပိုဆောက်လာကြလိမ့်မယ်” ဟု စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။ ပြပွဲတွင်ရောင်းကောင်းပါက နိုင်ငံခြားဝင်ငွေများစွာရရှိပြီး၊ ပို့ကုန်ရငွေတန်ဖိုးများ ကျဆင်းနိုင်၍ ပို့ကုန်၊ သွင်းကုန်လုပ်ငန်းရှင်များကလည်း ပြပွဲကို စောင့်ကြည့်လျက်ရှိသည်။ ယခုနှစ် နှစ်ဆန်းပိုင်းက ကျင်းပခဲ့သည့်ပြပွဲတွင် အမေရိကန်ဒေါ်လာသန်းတစ်ထောင်နီးပါး ရောင်းချခဲ့ရပြီး၊ ပြပွဲပြီးနောက် ပို့ကုန်ရငွေတန်ဖိုးများ ကျဆင်းခဲ့ဖူးသည်။

နေပြည်တော်တွင် ကျောက်မျက်ရတနာပြပွဲကို နိုဝင်ဘာ ၁၇ ရက်မှ ၂၉ရက်ထိ ပထမဆုံးအကြိမ် ကျင်းပခဲ့ခြင်းဖြစ်ပြီး၊ ပြည်တွင်း ပြည်ပကျောက်မျက်ရတနာကုန်သည် ခြောက်ထောင်ကျော် တက်ရောက်ခဲ့သည်။ ထို့ကြောင့် ယခုပြပွဲမှာ အုပ်ချုပ်ရေးယန္တရားများတည်ရှိရာ နေပြည်တော်သို့ ကမ္ဘာတစ်ဝန်းမှ အများဆုံးလာရောက်သည့်ပြပွဲတစ်ခုလည်းဖြစ်သည်။ ထို့ကြောင့်ဒေသခံများမှာ နိုင်ငံခြား ဧည့်သည်အများအပြားနှင့် ပထမဆုံးအကြိမ် ထိတွေ့ဆက်ဆံခဲ့ရသည့် အတွေ့အကြုံဖြစ်ပြီး၊ စီးပွားရေးအမြင်ပိုကျယ်လာခဲ့သည်ဟု ဒေသခံများကဆိုသည်။

ပြပွဲတွင် ကျောက်စိမ်းအတွဲပေါင်း ၈၇၈၇ တွဲကို တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပြီး၊ ကျောက်စိမ်းအတွဲ ၃၇၀ကို ဈေးပြိုင်စနစ်ဖြင့် ရောင်းချလျက်ရှိသည်။ ထို့အပြင် ကျောက်မျက်အတွဲ ၂၇၃တွဲ၊ ပုလဲအတွဲ ၂၇၆တွဲတို့ကို ဈေးပြိုင်နှင့် တင်ဒါနှစ်မျိုးစလုံးဖြင့် ရောင်းချလျက်ရှိသည်။

နောက်ဆုံးရရှိသော သတင်းများအရ ယခုပြပွဲမှာ နှစ်ဆန်းပိုင်းက ရန်ကုန်တွင်ကျင်းပခဲ့သော ပြပွဲကဲ့သို့ ရောင်းအားကောင်းခဲ့ကြောင်း စီးပွားရေးလုပ်ငန်းရှင်များက ပြောသည်။ ထို့ကြောင့် ပို့ကုန်ဝင်ငွေများစွာ ဝင်လာပြီဖြစ်၍ ပို့ကုန်ရငွေတန်ဖိုးမှာ လာမည့်ရက်ပိုင်းအတွင်း သိသာစွာ ပြောင်းလဲတော့မည်ဖြစ်ကြောင်း ၎င်းတို့က ဆက်ပြောသည်။



7 DAY NEWS JOURNAL
Vol.9, No.36 • DECEMBER 2, 2010



**သတင်းစာပညာတွင် အတွင်းကျကျ စူးစမ်းလေ့လာပြီး သတင်းရေးသားခြင်း (Investigative Reporting) သည် အထူးပင်အရေးပါသည်။ အကြောင်းအရာတစ်ခုနှင့်ပတ်သက်၍နိုက်နိုက်ချွတ်ချွတ်ရေးသားတင်ပြခြင်းအားဖြင့် အခြေအနေတစ်ရပ် သို့မဟုတ် အနေအထားတစ်ခုကို စာဖတ်သူတို့ကောင်းစွာနားလည်သဘောပေါက်သွားစေနိုင်သလို လူ့အဖွဲ့အစည်းအပေါ်သက်ရောက်မှုရှိနိုင်သည်များနှင့်ပတ်သက်၍လည်း သတိပေးနှိုးဆော်မှုပြုလုပ်ပေးနိုင်ပါသည်။**

သည်ရက်ပိုင်းအတွင်း လုပ်နေကျ ကျွန်တော့်ရုံး၏ နေ့စဉ်သတင်းထုတ်ပြန်ချက်အတွက် အမေရိကန်နိုင်ငံခြားရေးဌာန America.gov ဝက်ဘ်ဆိုက်မှ သတင်းဆောင်းပါးများကို ရွေးချယ်စိစစ်ပြီးတည်းဖြတ်စဉ် သတင်းဆောင်းပါးနှစ်ပုဒ် တွေ့လိုက်သည်။ ယင်းမှာ လူ့အဖွဲ့အစည်းတိုင်းအတွက် အန္တရာယ်ကြီးတစ်ခုဖြစ်သည့် အဂတိလိုက်စားမှုများနှင့် ပတ်သက်၍ အတွင်းကျကျ စူးစမ်းလေ့လာပြီး သတင်းရေးသားခြင်းအကြောင်း ဖြစ်ပါသည်။

# သတင်းစာပညာနှင့် အဂတိလိုက်စားမှု



**ထင်အောင်ကျော်**

ကျွန်တော်တို့ သတင်းစာဆရာများ၏ စိတ်သဘောကိုက လူ့အဖွဲ့အစည်းကြီးကို ပြောင်းလဲတိုးတက်စေချင်သည်။ ထို့အတွက် ကိုယ့်ပတ်ဝန်းကျင်ကို အမြဲမျက်စိဖွင့်နားစွင့်နေတတ်သည်။ ကိုယ့်ပတ်ဝန်းကျင်မှာ ဘာဖြစ်နေသည်ကို မသိဘဲနှင့်တော့ ကိုယ်က မိမိလူ့အဖွဲ့အစည်းကို ပြောင်းလဲတိုးတက်အောင်လုပ်ဖို့ မဖြစ်နိုင်။ ဒါက သတင်းစာဆရာများအတွက် အရိုးရှင်းဆုံးသဘောတရားပါ။

တကယ်တမ်းပြောရလျှင် အတွင်းကျကျ စူးစမ်းလေ့လာပြီး ရေးသားနိုင်သော အကြောင်းအရာများက များမှများ။ ရောဝတီမြစ်ကျဉ်းတစ်ခုနှင့် ယင်း၏ လူမှုဘဝပုံရိပ်ကို ရေးမည်လား၊ ဘုရင့်နောင်ပွဲရုံများ၏ လတ်တလောကုန်စည်လည်ပတ်စီးဆင်းမှုအကြောင်းကို ရေးမည်လား၊ ရန်ကုန်မြို့၏ မြေယာရှုခင်းအလှဆင်လုပ်ငန်းအကြောင်းကို ရေးမည်လား အားလုံးကို ခရေစေ့တွင်းကျ သတင်းလိုက်ယူလေ့လာပြီးရေးသားတင်ပြနိုင်ပါသည်။

သည့်ထက်ပို၍ စွန့်စားပြီး အတွင်းကျကျ သတင်းလိုက်တာမျိုးတွေလည်း ရှိသည်။ လက်နက်ကိုင် ပဋိပက္ခဖြစ်ပွားရာနေရာများသို့ သတင်းထောက်က စွန့်စားသွားရောက်ကာ ကွင်းဆင်း သတင်းလိုက်ခြင်းမျိုးဖြစ်သည်။ ထို့ထက်ပို၍ သတင်းစာဆရာများအတွက် အန္တရာယ်ကြီးသည်က အဂတိလိုက်စားမှုများနှင့်မသမာမှုများကို ဖော်ထုတ်ဖွင့်ချခြင်းဖြစ်သည်။

သတင်းစာဆရာအလုပ်ဆိုသည်က လစာအလွန်အမင်းကောင်းတာမျိုး မဟုတ်တော့ ငွေကုန်ကြေးကျခံပြီး သတင်းလိုက်ရခြင်းအတွက်အခါခပ်သိမ်း အဆင်မပြေတတ်။ နောက်ပြီး တမင်တကာဖုံးကွယ်ထားသော အကြောင်းအရာများကို လိုက်လံစူးစမ်းလေ့လာရသည်ကလည်း တကယ်မလွယ်။

သည်အကြောင်းနှင့်ပတ်သက်ပြီး အယ်ယ်ဘေနီရှိ နယူးယောက်ပြည်နယ်တက္ကသိုလ်မှ သတင်းစာပညာနှင့် ဆက်သွယ်ရေးလက်ထောက်ပါမောက္ခ ရို့စ်မေရီအာမော်က Covering Corruption: The Difficulties of Trying to Make a Difference ဆိုသော အစီရင်ခံစာတစ်စောင်ကို နိုင်ငံတကာ မီဒီယာအထောက်အကူပေးရေး ဗဟိုဌာန(CIMA: Center for International Media Assistance)အတွက် ပြုစုတင်သွင်းခဲ့သည်။

အဆိုပါ အစီရင်ခံစာတွင် အာမော်က အဂတိလိုက်စားမှုနှင့် မသမာမှုများ လျှော့နည်းကျဆင်းရေးအတွက် သတင်းစာဆရာများ၏ အဂတိလိုက်စားမှုဖော်ထုတ်ခြင်းသည် မရှိမဖြစ်အရေးကြီးကြောင်း ဖော်ပြထားသည်။ သတင်းထောက်များက ယင်းသို့ လုပ်ဆောင်ပါမှ အဂတိလိုက်စားမှုများကို ပြည်သူအများက သတိထားမိလာမည်ဖြစ်ပြီး အဆိုပါ အဂတိလိုက်စားမှုများကို တိုက်ဖျက်ရာတွင်လည်း ပြည်သူ လူထုအကူအညီကို ပိုမိုရရှိလာနိုင်မည်ဟု ဆိုပါသည်။

အဂတိ လိုက်စားမှုဆိုတာက ဘာတွေလဲ။ ဥပမာ-အာဖရိကတိုက် ဆာဟာရအောက်ပိုင်းတွင် ကျောင်းဆရာများ မလုံမလောက်ဖြစ်နေခြင်း၊ အရှေ့ဥရောပတွင် ပင်စင်စားများ လစာမလောက်မငဖြစ်နေခြင်း၊ အာရှတွင် ဆောက်လုပ်ရေး စံချိန်စံညွှန်းနှင့် မကိုက်ညီခြင်းကြောင့် အဆောက်အအုံများ ပြိုကျခြင်း ဒါတွေအားလုံးသည် အဂတိလိုက်စားမှုထဲတွင် အကျုံးဝင်ကြောင်း ပါမောက္ခအာမော်က ရှင်းပြထားသည်။

ပြီးခဲ့သည့် စက်တင်ဘာ ၂၉ ရက်က CIMA တွင် ဟောပြောပို့ချရာ၌ အာမော်က အကျင့်ပျက်ချစားသော အရာရှိများနှင့်ယင်းတို့ကြောင့်ဖြစ်ရသော အပျက်အကျိုးဆက်များကြား "တိုက်ရိုက်ဆက်နွယ်နေမှု" သည် တစ်ကမ္ဘာလုံးမှာပင် သာမန်နိုင်ငံသားတိုင်းကို ထိခိုက်နစ်နာနေစေကြောင်း ပြောသွားသည်။

သည့်အတွက် ဖွံ့ဖြိုးဆဲနိုင်ငံများမှဖြစ်ရပ်များကို အာမော်က ဥပမာ ပေးသည်။ အာဖရိကတိုက်ရှိ တန်ဇန်းနီးယားနိုင်ငံအား ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူလူထုစားဝတ်နေရေး တိုးတက်ရေးတို့အတွက် သဘာဝသယံဇာတများကို စီမံခန့်ခွဲရန် နိုင်ငံတကာအလှူရှင်များက ရန်ပုံငွေများ ပေးလှူခဲ့သည်။

အဂတိလိုက်စားမှုကြောင့် အလှူငွေတွေ အချည်းနှီးဖြစ်ကုန်သောအခါ အလှူရှင်များက သူတို့ပေးလှူခဲ့သောငွေကို ပြန်တောင်းလာတော့သည်။ သည်တော့ နိုင်ငံသည် အနာဂတ်ဘတ်ဂျက်ထဲမှ ငွေများကို ဖဲ့ယူကာပြန်လည်ပေးဆပ်ရတော့၏။

"အခွန်ထမ်းပြည်သူတွေအနေနဲ့ သူတို့တစ်ပြားတစ်ချပ်မှ မရလိုက်တဲ့ အလှူငွေတွေအတွက် သူတို့ကပဲ ပြန်ပြီးပေးဆပ်ရတော့မယ်" ဆိုပြီး အာမော်က တန်ဇန်းနီးယားပြည်သူများ၏ မိအေးနှစ်ခါနာအဖြစ်ကို ဥပမာပေးပြောပြသည်။

အတွင်းကျကျ စူးစမ်းလေ့လာပြီး သတင်းရေးသားသည့် သတင်းစာဆရာ ဒေးဗစ်ကက်ပလန်က CIMA ဆွေးနွေးပွဲတစ်ခု၌ ပြောကြားရာတွင် အဂတိလိုက်စားမှုများကို ရှောင်လွှဲမရနိုင်ကြောင်းနှင့် "သတင်းစာဆရာများအတွက် အရေးကြီးကိစ္စတစ်ရပ်ဖြစ်နေကြောင်း" ထောက်ပြသွားသည်။

"ဒါက (အဂတိလိုက်စားမှုက) လုပ်ငန်းကိစ္စတိုင်းမှာ ဖုံးကွယ်အခွန်အခ အနေမျိုးနဲ့ရှိနေတယ်။ သူ့ကြောင့်ဖွံ့ဖြိုးတိုးတက်မှုကို နှေးစေတယ်။ တစ်ခါတစ်ခါကျရင် လုံးဝတောင် ရပ်သွားစေတတ်တယ်" ဟု သူကပြောသည်။ သို့သော် "တစ်စုံတစ်ယောက်က စောင့်ကြည့်နေသည်ဆိုတာကို သိရုံမျှနှင့်ပင် အဂတိလိုက်စားမှုများကို အများကြီး လျှော့ချနိုင်ကြောင်း" သိရသည်။

ဆိုချင်တာက အဂတိလိုက်စားသူများသည် သူတို့ကို တစ်စုံတစ်ယောက် စောင့်ကြည့်နေပါလားဟုသိရလျှင် သူတို့၏ မသမာမှုများကို ထိန်းထိန်းသိမ်းသိမ်းလုပ်လာကြသည်။ စောင့်ကြည့်သူများဟုဆိုရာတွင် တရားဥပဒေစိုးမိုးရေးအာဏာပိုင်များ ပါနိုင်သလို ပြည့်မျက်စိနှင့်နားများသဖွယ် ဖြစ်နေသော သတင်းစာဆရာများလည်း ပါဝင်သည်။

သတင်းစာဆရာများ၏ အနေအထားကတော့ သက်ဆိုင်ရာအာဏာပိုင်များနှင့် မတူ၊ အထူးသဖြင့် သတင်းစီးဆင်းမှု အကန့်အသတ်နှင့်ပဲ ရှိနေသော နိုင်ငံများတွင် အခြေအနေက သတင်းစာဆရာများအတွက် စိန်ခေါ်မှုတစ်ခုဖြစ်နေသည်။

ထိုသို့သော အခြေအနေမျိုးတွင် အကျင့်ပျက်ဝန်ထမ်းများ၊ စီးပွားရေးမသမာမှုလုပ်နေကြသော ကော်ပိုရေးရှင်းကြီးများနှင့် ရာဇဝတ်ဂိုဏ်းများက သူတို့လုပ်ရပ်များကို ဖော်ထုတ်ဖွင့်ချဖို့ ကြိုးစားနေသည့် သတင်းထောက်များကို နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ ဖမ်းဆီးခြင်းတို့သာမက ရံဖန်ရံခါ အစဆုံးဖြောင်ပစ်ခြင်းများကိုပင် လုပ်ဆောင်တတ်ကြသည်။

ဥပမာ - နယူးယောက်အခြေစိုက် သတင်းစာဆရာများအား ကာကွယ်ရေးကော်မတီ (CPJ: Committee to Protect Journalists) အဆိုအရ ၂၀၀၆ ခုနှစ် ဒီဇင်ဘာမှစ၍ မက္ကဆီကိုနိုင်ငံတွင် မီဒီယာလုပ်သား ၃၀ ကျော် သတ်ဖြတ်ခံရ သို့မဟုတ် ပျောက်ဆုံးသွားခဲ့ရသည်။

အဂတိလိုက်စားမှုများကို ဖော်ထုတ်ဖွင့်ချခြင်းသည် "ရဲရင့်သော သတင်းစာပညာရပ်ပင် ဖြစ်ကြောင်း" အာမော်ကဆိုသည်။ "ဒီပုဂ္ဂိုလ်တွေဟာ အန္တရာယ်ရှိတယ်ဆိုတာကို သိရက်နဲ့ ဆက်လုပ်ကြတယ်၊ တကယ်တမ်းတော့ ဒီလိုမဖြစ်သင့်ပါဘူး"ဟူ၍ သူကပြောသည်။

သူ့အစီရင်ခံစာထဲမှာ အာမော်က စီပီဂျေကိန်းဂဏန်းများအရ ၁၉၉၂ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အတွင်း အသတ်ခံခဲ့ရသော သတင်းစာဆရာ ၁၈၂ ယောက်ထဲတွင် ၂၁ရာခိုင်နှုန်းမှာ "အဂတိလိုက်စားမှုများကို ဖော်ထုတ်ဖွင့်ချဖို့ကြိုးစားနေသူများဖြစ်ကြောင်း" ဖော်ပြထားသည်။

တကယ်လည်း တစ်ကမ္ဘာလုံးမှာ အန္တရာယ်ရှိနေသည်။

မော်စကို ဆင်ခြေဖုံးတစ်ခုတွင် အဂတိလိုက်စားမှုအကြောင်းကို အတွင်းကျကျ သတင်းလိုက်ခဲ့သည့် ရုရှသတင်းစာဆရာ မစ်ခေလ်ဘက်ကီတော့ဗ်တစ်ယောက် သူ့ကားကို မီးရှို့တာ၊ သူ့ခွေးကို သတ်ပစ်တာများကို ကြုံကြုံခံရင်ဆိုင်ခဲ့ရသည်။

ယူဂန်ဒါနိုင်ငံတွင် နိုင်ငံရေးမသမာမှုများအကြောင်း သတင်းလိုက်သူ သတင်းစာဆရာများသည် ရိုက်နှက်ခံရပြီး သူတို့၏ အသံဖမ်းစက်များ၊ ဓာတ်ပုံကင်မရာများ သိမ်းဆည်းခံခဲ့ရသည်။ ထို့အပြင် သူတို့မိသားစုဝင်များကို သတ်ပစ်မည်ဆိုပြီး ခြိမ်းခြောက်တာများပင်ရှိခဲ့သည်ဟုဆိုသည်။

အတွင်းကျကျ စူးစမ်းလေ့လာပြီး သတင်းလိုက်ရေးသားဖို့ဆိုလျှင် သတင်းထောက်များဘက်ကလည်း ဆည်းပူးလေ့လာထားရမှာတွေ ရှိသည်။ ခုရေတွင်းတူး၊ ခုရေကြည်သောက်ချင်၍ မရ။

အထူးသဖြင့် အန္တရာယ်မကင်းသော အဂတိလိုက်စားမှုများအကြောင်း စုံစမ်းထောက်လှမ်းသတင်းလိုက်မည်ဆိုလျှင် သည်လိုစုံစမ်းထောက်လှမ်းသတင်းလိုက်ခြင်း ပညာရပ်ကို အထူးလေ့လာဆည်းပူးထားရန် လိုသည်။ မိမိလုံခြုံမှုရှိရေးကိုလည်း သတိထားလုပ်ဆောင်တတ်ရမည်။

ဆက်လက်ဖတ်ရှုရန် →

7 DAY NEWS JOURNAL
Vol.9, No.36 • DECEMBER 2, 2010

# မသိမှု၏ အဆုံးစွန်

ထက်ကျော်

တရုတ်ပညာရှိသုခမိန်ကြီး "တိန်းတီ"ကပြောဖူးတယ်။ "မသိဘဲသိသည်ထင်ခြင်းသည် မသိမှု၏အဆုံးစွန်တည်း၊ ယုတ်မာသည်ကို မြတ်သည်ထင်ခြင်းသည် ယုတ်မာမှု၏အဆုံးစွန်တည်း" ပါတဲ့။ မသိတဲ့သူတွေ၊ တစ်စိတ်တစ်ပိုင်းလောက်သာသိတဲ့သူတွေဟာ သူတို့ကိုယ်သူတို့ အလွန်သိ၊ အလွန်တတ်တယ်လို့ တစ်ခါတစ်ခါထင်တတ်ကြပါတယ်။ အဲဒီလိုလူမျိုးတွေကို ပညာရှိကြီးရဲ့ကောက်ချက်ဆွဲမှုနဲ့သာသုံးသပ်ရရင် မသိမှုရဲ့အဆုံးစွန်ကိုရောက်နေတဲ့သူတွေလို့ပြောရင်ရပါလိမ့်မယ်။

မသိတာကို သိတယ်ထင်တာ၊ နည်းနည်းကလေးသိတာကို အများကြီးသိတယ်ထင်တာ၊ ရိုးတိုးရိပ်တိပ်သိတာကို ရှင်းရှင်းလင်းလင်းသိတယ်လို့ ထင်နေတာဟာ အလွန်ဆိုးပါတယ်။ လုံးဝမသိတာဟာ အန္တရာယ်မရှိပေမယ့် မသိသလိုလို သိသလိုလိုတွေက အလွန်အန္တရာယ်ကြီးပါတယ်။ ရိုးသားတဲ့စိတ်ကို အခြေခံပြီး တစ်စိတ်တစ်ပိုင်းပဲသိရင်တစ်စိတ်ပဲ သိပါတယ်။ ဆက်ပြီးတော့ လေ့လာရဦးမယ်လို့ ဝန်ခံတတ်တဲ့သူတွေဟာ တကယ်ပဲသမာသမတ်ကျတယ်။ တည်ကြည်တယ်လို့လည်း ပြောနိုင်ပါလိမ့်မယ်။

လူရဲ့ သိလိုမှုဆန္ဒဆိုတာ လူ့ဘဝသက်တမ်းကို နှစ်ပြန်-သုံးပြန် တိုးလိုက်ဦး၊ လေ့လာဆည်းပူးလို့လုံလောက်မယ်မဟုတ်ပါဘူး။ ဒီဟာ သိပြန်တော့ ဟိုဟာကိုသိချင်၊ နည်းနည်းသိပြန်တော့ များများသိချင်၊ တစ်စိတ်တစ်ပိုင်းသိပြန်တော့ တစ်ခုလုံးကိုသိချင်ဖြစ်တတ်တာမို့ အဆုံးသတ်မျဉ်းဆိုတာ ရှိခဲလှပါတယ်။ သိလိုမှုဆိုတာ လူ့သမိုင်းတစ်လျှောက်လုံး ပြည့်စုံခဲ့တာမှမဟုတ်တာ။

ဒါကလည်း ဆန်းတော့မဆန်းလှပါဘူး။ လူတွေရဲ့ သိမြင်လိုမှုနဲ့ သိနားလည်ခဲ့မှုကိုပဲ အချိုးချကြည့်ကြည့်၊ သိတာနဲ့ မသိတာကိုပဲ အချိုးချကြည့်ကြည့်၊ သိလိုမှုက အချိုးအဆများပြီး သိနားလည်ခဲ့မှုက အချိုးအဆရာခိုင်နှုန်း အင်မတန်နည်းပါလိမ့်မယ်။ ဒီလိုပဲ သိတာနဲ့မသိတာကလည်း ကွာဟမှု အလွန်ကြီးပါလိမ့်မယ်။

အင်္ဂလိပ်လူမျိုး ဘာသာရေးသမားလည်းဖြစ်၊ စာရေးဆရာ တစ်ယောက်လည်းဖြစ်တဲ့ ရစ်ချတ်ဘက်စ်တာ (Richard Baxter)ဆိုတဲ့ ပုဂ္ဂိုလ်က သူ့အမြင်ကို ဒီလိုပြောဖူးတယ်။

"How small is our knowledge in comparison of our ignorance." ပါတဲ့။ ကျုပ်တို့ သိနားလည်တယ်ဆိုတာတွေနဲ့ "ကျုပ်တို့ မသိနားမလည်တာတွေကိုနှိုင်းယှဉ်ရင် ဘယ်လောက်များ နည်းနေသလဲဗျာ" လို့ ညည်းပြသွားခဲ့ဖူးပါတယ်။

အမှန်ပါပဲ။ သိတာကနည်းနည်း၊ မသိတာတွေက ခပ်များများဆိုတော့ သူ ဒီလိုပြောတာလည်းသဘာဝကျပါတယ်။ ဘဝတစ်လျှောက်လုံး၊ မသိတာ၊ နားမလည်တာတွေများလွန်းလို့ ငယ်တာ၊ ကြီးတာ ကန့်သတ်မထားတော့ဘဲ သေတဲ့အထိလေ့လာသင်ယူသင့်တယ်ဆိုတာကို နားလည်သဘောပေါက်လာကြတဲ့အခါ "စဉ်ဆက်မပြတ် လေ့လာသင်ယူရေး" ဆိုတဲ့ အယူအဆပေါ်လာရတာသာကြည့်တော့။

ဒီတော့ တချို့ကလည်း ကြီးမှသင်ယူလေ့လာရတာဟာ ခွေးအိုကြီး လက်ပေးသင်ရသလို ဖြစ်နေလိမ့်မယ်ဆိုပြီး ရှက်နေတတ်ကြတယ်။ အဲဒီလူတွေဟာ ဦးကျည်ပွေ့ဆိုတဲ့ ရဟန်းတစ်ပါးရဲ့ ကျည်ပွေ့အတက်ပေါက်တယ်ဆိုတဲ့သာဓကကို မေ့နေကြဟန်တူပါတယ်။ ဘယ်အချိန်မှာပဲ စစ၊ စမိဖို့ပဲလိုတယ်။ ဘယ်အချိန်မှာပဲ အစပျိုးပျိုး နောက်မကျဘူး မဟုတ်လား။

တချို့ကတော့ အသက်ကြီးမှ လေ့လာတာသင်ယူတာကမှ ပိုကောင်းသတဲ့။ ကြည့်လေ၊ ဂရိတွေးခေါ်ပညာရှင်'အက်ရှ်လပ်စ်' (Aeschylus) က ဒီလိုပြောဖူးတယ်။



"It is always in season for old men to learn."တဲ့လေ၊ လူကြီးတွေအတွက် ဘယ်ရာသီမှာပဲဖြစ်ဖြစ် အမြဲပဲလေ့လာသင်ယူဖို့သင့်သတဲ့လေ။ တကယ်ကလူကြီးဖြစ်ဖြစ်၊ လူလတ်ဖြစ်ဖြစ်၊ လူငယ်ဖြစ်ဖြစ် များများလေ့လာ၊ များများသင်ယူကြရင်ကောင်းပါတယ်။ ဒါပေမဲ့ အဲဒီသင်ယူလေ့လာမှုရဲ့နောက်မှာ ဖြစ်လာတတ်တာက ကိုယ့်ကိုယ်ကိုယ် များများသိနေတယ်လို့ ထင်မှတ်မှားတတ်တာဖြစ်ပါတယ်။ တကယ်က ကိုယ်သင်ယူလေ့လာသိရှိဖို့ လိုအပ်နေသေးတာတွေနဲ့ နှိုင်းယှဉ်လိုက်ရင် ကိုယ့်ရဲ့သိမှုဟာတကယ့်ကို အသေးအမွှားလေးလောက်ပဲ ရှိတယ်ဆိုတာကို နားလည်ထားသင့်တယ်။ ငါသိတာက နည်းနည်းလေးပါဆိုတဲ့အမြင်မျိုး စိုက်ထူထားနိုင်ရင် ပိုပြီးကောင်းပါတယ်။

တခြားမကြည့်နဲ့လေ၊ ကမ္ဘာ့တွေးခေါ်ပညာရှင်ကြီးတစ်ဦးဖြစ်တဲ့ ဆိုကရေးတီးကတောင် "ငါသိတာတစ်ခုပဲရှိတယ်။ အဲဒါက ငါဘာမှမသိသေးတာပဲ"ဆိုပြီး ကိုယ့်ကိုယ်ကိုယ်ဝေဖန်ရေးလုပ်သွားတာလေ။ ဒါက တကယ်သတိထားစရာကိစ္စပါ။ အထူးသဖြင့်ကိုယ့်ကိုယ်ကိုယ်ထင်တစ်လုံးဖြစ်နေတဲ့သူတွေ ပိုမိုသတိထားစရာဖြစ်ပါလိမ့်မယ်။

အဲဒီတော့တရုတ်ပညာရှိ 'တိန်းတီ'ရဲ့စကားနဲ့အဲဒီစကားကို ထင်ဟပ်ဆက်စပ်ကြည့်မယ်ဆိုရင်ဖြင့် 'ဆိုကရေးတီး'လို ပုဂ္ဂိုလ်မျိုးကတောင် သိမှုနဲ့ပတ်သက်ရင် ဘာမှမသိပါဘူး ကြေညာထားပါလျက်နဲ့ တချို့ပုဂ္ဂိုလ်များက မသိတာတွေကို သိတယ်ထင်ပြီး လက်မထောင်နေကြရင်ဖြင့် မသိမှုရဲ့အဆုံးစွန်ကို အလိုလိုရောက်သွားမှာ အသေအချာပါပဲ။ ။

## JOKE

### ရွှေးချယ်မှု

တစ်ခါက ဗြိတိသျှဝန်ကြီးချုပ်ဟောင်း မစ္စတာချာချီ၏ အဓိက ပြိုင်ဘက်ဟုလူသိများသော အမျိုးသမီးက ပါလီမန်တွင် မိန့်ခွန်းပြောနေသည်။ မစ္စတာချာချီမှာ ၎င်း၏ ပြိုင်ဘက်အပေါ် မည်မျှစိတ်အားထက်သန်သနည်းဆိုသော် မိန့်ခွန်းပြောကြားနေစဉ် အိပ်ပျော်သွားခဲ့သည်။

ချာချီအစိုးရ၏ အတိုက်အခံ အမျိုးသမီးကြီးက သူမ၏ မိန့်ခွန်းကို ရပ်လိုက်၍ "မစ္စတာချာချီ ကျွန်မမိန့်ခွန်းပြောနေလို့ ရှင်အိပ်နေတာလား" ဟု လှမ်းအော်၍ ချာချီအား နှိုးလိုက်သည်။ မစ္စတာချာချီကလည်း အိပ်ချင်မူးတူးနှင့်ပင်

"မဟုတ်ပါဘူးဗျာ။ ကျွန်တော် အိပ်ချင်လို့ကို အိပ်နေတာပါ" ဟု ပြန်ပြောပါ၏။

### သူမြင်တယ်

အမေရိကန်တွင် သေနတ်ကိုင်ထားသော လူတစ်ယောက် ဘဏ်ကိုဝင်၍ဓားပြတိုက်သည်။ ပိုက်ဆံအိတ်ကို ထမ်း၍ထွက်လာစဉ် ဘဏ်တွင်ငွေထုတ်ရန်ရောက်နေသော လူတစ်ယောက်အား

"ကျုပ် ဓားပြတိုက်တာ ခင်ဗျားမြင်လား"

"မြင်တာပေါ့ဗျာ" ဟု ငွေထုတ်သူကပြန်ပြောရာ ဓားပြက ၎င်းအား ဇီဝိန်ခြွေလိုက်ပါတော့သည်။

နောက်ထပ်တွေ့သော လင်မယားစုံတွဲ တစ်တွဲကိုလည်း ထိုအတိုင်းမေးရာ. .

"ကျွန်တော် မမြင်ပါဘူးဗျာ။ ဒါပေမဲ့ ကျွန်တော့်မိန်းမတော့ မြင်လိုက်တယ်" ဟု ယောကျ်ားက ပြာပြာသလဲ ပြောလိုက်ပါသည်။

## စာ(၃၁) သတင်းစာပညာနှင့် အဂတိလိုက်စားမှု မှ

နောက်ပြီး ကိုယ်သတင်းလိုက်ရေးသားသော အဂတိလိုက်စားမှု၊ မသမာမှုသည် အများပြည်သူကို ဘယ်နည်းဘယ်ပုံ တိုက်ရိုက်ထိခိုက်သည်ကိုလည်း ကွက်ကွက်ကွင်းကွင်း ဖော်ပြပေးနိုင်ရမည်။ ခိုင်လုံမှုလည်း ရှိရန်လိုသည်။

သည့်အတွက် စိတ်ရှည်သည်းခံရမည်။ အဂတိလိုက်စားမှု သို့မဟုတ် မသမာမှုကို ဖော်ထုတ်ဖွင့်ချဖို့ဆိုလျှင် တပင်တပန်း စုံစမ်းထောက်လှမ်းကြရတတ်သည်။ သုတေသနတွေလုပ်ရသည်။

အာမော်၏အဆိုအရ ထိုသို့ကြိုးစားလုပ်ကိုင်ရင်း မိမိ၏ စုံစမ်းထောက်လှမ်းသော သတင်းလိုက်ပညာ ဖွံ့ဖြိုးတိုးတက်လာလိမ့်မည်။ စာဖတ်ပရိသတ်ကိုလည်း ပိုပြီးပြည့်စုံကောင်းမွန်စွာ သတင်းရေးသားတင်ပြလာနိုင်မည်ဟုဆိုသည်။

"ကျွန်မတို့က လူငယ်သတင်းစာဆရာတွေကို လေ့ကျင့်သင်ကြားပေးပြီး သူတို့တစ်တွေ ဒီနယ်ထဲမှာ ကြာကြာမြဲနေအောင် လစာတွေပေး၊ အကူအညီတွေ ပေးရမယ်. . . ဘာဖြစ်လို့လဲဆိုတော့ ဒီလို သတင်းလိုက်တာ ကြာလာတာနဲ့အမျှ ဝါရင့်လာမှာမို့ပဲ" ဟု အာမော်က ပြောသည်။ အာမော်၏ အစီရင်ခံစာတွင် သတင်းစာဆရာများဘက်က ဖော်ထုတ်ဖွင့်ချနိုင်ခဲ့တာများကို ဖော်ပြထားသည်။ တစ်ခုက ဘော့စနီးယားတွင် နိုင်ငံရေးသမားတစ်ဦး အိမ်ခြံမြေ အရောင်းအဝယ်များ၌ အဂတိလိုက်စားခဲ့ပုံကို ဖော်ထုတ်နိုင်ခဲ့၍ ထိုသူတရားစွဲခံခဲ့ရသည်။

ယူဂန်ဒါတွင် တောတွေရှင်းပြီး ကြံခင်းကြီးများစိုက်ဖို့ စီစဉ်ခဲ့တာကို သတင်းစာဆရာများက ၂၀၀၇ ခုနှစ်မှာ ဖော်ထုတ်နိုင်ခဲ့ရာ ပြည်သူအများ စိတ်ဆိုးသောကြောင့် အစီအစဉ်ကို ဖျက်သိမ်းခဲ့ရသည်။

သို့သော် အဂတိလိုက်စားမှုများက ကျယ်ပြန့်လွန်းရကား လုံးဝပပျောက်သွားအောင်တော့ မလုပ်နိုင်။ တစ်ဖက်တွင်လည်း မည်သည့်သတင်းမှ သတင်းစာဆရာတစ်ယောက်၏ အသက်၊ ဘဝလောက်တန်ဖိုးမကြီးချေ။

ဂျိုက်စ်စလုံး၏ "သတင်းပညာ workbook "တွင် "ကိုယ့်ဘဝ၊ ကိုယ့်မိသားစုဘဝ၊ ကိုယ့်မိတ်ဆွေတွေရဲ့ ဘဝကို ထိခိုက်နိုင်မယ့်ကိစ္စဆိုရင် ဘယ်တော့မှမလုပ်နဲ့ . . . ဘယ်နိုင်ငံမှာမဆို သတင်းစာဆရာတွေအတွက် ကန့်သတ်ထားတဲ့ ဘောင်ရှိတယ်။ ကိုယ်ကျင်လည်ရာနေရာနဲ့ သင့်တော်တာကို ကိုယ်ပိုင်အသိနဲ့ ဆုံးဖြတ်ပြီး အကန့်အသတ်တွေအတွင်းမှာ ကိုယ့်အတွက် ဘေးကင်းအောင်လုပ်ရမယ်" ဟူ၍ ဖော်ပြထားသည်။ ဒါကလည်း မှတ်သားစရာပါ။

အယ်ဒီတာချုပ်- သောင်းစုငြိမ်း။ အမှုဆောင်အယ်ဒီတာများ- အားမာန်၊ ငြိမ်းငြိမ်းနိုင်။ စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်းအယ်ဒီတာ - စောစည်သူမိုး။ သတင်းအယ်ဒီတာများ- အေးမြကျော်၊ နေလင်းအောင်၊ သီဟ၊ မေဝင်းမွန်။ အကြီးတန်းသတင်းထောက်- မြတ်စုမွန်၊ ဇာဇာနီ၊ ယုဇနကိုကို။ နိုင်ငံတကာသတင်းဘာသာပြန်- ရဲမင်း၊ ကျော်မျိုးဦး။ စာပြင်အယ်ဒီတာ- လုထွင့်ဦး။ သတင်းထောက်များ- သဇင်ထွေး၊ ဝေယံမြတ်ဦး၊ ဒဲနစ်အောင်အောင်၊ကျော်သီဟ၊ အိဖြူလွင်၊ အိဖြူမွန်၊ ဝတ်ရည်အောင်၊ သိမ့်သိမ့်စိုး၊ ဥက္ကာကိုကို၊ အောင်သူရ၊ နေလင်းထွန်း၊ ဗိုလ်ဗိုလ်ဝင်း၊ ပြည့်သိမ်း၊ သန်းငွေ၊ အေးသူစံ။ နေပြည်တော်သတင်းထောက်- ထူးသန့်။ နယ်သတင်းထောက်များ- စိုင်းသာအောင်၊ မျိုးမင်းဦး၊ စောရန်နိုင်၊ သတင်းထောက်လုမြင့်၊ ဆန်းညွန့်(ရေနံချောင်း)၊ အင်မိုင်ခါ၊ မျိုးဇော်၊ မောင်ကံ၊ ကျော်ထွန်း။ သုတေသန- အောင်အောင်။ စာမျက်နှာဖွဲ့စည်းမှု- ချစ်ဗိုလ်ဗိုလ်၊ ရိန်းရိန်းထိုက်။ ကွန်ပျူတာစာစီ- စန်းစန်း၊ နွယ်မွန်ဖြိုး၊ မေဇင်သိန်းဇော်၊ ဘုန်းမြင့်ဟန်။ သရုပ်ဖော်- စိုးသော်တာ။ ဓာတ်ပုံသတင်းထောက်- အောင်အောင်၊ ဂျေမောင်မောင်(အမရပူရ)။ ပြင်ပဆက်သွယ်ရေး- သက်ပိုင်ဌေး။ လိုဂိုဒီဇိုင်း- ကျောက်ဆည်။ ဘဏ္ဍာရေး- ကလျာအောင်။ ကြော်ငြာတာဝန်ခံ- မိုးပပ၊ လင်းလင်းဦး။ ထုတ်ဝေသူ- ဦးမျိုးလှိုင်အောင်။ ပုံနှိပ်စက်- သုဝဏ္ဏသီရိပုံနှိပ်တိုက်။ ဖလင်- Sunn Colour Separation. စောင်ရေ- ၁,၀၀၀။ ရောင်းဈေး- ၄၅၀ကျပ်။

7Day News ဂျာနယ်တိုက် - လပြည့်ဝန်းပလာဇာ(၁၀ ထပ်)၊ အမှတ် ၃၇၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်။ ဖုန်း- ၇၂၁ ၅၇၇၊ ၂၄၃ ၅၄၂၊ ၁၈၄၄၅၉၊ ၀၉ ၅၁၇၃၂၅၅
7Day News ကြော်ငြာဌာန ဖုန်း - ၇၃၀ ၇၈၄၂၉

Business
7 DAY NEWS JOURNAL
Vol.9, No.36 • DECEMBER 2, 2010



ဓာတ်ပုံ– ဂျေမောင်မောင်(အမရပူရ)

## တောင်သူများ ကြက်သွန်နီစိုက်ရန် စိတ်ဝင်စားမှုနည်း

**ကျော်သီဟ**

ရန်ကုန်၊ နိုဝင်ဘာ-၂၄

ကြက်သွန်နီဈေးများ အနိမ့်ဆုံးသို့ ရောက်နေ၍ တောင်သူများ နွေကြက်သွန်စိုက်ပျိုးရန် စိတ်ဝင်စားမှု လျော့နည်းနေကြောင်း သတင်းရရှိသည်။

“ဒီတစ်ပတ် ကြက်သွန်ဈေး ပြန်ကျချက်က မြေကြီးရောက်နေပြီ။ ရန်ကုန်ဘုရင့်နောင်ပေါက်ဈေးတောင် တစ်ပိဿာ အောက်စ ၃၀၀ ကျပ်၊ လတ်စတစ်ပိဿာ ၃၅၀ ကျပ်၊ ထိပ်စတစ်ပိဿာ ၃၇၅ ကျပ်၊ ရှယ်တစ်ပိဿာ ၄၀၀ ကျပ်နဲ့ နယ်အစုံဈေးက တစ်ပိဿာ ၂၅၀ ကျပ်ပဲရှိတော့တယ်။ တောင်သူတွက ဒီလိုအရှုံးပေါ်တဲ့ဈေးကြောင့် လာမယ့်နှစ်မှာ လုံးဝစိုက်ဖို့ စိတ်မဝင်စားကြတော့ဘူး” ဟု မြန်မာနိုင်ငံအထက်ပိုင်းရှိ ကြက်သွန်နီကုန်သည်တစ်ဦးက ပြောပြသည်။

“တောင်သူတွေက အခြေအနေတော်တော်ဆိုးနေပြီ။ လာမယ့်နှစ်အတွက် မျိုးပေးမယ်။ စိုက်စရိတ်ချေးမယ်ဆိုတာ တောင်ကြက်သွန်နီကို လုံးဝမစိုက်ချင်ကြတော့ဘူး” ဟု မန္တလေးရှိ ကုန်သည်တစ်ဦးကဆိုသည်။

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်မှ တောင်သူတစ်ဦးကလည်း ၎င်းတို့ဒေသတွင် ကြက်သွန်နီစိုက်ပျိုးမည့်သူနည်းကြောင်း ပြောသည်။

“သုံးနှစ်ရှိပြီ။ တစ်နှစ်မှ ဈေးမကောင်းဘူး။ နှစ်တိုင်းရှုံးတယ်။ ခရမ်းချဉ်ပဲ စိုက်တော့မယ်” ဟု ၎င်းကပြောသည်။

တောင်သူများအတွက်လည်း သင့်တင့်ပြီး စားသုံးသူများအတွက်လည်း မျှတသောဈေးနှုန်းတစ်ခု ဖြစ်ပေါ်ရန် ကြက်သွန်နီ ပြည်ပတင်ပို့ ခွင့်ကို ထိန်းထိန်းသိမ်းသိမ်း ခွင့်ပြုလျှင် အဆင်ပြေနိုင်ကြောင်း ဘုရင့်နောင်ရှိ ဝါရင့်ကုန်သည်များကဆိုကြသည်။

# မတ်ပဲပြည်ပတင်ပို့မှုထက်ဝက်ကျော်ကျဆင်း


**ပြည့်သိမ်း**

ရန်ကုန်၊ နိုဝင်ဘာ-၂၅

မြန်မာ့ပဲဝယ်သော အိန္ဒိယကုမ္ပဏီကြီးအချို့က ဈေးအကျကိုစောင့်ပြီး ဝယ်ယူကြ၍ မတ်ပဲတင်ပို့မှု ထက်ဝက်ကျော် ကျဆင်းသွားကြောင်း မြန်မာနိုင်ငံ ပဲနှမ်းကုန်သည်များ အသင်းမှ သတင်းရရှိသည်။

မတ်ပဲတင်ပို့မှုမှာ စက်တင်ဘာလမတိုင်မီက တစ်လလျှင် တန်ချိန်ငါးသောင်းဝန်းကျင် တင်ပို့နိုင်ခဲ့သော်လည်း နောက်ပိုင်းလများတွင် တန်ချိန်နှစ်သောင်းထိ ကျဆင်းလာသည်ဟုဆိုသည်။ မတ်ပဲအသစ်မှာ ၂၀၁၁ မတ်လဝန်းကျင်တွင်မှ ဈေးကွက်သို့ စတင် ဝင်ရောက်လာမည်ဖြစ်သည်။ ထိုကြောင့် လက်ကျန်မှာ တန်ချိန် ရှစ်သောင်းဝန်းကျင်သာ ရှိသဖြင့် အဟောင်းများမှာ အဝယ်မရှိ၍ ဈေးထပ်ကျရန် စိုးရိမ်စရာမရှိကြောင်း မြန်မာနိုင်ငံ ပဲနှမ်းကုန်သည်များအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

“တင်ပို့မှုတော့ ရှိနေတယ်။ အရင်ကထက်တော့ နည်းသွားတယ်။ စက်တင်ဘာ နောက်ပိုင်းမှာ ဟိုဘက်အမှာက အတော်



နည်းသွားတယ်” ဟု ပြည်ပသို့ ပဲမျိုးစုံတင်ပို့သော လုပ်ငန်းရှင်တစ်ဦးက ရှင်းပြသည်။

အိန္ဒိယနိုင်ငံသည် ပဲမျိုးစုံ တင်သွင်းမှု အခွန်ကို သုညထိ လျှော့ချထားပြီး ပြည်တွင်းစားသုံးသူများ ဈေးသက်သာရန် အဓိကထားလုပ်ကိုင်လျက်ရှိသည်။ ထို့အပြင် အိန္ဒိယနိုင်ငံသည် ယခုနှစ်တွင် ပဲစိုက်ပျိုးမှု တိုးထားပြီး အထွက်နှုန်းမှာလည်း ယခင်နှစ်ထက် များစွာကောင်းနေသည်ဟု သတင်းရရှိသည်။

ထို့ကြောင့် ပြည်တွင်းပဲစိုက်သူတောင်သူများမှာ ယခင်နှစ်က ဈေးနှုန်းမျိုးရရန် မလွယ်ကူဘဲ မတ်ပဲအသစ်ပေါ်ချိန်တွင် တစ်အိတ်လျှင်ကျပ် ၂၅၀၀၀ အောက်တွင်သာ ဈေးရှိနိုင်ကြောင်း ဘုရင့်နောင်ကုန်စည်ဒိုင်မှ ပဲကုန်သည်တစ်ဦးက သူ၏အမြင်ကို ပြောသည်။

ပဲစင်းငုံမှာလည်းဈေးညှိမရသည့်အတွက် တင်ပို့ရောင်းချမှု မရှိဟု သိရသည်။ အိန္ဒိယကုမ္ပဏီများမှ ပေးသည့် ဈေးသည် ပြည်တွင်းလှောင်သမားများ ဝယ်ယူထားသည့်ဈေးထက် နည်းနေသည်ဟုဆိုသည်။

အိန္ဒိယမှ ပဲစင်းငုံကို တစ်တန်လျှင် အက်ဖ်အိုဘီဆိပ်ကမ်းအရောက်ဈေး ကန်ဒေါ်လာ ၆၆၀ သာ ဈေးဖွင့်သည်။ ပြည်တွင်းလှောင်သမားများ ဝယ်ယူခဲ့စဉ်က တစ်တန်လျှင် ကျပ်ရှစ်သိန်းမှ ဆယ်သိန်းကြားရှိခဲ့သဖြင့် မရောင်းနိုင်ကြခြင်းဖြစ်ကြောင်း ပြည်ပသို့ ပဲတင်ပို့သူတစ်ဦးက ရှင်းပြသည်။

ထို့အပြင် မြန်မာငွေတန်ဖိုး မာလာခြင်းကလည်း ပဲတင်ပို့သူများအတွက် အခက်အခဲများ ဖြစ်စေသည်ဟု ဆိုသည်။

စက်တင်ဘာလမတိုင်ခင်က မတ်ပဲမှာ ပြည်တွင်းဈေးကွက်၌ အက်ဖ်အေကျူအမျိုးအစား တစ်တန်လျှင် ကျပ်ကိုးသိန်းဝန်းကျင် ဝယ်ယူရပြီး ယခုအခါ ကျပ်ခုနစ်သိန်းကျော်သာ ဈေးရှိသည်။ ပြည်ပတင်ပို့သည့်ဈေးမှာ အက်ဖ်အိုဘီ တစ်တန်လျှင် ကန်ဒေါ်လာ ၉၅၅ ထိဈေးရှိကြောင်း သိရသည်။

### ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၄၁၂ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၅၅၁ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၈၄. ၀၉ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၆၆၇၅ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၄၅. ၈၁၅ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၃၁၉၇ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၁၅၃. ၉၅ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၁၅၂၅ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၀. ၂၃ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၉,၀၀၅. ၀၀ | ရူးပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၁၉,၄၉၅. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၁. ၀၂၀၉ | ဒေါ်လာ | (ကနေဒါ) |
| ၁ဒေါ်လာ | ၁. ၃၃၄၆ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ဒေါ်လာ | ၁. ၀၃၆၅ | ဒေါ်လာ | (ဩစတြေးလျ) |


### အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁၃၆၄. ၃၀၀ |
| ရေနံစိမ်း | စည် | ၈၅. ၅၈ |
| ငွေ | ၁ အောင်စ | ၂၆. ၇၇၂ |
| ကြေးနီ | ပေါင် | ၃၇၆. ၂၅ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၄. ၃၉၉ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၀ နိုဝင်ဘာ ၂၇ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။



7DAY NEWS JOURNAL
Vol.9, No.36 • DECEMBER 2, 2010

## ရွှေအဝယ် ပြန်လိုက်လာ

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ နိုဝင်ဘာ-၂၃**

ပြည်တွင်းရွှေဈေးကွက်တွင် ယခုရက်ပိုင်းမှစ၍ ရွှေဝယ်လိုအားပြန်ကောင်းလာကြောင်း ဈေးကွက်ကျွမ်းကျင်သော ရွှေလုပ်ငန်းရှင်များက ပြောသည်။

ရွေးကောက်ပွဲပြီး စရက်များတွင် ပြန်ရောင်းသူများခဲ့ရာမှ ယခုရက်ပိုင်းတွင် ရွှေဝယ်သူများရှိလာခဲ့ခြင်းဖြစ်သည်။

"ဒီတစ်ပတ်ထဲမှာ ဝယ်တဲ့သူ ပြန်လိုက်လာတယ်။ အရင်ပြန်ရောင်းတဲ့သူက ပိုများနေတာဆိုတော့ အခုအရောင်းအဝယ်မျှလာတာပေါ့။ အဝယ်တက်လာတော့ရောင်းအားတက်တယ်ပြောရမှာပေါ့" ဟု ၂၉ လမ်းရှိ ရွှေဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရွှေဈေးနှုန်းများမှာ ယခင်တစ်ပတ်ဈေးနှုန်းများနှင့်စာလျှင် ယခုရွှေဈေးနှုန်းသည် ကျဈေးဖြစ်နေသည်။ သို့သော် ယခုရက်ပိုင်းတွင် ကျဆင်းခဲ့သော အနိမ့်ဆုံးဈေးနှင့်နှိုင်းယှဉ်ပါက ဈေးအနည်းငယ်ပြန်တက်လာကြောင်းရွှေဆိုင်ပိုင်ရှင်တစ်ဦးက ပြောသည်။

"ဈေးကလည်း အရင်ရက်တွေနဲ့စာရင် ပြန်တက်လာတယ်။ ပြီးတော့ အခုနေပြည်တော်ကျောက်မျက်ပွဲမှာလည်း နိုင်ငံတော်က အပြင်ဈေးထက် ၁၅၀,၀၀ ကျပ်လောက် နိမ့်တဲ့ဈေးနဲ့ ရောင်းပေးနေတယ်ဆိုတော့ ဝယ်အားများနေတယ်ထင်တယ်။ အခုဝယ်တဲ့သူများနေတယ်"ဟု ရွှေလုပ်ငန်းရှင်တစ်ဦးကပြောသည်။

နိုဝင်ဘာ ၂၃ ရက် ရွှေဈေးနှုန်းမှာ အခေါက်ရွှေတစ်ကျပ်သားလျှင် ၆၆၄,၀၀၀ ကျပ်နှင့် ၁၅ ပဲရည် တစ်ကျပ်သားလျှင် ၆၂၇,၀၀၀ ကျပ်ဖြင့် ရောင်းချနေကြောင်း သိရသည်။

## စားအုန်းဆီကိုယ်စားလှယ်ထုတ်ဈေးပြောင်း

**အောင်သူရ**

**ရန်ကုန်၊ နိုဝင်ဘာ - ၂၄**

စားအုန်းဆီထုတ်ဈေးမှာ နိုဝင်ဘာ ၂၂ ရက်မှစ၍ တစ်ပိဿာလျှင် ၄၅ ကျပ်တိုးမြင့်သွားကြောင်း စားအုန်းဆီကိုယ်စားလှယ်ကြီးများက ပြောသည်။

"အရင်ထုတ်ဈေးက တစ်ပိဿာကို ၁,၆၇၆ ကျပ်ကနေ ဒီတစ်ပတ်တနင်္လာနေ့မှာ ၁,၇၂၁ ကျပ်ပြောင်းလိုက်တာ"ဟု ကမာရွတ်မြို့နယ်က စားအုန်းဆီကိုယ်စားလှယ်တစ်ဦးကပြောသည်။

မည်သည့်အတွက်ကြောင့် စားအုန်းဆီထုတ်ဈေးတိုးမြင့်ရသည်ကိုမသိရသော်လည်း ထုတ်ပေးသူများက ဈေးမြင့်ရန်ပြောဆို လာသည်မှာ တစ်လခန့်ရှိနေပြီဖြစ်ကြောင်းသိရသည်။

ပြင်ပစားအုန်းဆီဈေးနှုန်းမှာ တစ်စည်လျှင် ဒေါ်လာ ၁၀၀ ခန့်မြင့်တက်လာသော်လည်း ပြည်တွင်းငွေလဲနှုန်းကျဆင်းခဲ့သဖြင့် သက်ရောက်မှု မရှိခဲ့ပေ။

သို့သော် ဆီရရှိမှုနည်းခဲ့သဖြင့် ပြင်ပစားအုန်းဆီဈေးနှုန်းမှာ နိုဝင်ဘာလဆန်းတွင် တစ်ပိဿာ ၂,၁၀၀ ခန့်ရှိရာမှ တဖြည်းဖြည်း ဈေးတက်လာခဲ့ပြီး ရွေးကောက်ပွဲပြီးနောက်ပိုင်းတွင် တစ်ပိဿာ ၂,၄၀၀ ကျပ်အထိ ရောက်ရှိလာခဲ့သည်။

လက်ရှိတွင် စားအုန်းဆီထုတ်ပေးသောကန်များ ပြုပြင်နေခြင်းနှင့် ထိုင်းနိုင်ငံထုတ်ဆီများ အဝင်နည်းနေခြင်းကြောင့် စားအုန်းဆီ ပြင်ပပေါက်ဈေးမှာ ဈေးကျဆင်းမှုမရှိကြောင်းသိရှိရသည်။










# 7DAY BOOK REVIEW

## ဘာသာပြန်ဆရာများ (လေးကိုတင်)




မြန်မာစာပေတွင် ထင်ရှားသော အင်္ဂလိပ်မှ မြန်မာဘာသာသို့ ပြန်ဆိုသည့် ဘာသာပြန်စာရေးဆရာ ၁၀ ဦးအပေါ် လေးကိုတင်၏ တစေ့တစောင်း အကဲဖြတ်ချက်များ ဖြစ်သည်။ ယခုစာအုပ်ရေးသူ လေးကိုတင်သည် ရန်ကုန်သစ်မဂ္ဂဇင်းအယ်ဒီတာတစ်ဦးဖြစ်ပြီးစာပေလောကတွင်စာရေးဆရာကြီးငယ်များနှင့် ရင်းနှီးကျွမ်းဝင်သူတစ်ဦးပီပီ ၎င်းကြုံတွေ့ခဲ့ဖူးသော မြန်မာစာရေးဆရာ၊ ဘာသာပြန်ဆရာများဖြစ်ကြသည့် မောင်ထင်၊ ဇော်ဂျီ၊ လူထုဒေါ်အမာ၊ ထင်လင်း၊ ကျော်အောင်၊ ကျော်လှိုင်ဦး၊ ညွန့်ကြူး၊ တောင်တွင်းကိုကိုကြီး၊ မြသန်းတင့်၊ နတ်နွယ်တို့၏ ဘဝဖြတ်သန်းမှု တစ်စိတ်တစ်ဒေသနှင့် ဘာသာပြန် ကောက်နုတ်ချက်များကို ဖော်ပြကာ ဘာသာပြန်စာပေ စိတ်ဝင်စားသူများအတွက် မိတ်ဆက်ရည်ညွှန်းစာအုပ်ဟု ဆိုနိုင်ပါ၏။

စာအုပ်တွင် ဘာသာပြန်ဆိုသူတစ်ဦး၏ရုပ်ပုံလွှာကားချပ်ကို နောက်ခံထား၍ မြန်မာစာပေအတွင်း သွတ်သွင်းခဲ့သည့် စာအုပ်စာတမ်းများကိုဖော်ပြထားပြီး အဆိုပါ ဘာသာပြန်ဆရာ၏ ဘာသာပြန်ပုံနိသရည်းကို မူရင်းနှင့် တိုက်၍ မိတ်ဆက်အဖြစ် ဖော်ပြထားသည်ဖြစ်ရာ စာပေအရသာကို ခံယူနိုင်သော စာအုပ်ဟုလည်းဆိုနိုင်၏။

အင်္ဂလိပ်စာရေးဆရာ အေဂျေကရိုနင်၊ အမေရိကန်စာရေးဆရာ ဂျွန်စတိန်းဘက်၊ ပြင်သစ်စာရေးဆရာ အဲလ်ဘတ်ကမူးတို့၏စာအုပ်များကို ဘာသာပြန်ဆိုခဲ့သော ထင်လင်း၊ ပလေတိုနိဒါန်းကိုပြန်ဆိုခဲ့သော ဇော်ဂျီ၊ အင်္ဂလိပ်စာရေးဆရာ ဂျွန်နသန်ဆွစ်၏ 'ဂါလီဗာခရီးစဉ်' နှင့်ဝတ္ထုတို စာရေးဆရာကြီးဖြစ်သော ဂေးဒီမော်ပါဆွန်း၏ ဝတ္ထုတိုများ၊ အခြားကမ္ဘာ့နိုင်ငံအသီးသီးမှ ထင်ရှားသည့်ဝတ္ထုတိုများအား "ကမ္ဘာ့ဝတ္ထုတိုများ" အဖြစ် စုစည်းပြန်ဆိုခဲ့သောမောင်ထင်၊ တစ်ထောင့်တစ်ညပုံပြင်များနှင့် ဦးလေးတွမ် စာအုပ်ဘာသာပြန်ဆိုသူ ကျော်လှိုင်ဦး၊ ကမ္ဘာကျော်စာအုပ်(၁၀၀) ဂျက်လန်ဒန်၏ "ပင်လယ်ဝံပုလွေ"တို့နှင့် ထင်ရှားသူ မင်းလှညွန့်ကြူး၊ ကာရာမာဇော့ညီအစ်ကိုများနှင့် မိုဗီဒစ်စာအုပ်များ ဘာသာပြန်ဆိုသူ နတ်နွယ်၊ မောရစ်ကောလစ်၊ အဂ္ဂါစနိုးတို့၏ စာအုပ်များ ဘာသာပြန်ဆိုသူ လူထုဒေါ်အမာ၊ ရုရှား စာရေးဆရာကြီး မက္ကဇင်ဂေါ်ကီ၏ စာအုပ်များ၊ အိန္ဒိယစာရေးဆရာ အာရ်ကေနာရာယန်း၏ လုံးချင်းဝတ္ထုများ ဘာသာပြန်ခဲ့သော တောင်တွင်း ကိုကိုကြီး၊ ကမ္ဘာကျော် ရုရှားစာရေးဆရာကြီး လီယို တော်စတွိုင်း၏ War and Peace ကိုဘာသာပြန်ဆိုခဲ့သော မြသန်းတင့်၊ ကမ္ဘာ့ဂန္ထဝင်တစ်ဆယ်နှင့် ဆမ္မားဆက်မွမ်တို့၏ ဝတ္ထုတိုများအား ဘာသာပြန်ဆိုခဲ့သော ကျော်အောင်တို့၏ ဘာသာပြန်စာပေအပေါ် ထားရှိသည့် အယူအဆနှင့် ဘာသာပြန်လက်ရာအစအနတို့ကို ယခုစာအုပ်တွင် ဖတ်ရှုရမည်ဖြစ်သည်။

လေးကိုတင်သည် ၎င်းလက်လှမ်းမီသလောက် ရေးသားစုစည်းထုတ်ဝေခဲ့သည်ဖြစ်၍ အချို့သော ဘာသာပြန်ဆရာတို့အကြောင်း မပါဝင်သည်ကိုတွေ့ရသည်။

ခင်မျိုးချစ်၊ ဗမိုး၊ မောင်ပေါ်ထွန်း၊ မောင်ထွန်းသူ၊ တင်မောင်မြင့်၊ မြတ်ငြိမ်းအစရှိသည့် ဘာသာပြန် ဆရာတို့၏ အကြောင်း ထပ်မံဖြည့်စွက်နိုင်မည်ဆိုက ပို၍ပြည့်စုံသော စာအုပ်ဖြစ်သွားနိုင်ပါသည်။

ယခုစာအုပ်ကို အိပ်မက်ရိပ် စာအုပ်တိုက်မှ တန်ဖိုး ၁,၅၀၀ ကျပ်ဖြင့် ထုတ်ဝေသည်။

# Knowledge ပဟုသုတ

## နည်းပညာတွေက စိတ်ကိုပြေလျော့အောင်လုပ်ဆောင်နိုင်

အသစ်အသစ်သော နည်းပညာများဖြင့် တီထွင်ထုတ်လုပ်ထားသည့် ပစ္စည်းကိရိယာများက လူသားများ၏ စိတ်အစဉ်ကိုတည်ငြိမ်အောင် စွမ်းဆောင်ပေးနိုင်သောအရာများဖြစ်လာသည်။ ဂျပန်နိုင်ငံရှိ တယ်လီဖုန်းမြည်သံ (Ring Tone)ထုတ်လုပ်သည့်စက်ရုံက ကုထုံးဆိုင်ရာစွမ်းရည်များပါရှိသည့် ဖုန်းမြည်သံများကို တီထွင်ထုတ်လုပ်ခဲ့သည်။

သီချင်းသံများကိုပုံစံမျိုးစုံဖြင့် သီကုံးထားပြီးတေးသွားများ၊ ဂီတသံစဉ်များက စိတ်ဖိစီးမှု၊ အိပ်မပျော်ခြင်း၊ အရက်နာကျခြင်းစသည်များကို လျော့ပါးသက်သာစေသည်ဟုသိရသည်။ ၎င်းပြင် Ommwriter ကဲ့သို့သော စိတ်ပြေလျော့စေနိုင်သည့် နောက်ခံပုံရိပ်များ၊ စာလုံးဖောင့်များ၊ တေးသီချင်းသံများပါရှိသည့် Free Text Editor ကိုသုံးခြင်းက သုံးစွဲသူ၏အတွေးများကို စုစည်းပေးနိုင်ပြီး မိမိအလုပ်အပေါ် အာရုံစူးစိုက်မှုရှိအောင် ဆောင်ရွက်ပေးနိုင်သည်ဟုဆိုသည်။ iPhone သုံးစွဲသူများအနေဖြင့် စိတ်ဖိစီးမှုများလွန်းသည့်နေ့များတွင် iZen Garden ထဲဝင်ကာ သစ်ပင်လေးများ၊ ကျောက်တုံးကျောက်ဆောင်များကြား ရှုပ်ရှုပ်ထွေးထွေး၊ ညစ်ညစ်ပတ်ပတ်တွေမပါဘဲ စိတ်ပြေလက်ပျောက်အပန်းဖြေနိုင်ကြပြီး ယင်းမှနှစ်သိမ့်ကျေနပ်မှု အကျိုးကျေးဇူးများနေ့စဉ်ရယူနိုင်မည်ဖြစ်သည်။

—Source: Reader's Digest

# တစ်ပတ်တာကံကြမ္မာ

ဒီဇင်ဘာ ၁ ရက် မှ ၇ ရက် အထိ

### ARIES မိဿရာသီဖွား (မတ်၂၁ - ဧပြီ၂၀)

ပစ္စည်း အလောတကြီးဝယ်ယူမိ၍ စိတ်သောကရောက်ရခြင်းကြုံမည်။ ရောင်းမှား၊ ဝယ်မှားဖြစ်တတ်သည်။ စက်ပစ္စည်း၊ လျှပ်စစ်ပစ္စည်းများနှင့်ပတ်သက်၍ ငွေဝင်မည်။ နေအိမ်နေရာ ပြုပြင်တည်ဆောက်ခြင်းများ၊ တိုးချဲ့ခြင်းများ လုပ်ဆောင်၍ကောင်းသည်။ ကိုယ်တိုင်ကျန်းမာရေးချူချာမည်။ ဆေးရုံ၊ ဆေးခန်းနှင့်မပြတ်ဆက်သွယ်နေရမည်။ မနာလိုသူပေါ်မည်။ ရန်အတိုက်အခံများမည်။

### TAURUS ပြိဿရာသီဖွား (ဧပြီ၂၁ - မေ၂၁)

လုပ်သမ္မာအောင်မြင်မည်။ ပညာအတတ်နှင့်ပတ်သက်သောကံကောင်းသည်။ မိသားစုနှင့်ပတ်သက်သော သတင်းစကားကောင်းများကြားသိရမည်။ ငွေထွက်များသော်လည်း ငွေဝင်ကောင်းသည်။ ကြံစည်လိုက်သောကိစ္စများတွင် အနှောင့်အယှက်ရှိမည်။ မဖြစ်မနေလုပ်မှုကြောင့် အဆုံးပိုင်းတွင်အောင်မြင်မည်။ ငွေကုန်များမည်။ အကျိုးရှိသောကုန်ကျမှုဖြစ်မည်။ အပျိုကြီး၊ လူပျိုကြီးများ အချစ်ဟောင်းနှင့်ပြန်တွေ့မည်။

### GEMINI မေထုန်ရာသီဖွား (မေ ၂၂ - ဇွန် ၂၁)

အခွင့်အရေးသစ်များ ဆက်တိုက်ပေါ်ထွန်းမည်။ ပတ်ဝန်းကျင်သစ်နှင့်ဆက်ဆံရမည်။ ကာလအတန်ကြာလုပ်ကိုင်ရင်း နှောင့်နှေးနေသည့်ကိစ္စများ ပြီးမြောက်အဆင်ပြေသွားမည်။ လွန်ခဲ့သောလေးလဆက်တိုက်ထွက်ပေါက်ရှာပြီး ငွေကုန်သောလမ်းကြောင်းများပိတ်သွားမည်။ အရပ်ဝေးမှ ဧည့်သည်ရောက်ရှိမည်။ လွယ်ကူသောအလုပ်ဖြစ်စေ ခက်ခဲသောအလုပ်ဖြစ်စေ ကိုယ်တိုင်ဆောင်ရွက်က အချိန်တိုအတွင်းပြီးမည်။

### CANCER ကရကဋ်ရာသီဖွား (ဇွန် ၂၂ - ဇူလိုင် ၂၂)

မိမိအပေါ် တမင်ဆန့်ကျင်သောသူများနှင့်တွေ့တတ်သည်။ ကိုယ်လုပ်သည့်ကိစ္စအလုံးစုံအပေါ် အပြစ်တင်ဝေဖန်ပြောဆိုခြင်းခံရတတ်သည်။ ရေရှည်စီမံကိန်းချပြီးလုပ်သောကိစ္စများရှောင်ပါ။ ကိုယ်လုပ်သည့်လမ်းကြောင်းနှင့်ဦးတည်ချက်ကို တစ်ပါးသူမသိအောင်တတ်အားသမျှလျှို့ဝှက်လုပ်ပါ။ ဆုံးဖြတ်ချက်များကိုနောက်ဆုံးအချိန်အထိဆွဲပြီး ချက်ချင်ဆုံးဖြတ်၊ ချက်ချင်းဦးတည်ချက်ပြောင်းသောပုံစံဖြင့်ဆောင်ရွက်ပါ။

### LEO သိဟ်ရာသီဖွား (ဇူလိုင်၂၃ - ဩဂုတ်၂၃)

ကိုယ်ရေးကိုယ်တာကိစ္စထက် သူတစ်ပါးကိစ္စအတွက် အချိန်ကုန်၊ စိတ်ပန်း၊ လူပန်းဆောင်ရွက်နေရမည်။ လေးလေးနက်နက်ဆောင်ရွက်ရမည့်အပေါ် ပေါ့ပေါ့တန်တန်သဘောထားဆောင်ရွက်မိ၍ ပြဿနာများမဖြစ်လင့်ကစား ဖြေရှင်းရခြင်းနှင့်အချိန်ကုန်မည်။ တတ်အားသမျှ အများကိစ္စ၊ အသင်းအဖွဲ့ကိစ္စတို့နှင့် ကင်းကင်းရှင်းရှင်းနေပါ။ သူတစ်ပါးအပေါ် စေတနာနှင့်ကူညီလင့်ကစား အကောင်းမြင်ခြင်းမခံရ။

### VIRGO ကန်ရာသီဖွား (ဩဂုတ်၂၄ - စက်တင်ဘာ၂၂)

လုပ်သမ္မာအံချော်နေမည်။ အခွင့်ကောင်းများရရှိပြီး လက်တစ်လုံးခြားလွဲချော်နေမည်။ ရည်မှန်းထားသည်တစ်မျိုး လက်တွေ့တစ်မျိုးကြုံမည်။ မူလကြံစည်ထားသည်နှင့် လက်တွေ့ဖြစ်ပေါ်မှုလွဲချော်နေသည်။ သူတစ်ပါးအပေါ် ယုံကြည်၊ အားနာလွယ်မှုကြောင့် စိတ်အနှောင့်အယှက်ဖြစ်တတ်သည်။ မမျှော်လင့်ဘဲခရီးသွားရမည်။ ပစ္စည်းအပျောက်အရှသတိထားပါ။

### LIBRA တူရာသီဖွား (စက်တင်ဘာ၂၃ - အောက်တိုဘာ၂၃)

လုပ်သမ္မာ အဆင်ပြေ၍ အခက်အခဲများကျော်လွှားနိုင်မည်။ အမည်ဂုဏ်သတင်းကျော်ကြားမည်။ ငွေကြေး၊ လုပ်ငန်း၊ ဘဝတိုးတက်မှုကံကောင်းလင့်ကစား မေတ္တာရေးတွင် အညံ့ရှိသည်။ ၅၂၈၊ ၁၅၀၀ မေတ္တာနှစ်မျိုးလုံး စိတ်ရှုပ်ထွေးရမည်။ မိသားစုနှင့်ပတ်သက်၍ အချိန်ပေးရမည်။ အလိုက်မသိသည့်ဧည့်သည်များ၊ မိတ်ဆွေများစိတ်အနှောင့်အယှက်ပေးမည်။ လုပ်သမ္မာအောင်မြင်မည်။

### SCORPIO ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄ - နိုဝင်ဘာ၂၂)

စီးပွားတက်မည်။ ရည်ရွယ်ချက်အောင်မြင်မည်။ လုပ်ထားသောလုပ်ငန်းနှစ်ခုမှ ထူးထူးခြားခြားအကျိုးဆက်ကောင်းရမည်။ အလုပ်ပို၊ ကိစ္စပိုများဆောင်ရွက်ရမည်။ ခရီးသွားခြင်းကိစ္စများ အဆင်ပြေမည်။ ပညာအတတ်နှင့်ပတ်သက်၍ ကောင်းကျိုးပေးမည်။ အရေးကြီးသည့်ဆုံးဖြတ်ချက်များချမှတ်ရမည်။ အထားမှား၍ ကာလရှည်ကြာပျောက်နေသည့်ပစ္စည်းများပြန်ရမည်။ အရာရာသတိနှင့်ဆောင်ရွက်ပါ။

### SAGITTARUS ဓနုရာသီဖွား (နိုဝင်ဘာ၂၃ - ဒီဇင်ဘာ၂၁)

စကားများရမည်။ အများနှင့်တစ်ယောက် ရင်ဆိုင်ဖြေရှင်းနေရမည်။ နောက်မဆုတ်ပါနှင့်။ အဆုံးပိုင်းတွင် မိမိအနိုင်ရရှိပေအံ့။ တစ်ပါးသူလုပ်၍မရသောအရာများ မိမိလုပ်၍အောင်မြင်မည်။ မိမိပေးလိုက်သော အကူအညီဖြင့် သူတစ်ပါးတွင် အကျိုးရှိမည်။ ငွေကြေးကံအထူးကောင်းသည်။ ဆောင်ရွက်သမျှအကျိုးရှိမည်။ မြှုပ်နှံထားသည့်အရင်းအနှီးများမှ ကောင်းသောအကျိုးအမြတ်ရရှိမည်။

### CAPRICORN မကာရရာသီဖွား (ဒီဇင်ဘာ၂၂ - ဇန်နဝါရီ၂၀)

ရည်မှန်းထားသည်များ အပြည့်အဝအောင်မြင်မည်။ ကြိုတင်ပြင်ဆင်ထားခြင်းမရှိဘဲ ရုတ်ချည်း မူလအစွမ်းအစနှင့်လုပ်ကိုင်မှုများတွင် အောင်မြင်မှုထင်ရှားစွာရရှိမည်။ ဘဝလမ်းကြောင်း အကွေ့အပြောင်းနှင့် လမ်းသစ်တစ်ခုပေါ်သို့ဦးတည်နေသောအချိန်ကာလဖြစ်သည်။ ကိုယ်ပိုင်စွမ်းပကားမြင့်မားမည်။ ငွေကြေးကံအထူးကောင်းသည်။ လုပ်ငန်းသစ်များစတင်နိုင်မည်။ ပညာရေးရည်မှန်းချက်များအောင်မြင်မည်။

### AQUARIUS ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁ - ဖေဖော်ဝါရီ၁၈)

ပျော်ရွှင်လွတ်လပ်နေမည်။ ဝန်းကျင်သစ်များနှင့် ထိတွေ့ရမည်။ အတွေ့အကြုံသစ်များရမည်။ လိုရာဆောင်ရွက်အောင်မြင်မည်။ ငွေကုန်များမည်။ ကုန်သည့်ငွေများကို နှမြောတွန့်တိုစိတ်လည်းမရှိ။ ဥစ္စာခနတိုးပွားမည်။ လူမျိုးခြားနှင့်ပတ်သက်ဆောင်ရွက်ခြင်းများတွင် အကျိုးထူးကောင်းစွာရရှိမည်။ ငွေမြှုပ်နှံမှုများမှ အကျိုးအမြတ်ရမည်။ မေတ္တာရေးတွင် အညံ့ရှိမည်။

### PISCES မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉ - မတ်၂၀)

လမ်းသစ်ထွင်၍ တိုးတက်မှုများရရှိမည်။ လိမ်လည်လှည့်စားတတ်သောသူများနှင့်တွေ့မည်။ စက်ပစ္စည်းများ အပျက်အယွင်းများမည်။ ငွေကြေးကိစ္စကြားဝင်၍ တာဝန်ယူခြင်း၊ အာမခံခြင်းများရှောင်ပါ။ အသေးစားထိခိုက်မှုဂရုစိုက်ပါ။ ကိုယ့်ကိစ္စမဟုတ်သောအလုပ်ပို၊ တာဝန်ပိုများကြုံမည်။ လုပ်ငန်းတွင် နာမည်ကောင်းရမည်။ ၅၂၈၊ ၁၅၀၀ မေတ္တာကံနှစ်မျိုးစလုံးကောင်းသည်။

## နောက်ကျောဖုံး - ကိုရီးယားကျွန်းဆွယ်အကျပ်အတည်းနှင့်ပတ်သက် အရေးပေါ်ဆွေးနွေးမှုများပြုလုပ်ရန် တရုတ်အဆိုပြု မှ

ယင်းဆွေးနွေးမှုမှာ လက်နက်ဖျက်သိမ်းရေး ခြောက်နိုင်ငံဆွေးနွေးပွဲပြန်လည်ကျင်းပရန်ဆိုသည့် အဓိပ္ပာယ်မဟုတ်ကြောင်း တရုတ်နိုင်ငံက ရှင်းလင်းစွာပြောကြားထားသည်။ မြောက်ကိုရီးယားသည် ယင်းဆွေးနွေးပွဲများမှ လွန်ခဲ့သော ၂ နှစ်ကတည်းက နုတ်ထွက်သွားခဲ့ပြီး ဆွေးနွေးပွဲများပြီးဆုံးသွားပြီဟု ကြေညာခဲ့သည်။ တရုတ်နိုင်ငံ၏အဆိုပြုချက်ကို သတိထား၍လေ့လာသွားမည်ဟု တောင်ကိုရီးယားနိုင်ငံက ပြောကြားသည်။

အခြေအနေမှာ ပူပန်စရာကောင်းကြောင်းနှင့် တရုတ်နိုင်ငံက တောင်ကိုရီးယားနိုင်ငံနှင့် သဘောတူညီခဲ့ပြီး ရုရှား၊ ဂျပန်၊ အမေရိကန်၊ တောင်ကိုရီးယား၊ မြောက်ကိုရီးယားနှင့် အိမ်ရှင် တရုတ်တို့ပါဝင်သည့် အရေးပေါ်ဆွေးနွေးပွဲများကို ဒီဇင်ဘာလတွင် ကျင်းပရန် အဆိုပြုခဲ့သည်။ တောင်ကိုရီးယားက ဆွေးနွေးပွဲတွင် ပါဝင်ရေးသဘောတူညီမှုရှိမရှိဆိုသည်ကို တရုတ်အစိုးရက မပြောကြားပေ။

အမေရိကန်၊ တောင်ကိုရီးယားတို့နှင့် အနီးကပ်ပူးပေါင်းဆောင်ရွက်နေစဉ်မှာပင် သတိထား၍ တုံ့ပြန်သွားမည်ဖြစ်ကြောင်း ဂျပန်နိုင်ငံဝန်ကြီးအဖွဲ့ ဒုတိယအကြီးအကဲ တက်ဆူရိုဖူကူယားမား၏ ပြောကြားချက်ကိုကိုးကား၍ ကျိုဒိုသတင်းအေဂျင်စီက ဖော်ပြသည်။

အရပ်သားများ သေဆုံးမှုဖြစ်ပေါ်ခဲ့ပါက အလွန်အလွန်ဝမ်းနည်းကြောင်း မြောက်ကိုရီးယားက ပြောကြားသော်လည်း လူသားတံတိုင်းအသုံးပြုခြင်းအတွက် တောင်ကိုရီးယားအား ပြစ်တင်ပြောကြားသည်။

*—Ref: Reuters*

အောင်ချမ်းမြေ

(Open 6:00 am to 9:00 pm)

http://www.acmnursingtraining.com

(I) 06:30 am to 08:30 am (IV) 01:30 pm to 03:30 pm
(II) 07:30 am to 09:30 am (V) 04:30 pm to 06:30 pm
(III) 09:30 am to 11:30 am (VII) 05:30 pm to 07:30 pm
(IV) 12:30 pm to 02:30 pm (VIII) 06:30 pm to 08:30 pm

09:30 am to 03:30 pm

09:30 am to 03:30 pm



# Leader's Profile

## ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အကြီးအကဲ မာဂရက်ချန်း

ရဲမင်း

မစ္စမာဂရက်ချန်းသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် ၂၀၀၆ နိုဝင်ဘာ ၈ ရက်တွင် ရွေးကောက်တင်မြှောက်ခံရသည်။ WHO ၏ အမှုဆောင်အရာရှိဘုတ်အဖွဲ့က ရွေးကောက်တင်မြှောက်ခြင်းဖြစ်ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ညီလာခံက နောက်တစ်နေ့တွင် အတည်ပြုပေးခဲ့သည်။

မစ္စချန်းကို ၁၉၄၇ ခုနှစ်တွင် ဟောင်ကောင်ဒေသ၌ မွေးဖွားခဲ့သည်။ အစပထမတွင် မစ္စချန်းသည် ဟောင်ကောင် နော့သ်ကုတ်ကောလိပ်တွင် တက်ရောက်ကာအိမ်တွင်း စီးပွားရေးဘာသာရပ်ကို သင်ကြားခဲ့ပြီး ဘီအေဘွဲ့ရရှိခဲ့သည်။ ဆေးပညာဆရာဝန်ဘွဲ့ကို ကနေဒါနိုင်ငံ အနောက်အိုတာရီယိုတက္ကသိုလ်မှ ၁၉၇၇ ခုနှစ်တွင် ရရှိခဲ့သည်။ မဟာသိပ္ပံ (ပြည်သူ့ကျန်းမာရေး) ဘွဲ့ကို ၁၉၈၅ ခုနှစ်တွင် စင်ကာပူအမျိုးသားတက္ကသိုလ်မှ ရရှိခဲ့သည်။ ၁၉၉၇ ခုနှစ်တွင် မစ္စမာဂရက်ချန်းသည် ဗြိတိန်တော်ဝင်သမားတော်များကောလိပ် ပြည်သူ့ကျန်းမာရေးဌာနအဖွဲ့ဝင်အဖြစ် ချီးမြှောက်ခြင်းခံရသည်။

မစ္စမာဂရက်ချန်းသည် ၁၉၇၈ ခုနှစ်တွင် ဟောင်ကောင်အစိုးရ ကျန်းမာရေးဌာနတွင် ဆေးဘက်ဆိုင်ရာ အရာရှိအဖြစ် စတင်တာဝန်ထမ်းဆောင်ရင်း မစ္စမာဂရက်ချန်းသည် ၁၉၈၉ ခုနှစ်တွင်ဟောင်ကောင် ကျန်းမာရေးဌာန၏ လက်ထောက်ဒါရိုက်တာအဖြစ်ရာထူးတိုးမြှင့်ခြင်း ခံရသည်။ ၁၉၉၄ ခုနှစ် ဇွန်လတွင် ဟောင်ကောင်ကျန်းမာရေး၏ ပထမဦးဆုံးအမျိုးသမီးအကြီးအကဲ ဖြစ်လာသည်။

၂၀၀၃ ခုနှစ်တွင်မှ မစ္စမာဂရက်ချန်းသည် ဟောင်ကောင်ကျန်းမာရေးဌာနတွင် ၂၅ နှစ်ကြာတာဝန်ထမ်းဆောင်ပြီးနောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးတွင် ပြောင်းလဲတာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၉၇ ခုနှစ် ဟောင်ကောင်ကြက်ငှက်တုပ်ကွေး (H5N1) ရောဂါကူးစက်မှုနှင့် ၂၀၀၃ ခုနှစ် ဆားစ်ရောဂါဖြစ်ပွားမှုတို့ကို နိုင်နိုင်နင်းနင်း ကိုင်တွယ်ဆောင်ရွက်နိုင်ခဲ့ခြင်းအတွက်ကြောင့်လည်း မစ္စမာဂရက်ချန်း၏ ဂုဏ်သတင်းကျော်ကြားလာခြင်း ဖြစ်သည်။

သို့သော် ၁၉၉၇ ခုနှစ် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ကာစတွင်လူထုအား တလွဲအထင်ရောက်စေသည်ဆိုကာ ဝေဖန်ခံခဲ့ရသော်လည်း နောက်ပိုင်းတွင် မစ္စမာဂရက်ချန်းက ယင်းကိစ္စကို ပြတ်ပြတ်သားသား ကိုင်တွယ်နိုင်ခဲ့သည်။ ဆားစ်ရောဂါဖြစ်ပွားခဲ့စဉ်ကလည်း မစ္စမာဂရက်ချန်း တစ်ယောက် အကြီးအကျယ်ဝေဖန်ခံခဲ့ရပြီး လူ ၂၉၉ ဦးအသက်ဆုံးရှုံးခဲ့ခြင်းအတွက် ၎င်းအား ပြစ်တင် ပြောဆိုခဲ့ကြသည်။ သို့သော်နောက်ပိုင်း ဆားစ်ကျွမ်းကျင်သူများ ကော်မတီအဖွဲ့က ယင်းအဖြစ်အပျက်ကို ပြန်လည်သုံးသပ်ခဲ့ရာတွင် ဟောင်ကောင်ကျန်းမာရေးစနစ်၏ အားနည်းချက်ကြောင့် လူသေဆုံးမှုများပြားခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိခဲ့သည်။

အမျိုးသမီးများ၏ ကျန်းမာရေးနှင့် အာဖရိကပြည်သူများ၏ ကျန်းမာရေးတိုးတက်မှုအား ကမ္ဘာ့ကျန်းမာရေး အဖွဲ့ကြီး၏ စွမ်းဆောင်ရည်ကို အကောင်းဆုံးဖော်ညွှန်းနိုင်သော ကဏ္ဍများအဖြစ်မစ္စမာဂရက်ချန်းကခံယူထားပြီး အလိုအပ်ဆုံးပြည်သူများကို ကူညီရေးအတွက် အဓိကအာရုံစူးစိုက်ထားရန် WHO အကြီးအကဲက အလိုရှိသည်။

၂၀၁၂ ခုနှစ် ဇွန်လအထိ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကို ဆက်လက်ဦးဆောင်မည့် မစ္စမာဂရက်ချန်းသည် အိမ်ထောင်ရှင်တစ်ဦးဖြစ်ပြီး မစ္စတာဒေးဗစ်ချန်းနှင့်လက်ထပ်ထားသည်။

*—Ref: Wikipedia*

## နောက်ကျောဖုံး - အမေရိကန် လျှို့ဝှက်ကြေးနန်းများ ဝီကီလိခ် ဖော်ထုတ် မှ

ထို့အပြင် အီရန်အား စစ်ရေးအရ အရေးယူခဲ့ပါကလည်း ၎င်း၏ နျူကလီးယားလက်နက်ပိုင်ဆိုင်ရေး ကြိုးပမ်းမှုကို တစ်နှစ်မှ သုံးနှစ်အတွင်းသာ နှောင့်နှေးစေနိုင်သည်ဟု ကန်ကာကွယ်ရေးဝန်ကြီး ရောဘတ်ဂိတ်စ်က ယုံကြည်နေသည်ဟု ဝီကီလိခ်က ဖော်ပြထားသည်။

ထိုအတောအတွင်း အမေရိကန်နိုင်ငံခြားရေးဌာန၏ ကန့်သတ်စာရွက်စာတမ်းများကို ဝီကီလိခ်က ဖွင့်ချလိုက်ခြင်းနှင့်ပတ်သက်၍ အမေရိကန် စစ်ဘက်ဌာနချုပ် ပင်တဂွန်က ရှုတ်ချပြောဆိုလိုက်ပြီး အမေရိကန် စစ်ဘက်ကွန်ရက်များကို လုံခြုံရေးမြှင့်တင်သွားမည်ဟု ဆိုသည်။ အနာဂတ်တွင် ယင်းသို့သော အဖြစ်အပျက်များဖြစ်ပေါ်ခြင်းမှာ ကာကွယ်မှုအများအပြားစီစဉ်ထားကြောင်း ပင်တဂွန်ပြောရေးဆိုခွင့်ရှိသူ ဘိုင်ယန်ဝှစ်တမန်းက ပြောကြားသည်။

သံတမန်ရေးဆိုင်ရာကြေးနန်းများပေါက်ကြားမှုသည် နိုင်ငံခြားအစိုးရများ၊ အတိုက်အခံခေါင်းဆောင်များနှင့် ပုဂ္ဂလိကဆွေးနွေးမှုများကို ထိခိုက်နိုင်ကြောင်း၊ ၎င်းအပြင် ဖိနှိပ်ချုပ်ချယ်သော အစိုးရအဖွဲ့များအောက်တွင်နေထိုင်သူများ အတွက် အသက်အန္တရာယ်လည်း စိုးရိမ်ကြောင်း အိမ်ဖြူတော်က ပြောကြားသည်။

ဝီကီလိခ်က စာရွက်စာတမ်းများဖယ်ရှားတော့မည်ဆိုသော သတင်းများ ပေါ်ထွက်နေသည်မှာရက်သတ္တပတ်တစ်ပတ်ကျော်ကြာမြင့်ခဲ့ပြီဖြစ်ပြီး နိုဝင်ဘာ ၂၈ ရက်တွင် ဖော်ထုတ်မည်ဟု မျှော်လင့်ခဲ့ကြသည်။ ယင်းစာရွက်စာတမ်းများ ဖော်ထုတ်မည်ကိုလည်း အမေရိကန်အစိုးရအား ကြိုတင်အသိပေးခဲ့သည်။

အမေရိကန်အစိုးရကလည်း ရုရှား၊ ဥရောပနှင့် အရှေ့အလယ်ပိုင်း အပါအဝင် ကမ္ဘာတစ်ဝန်းမှ အစိုးရများကို ဆက်သွယ်ခဲ့ပြီး ယင်းအကြောင်းကို အသိပေးခဲ့သည်။ စာရွက်စာတမ်းများတွင် နိုင်ငံခြားအစိုးရခေါင်းဆောင်များ ခြစားမှုအကြောင်းအရာများလည်း ပါဝင်ကြောင်း သတင်းရင်းမြစ်များက ပြောကြားသည်။

နိုဝင်ဘာ ၂၈ ရက်အစောပိုင်းက ၎င်းတို့ဝက်ဘ်ဆိုက် တိုက်ခိုက်ခံနေကြကြောင်း၊ သို့သော် ၎င်းတို့ဝက်ဘ်ဆိုက် ပြုတ်ကျသွားလျှင်ပင် အယ်လ်ပစ်၊ လီမွန်ဒေး၊ ဂါးဒီးယန်းနှင့် နယူးယောက်တိုင်းမ်စ် သတင်းစာတို့က အမေရိကန်သံရုံး ကြေးနန်းများကို ပုံနှိပ်ဖော်ပြမည်ဖြစ်ကြောင်း ဝီကီလိစ်က တွစ်တာ ဝက်ဘ်ဆိုက်မှ ဖော်ပြခဲ့သည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ထိပ်တန်းရှေ့နေကမူ ဝီကီလိခ်ဝက်ဘ်ဆိုက်မှ စာရွက်စာတမ်းအားလုံးကို အမေရိကန်အစိုးရသို့ ပြန်ပေးရန် တိုက်တွန်းပြောကြားသည်။

*—Ref: Reuters*

- ESWL ...
- ... USG ... (9am-5pm)
... (24 Hour Service) ...
WL, ...
... (9am-3pm) Mon to Fri ...

# Commodity Watch

7 DAY NEWS JOURNAL
Vol.9, No.36 · DECEMBER 2, 2010

## Computer

| CPU | Kyats |
|---|---|
| Intel P4 Dual Core 3.0 (E 5700) Processor | 61,900 |
| Intel P4 Dual Core 3.2 (E 6700) Processor | 71,900 |
| Intel P4 Core 2 Quad 2.66 GHz (Q9400) (775) Processor | 179,300 |
| Intel P4 Core i3 3.06 GHz (540) (1156) Processor | 102,800 |
| Intel P4 Core i7 2.8 Ghz (860) (1156) Processor | 262,100 |
| **Motherboard** | |
| MSI P41-C33 (775) Motherboard | 57,300 |
| MSI G41 TM-P33 (775) Motherboard | 57,300 |
| MSI P43- C51 (775) Motherboard | 71,900 |
| MSI P55A-GD65 (1156) Motherboard | 166,500 |
| ASUS P7H55D-USB3 (775) Motherboard | 110,100 |
| ASUS P7P55-LX (1156) Motherboard | 105,600 |
| ASUS P5P41T-LE (775) Motherboard | 75,500 |
| ASUS P5G41T-MLX (775) Motherboard | 57,300 |
| Gigabyte H57M-USB3 (1156) Motherboard | 126,500 |
| Gigabyte EP43T-UD3L (1156) Motherboard | 89,200 |
| **Memory** | |
| 1 GB DDR2 (800) Kingston Memory | 21,800 |
| 2 GB DDR2 (800) Kingston Memory | 38,200 |
| 2 GB DDR3 (1333) Kingston Memory | 29,100 |
| **Harddisk** | |
| 500 GB Seagate SATA | 40,000 |
| 1TB Seagate SATA | 61,900 |
| **PCI Express Card** | |
| MS R5570-MD 1GB DDR3 1GB PCI Express Card | 88,300 |
| MSI N 220GT-MD1GB OC/D3 1GB PCI Express Card | 76,400 |
| MSI R5750-PM-2D 1GB PCI Express Card | 142,900 |
| ASUS EAH 5450 1GB PCI Express Card | 69,200 |
| ASUS ENGT 210 1GB PCI Express Card | 65,500 |
| ASUS EAH 4350 512 MB PCI Express Card | 41,000 |
| Gigabyte Geforce 250-1GI 1GB PCI Express Card | 132,000 |
| Gigabyte Geforce 220OC 1GI 1GB PCI Express Card | 82,800 |
| Gigabyte Geforce 8400GS 512MB PCI Express Card | 36,400 |
| **Memory Stick** | |
| Memory Stick Toshiba 4GB | 11,000 |
| Memory Stick Toshiba 8GB | 17,000 |
| Memory Stick Kingston 2GB | 7,500 |
| Memory Stick Kingston 8GB(101) | 19,500 |
| Memory Stick Kingston 16GB | 31,500 |
| Memory Stick SanDisk 2GB | 8,500 |
| Memory Stick SanDisk 4GB | 10,000 |
| Memory Stick SanDisk 16GB | 31,000 |
| Memory Stick Imation 4GB | 9,600 |
| **UPS** | |
| SVC (600VA) | 27,800 |
| Power Pro (650VA) | 34,500 |
| Allways (650VA) | 32,000 |
| STAR (650 VA) | 29,100 |
| Power Tree (650VA) | 39,000 |
| Orient (650 VA) | 34,600 |
| Orient (1.2KVA) | 60,100 |
| **DVD Writer** | |
| Sony (SATA) | 27,300 |
| ASUS (SATA) | 29,100 |
| **အိတ်ဆောင်တိပ်ပြကရအဘိတန်** | 150,000 |

Technoland ဆိုင်မှ နိုဝင်ဘာ(၂၆) ရက်က ကောက်ယူထားသောဈေးနှုန်းဖြစ်သည်။

## Note Book

| | |
|---|---|
| **Acer** | |
| Intel Dual Core 2.3Ghz 1GB DDR2,320GB HDD,14.0″ | 427,000 |
| **Apple** | |
| Intel Core2Duo 2.26Ghz 2GB DDR3,250GB HDD,13.3″ | 980,000 |
| **Asus** | |
| Intel Core i5 2.67Ghz 4GB DDR3,500 GB HDD,14.0″ | 1,114,000 |
| **HP** | |
| Intel Corei3 2.13Ghz 3GB DDR3,250GB HDD,14.0″ | 700,000 |
| **Gigabyte** | |
| Intel Atom 1.66Ghz 1GB DDR2,250GB HDD,10.1″ | 303,000 |
| Intel Core i3 2.27Ghz 2GB DDR3,500GB HDD,14.0″ | 573,000 |
| **Lenovo** | |
| Intel Core i3 2.27Ghz 2GB DDR3,500GB HDD,14.1″ | 517,000 |

## အီလက်ထရွန်နစ်ပစ္စည်းဈေးနှုန်းများ

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| SamSung(LCD) | 22-350 | 235,000 |
| LG(LCD) | 22LH15R | 230,000 |
| Sony (LCD) | 22BH300 | 290,000 |
| Toshiba | LZE 21-28 | 130,000 |
| Daewoo | DTU2131NZF | 145,000 |
| | DTU2132NZF | 145,000 |
| **DVD** | | |
| EVD (coeco) | 8082 | 28,000 |
| EVD(sukura) | DVK75 | 35,000 |
| LG | DV276 | 35,000 |
| Toshiba | DV380 | 35,000 |
| Daewoo | 1400S | 49,000 |
| HQ | HDMI999 | 59,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 195,000 |
| Sanyo | SR811 | 499,000 |
| Hitachi | 19AGV7 | 295,000 |
| Panasonic | NR.BT222 | 300,000 |
| **Washing** | | |
| Daewoo | DW900C | 179,000 |
| | DW172C | 199,000 |
| Daewoo | DWF200KR | 320,000 |

မှတ်ချက်– အထက်ပါဈေးနှုန်းများမှာ နိုဝင်ဘာ(၂၆) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OKမြန်မာဆိုင်တို့မှ ကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၅,၁၀၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၅,၀၀၀ |
| ဘိလပ်မြေ (ယိုးဒယား TPI) | တစ်အိတ် | ၄,၈၅၀ |
| ဘိလပ်မြေ (Insee) | တစ်အိတ် | ၄,၈၀၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၇၄ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၆၈ |
| အုတ် (၈ ပေါက်အုတ်) | တစ်လုံး | ၇၆ |
| အုတ် (၁၀ ပေါက်အုတ်) | တစ်လုံး | ၁၁၀ |
| သဲ (အကြမ်း) | တစ်ကျင်း | ၆,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၄,၅၀၀ |
| ကျောက် | တစ်ကျင်း | ၅၂,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၇၈၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၈၄၀ |
| ကာလာစတီးအမိုးပြား 4 angle(0.34mm) | ၁ ပေ | ၁,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၁,၀၆၀ |
| ကာလာစတီးအမိုးပြား 4 angle(0.42mm) | ၁ ပေ | ၁,၃၀၀ |
| Posco ကြွယ်စိမ်း(6/7/8 ပေ) | ၁ ပေနှုန်း | ၄၉၀ |
| Posco ကြွယ်စိမ်း(9/10 ပေ) | ၁ ပေနှုန်း | ၄၉၅ |
| Posco ကြွယ်စိမ်း(11/12 ပေ) | ၁ ပေနှုန်း | ၅၀၀ |
| ရိုးရိုးသွပ်မိုးပြား(ဆင်နီ 6/7/8/9/10/11/12) | ၁ ပေ | ၆၉၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင် 6/7/8) | ၁ ပေနှုန်း | ၃၅၀ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၉၅၀ |

အထက်ပါဈေးနှုန်းများမှာ နိုဝင်ဘာ(၂၆)ရက်တွင်ကောက်ယူထားသောဈေးနှုန်းများ ဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားဖိုဆောင်သုံးသီးနှံဈေးနှုန်းများ

| အမည် | အရေအတွက် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ခရမ်းချဉ်သီး(အင်းသီး) | ၁ သေတ္တာ | ၇,၀၀၀-၈,၀၀၀ |
| ပန်းဂေါ်ဖီ | ၁ ထုပ် | ၅၀၀-၆၀၀ |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၄၀၀-၅၀၀ |
| မုန်လာဥနီ | ၁ ပိဿာ | ၁,၂၀၀-၁,၄၀၀ |
| ဘိုစားပဲသီး | ၁ ပိဿာ | ၈၀၀-၁,၀၀၀ |
| ခရမ်းသီး | ၁ လုံး | ၄၀-၈၀ |
| ရွှေပဲသီး | ၁ ပိဿာ | ၂,၀၀၀ |
| မုန်ညင်းဖြူထုပ် | ၁ ပိဿာ | ၇၀၀ |
| ငရုတ်သီး(ပိန်း) | ၁ ပိဿာ | ၂,၀၀၀ |
| ငရုတ်ရှည် | ၁ ပိဿာ | ၂,၈၀၀-၃,၃၀၀ |
| ငရုတ်ပွ | ၁ ပိဿာ | ၃,၀၀၀ |

ဈေးနှုန်းများမှာ သီရိမင်္ဂလာဈေးမှ နိုဝင်ဘာ (၂၆) ရက်က ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁,၁၀၀-၁,၈၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၁၀၀-၁,၅၀၀ |
| ဆန်(ဧယာ) | တစ်ပြည် | ၆၀၀-၁,၀၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၅၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၂,၄၅၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၃,၈၀၀ |
| ဆား | တစ်ထုပ် | ၁၀၀-၁၂၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၆၀၀-၇၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၃,၈၀၀ |
| သကြား | တစ်ပိဿာ | ၁,၇၀၀-၁,၈၀၀ |
| မန်ကျည်းမှည့် | တစ်ပိဿာ | ၂,၂၀၀-၂,၅၀၀ |
| အာလူး | တစ်ပိဿာ | ၈၀၀-၉၀၀ |
| နို့ဆီ | တစ်ဘူး | ၆၀၀-၆၅၀ |
| နို့စိမ်း | တစ်ဘူး | ၆၀၀-၆၅၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၉၀-၁၀၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၇၅၀-၁,၈၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၆,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၅,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန် ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးရံ့ | ၁ ပိဿာ | ၂,၅၀၀-၅,၅၀၀ |
| ငါးခူ | ၁ ပိဿာ | ၂,၀၀၀-၅,၀၀၀ |
| ငါးကျည်း | ၁ ပိဿာ | ၂,၀၀၀-၅,၀၀၀ |
| ငါးပြေမ | ၁ ပိဿာ | ၂,၀၀၀-၅,၀၀၀ |
| ငါးပနော် | ၁ ပိဿာ | ၁,၆၀၀-၂,၃၀၀ |
| ငါးရှဉ့် | ၁ ပိဿာ | ၂,၅၀၀-၃,၅၀၀ |
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၈၀၀-၂,၂၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၃၀၀-၄,၂၀၀ |
| ငါးခေါင်းပွ | ၁ ပိဿာ | ၁,၅၀၀-၂,၇၀၀ |
| ငါးသလောက် | ၁ ပိဿာ၁ | ၁,၇၀၀-၁၉,၀၀၀ |
| ငါးတန် | ၁ ပိဿာ | ၁,၈၀၀-၂,၂၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၁,၈၀၀-၄,၅၀၀ |
| ကကတစ် | ၁ ပိဿာ | ၂,၅၀၀-၆,၅၀၀ |
| ကသဘောင်း | ၁ ပိဿာ | ၂,၀၀၀-၇,၅၀၀ |
| ငါးဘတ်၊ ငါးကြောင်း | ၁ ပိဿာ | ၂,၀၀၀-၈,၀၀၀ |
| ငါးပုဏ္ဏား | ၁ ပိဿာ | ၂,၅၀၀-၅,၅၀၀ |
| ပုစွန်ကြော့ | ၁ ပိဿာ | ၁,၄၀၀-၁,၈၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၂,၅၀၀-၆,၅၀၀ |
| ပုစွန်(ဆတ်သေး) | ၁ ပိဿာ | ၆,၀၀၀-၈,၀၀၀ |
| ပုစွန်(ဆတ်ကြီး) | ၁ ပိဿာ | ၆,၀၀၀-၁၀,၀၀၀ |
| ပုစွန်ပြောင်တုပ် | ၁ ပိဿာ | ၆,၀၀၀-၈,၀၀၀ |
| ပုစွန်တုပ်ကြီး | ၁ ပိဿာ | ၁၀,၀၀၀-၂၀,၀၀၀ |
| ငါးမျိုးစုံ | ၁ ပိဿာ | ၁,၀၀၀-၂,၅၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁၂၀၀-၁,၈၀၀ |

နိုဝင်ဘာ(၂၅)ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။

## ကားမျိုးစုံဈေးနှုန်းများ

| ယာဉ်အမျိုးအစား | မော်ဒယ် | အက္ခရာ | ဈေးနှုန်း(ကျပ်သိန်း) |
|---|---|---|---|
| စူပါဆလွန်း | ၈၆ | လ/သ | ၁၅၀ |
| စူဇူကီး ဝက်ဂွန် $R^+$ | - | ၁ဂ | ၂၂၀ |
| စူဇူကီး ဝက်ဂွန် $R^+$ | | စတိ | ၂၇၀ |
| စူဇူကီး$R^-$ (2 Way) | - | စတိ | ၁၃၀ |
| ဟိုင်းလပ်ဆဖ် | ၉၇ | ၄ဂ | ၈၀၀-၈၅၀ |
| စူပါဆလွန်း | ၉၀ | ၄ဂ | ၃၀၀-၃၁၀ |
| **မတ်ခ်တူး(ဓာတ်ဆီ) ရွှေငါး** | ၂၀၀၄ | ၄ဂ | ၁၀၅၀ |
| **တိုယိုတာလီမိတက်(ဓာတ်ဆီ)** | ၉၂ | ၉က | ၂၇၀ ကျော် |
| ပါဂျဲရို | ၉၇ (ရိုးရိုး) | ၄ဂ | ၈၀၀ |

နိုဝင်ဘာ(၂၆) ရက်က ရန်ကုန်မြို့ရှိ ကားပွဲစားတန်းများတွင်ဖြစ်ပေါ်နေသော မော်တော်ယာဉ်ခေါ်ဈေးနှုန်းများဖြစ်ပါသည်။ ယခုရက်ပိုင်းဈေးနှုန်းများ အပြောင်းအလဲရှိနိုင်သည်။

## ပုဂ္ဂလိက စက်သုံးဆီ ဆိုင်များမှ ဈေးနှုန်းများ

| | Nov (21) | Nov(22) | Nov(23) | Nov(24) | Nov(25) | Nov(26) | Nov(27) |
|---|---|---|---|---|---|---|---|
| ဓာတ်ဆီ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ |
| ဒီဇယ် | ၃,၀၀၀ | ၃,၀၀၀ | ၃,၀၀၀ | ၃,၀၀၀ | ၃,၀၀၀ | ၃,၀၀၀ | ၃,၀၀၀ |
| Octane ဒီဇယ် | ၃,၁၀၀ | ၃,၁၀၀ | ၃,၁၀၀ | ၃,၁၀၀ | ၃,၁၀၀ | ၃,၁၀၀ | ၃,၁၀၀ |
| Premier ဒီဇယ် | ၃,၁၀၀ | ၃,၁၀၀ | ၃,၁၀၀ | ၃,၁၀၀ | ၃,၁၀၀ | ၃,၁၀၀ | ၃,၁၀၀ |

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.9, No.36 · DECEMBER 2, 2010

# ငါးမင်းဆွေမှ ဒေါ်အောင်ဆန်းစုကြည်သို့(၂)

ငါးမင်းဆွေ

မင်္ဂလာပါ မစု။ ၂၀၁၀ နိုဝင်ဘာ ၁၃ ရက်မှာ မစု လွတ်မြောက်လာတဲ့ သတင်းကို ကြားသိရတဲ့အတွက် အတိုင်းမသိ ဝမ်းမြောက်ဝမ်းသာဖြစ်ရ ပါတယ်။ ကျွန်တော်ဟာ နိုဝင်ဘာ ၁၀ ရက်ကတည်းက မွန်ပြည်နယ် ဆားကွင်းကိုရောက်နေတာမို့ မစုကိုအပြေးအလွှားဆီးကြိုချင်ပေမယ့် မဆီးကြိုနိုင်ခဲ့ပါဘူး။ ကိုယ်ဝန်အရင့်အမာကြီးလွယ်ထားတဲ့ သမီးကြီး သဲပိုင်ဦးကတော့ မစုကို အပြေးအလွှားဆီးကြိုခဲ့ပါတယ်။ မစုကို ထောင်သောင်းချီတဲ့ မြန်မာပြည်သူလူထုပရိသတ်ကြီးကဝမ်းပန်းတသာ ကြိုဆိုကြတဲ့ အကြောင်းကြားသိရလို့ ကျွန်တော်အလွန်ကျေနပ်အားရ ဖြစ်ရပါတယ်မစု။

မစု ခင်ဗျား . . . ကျွန်တော် ငါးမင်းဆွေဟာ "မျှော်လင့်ချက်တို့ မဝေးစေလိုပါ" ခေါင်းစဉ်ဖြင့် ၂၀၀၅ ခုနှစ်ကစပြီး ရန်ကုန်တိုင်းမ်ဂျာနယ် မှာ စတင်ရေးသားပြီး သတင်းဂျာနယ်လောကသို့ ဝင်ရောက်ခဲ့ပါတယ်။ ဒီနောက်ပိုင်း ညီလေးမင်းကိုနိုင်တို့အဖွဲ့ကို သက်ဆိုင်ရာက ခေါ်ယူဆွေးနွေးစဉ် ၂၀၀၆ နိုဝင်ဘာလမှာ "၇၅ မင်းဆွေမှ ၈၈ မင်းကိုနိုင်သို့" ဆောင်းပါးကို နိုင်ငံပိုင် သတင်းစာများမှာ စတင်ရေးခဲ့ပါတယ်။ အဲဒီနောက် "ငရဲမင်းနှင့် ငါးမင်းဆွေ"၊ "ငါးမင်းဆွေမှ ဒေါ်စုကြည်သို့"၊ "စာရေးဆရာသည် လူမုန်းခံရ အသတ်ခံရတတ်၏၊ ကုန်စျေးနှုန်းကျချင်သလား လျှပ်စစ်မီးမှန်ချင်သလား၊ ရာဇဝင် လူဆိုး၊ ဖားမင်းဆွေ စက်ဘီးစီးနေသည် လမ်းဘေးဖုန်းကို သုံးနေသည်၊ ဘယ်သွားနေလဲ မင်းကိုနိုင်၊ တော်ကြပါတော့ဗျာ၊ သွားကြပါတော့ဗျာ၊ အမြန်ဆုံး ရှုန်းထွက်လိုက်ပါတော့လား"စတဲ့ ဆောင်းပါးများကို ဆက်တိုက်ဆိုသလို ရေးခဲ့ပါတယ်။ အဲဒီအချိန်က သတင်းစာပါ ဆောင်းပါးတွေထဲမှာ မစုရဲ့ နိုင်ငံရေးလုပ်ဆောင်ချက်တွေနဲ့ ပတ်သက်တာတွေကို ထောက်ပြ ဝေဖန်အကြံပြုရေးသားခဲ့ပါတယ်။ အထူးသဖြင့် ကမ္ဘာလှည့်ခရီးသည်တွေ မြန်မာနိုင်ငံကို မလာကြပါနဲ့ဦးဆိုတဲ့ မစုရဲ့ တောင်းဆိုမှုတွေ၊ မြန်မာနိုင်ငံကို စီးပွားပိတ်ဆို့ဒဏ်ခတ်အရေးယူဖို့ မစုရဲ့ တောင်းဆိုမှုတွေကို ထောက်ပြဝေဖန်ရေးသားခဲ့ပါတယ်။ ဒါတွေကို မစု ရှုတ်ရမယ်လို့လည်း ထင်ပါတယ်။ ကျွန်တော်ဟာ သတင်းသမား ဂျာနယ်လစ်တစ်ယောက်မဟုတ်ပါဘူး။ ပြည်သူတွေထဲက ပြည်သူ့သတင်းသမားတစ်ယောက် ဖြစ်တယ်လို့ ပြောရင်တော့ပြောနိုင်ပါတယ်။ အဲဒီအချိန်တုန်းက ဘယ်သတင်းသမားဂျာနယ်လစ် စာရေးဆရာတို့နှင့်မျှ သိကျွမ်းခင်မင်မှု မရှိခဲ့ပါဘူး၊ သတင်းစာတိုက်က အယ်ဒီတာတွေအစ ပြန်ကြားရေးဝန်ကြီးအထိ သိကျွမ်းခင်မင် စကားပြောဆိုမှု မရှိခဲ့ပါဘူး။ အဲဒီအချိန်တုန်းက ကျွန်တော်ဟာ မြန်မာပြည်သူတစ်ယောက်အနေနဲ့ မြန်မာပြည်သူတစ်ယောက်ရဲ့ သဘောထားဆန္ဒတွေကို မိမိသဘောနှင့်လွတ်လပ်စွာထုတ်ဖော် ရေးသားခဲ့ခြင်းသာ ဖြစ်ပါတယ်။ ယခုလည်း ကျွန်တော့်ရဲ့သဘောဆန္ဒတစ်ခုတည်းနဲ့ ဒီစာကို ရေးခြင်းဖြစ်ပါတယ် မစု။

မစု ခင်ဗျား . . . ကျွန်တော့်ရဲ့ သတင်းဆောင်းပါးတွေထဲက ယခုနောက်ဆုံးထွက်ခဲ့တဲ့ နိုင်ငံပိုင် သတင်းစာများပါ "မေတ္တာဖြင့် တည်ဆောက်နေသော နိုင်ငံတော်၊ ခွင့်လွှတ်ရင်းနဲ့ မျှော်လင့်နေပါသည်။ ချစ်ခြင်းမေတ္တာကို အကြမ်းမဖက်ပါနဲ့၊ ချစ်ခြင်းမေတ္တာကို အကြမ်းမဖက်ပါနဲ့(၂)"တို့နှင့် မော်နီတာ သတင်းဂျာနယ်ပါ "နိုင်ငံရေးသမားများအလိုရှိသည်၊ မေတ္တာလမ်းစဉ်မှာ တစ်ပါး အခြားမရှိပါ" ဆောင်းပါးတို့ကို မစုဖတ်ရှုနိုင်ပါရန် ရိုသေစွာ ပေးပို့လိုက်ပါတယ်။ အဲ့ဒီဆောင်းပါးတွေကို သေချာစွာ ဖတ်ပြီး မစုထံမှ ဝေဖန်အကြံပြုခက်ျကို ကျွန်တော်ကြားချင်ပါတယ်။ ဤဆောင်းပါးတွေဟာ မြန်မာပြည်သူများနှင့် ဆက်နွယ်ပတ်သက်မှုရှိနေတဲ့အတွက် မြန်မာပြည်သူများ သိရှိရန် မစုလူသိရှင်ကြား ဝေဖန်အကြံပြုစေချင်ပါတယ်။ ကျွန်တော်ရေးထားတဲ့ သတင်းအချက် အလက်တွေဟာ မှားယွင်းနေတယ်ဆိုရင် လူသိရှင်ကြား ဝေဖန်ထောက်ပြပေးစေချင်ပါတယ် မစု။

မစု ခင်ဗျား . . . . မစု မြန်မာ့နိုင်ငံရေးထဲမှာ ပါဝင်ပတ်သက်ခဲ့တာ ၂၂ နှစ်ကျော်ကြာခဲ့ပါပြီ။ မစုကြွေးကြော်ခဲ့တာက မြန်မာပြည်သူတွေ ဒီမိုကရေစီရရှိရေး ဖြစ်ပါတယ်။ မစု လုပ်ဆောင်ကြိုးပမ်းခဲ့တာကလည်း မြန်မာပြည်သူတွေ ဒီမိုကရေစီရရှိရေး ဖြစ်ပါတယ်။ သို့သော်လည်း မြန်မာပြည်သူတွေရဲ့ လိုအပ်ဆန္ဒက ဒီမိုကရေစီဆိုတာထက် မိမိတို့ စားဝတ်နေရေး ဖူလုံချောင်လည်ဖို့၊ လူနေမှု အဆင့်မြင့်မားဖို့၊ ဒေသတွင်းနိုင်ငံများလို မြန်မာနိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ဖို့ ဖြစ်ပါတယ်။ ဒါတွေကို ကြည့်လျှင်မစုရဲ့ သဘောထားနဲ့ လုပ်ဆောင်ချက်တွေဟာ မြန်မာပြည်သူတွေရဲ့ လိုအင်ဆန္ဒတွေနဲ့ တခြားစီဖြစ်နေတာကို ရှင်းလင်းစွာသိမြင်နိုင်ပါတယ် မစု။

မစု ခင်ဗျား . . . ၁၉၉၅ အမျိုးသားညီလာခံကြီး ကျင်းပနေချိန်မှာ ထိုစဉ်က ကုသလမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ်ကြီး မယ်ဒလင်းအောဘရိုက် မစုထံ ရောက်လာပါတယ်။ မစုနဲ့ နှစ်ယောက်ချင်း တွေ့ဆုံခဲ့ကြပါတယ်။ ကျင်းပနေဆဲ အမျိုးသားညီလာခံမှာ မြန်မာနိုင်ငံအတွင်း မည်သည့်နိုင်ငံခြားတပ်ဖွဲ့ကိုမျှ တပ်ချခွင့်မပြုဆိုတဲ့ အချက်ကို ထည့်သွင်းဆွေးနွေးနေပါတယ်။ ဤအချက်ကို အမေရိကန်အစိုးရက မလိုလားခဲ့ပါဘူး။ ဤအချက်ကို အမေရိကန်ရဲ့ အကျိုးစီးပွားကို ထိခိုက်စေတယ်လို့ အမေရိကန်အစိုးရက ယူဆပါတယ်။ နောက်ပြီး အဲဒီအချိန်မှာ မြန်မာနိုင်ငံဟာ အာဆီယံအဖွဲ့ထဲဝင်ခွင့်ရအောင် ကြိုးပမ်းဆောင်ရွက်နေတဲ့ အချိန်လည်းဖြစ်ပါတယ်။ မြန်မာနိုင်ငံ အာဆီယံအဖွဲ့ထဲ ပါဝင်လာမှာကို အမေရိကန်အစိုးရက မလိုလားပါဘူး။ မြန်မာနိုင်ငံ အာဆီယံထဲ ပါဝင်လာရင် အမေရိကန်ရဲ့ အကျိုးစီးပွားကို ထိခိုက်စေတယ်လို့ အမေရိကန်အစိုးရက ယူဆပုံရပါတယ်။ အမေရိကန်ရဲ့ အကျိုးစီးပွားကိုးကာကွယ်ဖို့အတွက် အမေရိကန်အစိုးရရဲ့ ကိုယ်စားလှယ်တော်သံအမတ်ကြီး မယ်ဒလင်းအောဘရိုက်က အမျိုးသားညီလာခံကြီးပျက်ပြားသွားအောင် အင်န်အယ်လ်ဒီအနေဖြင့် အမျိုးသားညီလာခံကြီးက ထွက်ခွာဖို့ မစုကိုအကြံပြုခဲ့ပုံရပါတယ်။ မယ်ဒလင်းအောဘရိုက်ပြန်သွားပြီးတာနဲ့ မစုရဲ့ တစ်ချက်လွှတ်အမိန့်နဲ့ အင်န်အယ်လ်ဒီကိုယ်စားလှယ်တွေ ဟာ အမျိုးသားညီလာခံကြီးကနေ ထွက်ခွာခဲ့ကြပါတယ်။ တစ်ချိန်တည်းမှာပဲ မယ်ဒလင်းအောဘရိုက်နဲ့ မစုတို့ တိုင်ပင်စည်းဝါးတိုက်ထားတဲ့အတိုင်း အမေရိကန်နှင့် အနောက်အုပ်စုတွေက မြန်မာနိုင်ငံကို စီးပွားပိတ်ဆို့ဒဏ်ခတ်ဖို့ မစုတောင်းဆိုခဲ့ပါတယ်။ ကမ္ဘာလှည့်ခရီးသည်တွေ မြန်မာနိုင်ငံကို မလာရောက်ကြဖို့ မစုဟန့်တားခဲ့ပါတယ်။ အမေရိကန်နှင့် အနောက်နိုင်ငံတွေကလည်း မစုရဲ့ အလိုတော်ကျအတိုင်း မြန်မာနိုင်ငံကို စီးပွားပိတ်ဆို့ဒဏ်ခတ်ခဲ့ကြပါတယ်။ ဒီလို မစုရဲ့ လုပ်ရပ်တွေကြောင့် နိုင်ငံနှင့်လူမျိုးကို ထိခိုက်နစ်နာစေခဲ့ပါတယ်။ အဲဒီတုန်းကသာ အင်န်အယ်လ်ဒီကိုယ်စားလှယ်များ အမျိုးသားညီလာခံကြီးက မထွက်ခွာခဲ့ပါလျှင် ခုလောက်ဆို ကျွန်တော်တို့နိုင်ငံဟာ ယခုထက်မက အခြေတကျဖွံ့ဖြိုးတိုးတက်နေပါပြီမစု။

မစု ခင်ဗျား. . . စီးပွားပိတ်ဆို့ဒဏ်ခတ်ခြင်းဟာ အကြမ်းဖက်လုပ်ရပ်ဖြစ်တယ်လို့ "ချစ်ခြင်းမေတ္တာကို အကြမ်းမဖက်ပါနဲ့" ဆောင်းပါးနှင့် "မေတ္တာလမ်းစဉ်မှ တစ်ပါး အခြားမရှိပါ" ဆောင်းါးတွေမှာ ကျွန်တော်အတိအလင်း ရေးသားခဲ့ပါတယ်။ အီရတ်နိုင်ငံကို အမေရိကန်နှင့် အနောက်အုပ်စုတွေက စီးပွားပိတ်ဆို့ဒဏ်ခတ်တဲ့အတွက် စားနပ်ရိက္ခာနှင့် ဆေးဝါးများ ပြတ်တောက်သွားပြီး အီရတ်ကလေးငယ် အများအပြား သေဆုံးခဲ့ကြရပါတယ်။ ဒါကြောင့် စီးပွားပိတ်ဆို့ဒဏ်ခတ်ခြင်းဟာ လူသားတွေကို သေစေနိုင်တဲ့အထိ ဖြစ်ပေါ်စေတဲ့ အကြမ်းဖက်တိုက်ခိုက်ခြင်းဖြစ်တယ်ဆိုတာ ဘယ်လိုမှ ငြင်းလို့ မရနိုင်ပါဘူး။ စီးပွားပိတ်ဆို့ဒဏ်ခတ်ခြင်းဟာ အကြမ်းဖက်တိုက်ခိုက်ခြင်း မဟုတ်ဘူးလို့ မစုငြင်းမှာလား။ ခိုင်လုံတဲ့အကြောင်းပြချက်နဲ့တကွ လူသိရှင်ကြား မစုငြင်းနိုင်ပါတယ်။ ဒီလိုမှ မငြင်းပယ်နိုင်လျှင်တော့ စီးပွားပိတ်ဆို့ဒဏ်ခတ်ခြင်းဟာ အကြမ်းဖက်မှုကြီးဖြစ်ပေါ်အောင်အားပေးလှုံ့ဆော်တောင်းဆိုခဲ့တဲ့ မစုရဲ့မိုက်မှားခဲ့တာတွေကို လူသိရှင်ကြား မြန်မာပြည်သူတွေကို မစုတောင်းပန်ဖို့ လိုပါလိမ့်မယ်။ အမေရိကန်နှင့် အနောက်အုပ်စုတွေရဲ့ မြန်မာနိုင်ငံကို စီးပွားပိတ်ဆို့ဒဏ်ခတ်ခြင်းဟာ မြန်မာပြည်သူတွေကို အတိုင်းအတာတစ်ခုထိနစ်နာစေခဲ့ပါတယ်။ သို့သော် အီရတ်နိုင်ငံမှာလို ကလေးငယ်အမြောက်အမြားသေကြေတဲ့အထိတော့ ထိခိုက်နစ်နာမှုမရှိခဲ့ပါဘူး။ ဒီလိုဖြစ်ရတာကလည်း အစိုးရ၊ ပြည်သူနဲ့တပ်မတော်တို့ရဲ့လက်တွဲညီညီ ကြိုးပမ်းဆောင်ရွက်မှုတွေနဲ့ အိမ်နီးချင်းနိုင်ငံတွေရဲ့ မိတ်ဆွေကောင်းပီသမှုတွေကြောင့် ဖြစ်ပါတယ် မစု။

မစု ခင်ဗျား . . . မစုလွတ်မြောက်လာလျှင် စီးပွားပိတ်ဆို့ဒဏ်ခတ်ခြင်းကို ရုပ်သိမ်းဖို့ မစုတောင်းဆိုလိမ့်မယ်လို့ ကျွန်တော်နှင့်တကွ မြန်မာပြည်သူတွေ မျှော်လင့်ခဲ့ကြပါတယ်။ ဒါကြောင့်လည်း မစုကိုမျှော်လင့်တကြီး မြန်မာပြည်သူတွေက ဆီးကြိုခဲ့ကြပါတယ်။ မြန်မာနိုင်ငံကိုစီးပွားပိတ်ဆို့ဒဏ်ခတ်ခဲ့တဲ့ အမေရိကန်နိုင်ငံ ကိုယ်တိုင်က သူတို့ရဲ့အမှားတွေကို သိရှိလာပြီဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာပြည်သူတွေဟာ ခွင့်လွှတ်နိုင်မှုစွမ်းအား အလွန်မြင့်မားတဲ့လူမျိုးတွေပါ။ မေတ္တာတရားထက်သန်ကြတဲ့ လူမျိုးတွေပါ။ ဒါကြောင့်လည်း နိုင်ငံနှင့်လူမျိုးကို ထိခိုက်နစ်နာအောင်လုပ်ခဲ့တဲ့ မစုနဲ့ အမေရိကန်နိုင်ငံအပေါ် နားလည်ခွင့်လွှတ်မှုပေးနိုင်ခဲ့ကြပါတယ်။ မစုလွတ်မြောက်ပြီး နောက်တစ်ရက်ဖြစ်တဲ့ ၂၀၁၀ နိုဝင်ဘာ ၁၄ ရက်မှာ "မြန်မာပြည်သူတွေက ခိုင်မာတဲ့အကြောင်းရပ်တွေနဲ့ Sanction (စီးပွားပိတ်ဆို့ဒဏ်ခတ်မှု)ကို ဖျက်သိမ်းစေချင်ပါတယ်ဆိုရင် Sanction ကို ဖျက်မည်" လို့ မစု ခပ်ပြတ်ပြတ်ပြောဆိုခဲ့ပါတယ်။ ကျားကိုက်ပါတယ်ဆိုမှ နာပါတယ်လို့ ပြောရဦးမှာလား မစု။ အကြမ်းဖက်ဗုံးခွဲတာကို ထိခိုက်နစ်နာမှုတွေ ရှိပါတယ်လို့ ခိုင်မာတဲ့အကြောင်းပြချက်တွေ ပေးနေရဦးမှာလား မစု။ မစုရဲ့ အဲ့ဒီလို ပြောကြားချက်ဟာ အင်မတန်မေတ္တာတရား ခေါင်းပါးတဲ့ပြောကြားချက်ဖြစ်ပါတယ်။ မစုရဲ့ ပြောကြားချက်ဟာ အကြမ်းဖက်လုယက်ဓားပြတိုက်မှုကို ပြုသူတွေနဲ့ အားပေးအားမြှောက်လက်ထောက်ချသူတွေကို ဓားပြတိုက်ခံရသူတွေက ခိုင်မာတဲ့အကြောင်းပြချက်တွေနဲ့ ကျွန်တော်တို့ကို ငဲ့ညှာသနားကြပါလို့ တောင်းပန်ခိုင်းသလို ဖြစ်နေပါတယ် မစု။


မစု ခင်ဗျား . . . မစုရဲ့ လုပ်ဆောင်ချက်တွေဟာ ၂၂ နှစ်ကျော်လုံးလုံး မြန်မာပြည်သူတွေကုု ကောင်းကျိုးမပြုရုံတင်မက ဆိုးကျိုးတွေ ဖြစ်ပေါ်စေခဲ့ပါတယ်။ ၂၂ နှစ်ဆိုတဲ့ အချိန်ကာလဟာ မျိုးဆက်သက်တမ်းတစ်ခုလို့ ဆိုနိုင်ပါတယ်။ ၁၉၈၉ ခုနှစ် နှစ်ဦးပိုင်းက ကျွန်တော့်ဇာတိမြို့ ကျိုက္ခမိကို မစုလာတုန်းက မစုကို တော်ဝင်သဇင်ပန်းတွေ တပွေ့တပိုက်နဲ့ ဆီးကြိုခဲ့တဲ့အပျိုဘော်ဝင်စ ညီမလေးမိုးသီ တာမင်းဟာ အခုအခါမှာ ကလေးသုံးယောက်မိခင်ဖြစ်နေပြီး သူ့သမီးတောင် အပျို ဘော်ဝင်နေပါပြီ။ အဲဒီတုန်းက ကျွန်တော့်အစ်မငယ် ဒေါ်စောမြင့်ဟာ လသားအရွယ် သမီးလေးကို ရင်ဝယ်ပိုက်ပြီး မစုကိုကြိုဆိုခဲ့ပါတယ်။ အဲဒီလို ကြိုဆိုခဲ့တဲ့ လသားအရွယ် တူမလေး စုဝေဖြိုးမြင့်တောင် ကလေးအမေဖြစ်ခဲ့ပါပြီ။ အဲဒီတုန်းက အသက် ၃၀ သာရှိသေးတဲ့ ကျွန်တော်ဟာလည်း ယခုအခါ အသက် ၅၀ ကျော်ခဲ့ပါပြီ။ ခုချိန်ကျမှ မစုဘယ်လိုလုပ်ပေး လုပ်ပေး ကျွန်တော်တို့လို ၅၀ ကျော် ၆၀ ကျော်အရွယ် မြန်မာပြည်သူတွေအတွက်တော့ နောက်ကျခဲ့ပါပြီ။ ဒါပေမဲ့ မျိုးဆက်သစ်မြန်မာလူငယ်တွေအတွက် နောက်မကျသေးပါဘူး။ ကမ္ဘာတည်သရွေ့ ရှင်သန်တည်ရှိနေမယ့် မြန်မာနိုင်ငံတော်ကြီးအတွက်လည်း နောက်မကျသေးပါဘူး။ ဟိုတုန်းက မစု မိုက်မှားခဲ့တာတွေကို သင်ခန်းစာယူပြီး ဒီနေ့ဒီအချိန်မှာ နိုင်ငံနှင့်လူမျိုးအကျိုးအတွက် မစုလုပ်ဆောင်ပေးသင့်ပါတယ်။ မစုကို မြောက်စားအသုံးချသွားသူတွေရဲ့ စကားတွေကို ဟိုတုန်းကလို နားမထောင်ဘဲ နိုင်ငံနှင့်လူမျိုး ချမ်းသာကောင်းစားရေးအတွက် ယခုအချိန်မှာ ရဲရဲဝံ့ဝံ့ ပြတ်ပြတ်သားသား လုပ်ဆောင်ပေးသင့်ပါပြီမစု။

မစု ခင်ဗျား . . . ဟိုတုန်းကလို ဒီမိုကရေစီအရေးကို အကြောင်းပြပြီး ဟိုရှုတ်ရှုတ် ဒီရှုတ်ရှုတ်ဖြစ်အောင် ဟိုရှုတ်ရှုတ် ဒီရှုတ်ရှုတ်ဖြစ်အောင် မစုမလုပ်ဆောင်သင့်တော့ပါဘူး။ ဟိုတုန်းက အချိုးကို မပြောင်းလဲဘဲ မစုက ဟိုရှုတ်ရှုတ် ဒီရှုတ်ရှုတ်ဖြစ်အောင် လုပ်ဆောင်မယ်ဆိုလျှင် ကျွန်တော်တို့နိုင်ငံဟာ အိမ်နီးချင်းနိုင်ငံတစ်နိုင်ငံလို နိုင်ငံသားအချင်းချင်း စိတ်ဝမ်းကွဲပြားပြီး နိုင်ငံနှင့်လူမျိုးကို ထိခိုက်နစ်နာမှုတွေ ဖြစ်ပေါ်လာနိုင်ပါတယ်။ အဲဒီနိုင်ငံဟာ နိုင်ငံရေးသမားတွေ ဟိုရှုတ်ရှုတ်ဒီရှုတ်ရှုတ်လုပ်တာကြောင့် နိုင်ငံသားအချင်းချင်း စိတ်ဝမ်းကွဲပြားပြီး ဒေါ်လာဘီလီယံနဲ့ချီပြီး ထိခိုက်နစ်နာမှုတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ နိုင်ငံသားတွေလည်း အသက်ဆုံးရှုံးမှုတွေ ဖြစ်ခဲ့ရပါတယ်။ အဲဒီနိုင်ငံဟာ စီးပွားရေးအင်အားတောင့်တင်းခိုင်မာတာကြောင့် အတော်အသင့်ခံနိုင်ရည်ရှိပေမယ့် စီးပွားရေးအင်အားတောင့်တင်းခိုင်မာမှု မရှိသေးတဲ့ ကျွန်တော်တို့နိုင်ငံမှာ ဒီလိုဖြစ်ခဲ့ပါလျှင် နိုင်ငံနှင့်လူမျိုးအပေါ် များစွာထိခိုက်နစ်နာပါလိမ့်မည်။ ဒီလိုအခြေအနေမျိုးကို ဘယ်အစိုးရကမှ လက်ခံနိုင်မှာ မဟုတ်ပါဘူး။ နိုင်ငံနဲ့လူမျိုးကိုချစ်တဲ့ ဘယ်နိုင်ငံသားကမှလည်း လက်ခံနိုင်ကြမှာ မဟုတ်ပါဘူး။ အစိုးရနဲ့ ပြည်သူတွေဟာ ဒီလိုအခြေအနေမျိုး မပေါ်ပေါက်လာစေဖို့ အစွမ်းကုန် ကြိုတင်ကာကွယ်တားဆီးသွားကြမှာ ဖြစ်ပါတယ်။ မစုအနေနဲ့ ဒီလောက်မိုက်တွင်းနက်လိမ့်မယ်လို့တော့ အကောင်းမြင်တတ်တဲ့ကျွန်တော်တို့ မြန်မာပြည်သူလူထုက မထင်မှတ်ကြပါဘူး။ မစုမိုက်တွင်းနက်ခဲ့ပါလျှင်လည်း ကျွန်တော်တို့ မြန်မာပြည်သူတွေက မစုရဲ့ မိုက်မဲမှုတွေကိုလုံးဝလက်ခံနိုင်မှာ မဟုတ်ဘဲ အဲဒီမိုက်မဲမှုတွေကို မဖြစ်ခင်ကတည်းက ကြိုတင်ကာကွယ်တားဆီးသွားကြလိမ့်မယ်ဆိုတာကို ကျွန်တော်ရိုးသားပွင့်လင်းပြတ်သားစွာ ပြောလိုက်ပါတယ် မစု။

မစု ခင်ဗျာ. . ခုအခါမှာ မစုဟာ ၆၆ နှစ်အတွင်းသို့ ဝင်ရောက်ခဲ့ပါပြီ။ ၆၆ နှစ်ဆိုတာ ဘဝရဲ့ နေဝင်ဆည်းဆာချိန်ပါ။ ဒီတစ်ခါ မစုပြန်လည်လွတ်မြောက်လာခြင်းဟာ မြန်မာနိုင်ငံတော်နဲ့ မြန်မာပြည်သူတွေရဲ့အကျိုးကို မစုသယ်ပိုးဆောင်ရွက်ပေးနိုင်ဖို့ နောက်ဆုံးအခွင့်အလမ်းတစ်ရပ်ဖြစ်ပါတယ်။ ဒီအခွင့်အလမ်းကို မစုလက်မလွှတ်စေသင့်ပါဘူး။ မစုသာနိုင်ငံနဲ့ လူမျိုးချမ်းသာကောင်းစားရေးအတွက် လုပ်ဆောင်မယ်ဆိုပါလျှင် မည်သည့် နိုင်ငံရေးပါတီနှင့်မျှ သက်ဆိုင်ခြင်းမရှိဘဲ ကျွန်တော်ငါးမင်းဆွေဟာ အမျိုးသားနိုင်ငံရေး စိတ်ဓာတ်ဖြင့် မစုနဲ့ လက်တွဲဆောင်ရွက်သွားဖို့ အဆင်သင့်ရှိပါတယ်။ အနည်းဆုံးတော့ မစုရဲ့ ယာဉ်မောင်းတစ်ယောက်အဖြစ် မစုကိုကူညီဆောင်ရွက်ပေးနိုင်ပါတယ် မစု။

မစု ခင်ဗျား . . . ကျွန်တော်တို့ မြန်မာပြည်သူတွေဟာ မစုရဲ့ဆည်းဆာမေတ္တာရောင်ခြည်ကို မျှော်လင့်နေကြဆဲပါ မစု။

ရိုသေစွာဖြင့်
ငါးမင်းဆွေ



NEWS

# ဒီရေတောနှင့် အစုအဖွဲ့ပိုင် သစ်တောဆိုင်ရာ ဆွေးနွေးပွဲများတွင် အစိုးရပါဝင်လာ



အိဖြူမွန်

**ရန်ကုန်၊ နိုဝင်ဘာ-၂၃**

သဘာဝဘေးအန္တရာယ်ကို အများဆုံးခံရဒေသများမှာ ကမ်းရိုးတန်း ဒေသများဖြစ်သောကြောင့် ယင်းဒေသများရှိ ဒီရေတော အခြေအနေကောင်းမွန်နေမှု ရှိမရှိနှင့် အစုအဖွဲ့ပိုင်သစ်တော၏ အထွက်နှုန်းကို တိုင်းတာသည့်ဆွေးနွေးပွဲကို ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးကောင်စီမှ တိုင်းမှူးနှင့်အစိုးရဌာနဆိုင်ရာများ၊ ပြည်တွင်းလူမှုရေးအဖွဲ့အစည်းများ ပူးပေါင်းပြုလုပ်ခဲ့ကြကြောင်း သိရသည်။

ယင်းဆွေးနွေးပွဲကို ပုသိမ်မြို့၌ ကျင်းပပြုလုပ်ခဲ့ပြီး သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒများချမှတ်သည့် နိုင်ငံခေါင်းဆောင်ပိုင်းတို့ စိတ်ဝင်စားလာခြင်းသည် ကောင်းသော အလားအလာဖြစ်ကြောင်း ဖရီဒါမှဦးအုန်းကပြောသည်။

ယင်းဆွေးနွေးပွဲတွင် ဒီရေတောများကို ပြန်လည်စိုက်ပျိုးရာ၌ အစုအဖွဲ့ပိုင်များဖြင့် စိုက်ပျိုးရေး၊ စိုက်ပျိုးသူများ တွက်ခြေကိုက်ရန် ဒီရေတောသစ်အမျိုးအလိုက် သစ်ထွက်ရှိမှုများနှင့် အကျိုးအမြတ်များကို ဆွေးနွေးခဲ့ကြကြောင်း၊ လက်တွေ့တောထွက်နှုန်းတိုင်းတာခြင်းကို သစ်တောဦးစီးဌာနနှင့် ပြည်တွင်းသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့နှင့် တိုင်းတာမည်ဖြစ်ကြောင်း သိရှိရသည်။

လက်တွေ့ ကွင်းဆင်းတိုင်းတာမှုသည် ဒီရေတော၏ စီးပွားရေးအရအကျိုးရှိမှုနှင့် သဘာဝပတ်ဝန်းကျင်အရ သွယ်ဝိုက်အကျိုးရှိမှုများ၊ သဘာဝဘေးအန္တရာယ်ကာကွယ်မှုများ၊ ရာသီဥတုမည်မျှတမှုရှိမရှိခြင်းနှင့် ရေသတ္တဝါတို့၏ ဂေဟဗေဒစနစ်ထိန်းညှိပေးမှုများကိုပါ ထည့်သွင်းတွက်ချက်မည်ဖြစ်ကြောင်း ယင်းလေ့လာရေးတွင် ကိုယ်တိုင်လိုက်ပါမည့်သူတစ်ဦးက ပြောကြားသည်။

ယင်းဒီရေတောတိုင်းတာခြင်းအပြင် လမ်းကွန်ရက်(၁၁) ခုတွင် သစ်ပင်စိုက်ပျိုးရေးကိုပါ ပြည်တွင်းသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအသင်းများ ဖြစ်သည့် မေတ္တာ၊ ဖရီဒါ၊ ဆန်ကာ၊ ဂျိုက်ကာ၊ အီကိုဒတ်တို့နှင့်ပါ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

# Environment

7DAY NEWS JOURNAL

Vol.9, No.36 • DECEMBER 2, 2010


## ၂၀၂၂ တွင် ကျားကောင်ရေနှစ်ဆပြန်တက်ရေး မြန်မာအပါအဝင် ကမ္ဘာ့နိုင်ငံ ၁၃ နိုင်ငံ လက်မှတ်ရေးထိုး

အေးမြကျော် **စိန့်ပီတာစဘတ် - နိုဝင်ဘာ၂၄**



အချိန်မီမထိန်းသိမ်းပါက ကမ္ဘာပေါ်မှပျောက်ကွယ်သွားနိုင်သည်အထိသဘာဝတောတွင် အကောင်ရေသိသာစွာလျော့နည်းနေသည့်ကျားများကို လာမည့်၂၀၂၂ခုနှစ်တွင် ယခုရှိနေသောအကောင်ရေထက် နှစ်ဆမြင့်တက်အောင်လုပ်ဆောင်သွားမည့် သဘောတူညီမှုတစ်ခုကိုနိုဝင်ဘာလ ၂၂ရက်က ကျားကျန်ရှိနိုင်ငံ ၁၃ နိုင်ငံမှ အစိုးရတာဝန်ရှိသူများကလက်မှတ်ရေးထိုးခဲ့ကြသည်။

ကမ္ဘာပေါ်တွင်ကျားများကျန်ရှိကျက်စားသောနိုင်ငံမှာမြန်မာနိုင်ငံအပါ အဝင်၁၃နိုင်ငံသာကျန်ရှိတော့ပြီးအကောင်ရေမှာလည်း ၃၂၀၀ဝန်းကျင်သာကျန်ရှိနိုင်တော့ကြောင်းကမ္ဘာ့ကျားကောင်ရေပြန်လည်မြင့်တက်လာရေးအစီအစဉ်ကခန့်မှန်းထားပြီး ထိုအကောင်ရေနှစ်ဆမြင့်တက်အောင် ပြန်လည်လုပ်ဆောင်မည့်၁၂နှစ်ကြာ စီမံကိန်းအတွက် အမေရိကန်ဒေါ်လာသန်း ၃၅၀ကုန်ကျနိုင်ကြောင်း အဆိုပါအစီအစဉ်ကပင်ခန့်မှန်းထားသည်။ အဆိုပါကျားထိန်းသိမ်းရေးထိပ်သီးအစည်းအဝေးကို ရုရှားနိုင်ငံ၊ စိန့်ပီတာစဘတ်မြို့တွင် ကျင်းပခဲ့ပြီး ကျားကျန်ရှိနိုင်ငံ ၁၃ နိုင်ငံမှ ထိပ်တန်းခေါင်းဆောင်များ တက်ရောက်ဆွေးနွေးခဲ့ကြပြီးကျားများ မျိုးသုဉ်းတီးရခြင်းအဓိကအကြောင်းအရင်းဖြစ်သည့် ကျားသားရေအပါအဝင်ကျားနှင့်ဆက်စပ်သည့် ကိုယ်ခန္ဓာအစိတ်အပိုင်းများကို တရားမဝင်ကုန်သွယ်ရေးအကြောင်းကိုအလေးပေးဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဆွေးနွေးပွဲအပြီးတွင် တက်ရောက်လာသောကမ္ဘာ့နိုင်ငံများနှင့်အဖွဲ့အစည်းအသီးသီးတို့မှအမေရိကန်ဒေါ်လာသန်း ၁၀၀ လှူဒါန်းမည်ဟုကတိပြုခဲ့ကြကြောင်းသိရသည်။ ကမ္ဘာပေါ်တွင် ကျားမျိုးစိတ်များ ကျန်ရှိကျက်စားသေးသည့် နိုင်ငံများမှာ မြန်မာ၊ ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ကမ္ဘောဒီးယား၊ တရုတ်၊ အိန္ဒိယ၊ လာအို၊ မလေးရှား၊ နီပေါ၊ ထိုင်း၊ ဗီယက်နမ်နှင့် ရုရှားနိုင်ငံတို့ဖြစ်ကြသည်။

*Ref:St.Petersburg Times*

## ကျားထိန်းသိမ်းရေးအတွက် လီယိုနာဒို ဒေါ်လာ ၁သန်းလှူ




**စိန့်ပီတာစဘတ် - နိုဝင်ဘာ၂၄**

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးမင်းသားအဖြစ် လူသိများသော ဟောလိဝုဒ်မင်းသား လီယိုနာဒိုဒီကာပရီယိုသည် နိုင်ငံပေါင်း ၁၃ နိုင်ငံက ပူးပေါင်းဆောင်ရွက်မည့်ကျားထိန်းသိမ်းရေးအစီအစဉ်အတွက် အမေရိကန်ဒေါ်လာ ၁ သန်းလှူဒါန်းခဲ့သည်။ ကမ္ဘာပေါ်ရှိနိုင်ငံ ၁၃နိုင်ငံတွင် ကျားကောင်ရေပေါင်း ၃၂၀၀ သာကျန်ရှိနိုင်တော့သဖြင့်အချိန်မီထိန်းသိမ်းရန်အစိုးရများပူးပေါင်းကာ ထိပ်သီးဆွေးနွေးပွဲတစ်ရပ်ကို ရုရှားနိုင်ငံစိန့်ပီတာစဘတ်မြို့တွင် ၅ ရက်ကြာကျင်းပခဲ့ပြီး ဆွေးနွေးပွဲကျင်းပပြီးတစ်ရက်အကြာတွင် လီယိုနာဒိုရောက်ရှိလာပြီး အလှူငွေပေးခဲ့ကာရုရှားဝန်ကြီးချုပ်ပူတင်နှင့်လည်း နိုဝင်ဘာ ၂၃ ရက်က တွေ့ဆုံဆွေးနွေးခဲ့သည်။

*Ref:csmonitor.com*

## အင်းလေးကန်ထိန်းသိမ်းရေး လက်ကမ်းစာစောင်ဖြန့်ဝေရန်စီစဉ်



**ရန်ကုန် - နိုဝင်ဘာ ၂၄**

အင်းလေးကန်ထိန်းသိမ်းရေးနှင့် ပတ်သက်သော အကြောင်းအရာများကို စုစည်းရေးသားပြီး လက်ကမ်းစာစောင်အဖြစ်ထုတ်ဝေကာ ဒေသခံများနှင့်ကန်သို့ လာရောက်လည်ပတ်သောနိုင်ငံခြားသားခရီးသည်များကိုပါ ပေးဝေသွားရန်စီစဉ်နေကြောင်း အင်းလေးကန်ထိန်းသိမ်းရေးအဖွဲ့မှအဖွဲ့ဝင်တစ်ဦးကပြောသည်။ အင်းလေးကန်အတွင်း စည်းကမ်းမဲ့အမှိုက်စွန့်ပစ်ခြင်းနှင့် ပတ်သက်၍ ဖြစ်ပေါ်လာမည့်ဆိုးကျိုးများ၊ သဘာဝကိုပျက်စီးစေနိုင်မည့်အပြုအမူများ မထိန်းသိမ်းပါကရေရှည်တွင် ဖြစ်ပေါ်လာနိုင်မည့်သဘာဝပတ်ဝန်းကျင်ပျက်စီးမှုများကို လက်ကမ်းစာစောင်တွင်အသားပေး ဖော်ပြသွားမည်ဖြစ်ကြောင်းရင်းကဆက်လက်ပြောကြားသည်။

## Environment cartoon




## မြန်မာငှက်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအသင်း နတ်မတောင်သို့ သွားရောက်လေ့လာ

**ရန်ကုန်၊ နိုဝင်ဘာ- ၁၉**

ကမ္ဘာ့ရှားပါးစာရင်းဝင်မျက်ခုံးဖြူ ငှက်ပြာခြောက်ငှက်နေထိုင်ကျက်စားရာတစ်ခုတည်းသောနေရာဖြစ်သည့် ချင်းတောင်တန်းဒေသနတ်မတောင်အမျိုးသားဥယျာဉ်သို့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအခြေအနေများနှင့်ထိုဒေသတွင်ကျက်စားသောငှက်မျိုးစိတ်များကိုလေ့လာရန်မြန်မာငှက်နှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အဖွဲ့မှအဖွဲ့ဝင်အချို့သွားရောက်လေ့လာခဲ့ကြကြောင်း သိရသည်။ အသင်းဝင်အချို့သည်နတ်မတောင်၏လက်ရှိသဘာဝပတ်ဝန်းကျင်အခြေအနေနှင့်သစ်တောကျန်ရှိမှုများ၊ ငှက်မျိုးစိတ်များကိုလေ့လာရန်နိုဝင်ဘာ၂၀ မှ ၂၇ ရက်အထိ ၇ရက်ကြာသွားရောက်ကြခြင်းဖြစ်ကြောင်းအသင်းမှသိရသည်။ မြန်မာ့ဒေသရင်းငှက်တစ်မျိုးဖြစ်ပြီးနတ်မတောင်ဧရိယာတွင်သာ မြင်တွေ့နိုင်သောမျက်ခုံးဖြူငှက်ပြာခြောက်ငှက်ကိုခရီးစဉ်အတွင်းမြင်တွေ့ရန်မျှော်လင့်ကြောင်း ခရီးစဉ်တွင်လိုက်ပါသူတစ်ဦးက ပြောသည်။

## ရာသီဥတုပြောင်းလဲခြင်းအကြောင်း ဝက်ဘ်ဆိုက်သစ်လွှင့်တင်မည်



**အိဖြူမွန်**

**ရန်ကုန်၊ နိုဝင်ဘာ-၁၃**

မြန်မာနိုင်ငံ၏ရာသီဥတုပြောင်းလဲခြင်းနှင့် သက်ဆိုင်သော အချက်အလက်များစုစည်းဖော်ပြမည့် ဝက်ဘ်ဆိုက်ကို ဒီဇင်ဘာလတွင် လွှင့်တင်မည်ဖြစ်ကြောင်းအမျိုးသားပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မရှင်၏ စီမံကိန်းအဖွဲ့ခေါင်းဆောင်ဦးဝင်းမျိုးသူက ပြောသည်။ ဝက်ဘ်ဆိုက်အမည်မှာ www.myanmar-nufcc-ne.net ဖြစ်ပြီး အင်္ဂလိပ်ဘာသာဖြင့် လွှင့်တင်မည်ဖြစ်သည်။ မည်သည့်နေရာတွင် ရာသီဥတုဒဏ်ကို အများဆုံး ခံရကြောင်း၊ မည်သို့ရင်ဆိုင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း စသောအချက်အလက်များကို စုစည်းဖော်ပြမည်ဟုဆိုသည်။




# Tourism

7DAY NEWS JOURNAL

Vol.9, No.36 • DECEMBER 2, 2010


## ငပလီဟိုတယ်များ နှစ်သစ်ကူးကာလအထိ အခန်းပြည့်ညှော်သည်ရရှိ

မြတ်စုမွန်

ရန်ကုန်၊ နိုဝင်ဘာ - ၂၄

ငပလီကမ်းခြေရှိဟိုတယ်များတွင် လာမည့်နှစ်သစ်ကူးကာလအထိ အခန်းကြိုတင်မှာယူမှုများဖြင့် ပြည့်နေပြီဖြစ်ကြောင်း ငပလီကမ်းခြေဟိုတယ်များမှ သတင်းရရှိသည်။

"ရွေးကောက်ပွဲကြောင့် ဧည့်သည်အဝင်နည်းမှာကို စိုးရိမ်ခဲ့ပေမယ့် ရွေးကောက်ပွဲရက်မှာတောင် မလျော့ဘူး။ ဧည့်သည်က အောက်တိုဘာကစပြီး အခုအထိ တော်တော်ပြည့်နေတယ်။ နှစ်သစ်ကူးကာလအတွက်လည်း ဘွတ်ကင်အပြည့်ပဲ"ဟု ငပလီကမ်းခြေ၊ လင်းသာကျေးရွာရှိ အမတာဟိုတယ်မှ Room Division Manager ဒေါ်လွင်လွင်ပြုံးကပြောသည်။

ငပလီကမ်းခြေသို့ ကမ္ဘာလှည့်ခရီးသည် လာရောက်လည်ပတ်မှုနှုန်းကိုကြည့်၍ လေကြောင်းလိုင်းများပြေးဆွဲလျက်ရှိရာ လက်ရှိအချိန်တွင်အဲမန္တလေး၊ အဲပုဂံနှင့် ရန်ကုန်အဲဝေး စသည့်လေကြောင်းလိုင်းများ တစ်ရက်လျှင် လေးကြိမ်ပြေးဆွဲပေးလျက်ရှိကြောင်းသိရသည်။ "မြန်မာ့လေကြောင်းနဲ့ ခရီးသည်ပါတာတော့နည်းတယ်" ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။

ရွေးကောက်ပွဲကြောင့် ဧည့်သည်အဝင်လျော့နည်းမသွားသည့်အပြင် ပိုမိုများပြားလာကြောင်း ငပလီကမ်းခြေရှိ အမေးဇင်းဟိုတယ်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"နှစ်သစ်ကူးအတွက် တချို့ဘွတ်ကင်တွေ ရပ်ထားရတယ်။ အောက်တိုဘာနဲ့ နိုဝင်ဘာမှာ ဧည့်သည်အဝင် ၆၅ ရာခိုင်နှုန်းအထိရှိတယ်" ဟု အမေးဇင်းဟိုတယ်မှ မန်နေဂျာ ဦးကျော်စွာမောင်မောင်ကပြောသည်။

ငပလီကမ်းခြေသို့ ရုရှား၊ ဂျာမနီ၊ ပြင်သစ်၊ အင်္ဂလန်နှင့်အီတလီလူမျိုးများ အများဆုံးလာရောက်လည်ပတ်ကြကြောင်း အဆိုပါဟိုတယ်များမှ သိရသည်။

"နှစ်သစ်ကူးအတွက်ဧည့်သည့်ပြည့်နေပြီ။ ဇန်နဝါရီ ပထမပတ်ထိအပြည့်ပဲ။ အရင်နှစ်တွေက လာဖူးတဲ့ လူဟောင်းတွေပြန်လာလည်တာများတယ်" ဟု ငပလီကမ်းခြေလင်းသာကျေးရွာရှိ Memento Reso rt မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။



ဓာတ်ပုံ - အောင်ပြည့်

*အစဉ်အလာမပျက်စည်ကားခဲ့သော ၂၀၁၀ တောင်ကြီးမီးပုံးပျံပွဲတော်။*



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

***ရန်ကုန်မြို့လယ်ရှိ ဘုရားဖူးလက်မှတ်အရောင်းဂိတ်အချို့ကို နိုဝင်ဘာလကုန်ပိုင်းက တွေ့ရစဉ်။***

## ပြည်တွင်း ဘုရားဖူးလုပ်ငန်းများ အလုပ်ပါးနေဆဲ

ပြည်သိမ်း

**ရန်ကုန်၊ နိုဝင်ဘာ-၂၅**

ပွင့်လင်းရာသီ ရောက်ရှိလာသော်လည်း ပြည်တွင်းဘုရားဖူး လုပ်ငန်းများအတွက်ကားငှားရမ်းမှုမှာ များစွာလျော့နည်းနေကြောင်း အဝေးပြေးယာဉ်လိုင်းများမှ သတင်းရရှိသည်။ ပြည်တွင်းစီးပွားရေးလုပ်ငန်းများ လေးလံနေပြီးလူတစ်ဦးချင်း၏သုံးစွဲနိုင်မှု ပမာဏကျဆင်းလာခြင်း၊ ဘုရားဖူးခရီးစဉ် ဆောင်ရွက်သူများ၏ စီမံခန့်ခွဲမှုလိုအပ်ချက်များရှိခြင်း၊ ပြည်တွင်းထုတ်လိုက်ထရပ်ကားများနှင့်သာ တစ်ပိုင်တစ်နိုင်သွားလာကြခြင်းတို့ကြောင့်ဖြစ်ကြောင်း ကားငှားရမ်းသူများထံမှ စုံစမ်းသိရသည်။

"အရင်နှစ်တွေက အခုလိုရာသီမှာကားလေးငါးစီးလောက် ငှားရတယ်။ ဒီနှစ်မှာတော့ တစ်စီးနှစ်စီးပဲငှားရတယ်" ဟု မြတ်မန္တလာအဆင့်မြင့်ခရီးသည်ပို့ဆောင်ရေးဂိတ်မှဂိတ်မှူးဦးအေးတင်က ပြောသည်။ ဘုရားဖူးကားများငှားရမ်းမှု လျော့နည်းသွားသော်လည်း ကားငှားခနှုန်းထားများမှာပြောင်းလဲမှုမရှိကြောင်း၊ ရန်ကုန်-မန္တလေး ၅ ရက်ခရီးစဉ် ၄၅ ယောက်စီးကားကြီး တစ်စီးလျှင် ငှားရမ်းခကျပ်နှစ်သိန်းနှုန်းရှိကြောင်း ရန်ကုန်-ကျိုက်ထီးရိုးခရီးစဉ်ကို တစ်ရက်လျှင် ကျပ်နှစ်သိန်းဝန်းကျင်ယူကြောင်း သိရသည်။

"ကားအထွက်က တစ်ဝက်လောက်လျော့သွားတယ်။ အရင်က တစ်ညကိုနှစ်စီးလောက်ထွက်နိုင်ပေမယ့် အခုဆိုတစ်စီးတောင်လူမပြည့်ချင်ဘူး။ စီးပွားရေးအခြေအနေမကောင်းတော့ ဘုရားဖူးခရီးတို့၊ အပျော်ခရီးတို့ မထွက်နိုင်ကြဘူး"ဟု သန်းဌေးနှင့်ရောင်းရင်းများ ဘုရားဖူးပို့ဆောင်ရေးအဖွဲ့မှတာဝန်ရှိသူတစ်ဦးကပြောသည်။ ပြည်တွင်းဘုရားဖူးခရီးစဉ်များသွားလာမှုနည်းသကဲ့သို့ ပြည်ပသို့ဘုရားဖူးနှင့်အပျော်ခရီးသွားလာမှုများမှာလည်း အနည်းငယ်သာရှိကြောင်း၊ ယင်းကြောင့် ခရီးစဉ်အချို့ကို ဈေးနှုန်းလျှော့၍ယူရကြောင်း ခရီးသွားလုပ်ငန်းကုမ္ပဏီမှ စုံစမ်းသိရသည်။

## တောင်ကြီးတန်ဆောင်တိုင် သွားရောက်သူများခဲ့

သိမ့်သိမ့်စိုး

**ရန်ကုန်၊ နိုဝင်ဘာ-၂၃**

တန်ဆောင်တိုင်ပွဲတော်ကို ယခုနှစ်တွင်တောင်ကြီးမြို့သာမက ပြင်ဦးလွင်မြို့၌ပါမီးပုံးပျံပွဲတော်များဖြင့် ကျင်းပပြုလုပ်ခဲ့သော်လည်း တောင်ကြီးတန်ဆောင်တိုင်မီးပုံးပျံပွဲတော်သို့သွာ သော ခရီးသွားဦးရေမှာ လျော့ကျသွားခြင်းမရှိကြောင်း ရန်ကုန်-တောင်ကြီး အဝေးပြေးခရီးသည်တင်ကားဂိတ်လုပ်ငန်းရှင်များက ပြောကြားသည်။

ယခုနှစ်တွင် တောင်ကြီးတန်ဆောင်တိုင်ပွဲသို့သွားသူများ၍ နှစ်စဉ်ကဲ့သို့ပင် ကားစီးရေတိုးထွက်ခဲ့ရကြောင်း သတင်းရရှိသည်။"သွားတဲ့သူက မလျော့ပါဘူး။ နှစ်တိုင်းလိုပဲများတယ်။ အဲဒီရက်တွေမှာ တောင်ကြီးဂိတ်တွေအနေနဲ့ ကားနှစ်စီး၊သုံးစီးတိုးထွက်ရတယ်" ဟု ရန်ကုန်-တောင်ကြီး ကားဂိတ်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

တန်ဆောင်တိုင်ပွဲသွားသူများကို ကားဂိတ်လုပ်ငန်းရှင်များက ကြိုတင်လက်မှတ်မှာယူမှုများလက်မခံဘဲ တိုက်ရိုက်ရောင်းချမှု စနစ်ကိုသာကျင့်သုံးခဲ့ကြောင်း ကားဂိတ်လုပ်ငန်းရှင်များကပြောသည်။"ဈေးကတော့ တက်တာ၊ ကျတာမရှိဘူး။ သွားတဲ့သူကနှစ်တိုင်းလိုပဲများခဲ့တယ်။ တစ်ယောက်ကို ၁၁,၀၀၀ ကျပ်ပဲ။ ကားခလုံးဝမပြောင်းဘူး"ဟု ရှမ်းမလေးကားဂိတ်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ရန်ကုန်-တောင်ကြီးကားဂိတ်များမှာ ပုံမှန်အားဖြင့်နေ့စဉ်တစ်စီးနှုန်းထွက်နေရာမှ ၎င်းရက်များတွင် နေ့စဉ် သုံးစီးနှုန်းဖြင့် နိုဝင်ဘာ ၁၆ ရက်မှ ၂၀ရက်အထိငါးရက်ဆက်တိုက် ပြေးဆွဲခဲ့ရသည်။ တောင်ကြီးတန်ဆောင်တိုင်ပွဲသို့သွားသူများ၍ ရန်ကုန်-တောင်ကြီးကားများ ကားစီးရေတိုးထွက်ခဲ့ရသကဲ့သို့ ရန်ကုန်-ပြင်ဦးလွင်ကားများမှာလည်း ယခုနှစ် တန်ဆောင်တိုင်ကာလတွင် တစ်နေ့လျှင် ကားစီးရေနှစ်စီးအထိ ပြေးဆွဲခဲ့ရကြောင်း ရန်ကုန်-ပြင်ဦးလွင်ကားဂိတ်လုပ်ငန်းရှင်တစ်ဦးကပြောသည်။




The Cartoon Logo


























7DAY NEWS JOURNAL
Vol.9, No.36 • DECEMBER 2, 2010

# မလေးရှား အမျိုးသမီးများ အိတ်ချ်အိုင်ဗီပိုး ကူးစက်ခံရမှုများလာ




ကွာလာလမ်ပူ၊
နိုဝင်ဘာ - ၂၅

မလေးရှား အမျိုးသမီးများကြား တွင်အိတ်ချ်အိုင်ဗီ ဗိုင်းရပ်စ် ကူးစက်မှု မြင့်တက်လာပြီး အများစု မှာဎင်းတို့၏ ယောက်ျားများနှင့် ရည်းစားများထံမှ ကူးစက်ခံရခြင်း ဖြစ်ကြောင်း သိရသည်။

လွန်ခဲ့သော ငါးနှစ်အတွင်း မလေးရှားနိုင်ငံတွင် အေ့စ်ရောဂါ ဖြစ်စေသော အိတ်ချ်အိုင်ဗီပိုးကူး စက်ခံရသူဦးရေ လျော့ကျလာ သော်လည်း အမျိုးသမီးများနှင့် မိန်းမငယ်လေးများကြား၌ ရောဂါ ကူးစက်ခံရမှုများပြားလာကြောင်း အမျိုးသမီးနှင့် မိသားစုဖွံ့ဖြိုးတိုး တက်ရေးဝန်ကြီးဌာန ဒုတိယဝန် ကြီး ဟန်ဆေကိုင်က ပြောကြား သည်။

၁၉၉၅ ခုနှစ်က အမျိုးသမီး နှင့်မိန်းမငယ်လေးများ ရောဂါ ကူးစက်ခံရမှု လေးရာခိုင်နှုန်းသာ ရှိသော်လည်း ပြီးခဲ့သည့် နှစ်ကုန် ပိုင်းအချိန်တွင် ယင်းရာခိုင်နှုန်းမှာ ၁၈ ရာခိုင်နှုန်းအထိ ရှိလာသည်။

ရောဂါပိုး ကူးစက်ခံရသူ အ များစုမှာ အိမ်ရှင်မများဖြစ်ကြောင်း အာရှတစ်ဝန်း အိတ်ချ်အိုင်ဗီပိုး ကူးစက်ခံရသူ ၂၅ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်းမှာ ဎင်းတို့၏ ယောက်ျားများ၊ ရည်းစားများထံမှ ကူးစက်ခံရခြင်းဖြစ်ကြောင်း”မလေး ရှားနိုင်ငံတွင် ကျင်းပနေသော အိတ်ချ်အိုင်ဗီနှင့် အေအိုင်ဒီ အက်စ်ရောဂါကူးစက်မှု အခြေ အနေ (၂၀၁၀) ဆွေးနွေးပွဲ ဖွင့်ပွဲ အခမ်းအနားတွင် မလေးရှားဝန် ကြီးက ပြောကြားသည်။

မူးယစ်ဆေးဝါးထိုးသွင်းသုံး စွဲသူများနှင့် လိင်ရောင်းဝယ်ရေး လုပ်သားများတွင်သာ အိတ်ချ် အိုင်ဗီကူးစက်နိုင်ခြေများသည် မ ဟုတ်ကြောင်း အခြားလူများတွင် အန္တရာယ်ရှိကြောင်း၊ အမျိုးသား များမှာ အခြားနေရာများတွင် အ ကာအကွယ်မဲ့ လိင်ဆက်ဆံရာမှ ရောဂါပိုးကူးစက်ခံရပြီး ဎင်းတို့မှ တစ်ဆင့် ဇနီးမယားများထံ ကူး စက်ခံရခြင်းဖြစ်ကြောင်း မလေး ရှားဒုတိယဝန်ကြီး၏ အစီရင်ခံစာ တွင် ဖော်ပြသည်။




—*Ref: The Star*

## တ ုတ်-အိန္ဒိယ(၁၄)ကြိမ်မြောက် နယ်စပ်ဆွေးနွေးပွဲကျင်းပ

ဘေကျင်း၊ နိုဝင်ဘာ - ၂၃

တရုတ်နှင့် အိန္ဒိယနှစ်နိုင်ငံသည် နယ်စပ်ရေးရာကိစ္စများနှင့် ပတ်သက်၍ အထူးကိုယ်စားလှယ်များဖြင့်ဆွေးနွေးပွဲများ ပြုလုပ်သွားရန်ရှိကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြော ခွင့်ရပုဂ္ဂိုလ်က ပြောကြားလိုက်သည်။ နိုဝင်ဘာ ၂၉၊ ၃၀ ရက်များတွင်ကျင်းပမည့် ယင်းအစည်းအဝေးသို့ တရုတ်နိုင်ငံ တော်ကောင်စီဝင် တိုင်ဘင်ဂိုနှင့် အိန္ဒိယအမျိုးသားလုံခြုံရေး အကြံပေး ရှစ်ဗ်ရှန်ကာမင်နွန်တို့တက်ရောက်မည်ဖြစ်ကာ ယင်းအစည်းအဝေးမှာ (၁၄)ကြိမ်မြောက် နှစ်နိုင်ငံနယ်စပ် ဆွေးနွေးပွဲဖြစ်ကြောင်းဆိုသည်။

တရုတ်နှင့် အိန္ဒိယနှစ်နိုင်ငံသည် ကီလိုမီတာ ၂,၀၀၀ ကျော် ရှိသောနယ်စပ်ကို ခွဲဝေပိုင်ဆိုင်ထားပြီး နယ်မြေပိုင်ဆိုင်မှု အငြင်းပွားမှုများရှိခဲ့သည်။ ဎင်းနှစ်နိုင်ငံသည် ၁၉၈၀ နှစ်များ မှစ၍ နယ်စပ်ဒေသများတွင် တည်ငြိမ်မှုရှိစေရန် နယ်ခြားကိစ္စ များဆွေးနွေးခဲ့ပြီး နယ်စပ်သဘောတူစာချုပ်နှစ်ရပ်ကို ၁၉၉၃ နှင့် ၁၉၉၆ ခုနှစ်တို့တွင် လက်မှတ်ရေးထိုးခဲ့သည်။ ၂၀၀၃ တွင် နှစ်နိုင်ငံခေါင်းဆောင်များသည် နယ်နိမိတ်များ သတ်မှတ်ရေး အတွက် အထူးကိုယ်စားလှယ်များထားရှိရန် စီစဉ်ခဲ့သည်။ ပြီးခဲ့သည့် ၂၀၀၅ တွင်မှ တရုတ်နှင့်အိန္ဒိယတို့သည် သမ္မတ ဝမ်ကြားပေါင်၏ အိန္ဒိယနိုင်ငံခရီးစဉ်အတွင်း နယ်နိမိတ် သတ်မှတ်ရေးအတွက်နိုင်ငံရေးအရ လမ်းညွှန်စည်းမျဉ်း များကို သဘောတူလက်မှတ်ထိုးခဲ့သည်။ ထို့ပြင် ဎင်းတို့သည် မဟာဗျူဟာအရ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကိုလည်း အကောင်အထည်ဖော်ရန် ပူးတွဲကြေညာခဲ့သည်။

—*Ref: Xinhua*



7 DAY NEWS JOURNAL
Vol.9, No.36 • DECEMBER 2, 2010



# ကမ္ဘာကျော်သိပ္ပံပညာရှင် စတီဗင်ဟော့ကင်းနှင့် အမေးအဖြေ

ကျော်မျိုး

ကမ္ဘာကျော် သိပ္ပံပညာရှင် စတီဖင်ဟော့ကင်းဟာ ၎င်းရဲ့ထူးဆန်းတဲ့ရောဂါကြောင့် စက်တပ်ကုလားထိုင်တစ်လုံးနဲ့ အသက်ရှင်နေထိုင်ရပေမယ့် သူ့ဦးနှောက်ကတော့အကောင်းပကတိအတိုင်း လှုပ်ရှားတွေးခေါ်နေဆဲဖြစ်ကာ ကမ္ဘာ့သိပ္ပံပညာလောကကို ဦးဆောင်နေဆဲဖြစ်ပါတယ်။ ဒါ့အပြင် ၎င်းဟာ ရူပဗေဒသိပ္ပံပညာရပ်နယ်ပယ်မှာ အိုင်းစတိုင်းပြီးနောက်အကြီးအကျယ်ဆုံး ပညာရှင်အဖြစ် ညွှန်းဆိုခံရသလို ၎င်းရဲ့ “အချိန်၏ သမိုင်းအကျဉ်း” စာအုပ်ဟာလည်း ကမ္ဘာပေါ်မှာ လူဖတ်အများဆုံး သိပ္ပံပညာ အသိအမြင်ပေး စာအုပ်တစ်အုပ်အဖြစ် ရပ်တည်နိုင်ခဲ့ပါတယ်။

ဒါကြောင့်တိုင်းမ်စ်မဂ္ဂဇင်းဟာ ပရိသတ်များရဲ့ မေးခွန်း ၁၀ ခွန်းကို မစ္စတာ စတီဖင်ဟော့ကင်းကို ဖြေခိုင်းပြီး မကြာသေးမီက ဖော်ပြခဲ့ပါတယ်။ ယခုဖော်ပြ လိုက်တာကတော့ အဲဒီအမေး အဖြေများပဲဖြစ်ပြီး မစ္စတာဟော့ကင်းရဲ့ ဖန်ဆင်းရှင် God အပေါ် အမြင်၊ စကြဝဠာအစ မဟာပေါက်ကွဲမှု Big Bang အကြောင်းနဲ့ ၎င်းရဲ့ သိပ္ပံအပြင် အခြားသော ဝါသနာများအကြောင်း ဖော်ပြထားတာ ဖတ်ရှုကြရမှာပါ။

**စကြဝဠာဟာ အဆုံးသတ်နေပါပြီလား။ တကယ်လို့ အဲဒီလိုဖြစ်ရင် ဘာတွေထပ်ဖြစ်ဦးမှာပါလဲ။**

**ပေါလ်ပီအာဆန် (အင်္ဂလန်)**

လေ့လာချက်တွေက ဖော်ပြနေတာကတော့ စကြဝဠာဟာ အမြဲပဲတိုးပြီး ကျယ်ပြောပြန့်ကားနေပါတယ်။ ၎င်းဟာ အမြဲပဲ ပြန့်ကားနေပြီး ပိုပြီးဗလာကျင်းလာ၊ မည်းမှောင်လာနေပါတယ်။ စကြဝဠာဟာ အဆုံးမရှိပေမယ့် ၎င်းဟာစတင်တာတော့ မဟာပေါက်ကွဲမှု Big Bang ထဲမှာစတင်ခဲ့တာပါ။ အဲဒီမဟာပေါက်ကွဲမှု မတိုင်ခင် ဘာဖြစ်ခဲ့သလဲလို့ မေးကောင်းမေးနိုင်တယ်။ ဒါပေမဲ့ မဟာပေါက်ကွဲမှုကြီး မတိုင်ခင် ဘာမှ မရှိပါဘူး။ တောင်ဝင်ရိုးစွန်းရဲ့ တောင်ဘက်ဆိုတာ မရှိသလိုပေါ့လေ။

**ကျွန်တော်တို့ရဲ့ လူ့ယဉ်ကျေးမှုဟာပိုနက်ရှိုင်းတဲ့ အာကာသထဲ ခုန်ကူးနေထိုင်နိုင်ဖို့အထိ အချိန်လုံလုံလောက်လောက် ရှိပါဦးမလား။ အဲဒီအချိန်အထိ လူတွေရှင်သန်နေဦးမှာလား။**

**ဟာဗေးဘတ်သီယာ**

နေအဖွဲ့အစည်းထဲမှာ နယ်မြေသစ်ရှာဖွေပြီး လူတွေ ရွှေ့ပြောင်းနိုင်ဖို့ အခွင့်အရေးကောင်းတစ်ရပ် ကျွန်တော်တို့မှာ ရှိသေးတယ်ထင်ပါတယ်။ ဒါပေမဲ့ နေအဖွဲ့အစည်းထဲမှာက လူသားမျိုးနွယ်အတွက် ကမ္ဘာမြေလောက် သင့်တော်တဲ့ နေရာမရှိပါဘူး။ ဒါ့ကြောင့် ကမ္ဘာမြေဟာ လူတွေနေထိုင်ဖို့အတွက် မသင့်တော်တော့ဘူးဆိုရင် ကျွန်တော်တို့ ရှင်သန်နိုင်မလားဆိုတာ မသေချာတော့ဘူးပေါ့။ ဒါ့ကြောင့် ကြယ်တွေဆီ ကျွန်တော်တို့ လူသားတွေ ရောက်ဖို့လိုပါတယ်။ အချိန်တော့အများကြီးယူရမယ်။ အဲဒီအချိန်ထိ ကျွန်တော်တို့ လူသားတွေ ရှင်သန်နိုင်ပါစေလို့ မျှော်လင့်ရပါတယ်။

**အဲလ်ဘတ်အိုင်းစတိုင်းနဲ့ စကားပြောခွင့်ရမယ်ဆိုရင် ဘာတွေပြောချင်ပါသလဲ။**

**ကျူးဟွမ်၊ စတမ်းဖို့ဒ် (ကွန်နက်တီကယ်)**

တွင်းနက်ကြီးတွေ (black holes) ကိုဘာ့ကြောင့် မယုံကြည်ခဲ့တာလဲလို့ ကျွန်တော်သူ့ကိုမေးမိမှာပါ။ သူ့ရဲ့ ရူပဗေဒသီအိုရီဖြစ်တဲ့ Relativity Theory က ညီမျှခြင်းတွေမှာ ကြယ်အကြီးစား တစ်လုံး သို့မဟုတ် ဓာတ်ငွေ့တိမ်တိုက်တစ်ခုဟာ သူ့ဘာသာသူ ပြိုလဲနိုင်တယ်လို့တော့ ညွှန်းထားတယ်။ အိုင်းစတိုင်းဟာ ဒီအချက်ကို သတိပြုမိပေမယ့် ပေါက်ကွဲမှုလို တစ်စုံတစ်ခုဟာ အမြဲဖြစ်ပျက်နေပြီး ဒြပ်ထုတွေကို ပြန့်ကျဲစေပြီး၊ တွင်းနက်ကြီးတွေ ဖြစ်ပေါ်မှုကို တားဆီးထားတယ်လို့ တစ်နည်းနည်းနဲ့ သူ့ဘာသာ နှစ်သိမ့်ဖြေတွေးခဲ့ပါတယ်။ သူ့အဆိုအရ ပေါက်ကွဲမှုတစ်ခုမှ မရှိရင် ဘာဖြစ်မှာတဲ့လဲ။

**ဘဝမှာ ဘယ်လိုသိပ္ပံဆိုင်ရာရှာဖွေတွေ့ရှိမှုမျိုး၊ တီထွင်မှုမျိုးကို မြင်ချင်ပါသလဲ။**

**လုကာဇန်နီ (မက်ဆာချူးဆက်)**

နျူကလီးယားဖြူရှင် Nuclear Fusion ဆိုတာ တကယ့်လက်တွေ့ကျတဲ့ စွမ်းအင်ရင်းမြစ်တစ်ခု ဖြစ်လာစေချင်ပါတယ်။ အဲဒါက စွမ်းအင်လိုအပ်မှုကို အဆက်မပြတ် ဖြည့်ဆည်းပေးနိုင်မှာ ဖြစ်သလို ပတ်ဝန်းကျင်ညစ်ညမ်းမှု သို့မဟုတ် ကမ္ဘာလုံးဆိုင်ရာ ပူနွေးမှုတွေကိုလည်း မဖြစ်စေပါဘူး။

**ကွယ်လွန်ပြီးသွားရင် လူတွေရဲ့ သိစိတ်မှာ ဘာတွေဖြစ်လာမယ်လို့လူကြီးမင်း ယုံကြည်ပါသလဲ။**

**အဲလိယတ်ဂစ်ဘာဆင်၊ (ဆီယက်တဲလ်)**

ဦးနှောက်ဆိုတာက ကွန်ပျူတာလိုပဲလို့ ကျွန်တော်ထင်ပါတယ်။ သိစိတ်ဆိုတာကတော့ ကွန်ပျူတာပရိုဂရမ်နဲ့ တူတယ်။ ကွန်ပျူတာ ပိတ်သွားရင်တော့ ပရိုဂရမ်နဲ့ တူတဲ့ စိတ်ကလည်း လည်ပတ်နေတာ ရပ်သွားမယ်။ သီအိုရီအရတော့ အာရုံကြောကွန်ရက်ပေါ်မှာ စိတ်ကိုပြန်ဖန်တီးနိုင်မှာပဲ။ ဒါပေမဲ့ သိပ်ခက်လိမ့်မယ်။ ကွန်ပျူတာလိုပဲ အကုန်လုံးရဲ့ မှတ်ဉာဏ်တွေ ပြန်ရဖို့လိုပါမယ်။



**ခင်ဗျားဟာ နာမည်ကျော် ရူပဗေဒပညာရှင်တစ်ဦးအဖြစ် ကျော်ကြားခဲ့တယ်။ လူတွေသိရင် အံ့သြသွားစေလောက်တဲ့ သိပ္ပံအပြင် အခြားဝါသနာတွေရော ရှိပါသလား။**

**ကာရိုးလ်ဂီလ်မော (မွန်တီကာဂို)**

ကျွန်တော်က ဂီတပုံသဏ္ဍာန်အားလုံးကို သဘောကျတယ်။ ပေါ့ပ်၊ ဂန္ထဝင်နဲ့ အော်ပရာအားလုံးပေါ့။ ကျွန်တော့်သား တင်မ်နဲ့အတူ ဖော်မြူလာဝမ်း ကားမောင်းပြိုင်ပွဲကို အားပေးရတာလည်း စိတ်ဝင်စားပါတယ်။

**ရုပ်ပိုင်းဆိုင်ရာ အနေအထား အကန့်အသတ်တွေက ပညာရပ်လေ့လာမှုကို အကူအညီဖြစ်စေခဲ့သလား။ ဒါမှမဟုတ် နှောင့်နှေးစေခဲ့ပါသလား။**

**မာရီအန်းဗစ်ကူလာ (ဖင်လန်)**

ကျွန်တော့်မှာ အာရုံကြောတွေမလှုပ်ရှားနိုင်တဲ့ ရောဂါရနေပေမယ့်လည်း အရာရာတိုင်းနီးပါးမှာကျွန်တော် သိပ်ကံကောင်းခဲ့ပါတယ်။ သီအိုရီဆိုင်ရာ ရူပဗေဒ theoretical physics နယ်ပယ်မှာလုပ်ခွင့်ရတာ ကံကောင်းပါတယ်။ ဒီနယ်ပယ်ကလည်း ကိုယ်လက်အင်္ဂါ မသန်စွမ်းမှုကြောင့် ပြဿနာမရှိသလို ကျွန်တော့်ရဲ့ လူကြိုက်များတဲ့ သိပ္ပံစာအုပ်တွေ ရေးခွင့်ရခဲ့ပြီး ဝင်ငွေကောင်းစေခဲ့တယ်လေ။

**သက်ရှိဘဝရဲ့ လျှို့ဝှက်ဆန်းကြယ်တဲ့ အရာအားလုံးကို ဖြေရှင်းနိုင်မယ့် အဖြေတွေအားလုံးဆရာ့မှာ ရှိမှာပဲလို့ လူတွေကမျှော်လင့်တတ်ကြတော့ ဒါကိုတာဝန်ကြီးတစ်ရပ်လို ခံစားမိပါသလား။**

**ဆူဆန်လတ်စလီ၊ (ဘော်စတွန်)**

သက်ရှိဘဝရဲ့ ပြဿနာအားလုံးကို ဖြေနိုင်တဲ့ အဖြေတွေအားလုံးတော့ ကျွန်တော့်မှာ အသေအချာမရှိပါဘူး။ ရူပဗေဒနဲ့ သင်္ချာပညာရပ်တွေကတော့ ဒီစကြဝဠာ ဘယ်လိုစတင်တယ်ဆိုတာ ကျွန်တော်တို့ကို ပြောပြနိုင်ပြီး ဒီပညာရပ်တွေကို လူသားရဲ့ အပြုအမူတွေကို မှန်းဆဟောကိန်းထုတ်ရာမှာ မသုံးကြပါဘူး။ အကြောင်းက ဒီပညာရပ်တွေမှာလည်း ဖြေရှင်းစရာ ညီမျှခြင်းတွေအများကြီးရှိနေလို့ပါ။ လူတွေကို အထူးသဖြင့် အမျိုးသမီးတွေကို ဘယ်အချက်က ရွေးချယ်ဆုံးဖြတ်စေတယ်ဆိုတာ နားလည်ရာမှာ ကျွန်တော်ကလည်း အခြားသူတွေထက် ပိုကောင်းကောင်းမသိပါဘူး။

**လူသားမျိုးနွယ်က ရူပဗေဒပညာရပ်နဲ့ပတ်သက်လို့ သိစရာအားလုံးကို သိနားလည်သွားမယ့် အချိန်တစ်ခုကိုကြုံရမယ်လို့ လူကြီးမင်းထင်မိပါသလား။**

**ကာစတန်ကာ့ဇ် (ဂျာမနီ)**

ကျွန်တော်မမျှော်လင့်ပါဘူး။ ဖြစ်ခဲ့ရင်လည်း ကျွန်တော်အလုပ်မလုပ်ရတော့ဘူးပေါ့။

*—Ref: 'Ten Questions of Stephen Hawking'*

7DAY NEWS JOURNAL

# Entertainment

Vol.9, No.36 • DECEMBER 2, 2010



## အမေရိကန် ဂီတဆုပေးပွဲတွင် ဂျပ်စတင်ဘီဘာက လူကြီးအဆိုတော်များကို ကျော်ဖြတ်

**လော့စ်အိန်ဂျလိစ်၊ နိုဝင်ဘာ - ၂၂**

ကနေဒါနိုင်ငံဖွား လူငယ်ပေါ့ပ် အဆိုတော် ဂျပ်စတင်ဘီဘာသည် ကျင်းပခဲ့သော ၃၈ ကြိမ်မြောက် အမေရိကန်ဂီတဆုပေးပွဲတွင် တစ်နှစ်တာအကောင်းဆုံး အမျိုးသားအနုပညာရှင်ဆုကို ရရှိခဲ့သည်။ လော့စ်အိန်ဂျလိစ်မြို့၌ ကျင်းပခဲ့သောထိုဆုပေးပွဲတွင် ပေါ့ပ်အဆိုတော်လေဒီဂါဂါမှာလည်း အကောင်းဆုံး အမျိုးသမီးပေါ့ပ်၊ ရော့ခ်အနုပညာရှင်ဆု ရရှိခဲ့သည်။ ဂျပ်စတင်ဘီဘာ၊ (၁၆ နှစ်)သည် ယခုနှစ်အတွင်း အထူးအောင်မြင်လာခဲ့ပြီး စုစုပေါင်း ဆုငါးဆုရရှိခဲ့ပြီဖြစ်သည်။ ၎င်းသည်တစ်နှစ်တာ အနုပညာရှင်ဆုအပြင် ထိပ်တန်းအမျိုးသားပေါ့ပ်၊ ရော့ခ်အမျိုးသားအနုပညာရှင်ဆု ထိပ်တန်းပေါ့ပ်၊ ရော့ခ်အယ်လ်ဘမ်ဆုနှင့် တစ်နှစ်တာအတွင်း အအောင်မြင်ဆုံး အနုပညာရှင်ဆုများလည်း ရခဲ့သည်။

ယခုနှစ်အတွက် နာမည်ကြီး ဟစ်ဟော့ပ်အဆိုတော် အီမင်နမ်မှာလည်း ထိပ်တန်း ရပ်ပ်၊ ဟစ်ဟော့ပ် အမျိုးသားအနုပညာရှင်ဆုနှင့် နောက်ဆုံးထုတ် Recovery အယ်လ်ဘမ်အတွက် ထိပ်တန်းဟစ်ဟော့ပ်အယ်လ်ဘမ်ဆုနှစ်ဆုရခဲ့သည်။ ယမန်နှစ်က ဆုငါးဆုဆွတ်ခူးခဲ့သည့် ကျေးလက်ဂီတအဆိုတော် တေလာဆွစ်ဖ်မှာမူ ယခုနှစ်အတွက် ထိပ်တန်းကျေးလက်ဂီတအမျိုးသမီးအနုပညာရှင်ဆု ရခဲ့ကာ ထိပ်တန်းအမျိုးသား ကျေးလက်ဂီတပညာရှင်အဖြစ် ဘရတ်ပိုင်ဆလေက ရရှိခဲ့သည်။ —Ref: AFP



Celebrity Profile

## နှုတ်ခမ်းနီမလေးတွေအသည်းစွဲ

# Jonas Brother

**ငယ်ငယ်ချောချောညီအစ်ကိုအရင်းအချာသုံးယောက်နဲ့ဖွဲ့စည်းထားတဲ့ Jonas Brothers အဖွဲ့ကို ပရိသတ်တွေသတိထားမိပြီးဖြစ်ပါလိမ့်မယ်။ ဟောလိဝုဒ်က ဆယ်ကျော်သက်ဂီတပညာရှင်တွေကြားမှာရေပန်းစားလူကြိုက်များတဲ့ဂျိုးဂျိုးနက်ခ်၊နစ်ဂျိုးနက်နဲ့ကယ်လ်ဗင်ဂျိုးနက်ခ်တို့နဲ့ဖွဲ့စည်းလူငယ်ဂီတအဖွဲ့တစ်ခုပါကမ္ဘာကျော်ဒစ်စနေးရုပ်သံရဲ့သရုပ်ဆောင်တွေလည်း ဖြစ်နေပါသေးတယ်။**

သူတို့အဖွဲ့ရဲ့ဘယ်သူမှမသိသေးတဲ့လျှို့ဝှက်ချက်ကတော့ သူတို့ညီအစ်ကိုတွေမှာလက်စွပ်ဆင်တူဝတ်ဆင်ထားကြပြီး အဲဒီလက်စွပ်ကသာမန်လက်စွပ်မဟုတ်ဘဲ ကတိကဝတ်ပြုထားကြတဲ့လက်စွပ်တွေပဲဖြစ်ပါတယ်။ တစ်ဦးတစ်ယောက်မင်္ဂလာမဆောင်ခင်အချိန်အထိညီအစ်ကိုတစ်တွေအတူတကွ နေထိုင်သွားကြမယ်ဆိုတဲ့ကတိကဝတ်ပဲဖြစ်ပါတယ်။

ဆက်လက်ဖတ်ရှုရန် →

## ၂၀၀၉ ခုနှစ်အတွက် အကယ်ဒမီစာရင်းဝင် ဇာတ်ကား၁၆ကားတွင် ဒရာမာကားငါးကား ပါဝင်

**အေးသူစံ**

**ရန်ကုန်၊ နိုဝင်ဘာ - ၂၃**




၂၀၀၉ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု အကဲဖြတ်အဖွဲ့မှ ဇာတ်ကားများကို စတင်အကဲဖြတ်ကြည့်ရှုနေပြီဖြစ်ပြီး ယခုနှစ်အတွက် အကယ်ဒမီစာရင်းဝင် ဇာတ်ကား ၁၆ ကားအနက် ၅ ကားသည် ဒရာမာဇာတ်ကားများဖြစ်ကြောင်း သိရသည်။

ဒါရိုက်တာ မီးပွားရိုက်ကူးပြီး နေတိုး၊ နန္ဒာလှိုင်၊ ဟဲဗီးဖြိုးတို့ အဓိကပါဝင်သရုပ်ဆောင်ထားသော 'ဖော်ကကနေသည်'၊ ဒါရိုက်တာ စင်ရော်မောင်မောင် ရိုက်ကူးပြီး အောင်သူရ၊ အိန္ဒြာကျော်ဇင်၊ ခိုင်နှင်းဝေ၊ ဇင်မျိုးတို့ အဓိက သရုပ်ဆောင်ထားသော 'အတိတ်ရဲ့အရိပ်'၊ ဒါရိုက်တာ စင်ရော်မောင်မောင် ရိုက်ကူးပြီး နေတိုး၊ အိန္ဒြာကျော်ဇင်၊ ကျော်ကျော်ဗို၊ မိုးယုစံတို့ သရုပ်ဆောင်ထားသော 'ကြိုးကြာ တောင်ပံခတ်သံ'ဇာတ်ကားနှင့် ဒါရိုက်တာဝိုင်းရိုက်ကူးပြီး မြင့်မြတ်၊ မေသန်းနု၊ စိုးမြတ်သူဇာ၊ ထွန်းအိန္ဒြာဗိုတို့ သရုပ်ဆောင်ထားသော 'ကျောက်စက်ရေ' ဇာတ်ကား၊ ဒါရိုက်တာ ကြည်ဖြူသျှင် ရိုက်ကူးပြီး နေတိုး၊ မိုးဟေကို၊ သင်ဇာဝင့်ကျော်နှင့် စိုးပြည့်သဇင်တို့ သရုပ်ဆောင်ထားသော 'မိုးညအိပ်မက်မြူ' ဇာတ်ကားတို့ ဖြစ်သည်။ ယင်းဇာတ်ကားငါးကားအနက် 'ကြိုးကြာတောင်ပံခတ်သံ' နှင့်'ကျောက်စက်ရေ' ဇာတ်ကားတို့မှာ ရုံတင်ပြသခြင်းမရှိသေးပေ။ ဒရာမာဇာတ်ကားငါးကားတွင် နေတိုးက သုံးကားတွင် ပါဝင်သရုပ် ဆောင်ထားပြီး ကျန်ဟာသကား ၁၁ကားတွင်လည်း နေတိုး၏ ဇာတ်ကားသုံးကား ပါဝင်ပြီး 'မာမီ ရှိန်း'မှာ မိန်းမတစ်ဦးပုံစံဖြင့် သရုပ်ဆောင်ချက်များကလည်း ပီပြင်ခဲ့သောကြောင့် ၂၀၀၉ ခုနှစ်သည် နေတိုး၏ ရင်ခုန်ရမည့်နှစ်ဟု ခန့်မှန်းနေကြကြောင်းလည်းသိရသည်။

၂၀၀၉ ခုနှစ် အကယ်ဒမီစာရင်းဝင် ဇာတ်ကားများမှာ ဟော့ရှော့ ၂၊ ယောက္ခမနှင့်တစ်ထောင့်တစ်ည၊ အချစ်ဟုအမိပ္ပာယ်သက်ရောက်ခြင်းမရှိစေရ၊ ချစ်လို့စတာ၊ ဖော်ကကနေသည်၊ သူငယ်ချင်းယောက္ခမ၊ မာမီရှိန်း၊ ပင်လယ်ကိုဖြတ်၍၊ ရှော့ရှိတဲ့အချစ်များ၊ အတိတ်ရဲ့အရိပ်၊ မိုးညအိပ်မက်မြူ၊ ကြိုးကြာတောင်ပံခတ်သံ၊ ကျောက်စက်ရေ၊ အတည်ပေါက်နောက်တဲ့လူနှင့် ဝါဆိုဖယောင်းတိုင်တို့ဖြစ်ကြသည်။

## မော်ဒယ်မြတ်သူအောင်ခေါင်းဆောင်ပါဝင်သော ရသစုံဇာတ်ကားများ ကြည့်ရမည်

**အေးသူစံ**

**ရန်ကုန်၊ နိုဝင်ဘာ - ၁၅**

ဂျေဒိုးနပ်စ်၊ ဘိုင်အိုဂျက်ဆစ်ကြော်ငြာများဖြင့် ပရိသတ်သတိထားမှုရရှိထားသူ မော်ဒယ်မြတ်သူအောင် ခေါင်းဆောင်ပါဝင်ထားသော ဗီဒီယိုဇာတ်ကားများ မကြာမီထွက်ရှိလာတော့မည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

မြတ်သူအောင်သည် သုခမိန်ရုပ်ရှင်ဗီဒီယိုထုတ်လုပ်ရေးနှင့်ဇာတ်ကား ၃၀စာချုပ်ချုပ်ထားပြီး ယခုအခါ ဒါရိုက်တာဟိန်းစိုးနှင့် ရိုက်ကူးထားသောဗီဒီယိုဇာတ်ကားသုံးကားရှိပြီဟုဆိုသည်။ ၎င်းနှင့်ချစ်သုဝေတို့ သရုပ်ဆောင်ထားသော 'လွမ်းလောက်ပါရဲ့' ဇာတ်ကား၊ ခိုင်သင်းကြည်နှင့် မိုးယုစံတို့ ပါဝင် သရုပ်ဆောင်ထားသော 'မြေကြီးမရှိပေမယ့် ဥယျာဉ်ရှိတယ်' ဇာတ်ကားနှင့် မိုးယုစံနှင့် နိုဘယ်ကျော်ကျော်တို့ သရုပ်ဆောင်ထားသော 'ချစ်သူသံစဉ်' ဇာတ်ကားသုံးကားကို ယင်းနေ့က မိတ်ဆက်ပြသခဲ့သည်။ အခြားသော ဒါရိုက်တာများနှင့်လည်း ဇာတ်ကားများရိုက်ကူးသွားရန်ရှိပြီး ရိုက်ကူးပြီးသောဇာတ်ကားများတွင် ပါဝင်သည့်ဇာတ်ဝင်တေးသီချင်းများကိုလည်း ၎င်းကိုယ်တိုင် သီဆိုထားသည်။



၎င်းသည် ဂီတမိတ်သင်တန်းကျောင်းတွင် ဂီတပညာများကို သင်ကြားခဲ့သူဖြစ်ပြီး တစ်ကိုယ်တော်တေးစီးရီကို အိုင်းရင်းခရော့ခ်တီးဝိုင်းနှင့် တီးခတ်အသံသွင်းနေကြောင်း သိရသည်။

7DAY NEWS JOURNAL
Vol.9, No.36 • DECEMBER 2, 2010

# ရှင် ၁၀၈ ပါးကို ရှင်ပြုကုသိုလ်ယူခဲ့သည့် နဝရတ်

အေးသူစံ

**ရန်ကုန်၊ နိုဝင်ဘာ ၁၅**

ရုပ်ရှင်သရုပ်ဆောင်နဝရတ်သည် အလှူဒါနများကို နှစ်စဉ်နှစ်တိုင်း ပြုလုပ်လေ့ရှိရာ ယခုနှစ်တွင်လည်း ပဲခူးမြို့၊ တံခွန်တိုင်ကျေးရွာတွင် ရှင် ၁၀၈ပါးကို ရဟန်းဒါယိကာမအဖြစ် တစ်ဦးတည်းတာဝန်ယူကာ သာသနာ့ဘောင်အတွင်း သွတ်သွင်းသည့်အလှူဒါနကို ပြုခဲ့ကြောင်း 7 Day News သို့ သတင်းပေးပြောကြားသည်။

"ဒီအလှူလေးလုပ်ဖြစ်တာက အစ်မကိုးကွယ်တဲ့သဲအင်းဂူဆရာတော်အရှင်စန္ဒိမာရဲ့မွေးရပ်မြေဖြစ်နေတာရယ်၊ နောက်ပြီး ဆရာ တော်က မနှစ်ကတည်းက ဒီရွာလေးမှာ ကထိန်နဲ့ အလှူလုပ်ဖို့ပြောနေတာ။ အစ်မက ခရီးလွန်နေလို့ မလုပ်ဖြစ်လိုက်ရဘူး။ မနှစ်ကဆို အစ်မလာမယ်ပြော ထားလို့ ရွာကလူတွေက အဝတ်အစားတွေချုပ်ပြီး စောင့်နေကြတယ်။ နဝရတ်လာမှ အလှူငွေထည့်မယ်ဆိုပြီး ဖြစ်နေတာ။ ဒါကြောင့် ဒီနှစ်မှာရွာမှာရှိတဲ့ကလေးတွေကို ရှင်ပြုမယ်။ ကထိန်ပဒေသာပင်အတွက်ကျတော့ ဆရာတော်ရဲ့ဒါယကာတွေလည်းရှိတော့ စုလုပ်လိုက်တာပေါ့။ ရှင်ပြုတာနဲ့ကထိန်နဲ့ဆို အားလုံးပေါင်း ကျပ်သိန်းတစ်ရာကျော် လှူဒါန်းခဲ့ပါတယ်" ဟု သရုပ်ဆောင်နဝရတ်က နိုဝင်ဘာလ ၁၄ ရက်နေ့က ပဲခူးမြို့၊ တံခွန်တိုင်ကျေးရွာတွင် ရှင် အပါး ၁၀၀အားသာသနာ့ဘောင်အတွင်း သွတ်သွင်းခဲ့သည့် လှူဒါန်းမှုနှင့် ပတ်သက်ပြီး ပြောကြားသည်။ နဝရတ်၏ တံခွန်တိုင်ကျေးရွာ အလှူခရီးစဉ်တွင် သူမနှင့်အတူ အနုပညာညီအစ်ကို မောင်နှမအချို့လည်း လိုက်ပါခဲ့ကြောင်းနှင့် စတုဒိသာအလှူအဖြစ် ဒံပေါက်နှင့် ကြာဆံချက်ကို ရွာလုံးကျွတ်အပြင် တံခွန်တိုင်ရွာနှင့် အနီးတစ်ဝိုက် ကျေးရွာများအတွက်ပါ လှူဒါန်းကျွေးမွေးခဲ့ကြောင်း သိရသည်။ နဝရတ်သည် နိုဝင်ဘာလ ၂၁ ရက်နေ့(တန်ဆောင်မုန်းလပြည့်နေ့)တွင် သုဝဏ္ဏအားကစားရုံတွင် ကျင်းပသည့် ဒါရိုက်တာမောင်မျိုးမင်း စီစဉ်သော 'တစ်ပြည်လုံးတွင်သာယာမည်' ပြဇာတ်တွင် ပါဝင်ကပြခဲ့ကြောင်း သိရသည်။






# မိုးညအိပ်မက်မြူ ရုပ်ရှင်ဇာတ်ကားနှင့်ပတ်သက် ဘာမှမပြောချင်တော့ဟု ဒါရိုက်တာကြည်ဖြူသျှင်ပြော

အေးသူစံ

**ရန်ကုန်၊ နိုဝင်ဘာ - ၂၃**

အောက်တိုဘာလဆန်းပိုင်းက ရုံတင်ပြသခဲ့သော 'မိုးညအိပ်မက်မြူ' ရုပ်ရှင်ဇာတ်ကားနှင့်ပတ်သက်ပြီး စာမျက်နှာများထက်တွင်ဝေဖန်ရေးဆောင်းပါးအချို့ ရေးသားခဲ့ခြင်းအပေါ် အဆိုပါဇာတ်ကားရိုက်ကူးခဲ့သူ ဒါရိုက်တာကြည်ဖြူသျှင်က မည်သို့မျှပြောကြားလိုခြင်းမရှိဟု 7Day News ၏ မေးမြန်းမှုကို ပြန်လည်ဖြေကြားခဲ့သည်။


ဓာတ်ပုံ-အေးသူ

ယင်းဇာတ်ကားအပေါ် ဝေဖန်ရေးဆောင်းပါးများနှင့်ပတ်သက်ပြီး မည်သို့တုံ့ပြန်ပြောကြားလိုပါသလဲဟု ဆိုခြင်းကို ၎င်းက" ဘာမှကိုမပြောချင်တော့ပါဘူး။ အကယ်ဒမီပွဲလည်းနီးလာတော့ ကိုယ်ကပြောလိုက်၊ သူက ပြောလိုက်နဲ့ လူကြီးတွေမှာစိတ်ရှုပ်ရပါတယ်။ ခုတလောမှာတော့ ဒီသတင်းက ဂျာနယ်အချို့မှာပါနေတော့ အရမ်းကြီးပွသွားမှာလည်းစိုးတယ်" ဟု ပြောကြားခဲ့ခြင်းဖြစ်သည်။

မိုးညအိပ်မက်မြူရုပ်ရှင်ဇာတ်ကားကြီးသည် ယခင်ရိုက်ကူးခဲ့သော ဇာတ်ကားများနှင့်နှိုင်းယှဉ်ကာဝေဖန်ပြောကြားမှုခံနေရခြင်းဖြစ်သည်။ သရုပ်ဆောင်များ၏ သရုပ်ဆောင်မှုနှင့် ဝတ်စားဆင်ယင်မှု၊ ဇာတ်ကောင်ဝင်စားမှုတို့အပေါ်တွင်လည်း ယခင်ဇာတ်ကားများကိုကြည့်ရှုဖူးသူအချို့ကမချင့်မရဲဖြစ်ကြသကဲ့သို့ ဝတ္ထုကို နှစ်သက်စွဲလမ်းသူအချို့ကလည်း ယခုပြန်လည်ရိုက်ကူးသောဇာတ်ကားကို ကြိုက်နှစ်သက်ခြင်းမရှိကြောင်း မိုးညအိပ်မက်မြူဇာတ်ကားနှင့်ပတ်သက်ပြီး ဝေဖန်ရေးဆောင်းပါးအချို့တွင် ရေးသားဖော်ပြထားကြသည်။

ယင်းဝေဖန်ရေးဆောင်းပါးတစ်ခုအပေါ် ဒါရိုက်တာကြည်ဖြူသျှင်မှ ပြန်လည်တုံ့ပြန်ရန် စီစဉ်ခဲ့သော်လည်း ယခုအခါ ယင်းသို့ပြုလုပ်ရန်အစီအစဉ်မရှိတော့ကြောင်းသိရသည်။ ယင်းဇာတ်ကား၏ အဓိကသရုပ်ဆောင် စိတ်ဝေဒနာရှင်၊ လူတစ်ကိုယ် စိတ်သုံးမျိုးဖြင့်သရုပ်ဆောင်ထားသူနေတိုးကလည်း ယင်းဝေဖန်ရေးဆောင်းပါးနှင့်ပတ်သက်ပြီး အင်တာဗျူးအချို့တွင် ပြန်လည်တုံ့ပြန်ပြောကြားခဲ့ခြင်းများရှိခဲ့သည်။ နေတိုးသည် ယင်းမိုးညအိပ်မက်မြူဇာတ်ကားအပြင် ဒါရိုက်တာမီးပွားရိုက်ကူးသည့် 'ဇော်ကကနေသည်' ဇာတ်ကားများဖြင့် ၂၀၀၉ ခုနှစ်အတွက် အကောင်းဆုံး အမျိုးသား ဇာတ်ဆောင်ဆုရရှိနိုင်သည်ဟု ထင်ကြေးပေးခံနေရသူတစ်ဦးလည်း ဖြစ်သည်။



7 DAY NEWS JOURNAL
Vol.9, No.36 • DECEMBER 2, 2010

# စာ-၄၃၊နှုတ်ခမ်းနီမလေးတွေအသည်းစွဲ Jonas Brother မှ

ဂျိုးနက်ခ်ဘရားသားအဖွဲ့မှာ ဖိုးစွံလို့ပြောရမယ့်သူက ညီအလတ်ဂျိုးဂျိုးနက်ပါ။ တေလာဆွဲ၏ Camp Rock မင်းသမီးဒီမီလိုဗတိုတို့နဲ့တွဲခုတ်ခဲ့ပြီး အခုလက်ရှိတွိုင်လိုက်ဇာတ်ကားမှာသရုပ်ဆောင်ခဲ့တဲ့ အက်ရှလေဂရင်းနီနဲ့တွဲခုတ်နေပြန်တယ်လို့ဟောလီဝုဒ်သတင်းတွေက ဖော်ပြပြန်ပါတယ်။ အရင်ကတော့ဂျိုးနက်ဘရားသားအဖွဲ့မှာပေါ်ပြူလာအဖြစ်ဆုံးက ဂျိုးဂျိုးနက်လို့ပြောလို့ရပေမယ့် အခုတော့မဟုတ်တော့ပါဘူး။ ဖြူစင်ရိုးသားတဲ့မျက်နှာကိုပိုင်ဆိုင်ထားပြီး ရည်းစားမရှိသေးတဲ့ နစ်ဂျိုးနက်ကိုကောင်မလေးတွေကပို သဘောကျနေကြပါသတဲ့။

ဂျိုးနက်ခ်ဘရားသားရဲ့ဂီတခြေလှမ်းအစကတော့ ညီအစ်ကိုသုံးယောက်ထဲကအငယ်ဆုံးလေးနစ်ဂျိုးနက်ကနေစတယ်လို့ ပြောရမှာပါ။ နစ်ဟာသူ့အသက်၇နှစ်အရွယ်ကစလို့ နယူးယောခ်ရဲ့ဘရော့ဝေးပြဇာတ်တွေမှာပါဝင်ကပြရင်းသူက ပြတဲ့ ခရစ္စမတ်ပြဇာတ်တစ်ခုအတွက် သီချင်းတစ်ပုဒ်ကိုကိုယ်တိုင်ရေးစပ်ဖျော်ဖြေခဲ့ပါတယ်။ အဲဒီသီချင်းကို တေးထုတ်လုပ်ရေးတော်တော်များများက သတိထားမိခဲ့ကြပြီး ရေဒီယိုအစီအစဉ်တွေမှာရေပန်းစားတဲ့ သီချင်းတစ်ပုဒ်ဖြစ်လာခဲ့ပါတယ်။

အစ်ကိုလတ်ဖြစ်တဲ့ဂျိုးဟာနစ်ရဲ့ခြေရာကိုနင်းရင်းဘရော့ဝေးပြဇာတ်တွေမှာသီချင်းဝင်ဆိုခဲ့ပါတယ်။ ၂၀၀၃ခုနှစ်မှာတော့သူတို့ညီအစ်ကိုတစ်တွေသီချင်းတွေကိုစတင်ရေးသားဖန်တီးနေကြပါပြီ။

၂၀၀၄ခုနှစ်မှာတော့နစ်ဂျိုးနက်ခ်ရဲ့သီချင်းတွေကိုတေးထုတ်လုပ်ရေးတွေကစီးရီးအဖြစ်ထုတ်ဝေဖို့ကမ်းလှမ်းခံခဲ့ရတာကြောင်းနစ်ရဲ့ ပထမဆုံးတေးစီးရီးအယ်လ်ဘမ်Dear Godကိုထုတ်လုပ်ခဲ့ပေမယ့် အောင်မြင်မှုမရခဲ့ပါဘူး။

ဒါကြောင့်ပဲ သူတို့ညီအစ်ကိုသုံးယောက်ထဲမှာနစ်ကဂီတလောကကိုအစောဆုံးဝင်ရောက်ခဲ့သူလို့ဆိုရမှာပါ။ ကိုလံဘီယာတေးထုတ်လုပ်ရေးကနစ်ရဲ့ကိုယ်ပိုင်ရေးသီချင်း Please Be Mine ကိုနားထောင်အပြီးမှာတော့ သူတို့ညီအကိုသုံးဦးကိုဂီတအဖွဲ့တစ်ဖွဲ့အဖြစ် ပွဲထုတ်ဖို့ ဆုံးဖြတ်လိုက်တာကသူတို့သုံးယောက်ရဲ့ကံကြမ္မာအပြောင်းအလဲဖြစ်ခဲ့ပါတယ်။

တစ်ချိန်တည်းမှာပဲသူဂျိုးနက်ခ်ညီအစ်ကိုတွေဟာသူတို့ရဲ့ရင်တွင်းခံစားချက်တွေကိုသီချင်းအဖြစ် ပြောင်းလဲဖန်တီးခဲ့ကြပါတယ်။ ကိုလံဘီယာတေးထုတ်လုပ်ရေးနဲ့ စာချုပ်ချုပ်ဆိုပြီးသူတို့ရဲ့အဖွဲ့ကို Sons of Jonas လို့မှည့်ခေါ်ခဲ့ကြပါတယ်။ အဲဒီနာမည်ကိုလို့ Jonas Brothers လို့မပြောင်းမချင်းသုံးခဲ့ကြပါတယ်။

၂၀၀၆ခုနှစ်ဖေဖော်ဝါရီလမှာတော့ သူတို့ရဲ့ပထမဆုံးတေးအယ်လ်ဘမ်Mandyကိုထုတ်ဝေခဲ့ပါတယ်။

အဲဒီတေးအယ်လ်ဘမ်ထဲက Year 3000 နဲ့What I Go to School forသီချင်းတွေကို ပရိသတ်လက်ခံအားပေးခဲ့ပါတယ်။ အဲဒီတေးစီးရီးရဲ့အောင်မြင်တဲ့အကျိုးဆက်အနေနဲ့Piratesof theCaribbean ဇာတ်လမ်းရဲ့ဇာတ်ဝင်သီချင်းကို သီဆိုခွင့်ရခဲ့ပါတယ်။ ၂၀၀၇ခုနှစ်မှာတော့ သူတို့တွေဟာ ခြေလှမ်းချဲ့ထွင်တဲ့အနေနဲ့ ရုပ်ရှင်ထုတ်လုပ်ရေးဘက်ကိုခြေဦးလှည့်ခဲ့ကြပါတယ်။ ဒစ်စနေးရုပ်သံရဲ့ ဇာတ်လမ်းတွဲဖြစ်တဲ့ ဟန်းနားမွန်တားနားမှာဧည့်သည်သရုပ်ဆောင်အနေနဲ့ဝင်ရောက် သရုပ်ဆောင်ခဲ့ပါတယ်။ ဆက်တိုက်ဆိုသလိုပဲ ဒစ်စနေးထုတ်လုပ်ရေးအတွက် CampRock လို့ခေါ်တဲ့ ဂီတအခြေခံရုပ်ရှင်ကားမှာ အဓိကဇာတ်ကောင်တွေအဖြစ် ပါဝင်ခဲ့ရာကနေ သရုပ်ဆောင်လောကမှာလည်း နာမည်ရလာပြန်ပါတယ်။

အဲဒီနှစ်မှာပဲဆယ်ကျော်သက်လူငယ်တွေရွေးချယ်ခဲ့ကြတဲ့ Teen Choice Awardကို မိုလေဆိုင်းရပ်စ်နဲ့အတူပူးတွဲရရှိခဲ့ပါတယ်။တစ်နှစ်ထဲမှာပဲ သူတို့ရဲ့ဒုတိယအယ်လ်ဘမ်Hold Onကိုထုတ်ဝေနိုင်ခဲ့ကြပါသေးတယ်။ ၂၀၀၈မှာတော့တတိယအယ်လ်ဘမ်A Little Bit Longerကိုထပ်မံထုတ်ဝေခဲ့ပါတယ်။ နှစ်စဉ်ဆက်တိုက်တေးစီးရီးတွေထုတ်ဝေခဲ့သလိုပဲသူတို့ကိုလည်းတဖြည်းဖြည်း လူသိများလာပြီးကျော်ကြားလာခဲ့ပါတယ်။ဒါကြောင့်လည်း ကမ္ဘာကျော်ရိုးလင်းစတုန်းမဂ္ဂဇင်းမျက်နှာဖုံးမှာ ပထမဆုံးဆယ်ကျော်သက်လူငယ်တေးဂီတအဖွဲ့အဖြစ်ဖော်ပြခံခဲ့ရပါတယ်။ သူတို့အကြောင်းကိုအပြည့်အစုံသိချင်တယ်ဆိုရင်တော့သူတို့ရဲ့ကိုယ်ပိုင်ဝက်ဘ်ဆိုက်www.jonasbro thers.comကိုသွားရောက်ကြည့်ရှုနိုင်ပါတယ်။



# တော်ဝင်မင်းသားဝီလျံ ၂၀၁၁ ဧပြီလတွင် မင်္ဂလာပွဲ ဆင်နွှဲမည်

**လန်ဒန်၊ နိုဝင်ဘာ - ၂၃**

ဗြိတိန်မင်းသား ဝီလျံနှင့်ချစ်သူ ကိတ်မစ်ဒယ်လ်တန်တို့သည် လာမည့်နှစ် ဧပြီလ ၂၉ ရက်တွင် ဝက်စ်မင်စတာအက်ဘေးဘုရားကျောင်း၌ လက်ထပ်ပွဲဆင်နွှဲသွားမည်ဖြစ်ကြောင်း ဗြိတိန်တော်ဝင်မိသားစု အာဏာပိုင်များက တရားဝင်အတည်ပြုလိုက်သည်။ အဆိုပါ အက်ဘေးဘုရားကျောင်းသည် မင်းသားဝီလျံ၏မိခင် ဒိုင်ယာနာကို ၁၉၉၇ ခုနှစ်က သင်္ဂြိုဟ်ရာတွင် ဈာပန အခမ်းအနား ပြုလုပ်ခဲ့သော သမိုင်းဝင်နေရာလည်း ဖြစ်သည်။

မင်းသားဝီလျံတို့ စုံတွဲသည် ၎င်း၏ မင်္ဂလာပွဲကို ဖခင်ချားလ်စ်မင်းသားနှင့် မိခင် ဒိုင်ယာနာတို့ ၁၉၈၁ခုနှစ-်က လက်ထပ် ခဲ့သည-့်ပွဲတော်ထက် ပိုကြီးကျယ် ပြီး အခမ်းနားဆုံး တော်ဝင်ပွဲတော်တစ်ခုဖြစ်လာစေချင်နေကြောင်း ၎င်းတို့၏ လက်ထောက်များကပြောသည်။ မင်းသားဝီလျံ လက်ထပ်ပွဲ ပြုလုပ်မည့် အက်ဘေးဘုရားကျောင်းသည် ၁၀၆၆ ခုနှစ်က ပထမဆုံးဗြိတိန်ဘုရင်ကြီးဝီလျံက နော်မန်လူမျိုးတို့ကို တိုက်ခိုက်အောင်မြင်ခဲ့ပြီး နန်းတက်ပွဲ ကျင်းပခဲ့ရာ နေရာလည်း ဖြစ်သည်။ ဗြိတိသျှဝန်ကြီးချုပ် ဒေးဗစ် ကင်မရွန်းကလည်း မင်းသားဝီလျံမင်္ဂလာဆောင်မည့် ဧပြီ ၂၉ ရက်သည် အီစတာပွဲတော်ရက်အပြီး ပထမဆုံးသောကြာနေ့ဖြစ်၍ အများပြည်သူအတွက် အထူးအားလပ်ရက်ပေးမည်ဟုဆိုထား



**အေးသူစံ**

■ဒါရိုက်တာဝိုင်း၏ ပထမဆုံးပွဲဦးထွက်လက်ရာဖြစ်သော ‘ကျောက်စက်ရေ’ ရုပ်ရှင်ဇာတ်ကားကြီးကို ရွှေဆောင်ရုပ်ရှင်ရုံတွင် နိုဝင်ဘာလဆန်းပိုင်းက အထူးပွဲပြသခဲ့ပြီး မြင့်မြတ်၊ မေသန်းနု၊ ထွန်းအိန္ဒြာဗို၊ စိုးမြတ်သူဇာ၊ မယ်လိုဒီ၊ စိုးပြည့်သဇင်နှင့် နန်းဆုရတီစိုးတို့ ပါဝင်သရုပ်ဆောင်ထားသည်။ ယင်းဇာတ်ကားသည် တစ်ခေတ်တစ်ခါက နာမည်ကျော် လူကြိုက်များခဲ့သော ‘သမီးနှင့်အမေများ’ ရုပ်ရှင်ဇာတ်ကားကြီးကို အသစ် တစ်ဖန်ပြန်လည်ဖန်တီးထားခြင်းဖြစ်ပြီး အမေအရွယ် အမျိုးသမီးသုံးဦးထဲမှ တကယ့်မိခင်အရင်းကို ပဟေဠိဆန်ဆန်ဖြင့် ခံစားဖော်ထုတ်ရမည့်လူငယ်တစ်ဦး၏ဘဝအဖြစ် ပြောင်းလဲဖန်တီးထားခြင်းဖြစ်သည်။

■ကိုယ်တိုင်ရေးသားသီဆိုထားသော ကိုယ်ပိုင်သံစဉ်တေးသီချင်းသစ်များဖြင့် တစ်ကိုယ်တော်စီးရီးအဖြစ်မိတ်ဆက်လာသည့် အဆိုတော် K သောဝ်၏ ‘ပြန်ဆုံခွင့်’ တေးစီးရီးကို Guardian & Negus တီးဝိုင်းနှင့် တီးခတ်ထားပြီး နန္ဒစိုင်းက Featuring သီဆိုပေးထားကာ ချိုကြည်သာတေးထုတ်လုပ်ရေးမှ ဖြန့်ချိမည်ဟုသိရသည်။

■သရုပ်ဆောင်အဆိုတော် စန္ဒီမြင့်လွင်၏ ယခုနှစ်မေလတွင် ထွက်ရှိထားသော ‘ဆေးရောင်လှလှခြယ်ရအောင်’ စီးရီး၏ ဗီစီဒီကို ဒီဇင်ဘာလ ၁ရက်တွင် ဖြန့်ချိတော့မည်ဖြစ်ကြောင်း နိုဝင်ဘာလ ၂၃ရက်က ပြုလုပ်သည့် စာနယ်ဇင်းရှင်းလင်းပွဲတွင် သူမက ပြောကြားသည်။

■Pynocare တင်းတိပ်အမည်းစက်ပျောက်ဆေး၏ ဆောင်းရာသီအမှတ်တရတွေ့ဆုံပွဲကို ယခုလ ၁၉ ရက်က ကုန်သည်ကြီးများဟိုတယ်တွင်ပြုလုပ်ခဲ့ပြီး Pynocare သောက်သုံးသူများဖြစ်ကြသည့် အဆိုတော် နွဲ့ယဉ်ဝင်း၊ သရုပ်ဆောင်ဇင်ဇင်ဇော်မြင့်၊ ဂန္ထဝင်နှင့် သီရိရှင်းသန့်တို့က ဆေးသောက်သုံးခြင်း၏ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့ကြသည်။

■အစိုင်း၊ The Gungle ၊ ဂျိလတ်နှင့် လင်းလင်း (Inferno) တို့ လေးဦး လေးရာသီ Accoustics သီချင်းအယ်လ်ဘမ်တွင် တေးရေးများအဖြစ် အစိုင်း၊ ဂျိလတ်၊ လင်းလင်း၊ လင်းလင်း (Inferno)၊ အောင်ကိုမြင့်၊ ကမာ၊ ကျော်စွာတို့ ပါဝင်ထားကြောင်း သိရသည်။

TOP 10 MOVIES IN AMERICA

**ယခုတစ်ပတ်အတွင်း အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ကားများ**

| စဉ် | ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
|---|---|---|---|---|
| ၁။ | Harry Potter and the Deathly Hallows-Part1 | Warner Bros: | ၁၂၅,၀၁၇,၃၂၇ | ၁ |
| ၂။ | Megamind | Paramount Pics: | ၁၀၉,၃၁၃,၄၂၉ | ၃ |
| ၃။ | Unstoppable | 20th Century Fox | ၄၁,၈၆၇,၇၆၉ | ၂ |
| ၄။ | Due Date | Warner Bros: | ၇၂,၄၃၁,၅၉၄ | ၃ |
| ၅။ | The Next Three Days | Lionsgate | ၆,၅၄၂,၇၇၉ | ၁ |
| ၆။ | Morning Glory | Paramount Pic: | ၁၉,၈၂၃,၁၃၆ | ၂ |
| ၇။ | Skyline | Universal Pic: | ၁၇,၇၇၂,၇၆၀ | ၂ |
| ၈။ | Red | Summit Enter: | ၈၃,၅၈၉,၉၆၅ | ၆ |
| ၉။ | For Colored Girls | Lionsgate | ၃၄,၄၃၉,၆၅၃ | |
| ၁၀။ | Fair Game | Summit Enter: | ၃,၇၂၄,၅၄၆ | ၃ |

## Movie Review

## Love & Other Drugs




မက်ဂီသည် ဆွဲဆောင်မှုရှိသောထက်ထက်မြက်မြက် အမျိုးသမီးဖြစ်သည်။ ကိုယ်ရေးကိုယ်တာစိန်ခေါ်မှုကြီး တစ်ခုကပင် သူမ၏စိတ်ဓာတ်ကိုမဖျက်ဆီးနိုင်ခဲ့ပေ။ သို့သော်လည်း ဂျယ်မီရင်းဒဲလ်နှင့်တွေ့သောအခါမေရီတစ်ယောက် သူမအားယှဉ်ပြိုင်နိုင်မည့် သူတစ်ယောက်ကို သွားတွေ့သည်။ ဂျယ်မီကလည်း မိန်းကလေးများကို ဆွဲဆောင်ရာတွင် နာမည်ကြီးသူဖြစ်သည်။

ပြိုင်ဆိုင်မှု ပြင်းထန်သော ဆေးနှင့်ဆေးပစ္စည်းလောကတွင် ပြိုင်ဆိုင်ကြရင်း သူတို့နှစ်ဦးကို အချစ်ဆိုသည့်ဆေးဝါးက လွှမ်းမိုးလာသောအခါ . . .။ နာမည်ကြီးဝတ္ထုကို ရုပ်ရှင်အဖြစ် ပြောင်းလဲထားသော ဟာသနှင့် အချစ်ဇာတ်ကားအား Edward Zwick က ရိုက်ကူးထားပြီး Jake Gyllenhaal Anne Hathaway , Jash Gad တို့ပါဝင်သရုပ်ဆောင်ထားသည်။ 20 th Century Fox ကနိုဝင်ဘာ ၂၄ရက်တွင် ဖြန့်ချိခဲ့သည်။

# Sports

7DAY NEWS JOURNAL
Vol.9, No.36 • DECEMBER 2, 2010

အာဆီယံဒေသတွင်း အမျိုးသားဘောလုံးပြိုင်ပွဲများတွင် အဆင့်အမြင့်ဆုံးဖြစ်လာသော ဆူဇူကီးဖလားပြိုင်ပွဲဝင်ရန် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းသည် ဗီယမ်နမ်နိုင်ငံသို့ နိုဝင်ဘာ ၂၇ ရက်တွင် ထွက်ခွာသွားပြီဖြစ်သည်။ ကျပ်သန်းပေါင်းများစွာ အကုန်အကျခံကျင်းပနေသော မြန်မာနေရှင်နယ်လိဂ်သက်တမ်း ၂ နှစ်အကြာတွင် ဆုကြေးစားဘောလုံးသမားများဖြင့်ဖွဲ့စည်းထားသော မြန်မာ့လက်ရွေးစင်အသင်း၏ စွမ်းဆောင်ရည်ကို ယခုပြိုင်ပွဲက အကဲဖြတ်တော့မည်ဖြစ်သည်။ လက်ရွေးစင်ဘောလုံးအသင်း၏ နည်းပြချုပ်ဦးတင်မြင့်အောင်ကို နိုဝင်ဘာ ၂၆ ရက်ညက တွေ့ဆုံမေးမြန်းထားသည်များမှ ကောက်နုတ်ဖော်ပြလိုက်ပါသည်။



ဓာတ်ပုံ - အောင်အောင်

# ပရိသတ်မျှော်လင့်တဲ့ အောင်မြင်မှု ယူလာပေးမယ် ကတိပေးသူ

အားမာန်၊ဗိုလ်ဗိုလ်ဝင်း

**အသင်းရဲ့ လက်ရှိအနေအထားကို အားရမှုရှိပါသလား။**

ကြံ့ခိုင်မှုအပိုင်းတော့ အားရပါတယ်။ ဒါပေမဲ့ နည်းစနစ်အပိုင်းတော့ နည်းနည်းအားမရသေးပါဘူး။ နှစ်ရက်သုံးရက်အတွင်းမှာ အမြန်ဆုံးပြုပြင်သွားမှာပါ။

**တရုတ်ဒါလီယန်ရှီဒီကလပ်နဲ့ ခြေစမ်းပွဲမှာ အသင်းရဲ့ကွင်းလယ်ခံစစ်ကစားသမားနေရာမှာ အခက်အခဲဖြစ်နေတာတွေ့ရပါတယ်။ အဲဒီပြဿနာ ပြေလည်သွားပြီလား။**

ရှိတဲ့ကစားသမားကို အကောင်းဆုံးဖြစ်အောင် ပြင်ဆင်ထားပါတယ်။

**မြန်မာနိုင်ငံမှာ ပရိုစနစ်စတင်တာ ၂ နှစ်ရှိသွားပြီဆိုတော့ ကစားသမားတွေအနေနဲ့ အရင်ကထက် ဘာတွေပြောင်းလဲသွားလဲ။**

MLN ပြိုင်ပွဲ ပြုလုပ်လာတဲ့အခါမှာ အသင်းတွေဟာ ပြိုင်ဆိုင်မှုပြင်းထန်လာတယ်။ နောက်စိတ်ဓာတ်ပိုင်းဆိုင်ရာတွေ ပြောင်းလဲလာတယ်။ နောက်အနိုင်ရလိုချင်စိတ်တွေ၊ ပေးဆပ်ချင်တဲ့စိတ်တွေ၊ အားကြိုးမာန်တက် ကစားချင်တဲ့စိတ်တွေ ပေါ်လာတာဟာ ဒီ MNL ပြိုင်ပွဲ လုပ်ရခြင်းရဲ့ အကျိုးကျေးဇူးတွေပါပဲ။ နိုင်ငံတကာကစားသမားတွေနဲ့လည်း တွဲကစားရတော့ နည်းစနစ်ပိုင်းနဲ့ စိတ်ဓာတ်ပိုင်း တော်တော်လေးတိုးတက်လာတာကို တွေ့ရပါတယ်။

**အခုလက်ရွေးစင်အသင်းမှာ အရင်ကတည်းက တောက်လျှောက်လက်ရွေးစင်ဖြစ်ဖူးတဲ့ ကစားသမားအများစု ပါဝင်နေတာတွေ့ရတယ်။ MNL ပြိုင်ပွဲက ကစားသမားအသစ်တွေ မွေးမထုတ်ပေးနိုင်ဘူးဆိုတဲ့ သဘောမျိုးဖြစ်နေလား။**

ကျွန်တော် အမြဲတမ်းပြောတာရှိပါတယ်။ အခုဒီပြိုင်ပွဲကိုသွားတာ အတွေ့အကြုံရှာဖို့သွားတာမဟုတ်ဘူး။ ရလဒ်တစ်ခု၊ အောင်မြင်မှု တစ်ခုရယူဖို့သွားတာပါ။ သွားတဲ့အခါ လူကြီးလူငယ်ပေါင်းစပ်သွားရမှာ။ တိုးတက်တဲ့လူငယ်လေးတွေနဲ့ အတွေ့အကြုံရှိတဲ့ လူကြီးတွေ ပေါင်းစပ်သွားရမှာ။ ခုလောလောဆယ်ကာလမှာ အတွေ့အကြုံရှိတဲ့ လူကြီးတွေကပဲ ကလပ်အသင်းတွေမှာအထူးခြေစွမ်းပြနေလို့ ရွေးချယ်ထားခြင်း ဖြစ်ပါတယ်။ နောက်ပြိုင်ပွဲတွေကျရင်တော့ အတွေ့အကြုံရှိတဲ့ ကစားသမားနဲ့အတွေ့အကြုံနုတဲ့ ကစားသမားတွေပေါင်းစပ် ယှဉ်ပြိုင်သွားဖို့လုပ်နေပါတယ်။ အခုအသင်းမှာလည်းကျော်ဇေယျာဝင်း၊ ရန်အောင်ဝင်း၊ မိုင်းအိုက်နိုင်၊ ကျော်ကိုကိုတို့ဟာ လူငယ်ကစားသမားတွေပါ။

**စည်းကမ်းပိုင်းဆိုင်ရာအတွက် ဘယ်လို ပြင်ဆင်ထားပါသလဲ။**

ဘောလုံးသမားဆိုတာက လဲလူပဲဆိုတော့ စိတ်က ထောင်းခနဲဖြစ်တတ်တာပေါ့။ ဒီသဘောသဘာဝလေးတွေတော့ ရှိတာပေါ့။ ဒါပေမဲ့ ဒါက အားကစားလုပ်တာ။ အားကစားပြိုင်ပွဲမှာဆိုတော့ ဒီလိုစိတ်ဓာတ်မျိုးတွေ မွေးလို့မရဘူး။ အရင်က သာဓကတွေရှိခဲ့တယ်။ ရှိခဲ့တော့ တစ်ခါဆိုကောင်းတယ်။ နှစ်ခါဆို တို့ပြင်ရတော့မယ်။ သုံးခါပြည့်ရင်တော့ တို့မှားနေပြီ။ ဒီသဘောသဘာဝအတွေးအခေါ် စိတ်ပိုင်းဆိုင်ရာဖြစ်တတ်တဲ့သဘောလေးတွေကိုလည်း ကစားသမားတွေကိုလည်း ပြောပြထားပါတယ်။ ကိုယ့်ရဲ့ စက္ကန့်ပိုင်းလေးအတွင်းမှာဖြစ်ခဲ့တဲ့ စိတ်လိုက်မာန်ပါဒေါသကြောင့် နံပါတ်တစ် မိမိဆုံးရှုံးမယ်။ နံပါတ်နှစ် အသင်းဆုံးရှုံးမယ်။ နံပါတ်သုံး တိုင်းပြည်ဆုံးရှုံးမယ်ဆိုတာမျိုးတွေ ကစားသမားတွေနားလည်အောင် ပြောပြပြီးသင်ပြပေးပါတယ်။

**ဒီပြိုင်ပွဲကို ဘယ်လိုပုံစံနဲ့ ချဉ်းကပ်ဖို့ ပြင်ဆင်ထားပါသလဲ။**

အရေးကြီးဆုံးက တစ်ပွဲချင်းစီပေါ့နော်။ ဒါပေမဲ့ Overall match plan လည်းရှိတာပေါ့။ ပထမဆုံးပွဲကိုနိုင်အောင် ဘယ်လိုလုပ်မလဲ။ နောက်တစ်ဆင့်ချင်းသွားပြီးမှ အောင်မြင်ပြီးမှ နောက်ပိုင်းကိုဆက်ပြင်ဆင်လို့ရမှာ။ ဒါ့ကြောင့် အဓိကထားပြင်ဆင်ရမှာက ပထမဆုံးပွဲပေါ့။ ပြီးမှ နောက်ပိုင်းပွဲစဉ်တွေကို ဖြစ်လာတဲ့အခြေအနေအပေါ်မူတည်ပြီးတော့ ပြင်ဆင်သွားဖို့ စီစဉ်ထားပါတယ်။

**အင်တာဗျူးတစ်ခုမှာ ဖြေထားတာတွေ့ရပါတယ်။ ဗီယက်နမ်ကို နိုင်လိုက်ရင်တော့ ဘာမဆိုဖြစ်လာနိုင်တယ်ဆိုပြီးတော့. . .။**

ဟုတ်ပါတယ်။ ဗီယက်နမ်က လက်ရှိချန်ပီယံလည်း ဖြစ်တယ်။ အိမ်ရှင်လည်းဖြစ်တယ်ဆိုတော့ ပထမဆုံးပွဲလည်း ဖြစ်တယ်လေ။ ဗီယက်နမ်ကို နိုင်လိုက်ရင် စိတ်ဓာတ်အနေအထားက အမြင့်ဆုံးရောက်သွားပြီလေ။ အဲလိုမျိုးဆိုရင် မမျှော်လင့်တဲ့အတိုင်းအတာအထိ ဖြစ်လာနိုင်တယ်။ ဒါကြောင့် ဒီပွဲကို အထူးအာရုံစိုက်ရမှာ။ တကယ်ပြောရရင် ပြိုင်ပွဲတိုင်းလည်း တတ်နိုင်သမျှ အနိုင်ချည်းပဲ လိုချင်တာကိုး။ အမြင့်ဆုံးမှန်းမှ အနိမ့်ဆုံးက ဖြစ်ချင်မှ ဖြစ်တာလေ။ ဘောလုံးမှာက ဘာမှအတိအကျပြောလို့ မရပါဘူး။

**မြန်မာအသင်းဟာ စင်ကာပူအသင်းနဲ့ တွေ့လိုက်တိုင်း တစ်မျိုးမဟုတ် တစ်မျိုးပညာပေးတာမျိုးခံနေရတော့ စင်ကာပူနဲ့ပွဲအတွက်ရော ဘယ်လိုပြင်ဆင်ထားလဲ။**

ခုနက ပြောသလိုပါပဲ စိတ်ပိုင်းဆိုင်ရာပေါ့။ တွန်းတွန်းတိုက်ဆိုက် ကစားရတဲ့ ကစားနည်းဆိုတော့ ပြိုင်ဆိုင်မှုလည်း ပြင်းထန်တော့ ဒီက ကစားသမားတွေက အနည်းငယ်စိတ်တိုတတ်တာတွေ ရှိတာပေါ့။ အဲဒီအတွက်ကြောင့် သူတို့ကို အထူးသတိပေးရတယ်။ တစ်ဖက်အသင်းရဲ့ ထောင်ချောက်ထဲ ဝင်မသွားအောင် ရှေ့က ပြောသလိုမျိုးပေါ့။ သုံးခါမှားရင်တော့ ကိုယ်မှားနေပြီပေါ့။ တစ်ခါမှားရင် ခွင့်လွှတ်နိုင်ပေမယ့် ခွင့်လွှတ်နိုင်တဲ့ အခြေအနေနဲ့ အတိုင်းအတာတော့ ရှိတာပေါ့။ အဲဒါကြောင့် ကစားသမားတွေကိုလည်း တတ်နိုင်သမျှ ရှောင်ရှားပြီး မဖြစ်အောင် သတိလေးနဲ့ ထိန်းသွားဖို့ မှာထားပါတယ်။

**ဗီယက်နမ်နဲ့ စင်ကာပူမှာ ဘယ်အသင်းက မြန်မာအသင်းအတွက် ပိုခက်ခဲမယ်ထင်ပါသလဲ။**

စင်ကာပူက ပိုခက်မယ်ထင်တယ်။

**မြန်မာအသင်းမှာရော အင်္ဂလိပ်စကားကောင်းကောင်းနဲ့ ဒိုင်လူကြီးကို ကန့်ကွက်ပြောဆိုနိုင်မယ့် ကစားသမားမျိုး ရှိပြီလား။**





## ပရိသတ်မျှော်လင့်တဲ့အောင်မြင်မှုယူလာပေးမယ်ကတိပေးသူ မှ

အခုဆိုရင် MNL မှာ နိုင်ငံခြားသား ကစားသမားတွေနဲ့ ကစားတာများလာတဲ့ အတွက်ကြောင့် တော်တော်လေးကို ကျင့်သားရပြီး အဆင်ပြေလာပါပြီ။ တကယ်ပြောရရင် ဒိုင်ဆိုတာကလည်း ကွင်းထဲရောက်လို့ရှိရင် သူက ဘုရင်ပဲလေ။ သူဆုံးဖြတ်ချက်မှားသွားလို့ သူ့ကိုနောက်မှ အရေးယူမှုမျိုးရှိပေမယ့် ပထမဆုံး ခံရမှာက ကိုယ်ခံရမှာ။ ဒါကြောင့် ကွန်ပလိန်းလုပ်တဲ့အခါမှာ မှန်ကန်တဲ့ ကွန်ပလိန်းလုပ်နိုင်ဖို့ အတွက်ကို သူတို့ကို ပြောပြထားပါတယ်။

**ပြိုင်ပွဲမှာ အောင်မြင်မှုရရင် ဆုကြေးဘယ်လိုချီးမြှင့်မယ်လို့ ပြောထားတာမျိုး ရှိလား။**

အဖွဲ့ချုပ်ဥက္ကဋ္ဌကတော့ အောင်မြင်မှုရအောင် ယူခဲ့ရင်တော့ထိုက်တန်တဲ့ ဂုဏ်ပြုမှုပေးမယ်လို့ ပြောပါတယ်။ ကျွန်တော်ကတော့ကစားသမားတွေကို ပြောပြထားပါတယ်။ ကိုယ်လုပ်ရမယ့် အလုပ်ကို အရင်လုပ်ပြဖို့လိုတယ်။ ကိုယ့်တာဝန်ကိုယ်ကျေပွန်ပြီးတော့ တိုင်းပြည်ချစ်စိတ်နဲ့ အလုပ်လုပ်၊ တိုင်းပြည်ကိုပေးဆပ်ဖို့ ဒီစိတ်ဓာတ်မျိုးတွေ မွေးမြူရာမှာ မိမိရဲ့ လုပ်ရပ်တွေကောင်းလာရင် နောက်ကနေ အခွင့်အရေးတွေ၊ ရပိုင်ခွင့်တွေ အလိုလိုလိုက်လာမှာပဲ။ ဒါပေမဲ့ အခွင့်အရေးကို မျှော်ပြီး အလုပ်လုပ်ရင်တော့ ဘယ်တော့မှ မပေါက်ရောက်ဘူး။ မတိုးတက်ဖူးလို့ ကစားသမားတွေကိုပြောပြထားပါတယ်။

အတွေးလေးမှားနေတယ်လို့ ထင်ပါတယ်။ ပရိုစနစ်စလုပ်နေပေမယ့် သက်တမ်းက နုသေးတယ်။ လိုအပ်ချက်တွေ အများကြီးရှိသေးတယ်။ ဒီအချိန်မှာ ဒီလောက်လုပ်နိုင်တာကိုပဲ တော်တော်လေးကို အားရစရာကောင်းနေပြီ။ အားလုံးဝိုင်းပြီး ကြိုးစားပြီး စေတနာကောင်းနဲ့ ဆက်လုပ်သွားမယ်ဆိုရင်တော့ အောင်မြင်မှုကတော့ စောင့်နေမှာပါ။

**အသင်းခေါင်းဆောင်အတွက်ရော စဉ်းစားထားပြီးပြီလား။**

စဉ်းစားပြီးပါပြီ။ ပထမ၊ ဒုတိယ၊ တတိယအသင်းခေါင်းဆောင်ဆိုပြီးတော့ ရွေးချယ်ထားပြီးပါပြီ။ အသင်းကို ဦးဆောင်နိုင်တဲ့သူ ဩဇာရှိတဲ့သူ၊ စွမ်းဆောင်ရည်ကောင်းတဲ့သူ၊ စကေးလ်ကောင်းတဲ့ကစားသမားတွေကို အသင်းခေါင်းဆောင်နေရာအတွက် ရွေးချယ်ထားပါတယ်။

**ပြိုင်ပွဲမသွားခင် ပရိသတ်ကို ဘယ်လိုကတိပေးချင်ပါသလဲ။**

ကစားသမားတွေလည်း စိတ်ပိုင်းဆိုင်ရာတွေ တော်တော်လေးကိုမြင့်လာပါပြီ။ ပြင်ဆင်မှုအပိုင်းလည်း ရာနှုန်းပြည့်မဟုတ်ပေမယ့် ခုချိန်မှာ ရှစ်ဆယ်ရာခိုင်နှုန်းလောက်ဖြစ်နေပြီး ကိုယ်ကလည်းကိုယ့်ကိုယ်ကိုယ် ယုံကြည်တယ်။ ကိုယ့်ကစားသမားတွေကိုလည်းယုံကြည်တယ်။ အရေးကြီးတာက အောင်မြင်မှုတစ်ခုရဖို့ဆိုရင် ပြိုင်ပွဲတစ်ခုသွားမယ်ဆိုရင် ကိုယ်နဲ့လက်တွဲရမယ့်သူတွေဟာ

# ပရိသတ်တွေကို တောင်းပန်လိုက်တဲ့ ရန်ပိုင်

ဗိုလ်ဗိုလ်ဝင်း



ဓာတ်ပုံ - အောင်အောင်

**မျိုးဆက်သစ် မြန်မာရှေ့တန်းတိုက်စစ်မှူးအများစုက သူ့ကို အားကျနေကြသည်။ သို့သော် သူက ပရိသတ်၏ကြိုက်နှစ်သက်ခြင်း၊ မကြိုက်နှစ်သက်ခြင်း၊ ချီးကျူးခြင်းနှင့် ကဲ့ရဲ့ခြင်းတို့အားလုံးကို မကြာခဏရလေ့ရှိသည်။ သူက ရတနာပုံကလပ်၏တိုက်စစ်မှူး မန္တလေးပရိသတ်များ၏ အချစ်တော်၊ လက်ရွေးစင်ဘောလုံးအသင်းအတွက် အောင်မြင်မှုများ ယူဆောင်မလာနိုင်သေး၍ အောင်မြင်မှုများယူဆောင်ပေးလိုသူ ရှေ့တန်းတိုက်စစ်မှူးရန်ပိုင်ပင်ဖြစ်သည်။ သူ့ကို ဆူဇူးကီးပြိုင်ပွဲဝင်ရန် ဗီယက်နမ်သို့မထွက်ခွာမီ နိုဝင်ဘာ ၂၇ ရက်က တယ်လီဖုန်းဖြင့် မေးမြန်းထားသည်များမှ ကောက်နုတ်ဖော်ပြလိုက်ပါသည်။**

**ကိုရန်ပိုင်အနေနဲ့ မကြာခင် ဝန်ကြီးဌာနကို ပြန်မယ်လို့ကြားရပါတယ်။**

ဆိုတော့ လောလောဆယ် ဒီပြိုင်ပွဲကိုပဲ အာရုံစိုက်ထားပါတယ်။ လက်ရွေးစင်ကစားသမားအနေနဲ့ ဒီပြိုင်ပွဲက ကျွန်တော့်ရဲ့ နောက်ဆုံးပြိုင်ပွဲလည်း ဖြစ်သွားနိုင်တဲ့အတွက် အနိုင်ရရှိအောင် အကောင်းဆုံးကြိုးစားသွားမှာပါ။

**ပြီးခဲ့တဲ့ MNL ရတနာပုံ-ရန်ကုန် ပွဲစဉ်မှာ ဖြစ်ခဲ့တာတွေနဲ့ပတ်သက်ပြီးတော့ ပရိသတ်တွေကို ဘာပြောချင်တာရှိပါသလဲ။ နောက် ပရိသတ်တွေအနေနဲ့ အစ်ကို့ကို ဆဲဆိုကြတဲ့အပေါ် အစ်ကို့ရဲ့ ခံစားချက်လေးသိချင်ပါတယ်။**

ပရိုစနစ်ပေါ်ပေါက်လာတော့ ပရိသတ်တွေ အားပေးတာပြိုင်ဆိုင်မှုတွေ များလာတာတွေ့ရတော့ ကျွန်တော်တို့ကစားသမားတွေလည်း ကျေနပ်ပါတယ်။ ပရိသတ်တွေက အသင်းစွဲနဲ့ အားပေးတာကို နားလည်ပါတယ်။ အပြစ်မမြင်ပါဘူး။ ရန်ကုန်နဲ့ပွဲမှာ ဖြစ်သွားတာကလည်း မရည်ရွယ်ဘဲ တဒင်္ဂစိတ်လေးကြောင့် ဖြစ်သွားတာပါ။ ဖြစ်ပြီးသွားတဲ့အခါ ကျွန်တော်လည်း နောင်တရပါတယ်။ အဲဒီအတွက်လည်း ပရိသတ်တွေကို တောင်းပန်ချင်နေတာပါ။ အခါအခွင့်မကြုံလို့ပါ။ ပရိသတ်တွေကို ကျွန်တော် တောင်းပန်ပါတယ်လို့ ပြောချင်ပါတယ်။ ပရိသတ်တွေ ကျွန်တော်ကို အော်ကြတာကိုလည်း နားလည်ပါတယ်။ ကျွန်တော်အကောင်းဘက်ကပဲ မြင်ပေးပါတယ်။ ကျွန်တော့်အနေနဲ့လည်း ကိုယ်ကစားနေတဲ့ အသင်းကို နိုင်စေချင်တဲ့စိတ်ပဲရှိတာပါ။ တခြားဘာမှမရှိပါဘူး။ ကလပ်အသင်းမှာ ကစားတုန်းကတော့ အသင်းစွဲရှိပေမယ့် အခုလက်ရွေးစင်အသင်းအနေနဲ့ သွားပြိုင်ရမှာဆိုတော့ ပရိသတ်တွေက မြန်မာအသင်းကို အားပေးတဲ့ပရိသတ်တွေ အတူတူပဲဖြစ်သွားပါပြီ။

**ပြီးခဲ့တဲ့ MNL ပြိုင်ပွဲရဲ့ ချန်ပီယံအဆုံးအဖြတ်ပွဲစဉ်ဖြစ်ခဲ့တဲ့ ဇေယျာရွှေမြေ-ရတနာပုံပွဲစဉ်မှာ မုံရွာကပရိသတ်တွေအားပေးပုံနဲ့ ပွဲပြီးဖြစ်ခဲ့တဲ့ အဖြစ်အပျက်တွေအပေါ် အစ်ကို့ရဲ့အမြင်လေး သိချင်ပါတယ်။**

တဖြည်းဖြည်းနဲ့တော့ နောက်ပိုင်းမှာ အဆင်ပြေသွားမယ်လို့ ထင်ပါတယ်။ ပြိုင်ပွဲပြိုင်ဆိုင်မှုကလည်း ပြင်းထန်နေတဲ့အချိန်၊ နောက် ဒေသစွဲ၊ အိမ်ကွင်းမှာလည်းဖြစ်တော့ ပရိသတ်တွေအနေနဲ့ ကိုယ့်အသင်းနိုင်ချင်တဲ့စိတ်နဲ့ အားပေးကြတာလို့ ထင်ပါတယ်။ မန္တလေးမှာတုန်းကလည်း ဖြစ်ခဲ့ဖူးတာပဲလေ။ ဒါပေမဲ့ တဖြည်းဖြည်းနဲ့ နောက်ပိုင်းမှာ ပရိသတ်တွေလည်း အဆင်ပြေပြေ အားပေးလာလိမ့်မယ်လို့ ထင်ပါတယ်။

**ဆူဇူးကီးပြိုင်ပွဲအတွက် ပရိသတ်ကို ဘာပြောချင်ပါသလဲ။**

ကျွန်တော်နဲ့ လက်ရွေးစင်ကစားသမားတွေ အားလုံး ဒီပြိုင်ပွဲမှာ ပရိသတ်တွေကျေနပ်အောင် အကောင်းဆုံး ကြိုးစားယှဉ်ပြိုင်သွားမှာပါ။ ဆုတံဆိပ်တစ်ခုခုရအောင် ယူခဲ့ပါမယ်လို့ ပရိသတ်ကြီးကို ပြောချင်ပါတယ်။


## ကျိုက်ထီးရိုးဘုရားဖူးများကို လေးစားစွာဖိတ်ခေါ်ခြင်း

ဆောင်တက်ခမ်ရင်ဂေါ်ယာဉ်အသင်း

TRADEMARK CAUTION
TAI KWONG-YOKOHAMA BATTERY INDUSTRIES SDN.BHD a company incorporated in Malaysia at Lot 1238, Batu 23, Jalan Kachau, Semenyih-Sg. Lalang, 43500, Semenyih, Selangor Darul Ehsan, Malaysia is the Owner and Sole Proprietor of the following Trademark:-
YOKOHAMA
Reg: No.IV/2614/1994
Reg: No.4/2671/2004
Reg: No.4/6579/2007
Reg: No.4/7759/2010
In respect of: Int'l Class 9: Batteries.
Fraudulent imitation or unauthorized use of the said Trade-mark shall be dealt with according to law.
U Myint Lwin, Advocate, LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(UK)
myintadvocate@mptmail.net.mm
www.mipadvocate.com
Ph: 371990 2.12.2010

## စေတနာတိုင်းရင်းဆေးကုခန်း

## သဇင်
Body Beauty အမျိုးသမီးများအတွက်
လိုအပ်သလို ရင်သားပြုပြင်ခြင်း၊ အမျိုးသား၊ အမျိုးသမီး အရပ်ရှည်စက်၊ အဆီချပေးခြင်း။
မျက်ဝန်းတစ်ပိုက်အရေးအကြောင်းများကို သုံးရက်အတွင်း သိသာစေခြင်း။
၃၅-ဘီ၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ၄-ရွာ၊
ဖုန်း - ၀၉၅၁ ၅၁၀၄၅၊ ၀၁-၇၃၀ ၂၄၆၆၅

7 DAY NEWS JOURNAL
Vol.9, No.36 · DECEMBER 2, 2010

# ထိပ်သီးလေးသင်းလုံး အမှားခံလို့မဖြစ်တဲ့ ပရီးမီးယားလိဂ် ပွဲစဉ် (၁၆) ပွဲကြို ခန့်မှန်းချက်

ကိုထိုက်

ဒီတစ်ပတ်ကစားမယ့် ပရီးမီးယားလိဂ်ပွဲစဉ် ၁၆ မှာတော့ မန်ယူကလွဲလို့ အာဆင်နယ်၊ ချယ်လ်ဆီး၊ လီဗာပူး၊ မန်စီးတီးတို့အားလုံး အိမ်ကွင်းပွဲတွေ ကစားကြရမှာဖြစ်ပါတယ်။ ဒါ့ကြောင့် ဒီတစ်ပတ်ပွဲစဉ်တွေထဲမှာ ချယ်လ်ဆီး၊ မန်ယူ၊ အာဆင်နယ်၊ မန်စီးတီး ထိပ်သီးလေးသင်းလုံး အနိုင်သုံးမှတ်စီရသွားမလားဆိုတာကို ကြည့်ရမှာပါ။ ဒီအထဲက တစ်သင်းသင်းရှုံးခဲ့ရင်တော့ဇယားမှာ ထိပ်ဆုံးအဆင့်ရပ်တည်မှုနေရာတွေ အပြောင်းအလဲဖြစ်လာနိုင်ပါတယ်။

### ဒီဇင်ဘာ ၄၊ စနေ

### အာဆင်နယ် - ဖူလ်ဟမ်
**(ည ၉း၃၀ နာရီ)**
**ယမန်နှစ်ရလဒ် ၄-၀**

အာဆင်နယ်ဟာ ပြီးခဲ့တဲ့ နောက်ဆုံးအိမ်ကွင်းပွဲမှာ စပါးနဲ့ လန်ဒန်ဒါဘီပွဲ ကစားခဲ့ရာမှာ ၂-၃ ဂိုးနဲ့ ကပ်ရှုံးခဲ့ရပါတယ်။ ဒါ့ကြောင့်အာဆင်နယ်တို့ နောက်ဆုံးအိမ်ကွင်း သုံးပွဲမှာ နယူးကာဆယ်နဲ့ စပါးတို့ကို ဆက်တိုက်ရှုံးထားပြီး ဝက်စ်ဟမ်းကိုသာ နိုင်ထားပါတယ်။ ယခုပွဲကလည်း လန်ဒန်ဒါဘီဖြစ်တာနဲ့ အညီအကြိတ်အနယ် ဖြစ်လာနိုင်တာကြောင့် အာဆင်နယ်တို့ အိမ်ကွင်း ဆိုပေမယ့် ဂိုးပြတ်မှာမဟုတ်ပါဘူး။ အာဆင်နယ်တို့ တစ်ဂိုးအသာလောက်နဲ့ပဲ နိုင်ခြေရှိပါတယ်။

### ဘာမင်ဂမ် - စပါး
**(ည ၉း၃၀ နာရီ)**
**ယမန်နှစ်ရလဒ် ၁ - ၁**

ဘာမင်ဂမ်ဟာ နောက်ဆုံးအိမ်ကွင်းပွဲမှာ ချယ်လ်ဆီးကို ကပ်နိုင်ခဲ့ပြီး ခံစစ်တောင့်တင်းမှုကို ပြသခဲ့ပါတယ်။ ဧည့်သည်စပါးကို အဝေးကွင်းနိုင်ပွဲရဖို့ အထူးကြိုးစားရမှာပါ။ ဒါပေမဲ့ ဂါရတ်ဘေးလ်၊ ဗန်ဒါဗတ်၊ ပက်ဗလျူချန်ကိုတို့ရဲ့ စပါးကပဲ တိုက်စစ်ဖွင့်ကစားကာ ပွဲကိုဦးဆောင်မယ် ထင်ပါတယ်။ ဧည့်သည်စပါးဘက်က ရပ်တည်ချင်ပြီး သွင်းဂိုးနည်းမယ်ထင်ပါတယ်။




### ဘလက်ဘန်း - ဝုလ်
**(ည ၉း၃၀ နာရီ)**
**ယမန်နှစ်ရလဒ် ၃-၁**

ဘလက်ဘန်းတို့ အိမ်ကွင်းနိုင်ပွဲရှာရမယ့် ပွဲပါပဲ။ လက်ရှိမှာ ဧည့်သည်ဝုလ်တို့ ဇယားအောက်ခြေမှာပဲ ရှိနေတာမို့ တိုက်စစ်ဖွင့်ကစားပြီး ဦးဆောင်ဂိုးရအောင် ကြိုးစားမှာပါ။ အိမ်ရှင်ဘလက်ဘန်းတို့ မထင်မှတ်ဘဲ နှစ်ဂိုးအသာလောက်ရနိုင်ခြေ ရှိပါတယ်။

### ချယ်လ်ဆီး - အဲဗာတန်
**(ည ၉း၃၀ နာရီ)**
**ယမန်နှစ်ရလဒ် ၃-၃**

ယမန်နှစ် ထိပ်တိုက်တွေ့ဆုံမှုကတော့ အကြိတ်အနယ်ရှိခဲ့ပြီး သရေကျခဲ့ပါတယ်။ ဒါ့အပြင် ချယ်လ်ဆီးက အဲဗာတန်နဲ့ နောက်ဆုံးတွေ့ဆုံမှု လေးကြိမ်မှာ တစ်ကြိမ်သာနိုင်ခဲ့တာမို့ ဒီနှစ်တွေ့ဆုံမှုကလည်း အကြိတ်အနယ်ဖြစ်မှာပါ။ ချယ်လ်ဆီးကို ပိုကြိုက်ပေမယ့် မထင်မှတ်ဘဲ သရေပွဲလည်းဖြစ်နိုင်ပါတယ်။ နှစ်သင်းပေါင်း သွင်းဂိုးနည်းမယ့် ပွဲပါပဲ။

### မန်စီးတီး - ဘော်လ်တန် (ည ၉း၃၀ နာရီ)
**ယမန်နှစ်ရလဒ် ၂-၀**

မန်စီးတီးတို့ ဘောလ်တန်နဲ့ နောက်ဆုံး တွေ့ဆုံမှုငါးကြိမ်မှာ နှစ်ပွဲနိုင်၊ နှစ်ပွဲ သရေကျခဲ့ပြီး တစ်ပွဲရှုံးနိမ့်ထားပါတယ်။ ဒါပေမဲ့ ဒီနောက်ပိုင်း ခြေစွမ်းအရ တီဗက်ဇ်၊ တိုရေး၊ ဘယ်ရီတို့ရဲ့ မန်စီးတီးကိုပဲယုံကြည်ရမှာပါ။ အိမ်ကွင်းမှာ မန်စီးတီးတို့ သွင်းဂိုးများနိုင်ပြီး အမှတ်ပြည့်ယူသွားပါလိမ့်မယ်။

### ဝီဂန် - စတုတ်စီးတီး
**(ည ၉း၃၀ နာရီ)**
**ယမန်နှစ်ရလဒ် ၁-၁**

အိမ်ရှင် ဝီဂန်တို့ ဇယားအောက်ခြေကတက်နိုင်ဖို့ ဒီအိမ်ကွင်းပွဲနိုင်မှဖြစ်မှာပါ။ ဧည့်သည်စတုတ်တို့ ပြီးခဲ့တဲ့ အဝေးကွင်းသုံးပွဲမှာ ဝက်စ်ဘရွန်းကို သာနိုင်ပြီး ကျန်နှစ်ပွဲရှုံးထားပါတယ်။ ဒါပေမဲ့ ဇယားမှာ ရပ်တည်မှုအရရော၊ ခြေစွမ်းအရပါ ဧည့်သည်စတုတ်တို့ နိုင်ခြေပါးပါးလေးရှိနေပါတယ်။ နှစ်သင်းပေါင်း သွင်းဂိုးနည်းနိုင်ပြီး စတုတ်နိုင်ရင်လည်း ကပ်နိုင်မှာပါ။

### ဒီဇင်ဘာ ၅၊ တနင်္ဂနွေ

### ဘလက်ပူး - မန်ယူ
**(နံနက် ၁၂း၀၀ နာရီ)**
**ယမန်နှစ်တွေ့ဆုံမှု - မရှိ**

ဧည့်သည်မန်ယူတို့ ဇယားကို ဦးဆောင်ဖို့ အဝေးကွင်းနိုင်ပွဲရှာရမှာပါ။ မန်ယူဟာ ပြီးခဲ့တဲ့ ဗီလာနဲ့နောက်ဆုံး အဝေးကွင်းပွဲမှာ သရေကျခဲ့တယ်ဆိုပေမယ့် မာချီဒါ၊ ဘာဘာတော့ဗ်၊ ရွန်နီတို့ရဲ့ မန်ယူကပဲ ဒီပွဲကို ထိန်းချုပ်အနိုင်ယူသွားမှာပါ။

### ဝက်စ်ဘရွန်း - နယူးကာဆယ်
**(ည ၈း၀၀ နာရီ)**
**ယမန်နှစ်ရလဒ် - မရှိ**

တန်းတက်နှစ်သင်းရဲ့ ပရီးမီးယားလိဂ် တွေ့ဆုံမှုပါပဲ။ နယူးကာဆယ်ရဲ့ ကာရိုးလ်နဲ့ နိုလန်တို့ဟာလက်ရှိမှာ လိဂ်ရဲ့ ဂိုးသွင်းအများဆုံး စာရင်းဝင်နေပြီးတိုက်စစ်ပိုင်းကောင်းမွန်နေပါတယ်။ ဒါပေမဲ့ ဒီနှစ်သင်း နောက်ဆုံးတွေ့ဆုံထားတဲ့ အက်ဖ်အေဖလားနဲ့ပထမတန်းပွဲရလဒ် သုံးပွဲအရတော့ ဝက်စ်ဘရွန်းတစ်ကြိမ်နိုင်ပြီး၊ နှစ်ပွဲသရေကျထားတယ်။ သရေပွဲလည်း ဖြစ်နိုင်ပြီးနယူးကာဆယ်နိုင်ရင်လည်း ကပ်နိုင်မှာပါ။


### ဆန်းဒါးလန်း - ဝက်စ်ဟမ်း
**(ည ၁၀း၃၀ နာရီ)**
**ယမန်နှစ်ရလဒ် ၂-၂**

ဒီနှစ်သင်း နောက်ဆုံးတွေ့ဆုံမှု သုံးကြိမ်မှာ ဝက်စ်ဟမ်းက နှစ်ကြိမ်နိုင်ပြီး တစ်ကြိမ်သရေကျထားတယ်။ ဒါပေမဲ့ တန်ပြန်တိုက်စစ်အားကောင်းတဲ့ ဝက်စ်ဟမ်းကို ပိုကြိုက်ပါတယ်။ နှစ်သင်းပေါင်းသွင်းဂိုး မထင်မှတ်ဘဲ များနိုင်ပြီး ဝက်စ်ဟမ်းနိုင်ရင်လည်းကပ်နိုင်မှာပါ။

### ဒီဇင်ဘာ ၇၊ အင်္ဂါ

### လီဗာပူး - ဗီလာ
**(နံနက် ၂း၀၀ နာရီ)**
**ယမန်နှစ်ရလဒ် ၁-၃**

အကြိတ်အနယ် ကစားရမယ့်ပွဲဖြစ်ပါတယ်။ လီဗာပူးတို့ နောက်ဆုံးအိမ်ကွင်း သုံးပွဲမှာ ဘလက်ဘန်း၊ ချယ်လ်ဆီး၊ ဝက်စ်ဟမ်းတို့ကို ဆက်တိုက်နိုင်ထားတာမို့ စိတ်ဓာတ်ပိုင်း အသာစီးရနေတယ်။ ဗီလာတို့ ယမန်နှစ်က ရလဒ်မျိုးရဖို့ မလွယ်ပါဘူး။ လီဗာပူးကို ပိုကြိုက်မိပြီး မထင်မှတ်ဘဲ နှစ်ဂိုးအသာလောက် ရမယ်ထင်ပါတယ်။






LUX
ညှို့အားပြင်းတယ်၊ တက်ကြွမှုရှိတယ်၊
နူးညံ့တဲ့အထိအတွေ့တွေနဲ့ သင့်အလှတရားအတွက်ကျေနပ်စေမယ်
LUX
Wake Me Up
LUX
Soft Kiss
LUX
White Impress
LUX
Magic Spell
LUX
LUX
LUX
LUX

7DAY NEWS JOURNAL
Vol.9, No.36 • DECEMBER 2, 2010

# တ ုတ်နိုင်ငံသည် ကမာ့အကြီးဆုံး ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ထုတ်လွှတ်သည့် နိုင်ငံဖြစ်လာ


**ဘေဂျင်း၊ နိုဝင်ဘာ - ၂၃**

တရုတ်နိုင်ငံသည် ကမ္ဘာ့အကြီးဆုံး ဖန်လုံအိမ် အာနိသင်ဓာတ်ငွေ့ ထုတ်လွှတ်သည့် နိုင်ငံဖြစ်လာပြီ ဆိုသည်ကို အသိအမှတ်ပြုဝန်ခံလိုက်ကြောင်း၊ တရုတ်ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ ထိပ်တန်းအရာရှိ ရှီကျန်းဟွာက ပြောကြားလိုက်သည်။ ၎င်း၏ ယခုကဲ့သို့ တရားဝင်ထုတ်ပြောမှုသည် လာမည့်အပတ်တွင် ကျင်းပမည့် ကုလသမဂ္ဂရာသီဥတု ပြောင်းလဲမှုဆိုင်ရာ ဆွေးနွေးပွဲများ မကျင်းပခင်ကြိုတင် ထွက်ပေါ်လာခြင်းလည်းဖြစ်သည်။ သတင်းထောက်များနှင့် တွေ့ဆုံရာတွင် မစ္စတာရှီကျန်းဟွာက "ကျွန်တော်တို့ရဲ့ ဓာတ်ငွေ့ထုတ်လွှတ်မှုနှုန်းဟာ အခုဆို ကမ္ဘာ့နံပါတ်တစ်နေရာ ရောက်လာခဲ့ပါပြီ" ဟုဆိုသည်။

တရုတ်အာဏာပိုင်များသည် ယခင်က တိုင်းပြည်၏ ကမ္ဘာ့ထိပ်တန်း အဆင့်ဖန်လုံအိမ် အာနိသင် ဓာတ်ငွေ့ထုတ်လွှတ်နေမှုများကို ရှင်းရှင်းလင်းလင်း အသိအမှတ်ပြုခြင်းများ မရှိသော်လည်းနိုင်ငံတကာ စွမ်းအင်အေဂျင်စီကဲ့သို့သော အဖွဲ့အစည်းများနှင့် သိပ္ပံပညာရှင်များကမူ စောစောပိုင်းကပင် ဖော်ပြခဲ့ပြီးဖြစ်သည်။ မစ္စတာရှီက တရုတ်ပြည်သည် နိုဝင်ဘာ ၂၉ ရက်မှ ဒီဇင်ဘာ ၁၀ ရက်အတွင်းကျင်းပမည့် ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာဆွေးနွေးပွဲများတွင် ဥပဒေကြမ်းများ အသစ်အဆိုပြုတင်ပြရန် မရှိသော်လည်း ဖွံ့ဖြိုးပြီး နိုင်ငံကြီးများဘက်မှ ဓာတ်ငွေ့ထုတ်လွှင့်မှု လျှော့ချရေးကို ဆောင်ရွက်စေရန် မူလရပ်တည်ချက်အတိုင်း ထပ်မံရပ်တည်ပြောဆိုသွားမည်ဟု သိရသည်။

အမေရိကန်ပြည်ထောင်စုသည် တရုတ်အား ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချစေလိုသော်လည်း ဘေဂျင်းဘက်က မူရင်းနှင့်အခြား ဖွံ့ဖြိုးဆဲနိုင်ငံများသည် လူများစု ဆင်းရဲတွင်းမှ လွတ်မြောက်ရေးနှင့် စီးပွားရေးတိုးတက်ရန် လိုအပ်နေဆဲဖြစ်ခြင်းတို့ကြောင့် သိသိသာသာ လျှော့ချနိုင်မည်မဟုတ်ကြောင်း ဆိုထားသည်။

*—Ref: Xinhua*









7 ရက် သတင်းဂျာနယ်
7 DAY NEWS JOURNAL
Vol.9, No.36 • DECEMBER 2, 2010



# ပိတ်မိနေသော နယူးဇီလန်မိုင်းလုပ်သားများ ပေါက်ကွဲမှုကြောင့် အသက်ရှင်ကျန်သူမရှိနိုင်



**အုတ်ကလန်၊ နိုဝင်ဘာ - ၂၅**

နယူးဇီလန် ကျောက်မီးသွေးမိုင်းတွင်ပိတ်မိနေသော မိုင်းလုပ်သား ၂၉ လုံးသည် ဒုတိယပေါက်ကွဲမှုဖြစ်ပေါ်ပြီးနောက် အားလုံး သေဆုံးသွားပြီဟု ယုံကြည်ရကြောင်း ဘီဘီစီသတင်းက ဖော်ပြသည်။

တောင်ကျွန်းပေါ်ရှိ ပိုက်မြစ်မိုင်းတွင်း၌ ပြင်းထန်သော မြေအောက်ပေါက်ကွဲမှု ဖြစ်ပေါ်ခဲ့ရာ မည်သူတစ်ဦးတစ်ယောက်မှ အသက်ရှင်ကျန်နိုင်ရန် မျှော်လင့်ချက်မရှိကြောင်း ရဲအရာရှိဂယ်ရီနိုးလ်စ်က ပြောကြားသည်။ လူအများအသက်ဆုံးရှုံးရခြင်းမှာ တစ်မျိုးသားလုံးအတွက် ကြေကွဲဖွယ်ရာဖြစ်ရပ်ဟု နယူးဇီလန်နိုင်ငံ ဝန်ကြီးချုပ်ဂျွန်ကီးက ပြောသည်။

ယင်းကျောက်မီးသွေးမိုင်းသည်နိုဝင်ဘာလ ၁၉ ရက်က ပထမအကြိမ် ပေါက်ကွဲခဲ့ပြီး မိုင်းလုပ်သား ၂၉ဦးပိတ်မိနေခဲ့ပြီး၊ ကယ်ဆယ်ရေးသမားများ မည်သည့်အဆက်အသွယ်မှမရရှိခဲ့ပေ။ မိုင်းတွင်းတွင် စုစုပေါင်း နယူးဇီလန် နိုင်ငံသား ၂၄ဦး၊ ဩစတြေးလျ ၂ဦး၊ ဗြိတိန် ၂ဦးနှင့် တောင်အာဖရိကလူမျိုးတစ်ဦး ပိတ်မိနေခဲ့ကြသည်။

နိုဝင်ဘာ ၂၄ ရက်က ဒုတိယပေါက်ကွဲမှု ထပ်မံ ဖြစ်ပွားခဲ့ကြောင်း ယင်းပေါက်ကွဲမှုမှာ ပထမပေါက်ကွဲမှုထက်ပင် ပြင်းထန်ကြောင်း ကယ်ဆယ်ရေး လုပ်ငန်းများကို ဦးဆောင်နေသူလည်းဖြစ်သူရဲအရာရှိ ဂယ်ရီနိုးလ်စ်က ပြောကြားသည်။

“ရဲအရာရှိအနေနဲ့ ကျွန်တော်လုပ်ခဲ့ရတဲ့အထဲမှာ ဒီကိစ္စဟာ တကယ့်ကို ယူကျုံးရစရာဖြစ်ရပ်ပါ” ဟု၎င်းက ပြောကြားသည်။

ဒုတိယပေါက်ကွဲမှု မဖြစ်မီ ကယ်ဆယ်ရေး သမားများက မိုင်းအတွင်းဝင်ရောက်ရန် ပြင်ဆင်နေခဲ့ကြသော်လည်း မီသိန်းဓာတ်ငွေ့ ပမာဏအလွန်မြင့်မားသဖြင့် မိုင်းတွင်းသို့ ဝင်ရောက်နိုင်ခြင်း မရှိကြောင်းသိရသည်။

—*Ref: BBC*

# အစ္စရေးဥပဒေသစ်ကို ပါလက်စတိုင်းနှင့် ဆီးရီးယားတို့က ရှုတ်ချ

**ဂျေရုဆလင်၊ နိုဝင်ဘာ - ၂၅**

သိမ်းပိုက်ထားသော အရှေ့ဂျေရုစလင်နှင့် ဂိုလန်ကုန်းမြင့်များမှ ဆုတ်ခွာခြင်းများ မပြုလုပ်မီ အမျိုးသားသဘောထားခံယူမှု တစ်ရပ်ပြုလုပ်ရေး ပြဋ္ဌာန်းထားသည့် အစ္စရေးနိုင်ငံ၏ ဥပဒေသစ်တစ်ရပ်အား ပါလက်စတိုင်းနှင့် ဆီးရီးယားအရာရှိများက ရှုတ်ချပြောဆိုခဲ့ကြသည်။

အစ္စရေးပါလီမန်က အတည်ပြုပေးလိုက်သည့် ဥပဒေမှာ နိုင်ငံတကာဥပဒေအား ပြက်ရယ်ပြုခြင်းဖြစ်ကြောင်း ပါလက်စတိုင်းဆွေးနွေးပွဲညှိနှိုင်းရေးအဖွဲ့အကြီးအကဲ ဆာအက်အီကာရက်က ပြောကြားသည်။ ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနကလည်း အစ္စရေး၏ အရေးယူဆောင်ရွက်မှုကို လုံးဝဥဿုံ ပယ်ချကြောင်း ပြောကြားသည်။

အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ညာဟုက ထောက်ခံခဲ့သော ဥပဒေအား အစ္စရေးပါလီမန်က ထောက်ခံမဲ ၆၅ မဲ၊ ကန့်ကွက်မဲ ၃၃ မဲတို့ဖြင့် အတည်ပြုခဲ့သည်။

ဂိုလန်ကုန်းမြင့် (သို့မဟုတ်) အရှေ့ဂျေရုဆလင်ဒေသများအား လက်လွှတ်ရနိုင်ခြေရှိသော ငြိမ်းချမ်းရေး သဘောတူညီမှုကို လက်မှတ်ရေးထိုးထားသော မည်သည့်အစိုးရမဆို ယင်းသို့နယ်မြေများ မစွန့်လွှတ်မီ ပါလီမန်၏ အတည်ပြုချက်ယူရမည် (သို့မဟုတ်) ပြည်သူ့ဆန္ဒခံယူရမည်ဟု ဥပဒေက ပြဋ္ဌာန်းထားကြောင်း သိရ သည်။

သို့သော် ယင်းသို့ နယ်မြေစွန့်လွှတ်ခြင်းတွင် အနောက်ဘက်ကမ်းခြေနှင့် ဂါဇာကမ်းမြောင်ဒေသတို့ မပါဝင်ပေ။ ၎င်းဒေသများအား အစ္စရေးနိုင်ငံ၏ အစိတ်အပိုင်းအဖြစ် သတ်မှတ်မထားပေ။ သို့သော် နိုင်ငံတကာဥပဒေအရမူ အစ္စရေးသည် ၁၉၆၇ ခုနှစ်က စစ်ပွဲတွင် သိမ်းပိုက်ခဲ့သော နယ်မြေအားလုံးနှင့် အရှေ့ဂျေရုဆလင်၊ ဂိုလန်ကုန်းမြင့်ဒေသများမှ ဆုတ်ခွာပေးရေး ရှင်းလင်းပြတ်သားစွာ ပြဆိုထားပြီးဖြစ်ကြောင်း ပါလက်စတိုင်းညှိနှိုင်းရေးမှူး ဆာအစ်အီကာရက်က ပြောကြားသည်။

—*Ref: AFP*



မစ္စတာအာမက်ဇီယာရာဖက်

# အာဖဂန်နစ္စတန်အစိုးရက ရွေးကောက်ပွဲအရာရှိများအား တရားစွဲဆိုဖွယ်ရှိ

**ကဘူးလ်၊ နိုဝင်ဘာ - ၂၂**

စက်တင်ဘာလတွင်ပြုလုပ်ခဲ့သော ပါလီမန်ရွေးကောက်ပွဲ နောက်ဆုံးရလဒ်များကို ကြေညာမည့်ရက်နီးကပ်နေချိန်မှာပင် ရွေးကောက်ပွဲဆိုင်ရာ ထိပ်တန်းအရာရှိနှစ်ဦးအား တရားစွဲဆိုသွားဖွယ်ရှိကြောင်း သမ္မတဟာမစ်ကာဇိုင်းအစိုးရက ကြေညာသည်။

အောက်တိုဘာလတွင် ကြေညာခဲ့သည့် ရလဒ်များအပေါ် ကျယ်ပြန့်သော ဝေဖန်မှုများဖြစ်ပေါ်လာပြီးနောက် ယခုအစိုးရ၏ ပြောကြားချက်ထွက်ပေါ်လာခြင်းဖြစ်သည်။ အောက်တိုဘာရလဒ်များတွင် မဲလိမ်သည်ဟူသော သံသယများကြောင့် မဲအရေအတွက် ၄ ပုံ ၁ ပုံခန့်အား ရွေးကောက်ပွဲကော်မရှင်က ပယ်ဖျက်ခဲ့သည်။

အောက်တိုဘာလရလဒ်များကိုလည်း ရွေးကောက်ပွဲတွင် အရွေးမခံရသော သမ္မတဟာမစ်ကာဇိုင်း၏ မဟာမိတ်များက မကျေနပ်ကြသလို စည်းကမ်းချက်များနှင့်မညီဟု ပယ်ချခံရသော အတိုက်အခံများကလည်း မကျေနပ်ကြပေ။

အမှီအခိုကင်းသော ရွေးကောက်ပွဲကော်မရှင်၏ ပြောရေးဆိုခွင့်ရှိသူ နောမိုဟာမက်နောနှင့် ရွေးကောက်ပွဲတိုင်ကြားမှုများဖြေရှင်းရေးကော်မရှင်ပြောခွင့်ရပုဂ္ဂိုလ် အာမက်ဇီယာရာဖက်တို့နှစ်ဦးအား တရားစွဲဆိုသွားမည်ဖြစ်ကြောင်း အစိုးရရှေ့နေချုပ် မိုဟာမက်နောအာလိုကိုက နိုဝင်ဘာ ၂၃ ရက်တွင် ကြေညာခဲ့သည်။

ယင်းသို့တရားစွဲဆိုမှုများကို စုံစမ်းစစ်ဆေးမှုများ ဆက်လက်ပြုလုပ်နေကြောင်း၊ ထို့အပြင် ၎င်းတို့ ရှေ့နေချုပ်ရုံးသည်လည်း ရွေးကောက်ပွဲတွင် ရှုံးနိမ့်သွားသည့် ကိုယ်စားလှယ်များ၏ ဖိအားများနှင့်လည်း ရင်ဆိုင်နေရကြောင်း အစိုးရရှေ့နေချုပ်က ပြောကြားသည်။ အစိုးရက တရားစွဲဆိုမည့် စာရင်းတွင်ပါဝင်သည့် မစ္စတာရာဖတ်ကမူအစိုးရ၏ စွပ်စွဲချက်များကို ဒေါသတကြီး တုံ့ပြန်ခဲ့သည်။ ထို့အပြင် ၎င်းအား အလုပ်မှဆိုင်းငံ့ထားရန် ရှေ့နေချုပ်ရုံးတွင် အခွင့်အာဏာမရှိကြောင်း ဆက်လက်ပြောဆိုသည်။

—*Ref: NY Times*

# ဝီကီလိခ်ကြောင့် သံတမန်ရေးထိခိုက်မည်ကို ကန် စိုးရိမ်



ဝီကီလိခ်စ်တည်ထောင်သူ ဂျူလီယန်အက်ဆန်းစ်

**ဝါရှင်တန်၊ နိုဝင်ဘာ - ၂၅**

သံတမန်ရေးရာ ကြေးနန်းများ ပါဝင်နိုင်သော ကန့်သတ်စာရွက်စာတမ်း အမြောက်အမြားကို ဝီကီလိခ်ဝက်ဘ်ဆိုက်က ထပ်မံဖွင့်ချမည့်အရေးကို အမေရိကန်နိုင်ငံက စိုးရိမ်ကြောင့်ကြနေပါကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရ ပုဂ္ဂိုလ်ပီဂျေခရိုလီက ပြောကြားသည်။

“ကျွန်တော်တို့ အဆိုးဆုံး အခြေအနေနဲ့ ရင်ဆိုင်ဖို့ ပြင်ဆင်နေပါတယ်။ ပေါက်ကြားသွားတဲ့ ကြေးနန်းတွေဟာ အကြောင်းအရာတော်တော်များများ နိုင်ငံတော်တော်များများနဲ့ ပတ်သက်နိုင်လို့ပါပဲ” ဟုကန်ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ ထို့အပြင် နိုင်ငံခြားရေးဝန်ကြီးဌာန၏ ကြေးနန်းများအား ဝီကီလိခ်က ရယူထားသည်ကို တစ်လျှောက်လုံး သိရှိခဲ့ကြောင်း ၎င်းကဆက်လက် ပြောကြားသည်။

သံတမန်ရေး ကြေးနန်းများမှာအမေရိကန်နိုင်ငံရှိ ဌာနများနှင့် ကမ္ဘာတစ်ဝန်း ဆက်သွယ်ပြောဆိုမှုများဖြစ်ကြောင်း ယင်းအတွက် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အစိုးရအရာရှိများ၊ သာမန်နိုင်ငံသားများနှင့် ဆက်သွယ်ပြောဆိုမှုများလည်းပါဝင်ကြောင်း ကန်အရာရှိကဆက်လက်ပြောကြားသည်။

ယခုတစ်ကြိမ် ဖွင့်ချမည့် စာရွက်စာတမ်းများမှာ အီရတ်စစ်ပွဲစာရွက်စာတမ်းပေါင်း ၄၀၀,၀၀၀ ကျော်ထက် ၇ ဆပိုများကြောင်း ခရာတွတ်အသိပေး ဝက်ဘ်ဆိုက် ဝီကီလိခ်က တွတ်တာလူမှုရေးဆိုက်တွင် ဖော်ပြသည်ဟု သိရသည်။ ၎င်းကန့်သတ်သံတမန်ရေးရာကြေးနန်းများတွင် နိုင်ငံခြားအစိုးရများနှင့် ခေါင်းဆောင်များအပေါ် ခြစားမှု စွပ်စွဲထားသော အကြောင်းအရာများ ပါဝင်ကြောင်း သိရသည်။

စာရွက်စာတမ်းများအား လာမည့်ရက်သတ္တပတ်အတွင်း ဖော်ထုတ်မည်ဟု မျှော်လင့်ရကြောင်း သတင်းရင်းမြစ်များကို ကိုးကား၍ ရိုက်တာသတင်းက ဖော်ပြသည်။

—*Ref: Reuters*

7 DAY NEWS JOURNAL

# International

Vol.9, No.36 • DECEMBER 2, 2010

# အမေရိကန် လျှို့ဝှက်ကြေးနန်းများ ဝီကီလိခ်ဖော်ထုတ်

ဝါရှင်တန်၊ နိုဝင်ဘာ - ၂၈

ခရာတွတ်အသိပေးသည့် ဝက်ဘ်ဆိုက်ဝီကီလိခ်ကဖော်ထုတ်လိုက်သော အမေရိကန်နိုင်ငံခြားရေးဌာနစာရွက်စာတမ်းများတွင် နိုင်ငံခြားခေါင်းဆောင်များ၏ ပွင့်လင်းသောအမြင်များ၊ အကြမ်းဖက်ဝါဒ၊ ချူကလီးယားပြန့်ပွားမှုနှင့်ပတ်သက်သည့် လျှို့ဝှက်သတင်းအချက်အလက်များပါဝင်ကြောင်း နယူးယောက်တိုင်းမ်က သတင်းဖော်ပြထားသည်။

အယ်လ်ကိုင်ဒါကဲ့သို့သော စစ်သွေးကြွအဖွဲ့များအတွက် ဆော်ဒီအာရေးဗီးယားမှငွေကြေးလှူဒါန်းသူများသည် အဓိကဘဏ္ဍာရေးထောက်ပံ့သူများအဖြစ်ရှိနေကြောင်း စာရွက်စာတမ်းများက ဖော်ပြထားသလို တရုတ်အစိုးရနှင့်ဆက်စပ်သူများက အမေရိကန်နှင့် ၎င်း၏မဟာမိတ်များအား ပစ်မှတ်ထား၍ ကွန်ပျူတာများဖျက်ဆီးရေးအစီအစဉ်တစ်ရပ်ကို ပူးပေါင်းဆင်နွှဲခဲ့ကြသည်ဟုလည်း ဝီကီလိခ်စာရွက်စာတမ်းများအားကိုးကား၍ နယူးယောက်စ်တိုင်းမ်သတင်းကဆိုသည်။

ဆက်လက်ဖတ်ရှုရန် →






## ကိုရီးယားကျွန်းဆွယ်အကျပ်အတည်းနှင့်ပတ်သက်၍ အရေးပေါ်ဆွေးနွေးမှုများပြုလုပ်ရန် တရုတ်အဆိုပြု

ယွန်ပြောင်း၊ နိုဝင်ဘာ - ၂၉

ကိုရီးယားကျွန်းဆွယ် အကျပ်အတည်းဖြေရှင်းနိုင်ရေး အရေးပေါ် အစည်းအဝေးပြုလုပ်ရန် တရုတ်နိုင်ငံက နိုဝင်ဘာ ၂၈ ရက်တွင် တောင်းဆိုလိုက်ကြောင်းနှင့် ၎င်းအဆိုပြုချက်ကို လေ့လာသွားမည်ဟု ဆိုးလ်နှင့် တိုကျိုအာဏာပိုင်များက ပြောကြားသည်။ ထိုအတောအတွင်း အမေရိကန်နှင့်တောင်ကိုရီးယားတို့က ကြီးမားသောစစ်ရေးလေ့ကျင့်မှုကို စတင်လိုက်ကြောင်း သိရသည်။

ဆက်လက်ဖတ်ရှုရန် →

